Sabbath School Lesson

**မြန်မာလူကြီးတန်း**

# ကောင်းကင်နှင့်မြေကြီးပေါင်းစည်းခြင်း။
# ဖိလိပ္ပိနှင့်ကောလောသဲ၏ခရစ်တော်

**ကို**

**ကလင်တွန်ဝါလင်**

**မှ**

**စီစဉ်ရေးသားသည်**

ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ
၂၀၂၆ ခုနှစ်

(ပထမအကြိမ်)


Sabbath School Lesson

**jrefmvlluBDwef**

**yHkESdyfol**

**0DaZEM(00354)**

**refae*;m**

**uifapmif;yHkESdyfwdkuf**

**206 a&Toapmif;vrf;&ef;uif;rSL, f**

**&ef;ukefrSU**

**xkwfa0ol**

**0DaZEv(00595)**

**0uD;**

**c&pfawmfuvrf;tfvifpmowåaEYoif;awmf**

**68 0D;pD;&vrf;**

**&ef;ukefrSU**

**tkyf&a - 5000**

**"r®e**

**(yxrtBuddf)**

## မာတိကာ

၁။ နိုပ်စက်ညှဉ်းပန်းခံရသော်လည်းစွန့်ပစ်မထားပါ ........................... ၇
၂။ ကျေးဇူးတင်ချီးမွမ်းခြင်းနှင့်ဆုတောင်းရခြင်းအကြောင်းရင်းများ .... ၁၉
၃။ အသက်ရှင်ခြင်းနှင့်သေခြင်း ........................................................ ၃၂
၄။ နိမ့်ချခြင်းအားဖြင့်စည်းလုံးခြင်း .................................................. ၄၅
၅။ ညဥ့်၌အလင်းကဲ့သို့ထွန်းလင်း၏ ............................................... ၅၈
၆။ ခရစ်တော်ကိုသာကိုးစားခြင်း ...................................................... ၇၁
၇။ ကောင်းကင်နိုင်ငံသားတစ်ဦး ...................................................... ၈၄
၈။ ခရစ်တော်၏အထွတ်အထိပ်ဩဇာရှိမှု ........................................ ၉၇
၉။ ပြန်လည်သင့်မြတ်ခြင်းနှင့်မျှော်လင့်ခြင်း .................................... ၁၁၀
၁၀။ ခရစ်တော်၌ပြည့်စုံ၏ ................................................................ ၁၂၃
၁၁။ ခရစ်တော်နှင့်အတူနေထိုင်ခြင်း .................................................. ၁၃၆
၁၂။ အချင်းချင်းအတူနေထိုင်ခြင်း .................................................... ၁၄၉
၁၃။ ဘုရားသခင်အလိုတော်တိုင်း၌တည်နေခြင်း ............................ ၁၆၂





## ကောင်းကင်နှင့်မြေကြီးပေါင်းစည်းခြင်း

သင်လုပ်ခဲ့ဖူးသောအခက်ခဲဆုံးအလုပ်ကို ပြန်စဉ်းစားပါ။ မည်သည်က ခက်ခဲစေသနည်း။ သင့်မျှော်လင့်ချက်ကြောင့်လား၊ ပေးထားသောအချိန်အကန့်သတ်ကြောင့်လား၊ နှစ်ခုလုံးလား။ ထိုအလုပ်အပေါ် သင့်သဘောကြောင့်လား။ လုပ်ဖော်ဆောင်ဖက်များကြောင့်လား။ မဖြစ်နိုင်၊ မအောင်မြင်နိုင်သောအလုပ်များ ဖြစ်နေသရော့လား။

ကယ်တင်ခြင်းစီမံကိန်း၏ရည်ရွယ်ချက်ကိုပင် ပြန်စဉ်းစားပါ။ ကောင်းကင်နှင့်မြေကြီးပေါင်းစည်းရပေသည်။ ဖြစ်နိုင်ကိန်းရှိသလား။ လူသားဆန်ဆန်ပြောရလျှင် ဖြစ်နိုင်သည်။ သို့သော်လည်း၊ ယေရှုသည် ကောင်းကင်သို့မတက်ကြွမီလေးတွင် တပည့်တော်တို့အား မဖြစ်နိုင်ပါဟုထင်ရလောက်သော လွဲအပ်စာတမ်းတစ်ခုပေးထားခဲ့သည်။ “သင်တို့သွား၍ လူမျိုးတကာတို့အား ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကိုပေးကြလော့” (မဿဲ၊ ၂၈း၁၉၊ ၂၀)။

ယေရှုသည် ပေါလုအား သာသနာပလူတို့ထံ ထိုမဖြစ်နိုင်ဟုထင်ရသော တာဝန်ကိုပြုရန် စေလွှတ်ခဲ့သည်။ “တစ်ပါးအမျိုးသားတို့သည် မှောင်မိုက်မှ အလင်းသို့ကူးပြောင်း၍ စာတန်၏အာဏာထဲမှ ဘုရားသခင့်အထံတော်သို့ ပြောင်းလဲသောအားဖြင့် အပြစ်လွှတ်ခြင်းကျေးဇူးကိုခံရမည်အကြောင်းနှင့် ငါ့ကိုယုံကြည်သောအားဖြင့် သန့်ရှင်းခြင်းသို့ရောက်သောသူတို့နှင့်ဆက်ဆံ၍ အမွေခံရမည်အကြောင်း သူတို့၏မျက်စိဖွင့်ပေးခြင်းငှာ သူတို့ဆီသို့ သင့်ကိုငါစေလွှတ်သည်” (တမန်၊ ၂၆း၁၈)။

ထိုသို့သောတာဝန်မျိုးကိုပေးခံရသူတချို့တို့သည် လက်မြှောက်၍ အရှုံးပေးကြပါလိမ့်မည်။ သို့သော်၊ ထိုအခြေအနေနှစ်ရပ်လုံးတွင် ယေရှုပေးထားသောကတိတော်ကို သတိမမေ့သင့်ပါ။ တပည့်တော်တို့အား “ငါသည် ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်” (မဿဲ၊ ၂၈း၂၀) ဟု တပည့်တော်တို့အားမိန့်တော်မူခဲ့သည်။

လိုရင်းပြောရပါက ယေရှုသည် မဖြစ်နိုင်လောက်သောတာဝန်ကို ပေးရခြင်းသည် မိမိကိုယ်ကိုအားမကိုးဘဲ သူ့ကိုသာအားကိုးကာ ပြီးမြောက်စေလိုသည်။ ထောက်ပံ့ခြင်းမပါဘဲ မည်သည့်အလုပ်ကိုမျှ မစေခိုင်းခဲ့ပါ။ "လူသား၏ဆန္ဒသည် ဘုရား၏အလိုတော်နှင့် ပူးပေါင်းလုပ်ဆောင်သောအခါ၊ အနန္တတန်ခိုးဖြစ်လာ၏။ သူစေခိုင်းသမျှတို့သည် သူ၏ခွန်အားဖြင့်သာ ပြီးမြောက်လိမ့်မည်။ သူမိန့်တော်မူသမျှကို လမ်းဖွင့်ပေးသည်" (Ellen G. White, Christ's Object Lessons, p. 333).

ရှင်ပေါလုသည် ကောလောသဲမြို့သားများအား "ကောင်းကင်အောက်၌ရှိသမျှသော ဝေနေယျသတ္တဝါတို့အား ဟောပြော" (ကော၊ ၁း၂၃) ရန် ရေးသားသည်။ လူတိုင်းတို့မှ လက်ခံခြင်းမပြုသည့်တိုင်၊ တပည့်တော်တို့နှင့် ရှင်ပေါလုအားပေးထားသောအမိန့်တော်ကို သေချာသုံးသပ်ပါက (မဿဲ၊ ၂၈း၁၈–၂၀)၊ လူအားလုံးတပည့်တော်ဖြစ်၍ ပြောင်းလဲကြမည်ဟု ကတိမပြုခဲ့ပါ။ ဧဝံဂေလိတရားကို "လူမျိုးအပေါင်းတို့အား သက်သေဖြစ်မည်အကြောင်း ဟောပြောပြီးမှ အဆုံးသည်ဖြစ်လတ္တံ့" (မဿဲ၊ ၂၄း၁၄) ဟူ၏။ ထိုသက်သေသည်မည်ကဲ့သို့နည်း။ မည်ကဲ့သို့တိတိကျကျပြီးမြောက်မည်နည်း။

ယခုသုံးလပတ်တွင် ဖိလိပ္ပိလူတို့နှင့် ကောလောသဲလူတို့အား ရှင်ပေါလု၏ဩဝါဒစာများကို လေ့လာကြရပါမည်။ ထိုစာတိုနှစ်ခုတို့သည် အလားတူညီချက်များရှိကြ၏။ ထိုထက်မက၊ ကောင်းကင်နှင့်မြေကြီးအား ပေါင်းစည်းပေးနိုင်စွမ်းသော တစ်ပါးတည်းသောယေရှုကို ဖော်ပြပေးသည်။ ယာကုပ်မှမြင်တွေ့ရသောကောင်းကင်နှင့်မြေကြီးစပ်ကြားတွင် ဆန့်တန်းထားသောလှေကားသည် ယေရှုပင်ဖြစ်၏ (က၊ ၂၈း၁၂။ ယောဟန်၊ ၁း၅၁)။ လူ၏သားအနေဖြင့် ငါတို့ကိုအပြစ်မှကယ်တင်၍၊ ဘုရား၏သားတော်အနေဖြင့် ကြားဝင်ဆုတောင်းပေး၏။

၎င်းဩဝါဒစာနှစ်ခုလုံးတို့အား ယေရှု၏ရှုထောင့်မှလေ့လာကြပါစို့။ ခရစ်တော်သည် ကျွန်ုပ်တို့အားကယ်တင်ရန် မိမိ၏ဂုဏ်တော်ကိုပင် စွန့်တော်



မူကြောင်းကို စဉ်းစားရပါမည်။ ရှင်ပေါလုသည် သူကိုယ်တိုင်တည်ထောင်သော ဖိလိပ္ပိအသင်းတော်နှင့် သူတစ်ခါမျှပင် မလည်ပတ်ခဲ့ဖူးသော ကောလောသဲမြို့အသင်းတော်အတွက် ရောမတို့၏အကျဉ်းထောင်ထဲမှပင် လှမ်း၍လုပ်ဆောင်ပေးသည်။ ထိုစဉ်က ရှင်ပေါလုသည် "လောကအသင်းတော်" တစ်ပါးအား ရောမအကျဉ်းထောင်ထဲမှ ကြိုးစား၍တည့်မတ်စေသည်။ သူ့အချိန်တိုတောင်းသည်ကိုလည်းသိရှိလျက် ထိုအသင်းတော်ကို ကောင်းကင်နှင့်ပေါင်းစည်းနိုင်ရန် တတ်နိုင်သမျှလုပ်ဆောင်ပေးလေသည်။ ထိုနည်းတူစွာ ဗျာဒိတ်ကျမ်း ၁၄ ၏ ဘုရားသခင့်အမိန့်တော် "ကောင်းကင်တမန်သုံးပါးသတင်းစကား" ကို ဟောပြောရာတွင် ယနေ့ထာဝရဘုရား၏အသင်းတော်သည် ကောင်းကင်နှင့်ပေါင်းစည်းနိုင်ကြောင်းပြသသည်။

*ဒေါက်တာကလင်တွန်ဝါလင်သည် ကမ္ဘာ့ဌာနချုပ် သမ္မာကျမ်းစာသုတေသနကျောင်း၏ တွဲဖက်ညွှန်ကြားရေးမှူးဖြစ်သည်။ သူ၏ကျွမ်းကျင်ရာသည် ဓမ္မသစ်ကျမ်း၊ စာသားအနက်ပြန်ဆိုခြင်းနှင့် မြော်လင့်ခြင်းအသင်းတော်ရာဇဝင်တို့ဖြစ်သည်။ ဂျာမနီနိုင်ငံတွင်နေထိုင်၍ နယူးဇီလန်၊ ရုရှား၊ အင်္ဂလန်နှင့် ဖိလိပိုင်တို့တွင် အမှုတောင်ဆောင်ခဲ့သည်။ သူနှင့်သူ့ဇနီးဂီနာတို့သည် အရွယ်ရောက်ပြီးသားသမီးနှစ်ဦး၊ သမီးချွေးမတစ်ဦးနှင့် မြေးနှစ်ဦးတို့ရှိပါသည်။*

## သင်ခန်းစာ (၁)
## နှိပ်စက်ညှဉ်းပန်းခံရသော်လည်းစွန့်ပစ်မထားပါ
### ဒီဇင်ဘာလ ၂၇ – ဇန်နဝါရီလ ၂

**ဥပုသ်နေ့မွန်းလွဲပိုင်း ဒီဇင်ဘာလ ၂၇ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဧဖက်၊ ၃း၁၊ ၂။ ၂ကော၊ ၄း၇–၁၂။ တမန်၊ ၉း၁၆။ ဖိလေမုန်၊ ၁၅၊ ၁၆။ ကော၊ ၄း၉။ ဖိလိပ္ပိ၊ ၁း၁–၃။ ကော၊ ၁း၁၊ ၂။

**အလွတ်ကျမ်းချက်**

**"သခင်ဘုရား၌ အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့။ တစ်ဖန်ငါဆိုသည်ကား၊ ဝမ်းမြောက်ကြလော့" (ဖိလိပ္ပိ၊ ၄း၄)။**

မြော်လင့်ခြင်းအမှုဆောင်တစ်ဦးသည် မမှန်မကန်စွပ်စွဲခံရ၍ သံတိုင်များအတွင်း နှစ်နှစ်နီးပါးအကျဉ်းကျအချိန်ကုန်ခဲ့ရသည်။ အစပိုင်းတွင် လွန်စွာစိတ်ရှုပ်ထွေးခဲ့သော်လည်း နောက်ပိုင်းတွင် အကျဉ်းထောင်သည် မိမိအတွက် ဘုရားပေးထားသော သူ၏အမှုတော်နယ်ပယ်ဖြစ်နေသည်ကို သတိပြုမိလာသည်။ သူနှင့်အတူအကျဉ်းကျဖော်တို့မှ သူသည် အမှုဆောင်တစ်ဦးဖြစ်ကြောင်း သိရှိလာသောအခါ တရားဟောပြောရန် တောင်းဆိုကြ၏။ သူသည်လည်းဟောပြောရုံမက စာပေများကိုပါပေးကမ်း၏။ အကျဉ်းသားတို့အား ရေနှစ်ခြင်းပေးကာ ပွဲတော်မင်္ဂလာကိုပင်ချီးမြှင့်၏။ "အချုပ်ထဲတွင် အမှုတော်ဆောင်ရသည်မှာ ရံဖန်ရံခါခက်ခဲသော်လည်း၊ ဆုတောင်းသံများအား ဘုရားနားညောင်းပေးသောအခါတွင် ရွှင်လန်းခြင်းရှိသည်" ဟုဆို၏။

ရှင်ပေါလုသည် ဖိလိပ္ပိနှင့်ကောလောသဲဩဝါဒစာတို့အား အကျဉ်းထောင်တွင်းမှ ရေးသားပေးပို့ခဲ့ပါသည် (ဖိ၊ ၁း၇။ ကော၊ ၄း၃)။ ဖိလိပ္ပိဩဝါဒစာကိုမူ ပေါလုနှင့်သီလတို့အား မတရားချုပ်နှောင်ပြီး၊ ထောင်မှူးသည် "သူတို့ခြေတို့ကို ထိပ်ခတ်လျက်ထားသည်" (တမန်၊ ၁၆း၂၄) ဆို၏။ ညဉ့်တွင် သူတို့သည် "ဆုတောင်း၍ ချီးမွမ်းသီချင်းဆိုသောအခါ အကျဉ်းသားတို့က နားထောင်ကြသည်" (တမန်၊ ၁၆း၂၅)။ သူတို့သည် နေ့စဉ်ရွှင်လန်းတတ်ကြ၏။



ယခုအပတ်တွင် ရှင်ပေါလုရင်ဆိုင်ရသောအခြေအနေများကို လေ့လာရပါမည်။ သူ့အပေါ်ဖြစ်ပျက်သည့်အရာများအတွက် သာ၍ကျယ်ပြန့်သောရည်ရွယ်ချက်ကို မြင်တွေ့ထားသည်။ ကျွန်ုပ်တို့သည်လည်း မိမိတို့မှမဖြစ်မနေရင်ဆိုင်ရသောအရာများတွင် ရှင်ပေါလုထံမှ မည်သည့်သင်ခန်းစာရနိုင်မည်နည်း။

**တနင်္ဂနွေနေ့ ဒီဇင်ဘာလ ၂၈ ရက်**

**ယေရှုခရစ်၏အကျဉ်းသားရှင်ပေါလု**

ဖိလိပ္ပိနှင့်ကောလောသဲဩဝါဒစာတို့ကို ရှင်ပေါလုသည် အကျဉ်းထောင်တွင်းမှပင် ရေးသားပေးပို့သောကြောင့် အကျဉ်းထောင်ဩဝါဒစာဟုပင် သမုတ်ကြ၏ (ဧဖက်နှင့်ဖိလေမုန်အပါ)။ ကောက်ချက်ချသူအများစုတို့က ရှင်ပေါလုသည် ရောမမြို့တွင်နေထိုင်ရစဉ် ခရစ်နှစ် ၆၀–၆၂ အတွင်း ရေးသားပေးပို့သည်ဆို၏ (တမန်၊ ၂၈း၁၆)။

**ဧဖက်၊ ၃း၁ နှင့် ဖိလေမုန်၊ ၁ တို့ကိုဖတ်ပါ။ ရှင်ပေါလုသည် မိမိထောင်ချခံရခြင်းကို မည်ကဲ့သို့ထူးခြားသိသာစွာပုံဖော်ပြသနည်း။**

---------------------------------------

---------------------------------------

ရှင်ပေါလုသည် ယေရှုခရစ်တော်၏အမှုတော်အတွက် မိမိအသက်တာကို ဆက်ကပ်ခဲ့၏။ ထိုအမှုတော်တွင် ထောင်ချခြင်းခံရပါကလည်း အဆင်သင့်ပင်ရှိ၏။ သူသည် မိမိကိုယ်ကို "သံကြိုးနှင့်ချည်နှောင်ခြင်းခံရသောသံတမန်တစ်ပါး" ဟုခေါ်ဆို၏ (ဧဖက်၊ ၆း၂၀)။ သာသနာပြုခရီးထွက်၍ အသင်းတော်များတည်ထောင်ကာ၊ ဘုရားအတွက် အမှုဆောင်များအား လေ့ကျင့်ရေးပြုစေသည်။ သူသည် မိမိကိုယ်ကိုပင် "ဤသံကြိုးများမပါဘဲ ငါလုပ်ဆောင်နိုင်လျက်နှင့်

အဘယ်ကြောင့် ဤနေရာသို့ငါရောက်ရသနည်း" ဟု မေးခွန်းတွေထုတ်ပေလိမ့်မည်။ တိမောသေဩဝါဒစာဒုတိယစောင်ရေးသားချိန်တွင် ထောင်ချခံခဲ့ရသည်။

ဓမ္မသစ်၏စာအုပ်အနည်းဆုံးငါးအုပ်တို့အား အကျဉ်းထောင်ထဲတွင် ရေးသားခဲ့၏။ ထိုထောင်ဩဝါဒစာတို့တွင် မည်သည့်ထောင်တွင် အချုပ်ခံရသည်ကို ဖော်ပြခြင်းမပြုပါ။ တချို့တို့သည် ဧဖက်မြို့နှင့် ကဲသရိမြို့ဖြစ်နိုင်သည်ဟု ဆိုကြသည်။ သို့တိုင် ရှင်ပေါလုသည် ဧဖက်မြို့တွင် အကျဉ်းကျခဲ့ကြောင်း သက်သေမရှိခဲ့ပါ။ ပေါလုအတွက် အသက်အန္တရာယ်ထင်ထင်ရှားရှားမရှိသော ကဲသရိမြို့ဖြစ်နိုင်ချေပို၍များ၏။ ဖိလိပ္ပိဩဝါဒစာအားရေးသားချိန်သည် သူ့အတွက် အသက်အန္တရာယ်ရှိနေခဲ့သည် (ဖိ၊ ၁း၂၀)။

ဤဩဝါဒစာမှ ရှင်ပေါလုသည် အကျဉ်းကျရာတွင် မည်သည့်နေရာတွင်ရှိသည်ကို သဲလွန်စလေးဖော်ထုတ်ပေးပါသည်။ ရှေးဦးစွာ၊ စစ်ရုံးချုပ်ရှိ၏။ ထိုနေရာသည်၊ ယေရုရှလင်မြို့ရှိယေရှုကို ရုံးတင်၍စစ်ဆေးသောနေရာ ပိလတ်မင်းကြီး၏ရုံး (မဿဲ၊ ၂၇း၂၇။ ယောဟန်၊ ၁၈း၃၃) နှင့် ရှင်ပေါလုအား အကျဉ်းချထားသောနေရာကဲသရိ (တမန်၊ ၂၃း၃၅) တို့နှင့်အလားတူ၏။ သို့သော်လည်း ရှင်ပေါလုသည် ဤစာလုံးကို နေရာအနေဖြင့်မဟုတ်ဘဲ လူသားများအနေဖြင့်သာ အသုံးပြုသည်။ ဧဝံဂေလိတရားသည် "နန်းတော်အနှံ့အပြား" တွင် ထင်ရှားသည်ဆို၏ (ဖိ၊ ၁း၁၃)။ ရောမမြို့တွင် ဧကရာဇ်ဘုရင်နှင့် သူ၏အကျဉ်းသားတို့အား စောင့်ကြပ်ရသောလက်ရွေးစင်စစ်သည်တော် ၉,၀၀၀ ခန့်ရှိသည်။

ရှင်ပေါလုသည် ယုံကြည်သူများထံမှ နှုတ်ဆက်စကားကို "ကဲသာဘုရင်၏တော်ဝင်မိသားစု" တို့အားပေးပို့၏ (ဖိ၊ ၄း၂၂)။ ဤသည်ကိုကြည့်ခြင်းဖြင့် ရှင်ပေါလုသည် နယ်ချဲ့အစိုးရတော်ဝင်မိသားစုအား အမှုတော်ဆောင်သောသူတို့နှင့် ဆက်သွယ်သည်ကိုဖော်ပြသည်။

**မိမိတို့၏အခက်ခဲဆုံးကာလတွင် မည်ကဲ့သို့အကောင်းဆုံးပြုနိုင်မည်နည်း။ ထိုသို့ပြုရန် အဘယ်ကြောင့်အမြဲမလွယ်ကူသနည်း။**



**တနင်္လာနေ့** **ဒီဇင်ဘာလ ၂၉ ရက်**

**သံကြိုးတုတ်နှောင်ထားသောရှင်ပေါလု**

မက်ဆီဒိုးနီးယားတွင်ရှိစဉ်အခါ ရှင်ပေါလုသည် အကျဉ်းချထားခြင်းများစွာဖော်ပြပေးသည် (၂ကော၊ ၆း၅။ ၁၁း၂၃။ ၇း၅)။ အလျင်ဦးမှတ်တမ်းဝင်သည်မှာ ဖိလိပ္ပိ၌ (တမန်၊ ၁၆း၁၆–၂၄) ဖြစ်သည်။ နောက်မှ ကဲသရိသို့မပြောင်းရွှေ့မီ ယေရုရှလင်တွင်ပင် အကျဉ်းကျခဲ့သည်။ ရှင်ပေါလုသည် "ငါချည်နှောင်ခံရစဉ်" (ဖိလေမုန်၊ ၁၀၊ ၁၃) ဟုသာဆို၏။ အိမ်တွင်အကျယ်ချုပ်ခံရစဉ်တွင် ရောမလက်ရွေးဝင်စစ်သည်တစ်ဦး၏စောင့်ကြပ်ခြင်းခံရ၏။ အိဂ်နေရှိယာစ် (Ignatius) အမည်ရှိ ရှေးဦးခရစ်ယာန်တစ်ဦးသည်လည်း ထိုသို့ချည်နှောင်ခံရစဉ်တွင် ထိုစစ်သည်များကို "ကောင်းမွန်စွာဆက်ဆံခါမှ ပိုဆိုးလာသောတောရိုင်းတိရစ္ဆာန်များ" ဟုပင် သမုတ်ခဲ့လေသည်။ – Michael W. Holmes, ed., The Apostolic Fathers (Grand Rapids, MI: Baker Academic, 2007), p. 231.

**၂ကော၊ ၄း၇–၁၂ ကိုဖတ်ပါ။ ဤကျမ်းပိုဒ်တွင် ရှင်ပေါလုသည် မိမိရင်ဆိုင်ရသောဆင်းရဲဒုက္ခများအား ကြံ့ကြံ့ခံနိုင်ပုံကိုဖော်ပြသည်။ သူ့အသက်တာ၏ရည်မှန်းချက်သည် မည်သည့်အရာဖြစ်သနည်း။**

------------------------------------------

------------------------------------------

အသက်တာသည် မည်သို့ပင်ခက်ခဲနေသည်တိုင် ရှင်ပေါလုသည် ပိုမိုတောက်ပသည့်ဘက်သို့သာကြည့်ခြင်းဖြင့် ထိုဖိစီးမှုများကို ကြံ့ကြံ့ခံနိုင်ခဲ့၏။ စာတန်၏ထိုးနှက်ခြင်းများအတွင်း၌ပင် မိမိသည် စွန့်ပစ်မခံရကြောင်း ရှင်ပေါလုသိနေသည်။

**၂ကော၊ ၆း၃–၇ ကိုဖတ်ပါ။ ထိုအခက်အခဲများအားခံနိုင်စေသော မည်သည့်ဝိညာဉ်ရေးဇစ်မြစ်အား ရှင်ပေါလုပိုင်ဆိုင်နေသနည်း။**

------------------------------------------

------------------------------------------

မိမိတို့ကိုယ်တိုင်သည်လည်း မိမိတို့၏အခြေအနေ၊ မိမိတို့၏အားနည်းချက်၊ အတိတ်က မိမိတို့၏ဆုံးရှုံးမှုများအားကြည့်ကာ စိတ်ဓာတ်ကျနေပါလိမ့်မည်။ ထိုစဉ်အခါ အဆိုးနှင့်တိုက်လှန်ရာတွင် မိမိအောင်မြင်နိုင်ရန် ထာဝရဘုရား၏စောင်မခြင်းများကို ပြန်လည်တွေးကြည့်ပါ။ အခရာအကျဆုံးအရာသည် ကျမ်းစာ “သမ္မာတရား” ပင်ဖြစ်သည်။ တစ်ပါးသူတို့၏အမှားများနှင့် ၎င်းတို့၏အောင်မြင်ခြင်းများမှ သင်ခန်းစာရရှိနိုင်ပါသည်။ “ဝိညာဉ်တော်မှတစ်ဆင့် လောက၏ရွေးနှုတ်ရှင်သည် လိုအပ်သည်အတိုင်း ပြီးမြောက်စေရန်ပြုပေးခဲ့သည်။ ထိုဝိညာဉ်သည် စိတ်နှလုံးကို သန့်စင်ပေးသည်။ ထိုဝိညာဉ်အားဖြင့် ယုံကြည်သူတို့သည် ဘုရား၏သဘောသဘာဝတွင် ပါဝင်ရခွင့်ရရှိစေသည်။ မျိုးရိုးစဉ်ဆက်စိုက်ပျိုးထားသော အဆိုးဘက်သို့ယိမ်းယိုင်ခြင်းကို အောင်နိုင်ရန်လည်းကောင်း၊ သူ၏အသင်းတော်တွင် မိမိ၏ဝိသေသလက္ခဏာတော်သာ ထင်ရှားစေနိုင်ရန် မိမိ၏ဝိညာဉ်တော်ကို ပေးခဲ့ပြီးဖြစ်သည်” (Ellen G. White, “The Desire of Ages,” p. 671).

**ယုံကြည်သူများနှင့် အမှုဆောင်ကြီးများပင်လျှင် “မိမိကိုယ်ကို ထာဝရဘုရား၏ကျွန်များ” ဟု မည်ကဲ့သို့ထင်မှတ်နိုင်ကြမည်နည်း (၂ကော၊ ၆း၄)။ မည်သည့်အနက်ရှိမည်နည်း။**

**အင်္ဂါနေ့ ဒီဇင်ဘာလ ၃၀ ရက်**

## ဖိလိပ္ပိ၌ရှင်ပေါလု

ရှင်ပေါလု၏ဒုတိယမြောက်သာသနာခရီး မကြာမီတွင် တိမောသေသည်လည်း အဖွဲ့ဝင်လာ၍ ထိုအချိန်တွင် အာရှပြည်နိုင်ငံများသို့မဝင်ရန် သန့်ရှင်းသောဝိညာဉ်တော်မှ တားမြစ်လာသည် (တမန်၊ ၁၆း၆)။ ညဉ့်ရူပါရုံတွင် ရှင်ပေါလုသည် လူတစ်ဦးမှ “မာကေဒေါနိပြည်သို့ကူး၍ ငါတို့အားမစပါ” (တ၊ ၁၆း၉) ဟု တောင်းဆိုသည်ကို မြင်တွေ့ရ၏။ ချက်ချင်းပင် မက်ဆီဒိုးနီးယားနှင့် အနီးဆုံးဆိပ်ကမ်းသို့သွားရောက်၍ တရောမြို့မှစတင်၍ အေဂျင်ပင်လယ်အားဖြတ်သန်းကာ ဥရောပတိုက်ပေါ်နာပေါလိစ်မြို့သို့ ဆိုက်ရောက်၏။



ထိုမြို့တွင် သာသနာမပြုဘဲ ပေါလု၊ သိလ၊ တိမောသေနှင့်လုကာတို့သည် တရောစ်မြို့မှ ဖိလိပ္ပိမြို့သို့ထွက်ခွာကြလေသည်။

သူ၏သာသနာလှုပ်ရှားမှုတွင် ပေါလုသည် ဗျူဟာကျကျစဉ်းစား၏။ ဖိလိပ္ပိမြို့သည် မက်ဆီဒိုးနီးယားနယ်ကို အစိုးရသောမြို့ဖြစ်သည် (တ၊ ၁၆း၁၂)။ ရောမဧကရာဇ်နိုင်ငံတွင် ချီးမြှောက်အခံရဆုံးသောမြို့တစ်ခုပင်ဖြစ်၍ မြို့တစ်ခုအား အမြင့်ဆုံးဂုဏ်ပြုနိုင်ခြင်းအတိုင်းအတာအရ အီအာစ်အီတလီကမ် (Ius Italicum) ဟူသောဂုဏ်ထူးဆောင်နာမည်ဖြင့် သမုတ်ထားသည်။ ဖိလိပ္ပိမြို့သားတို့သည် အီတလီနိုင်ငံသားတို့နှင့် တူညီသောအခွင့်အရေးကိုပင် ရရှိကြသဖြင့်၊ ထိုမြို့ဇာတိရှိသမျှတို့သည် ရောမနိုင်ငံသားဖြစ်ခွင့်ရရှိ၍ မြေခွန်၊ လူခွန်စသည်တို့မှ ကင်းလွတ်ကြ၏။ ရောမမြို့တော်နှင့် အရှေ့ပိုင်းကိုဆက်သွယ်သော ဗီးယားအိဂ်နေရှားလမ်းကြီးပေါ်တွင်တည်ရှိနေခြင်းသည်လည်း အရေးပါလှသည်။ ထိုနေရာတွင် ခရစ်ယာန်ဘာသာတည်ထောင်ခြင်းသည်လည်း အခြားမြို့ကြီးများဖြစ်သော အံဖိပေါလိမြို့၊ အာပေါလောနိမြို့၊ သက်သာလောနိတ်မြို့နှင့် ဗေရိမြို့ (တ၊ ၁၇း၁၊ ၁၀) တို့သို့ ဧဝံဂေလိသတင်းစကားပို့ဆောင်ရန် ထောက်မပေးသည်။

ပထမရာစုနှစ်တွင် ဖိလိပ္ပိမြို့၏ရုံးသုံးဘာသာစကားသည် လက်တင်ဘာသာဖြစ်ခဲ့ကြောင်းကိုလည်း လက်တင်ဘာသာဖြင့် ထွင်းထားသောစာများအားဖြင့်ပင် သိရှိနိုင်သည်။ ဖိ၊ ၄း၁၅ တွင် ပေါလုသည်လည်း လက်တင်အသံထွက်ကာ အချင်းဖိလိပ္ပိစီအိုအီ (Philippesioi) ဟု ခေါ်ဆိုရာ သူတို့၏ရောမနိုင်ငံသားဖြစ်ခြင်းကို အသိအမှတ်ပြုပေးခဲ့သည်။ သို့သော်လည်း အများသုံးစကားနှင့် ပတ်ဝန်းကျင်မြို့များသို့ ဧဝံဂေလိသတင်းပြန့်နှံ့ခြင်းသည် ဂရိဘာသာအားဖြင့် ဖြစ်ပြန်၏။ လုကာမှ ပေါလုနှင့်အဖွဲ့သားများတို့သည် မြစ်ကမ်းနားကဆုတောင်းအဖွဲ့နှင့် ပူးပေါင်းကြရာမှ လုဒိ (လီဒီယာ) နှင့် မိသားစုတို့ ပြောင်းလဲခဲ့ကြသည် (တ၊ ၁၆း၁၃–၁၅) ဟု ဆိုထား၏။ လုဒိသည် ကုန်ရောင်းဝယ်သူ (နီမောင်းသောအထည်အလိပ်) ဖြစ်သောကြောင့်၊ ဖိလိပ္ပိမြို့တွင် ပေါလု၏သာသနာ့လုပ်ငန်းအား အဓိကထောက်ပံ့သူတစ်ဦးလည်းဖြစ်ခဲ့သည်။

ပေါလုနှင့်သိလတို့၏ထောင်နန်းစံခြင်းဖြင့် အခြားသောမိသားစု၊ ထောင်မှူး မိသားစုပင် ပြောင်းလဲလာကြ၏။

နိပ်ကွပ်ခြင်းများစွာရင်ဆိုင်ရပါသော်လည်း၊ ဖိလိပ္ပိမြို့သည် ဥရောပ တစ်ခွင်သို့ ဧဝံဂေလိသတင်းပြန့်နှံ့ရန် သဲသောင်ပြင်ဌာနမှူးပင်ဖြစ်ကြောင်း သန့်ရှင်းသောဝိညာဉ်တော်သည် သိနှင့်ပြီးဖြစ်၏။ ဆိုးသွမ်းခြင်း၊ နိပ်ကွပ်ခြင်း များအတွင်း၌ပင် ဧဝံဂေလိသတင်းသည် လက်လှမ်းမမီနိုင်သောနေရာတို့သို့ပင် ရောက်ရှိခဲ့ရလေ၏။

**တမန်တော်၊ ၉း၁၆ ကိုဖတ်ပါ။ ပေါလု၏ဆင်းရဲဒုက္ခတချို့ အား နားလည်နိုင်ရန် မည်သို့ထောက်မသနည်း။ မိမိတို့၏ဆင်းရဲ ဒုက္ခများကိုလည်းနားလည်နိုင်ရန် မည်သို့ထောက်မသနည်း။**

**မုဒ္ဒဟူးနေ့ ဒီဇင်ဘာလ ၃၁ ရက်**

## ရှင်ပေါလုနှင့်ကောလောသဲ

ရှင်ပေါလုသည် ကောလောသဲမြို့သို့လည်ပတ်၍ သာသနာဗျူဟာ အောင်မြင်သည့် မှတ်တမ်းမှတ်ရာမရှိပါ။ ကောလောသဲမြို့သို့ ဧဝံဂေလိသတင်း အလျင်ဦးယူဆောင်ခဲ့သူသည် (ကော၊ ၁း၇) ထိုမြို့သားပင်ဖြစ်သော ဧပေဖြ (ကော၊ ၄း၁၂) ဖြစ်သည်။ သူသည် မည်သို့ပြောင်းလဲခဲ့သနည်း။ ရာစုနှစ်လယ် ၅၀ ဝန်းကျင်တွင် ရှင်ပေါလုသည် ဧဖက်မြို့အနားတွင်ရှိစဉ် အာရှိပြည်သား တို့သည် သခင်ယေရှု၏နှုတ်ကပတ်တရားတော်ကိုကြားရသည်” (တ၊ ၁၉း၁၀။ ၂၀း၃၁) ဟူ၏။

ဧဝံဂေလိသတင်းအား မည်မျှပြန့်နှံ့စေသည်ကို ဗျာဒိတ်ကျမ်းစာမှ သက်သေထူထားသည် (ဗျာ၊ ၁း၄)။ ကောလောသဲမြို့တိုင်အောင် ဧဝံဂေလိ သတင်းအောင်မြင်စွာပြန့်ခြင်း၏ ယုတ္တိအရှိဆုံးအဖြေသည်၊ ရှင်ပေါလုအားဖြင့် အာရှမိုင်းနားနိုင်ငံတွင် အရေးအပါဆုံးဧဖက်မြို့မှ သတင်းကြားရ၍ ပြောင်းလဲ ခဲ့ရသောသူကြောင့် ဖြစ်တန်ရာသည်။ ဧပေဖြသည် ဧဖက်တွင် ပေါလုထံမှ သတင်းကြားလာရာမှ လုပ်ဖော်ဆောင်ဖက်ဖြစ်လာရာ မိမိဇာတိမြို့ကောလောသဲ



သို့ ဧဝံဂေလိသတင်းကို ယူဆောင်ခဲ့သည်။ ထိုမြို့သည် လောဒိကိမြို့၏ တောင်ဘက် ကိုးမိုင် (၁၅ ကီလို) တွင်တည်ရှိ၍ ယခုမှတူးဖော်ဆဲဖြစ်သဖြင့်၊ ထိုမြို့နှင့်ပတ်သက်၍ ထိုနယ်၏အခြားမြို့တို့ထက် သိက္ခမ်းမှုနည်းပါးသည်။ ဂျူးလူအတော်များသည်ဖြစ်၍ “ဖြူဂိနယ် (Phrygia) တွင် ဂျူးတစ်သောင်း ဝန်းကျင်နေထိုင်သည်” ဆို၏။ (Arthur G. Patzia, New International Biblical Commentary: Ephesians, Colossians, Philemon (Peabody, MA: Hendrickson Publishers Inc.; 1990), vol. 10, p. 3).

ထိုနယ်တွင်သွန်းသောဒင်္ဂါးပြားများသည် ရောမမြို့သားများကဲ့သို့ပင် ဘုရားများစွာတို့အား ဝတ်ပြုသည်ကိုဖော်ပြသည်။ နတ်စားတို့သည် ဩဇာ ကြီးသောယဉ်ကျေးမှုများ ကျင့်သုံးသဖြင့် ထိုနယ်ရှိခရစ်ယာန်တို့သည် မြို့တော် တွင် သာသနာပြုရန်မဆိုဘိနှင့်၊ ဧဝံဂေလိတရားတွင် ယုံကြည်ခြင်းခိုင်မြဲနိုင်ရန် ပင် ကြီးမားသောစိန်ခေါ်မှုများရင်ဆိုင်ရလေသည်။ ကောလောသဲမြို့တွင် အရေး ပါသောခရစ်ယာန်တစ်ဦးသည် ဖိလေမုန်ပင်ဖြစ်သည်။ ဧပေဖြပြောင်းလဲသော အချိန်ဝန်းကျင်တွင်ပင် ပြောင်းလဲသူဖြစ်တန်ရာသည်။

**ဖိလေမုန်၊ ၁၅၊ ၁၆ နှင့် ကော၊ ၄း၉ တို့ကိုဖတ်ပါ။ ဖိလေမုန်သည် ဩနေသိမ်အား မည်သည့်လမ်းစဉ်ဖြင့် သိမ်းသွင်းရန် ရှင်ပေါလုမှတိုက်တွန်းသနည်း။**

---

---

ရောမ၏တည်ဆဲဥပဒေအရ ပေါလုသည် ဩနေသိမ်အား ဖိလေမုန် ထံသို့ လွှဲအပ်ရမည်ဖြစ်သော်လည်း၊ ဖိလေမုန်သည် ယုံကြည်သူ၏စိတ်နေ သဘောထားကာ၊ ဩနေသိမ်အား ကျွန်ကဲ့သို့သဘောမထားဘဲ အပေါင်းအဖော် ကဲ့သို့ သဘောထားရန် တိုးလျှိုးတောင်းဆိုပေး၏ (ဖိလေမုန်၊ ၁၆)။

ပုံစံတစ်မျိုးမျိုးဖြင့် ကျွန်မွေးခြင်းသည် ရွံ့ရှာမုန်းတီးဖွယ်ဖြစ်၍ ရှင်ပေါလု ကပင် ရှုတ်ချစေကာမူ၊ ဤနေရာတွင် ပေါလု၏စကားအသုံးအနှုန်းများကို

မည်သို့မှတ်ယူကြမည်နည်း။ အမေရိကန်ပြည်ထောင်စု၏ကျွန်စနစ်ခေတ်တွင် အီးဂျီဝှိုက်သည် လွတ်မြောက်သောကျွန်တို့အား ပြန်ပို့ရန် ပြဋ္ဌာန်းထားသော ဥပဒေကို ရှုတ်ချသောစကားများကို မြော်လင့်ခြင်းယုံကြည်သူတို့အား ပြောကြားခြင်းသည် စွဲမက်စရာကောင်းလှ၏။

**ကြာသပတေးနေ့** **ဇန်နဝါရီလ ၁ ရက်**

**ဖိလိပ္ပိနှင့်ကောလောသဲတို့၏အသင်းတော်များ**

**ဖိလိပ္ပိ၊ ၁း၁–၃ နှင့် ကောလော၊ ၁း၁၊ ၂ တို့ကိုဖတ်ပါ။ ဖိလိပ္ပိနှင့်ကောလောသဲတို့၏အသင်းတော်များကို မည်သို့ဖော်ပြ၍ ထိုသရုပ်ဖော်ခြင်းသည် မည်မျှအရေးပါသနည်း။**

------------------------------------------

------------------------------------------

ပေါလု၏ကြိုဆိုနှုတ်ဆက်စကားတွင် ခရစ်ယာန်များအား “သူတော်စင်များ” ဟု ဆိုသည်။ အနက်သည် ရေနှစ်ခြင်းအားဖြင့် ဘုရားသခင်၏ အထူးလူများအဖြစ် ခွဲခြားသတ်မှတ်ထားသည်။ ဣသရေလတို့သည်လည်း အရေဖြားလှီးဖြတ်သည်နှင့် (ထွက်၊ ၁၉း၅၊ ၆။ ၁ပေ၊ ၂း၉၊ ၁၀) “သန့်ရှင်းသောလူမျိုး” အဖြစ် ခွဲခြားသတ်မှတ်ထားရသည်။ (ရောမအသင်းတော်သည် လူတို့အား အခမ်းအနားဖြင့် သူတော်စင်စာရင်းသွင်းခြင်းနှင့် မသက်ဆိုင်ပါ)။

ဤဩဝါဒစာတိုနှစ်ခုတို့တွင် ကြိုဆိုနှုတ်ဆက်ခြင်းသည် အလားတူညီကြ၏။ ဖိလိပ္ပိမြို့ယုံကြည်သူတို့အား ပေါလုသည် “သင်းအုပ်နှင့်သင်းထောက်” (ဖိ၊ ၁း၁) ဟု သမုတ်၍ ကောလောသဲမြို့ယုံကြည်သူတို့ကို ပေါလုသည် “ခရစ်တော်၌သစ္စာရှိသောညီအစ်ကိုများ” (ကော၊ ၁း၂) ဟု ဆို၏။ ဓမ္မသစ်ကျမ်းသည် “သစ္စာရှိသောညီအစ်ကိုများ” ဟု ဆိုရာတွင် ထိုသူတို့သည် အသင်းတော်တွင် တိကျသောသာသနာ့တာဝန်တစ်ခုခုရှိကြသည် (ဇေဖက်၊ ၆း၂၁။ ကော၊ ၄း၇။ ၁ပေ၊ ၅း၁၂)။ ဤသည်ကြောင့် ပေါလုသည် ယုံကြည်သူများကိုသာ ဆိုလိုသည်မဟုတ်ဘဲ ဤမြို့၏အသင်းတော်ခေါင်းဆောင်များကိုပါ ပြောနေတန်ရာ၏။ အုပ်ချုပ်ရေးရုံးကိုပါဆိုလိုသည်ကို ၁တိ၊ ၃း၁–



၁၂။ တိတု၊ ၁း၅–၉ တို့တွင်ဖော်ပြခြင်းဖြင့် အဖွဲ့အစည်းတည်ရှိခြင်းအရေးကြီးခြင်းကိုပါ အလျင်ဦးအသင်းတော်က သက်သေပြသွားသည်။

လုပ်ဖော်ဆောင်ဖက်တိမောသေနှင့် ဧပဖြတို့အား သွန်သင်ခြင်းသည် ရှင်ပေါလု၏သာသနာပြုလုပ်ငန်းအား ကြီးထွားစေနိုင်ရန် ဦးစားပေးအလုပ်တစ်ခုဖြစ်သည်။ တစ်မျိုးပြောရသော်၊ နယ်ချဲ့ကမ်းလင့်ရာတွင် စွဲမြဲနိုင်ရန် ချဉ်းကပ်ခြင်းဗျူဟာတစ်ခုရှိခဲ့ပါသည်။ မြော်လင့်ခြင်းရှေ့ဆောင်သူများတို့သည် ဓမ္မသစ်၏အသင်းတော်ဖွဲ့စည်းပုံအား စံထားသည်ကို ၁၈၅၀ ဝန်းကျင် Review and Herald စာစောင်များမှ ဖတ်ရှုရပါသည်။ ဂျိမ်းဝှိုက်ကိုယ်တိုင်သည် “ဓမ္မသစ်ကျမ်း၌ပါရှိသော ဘုရားသခင်၏မိန့်မှာချက်များသည် ခရစ်တော်၏အသင်းတော်အားဖွဲ့စည်းနိုင်ရန် လုံလောက်ပေ၏။ လိုအပ်သေးသည်များရှိပါက ဝိညာဉ်တော်မှုတ်သွင်းခြင်းဖြင့် ပေးတော်မူလိမ့်မည်” ဟု ဆို၏။ – “Gospel Order” The Advent Review, and Sabbath Herald, Dec 6, 1853, p. 173.

ရှင်ပေါလုသည် ထိုအသင်းတော်များထံ စာရေးသားပေးပို့ခြင်းမပြုမီ ကြာမြင့်စွာကတည်းက တမန်တော်တို့သည် ယေရုရှလင်အသင်းတော်၏အရာရှိများအား ရွေးချယ်ခဲ့ပြီးဖြစ်၏ (တ၊ ၆း၁–၆။ ၁၁း၃၀)။ ထိုသူတို့သည် “ဧဝံဂေလိသတင်းအားဖြင့် ပြောင်းလဲလာသောလူတို့အား အသင်းတော်ဖွဲ့စည်းပေးနိုင်ရန် စံနမူနာတစ်ခုဖြစ်သည်” (Ellen G. White, The Acts of Apostles, p. 91). ရှင်ပေါလုသည် မိမိ၏ဩဝါဒပေးရာတွင် စာပေဖြင့်ပင် ထောက်မစေသည်မှာ ထင်ရှားလှ၏။ တပည့်တိမောသေသည် စာပေတို့အား ပူးတွဲပေးပို့သူတစ်ဦးအဖြစ် သမုတ်ထားသည် (၂ကော၊ ၁း၁။ ဖိလေမုန်၊ ၁)။ ရှင်ပေါလုသည်လည်း “ကျွန်ုပ်တို့” မဆိုဘဲ “ငါ” ဟုသာဆိုခြင်းသည် ထိုတပည့်တို့၏နောက်ကွယ်တွင် လုပ်ပိုင်ခွင့်ဩဇာရှိသည်ဟု ထင်ရှားသည်။

**သောကြာနေ့** **ဇန်နဝါရီလ ၂ ရက်**

**ဆက်လက်လေ့လာရန်။**

“ထာဝရဘုရားသည် သင့်အားဝိညာဉ်တော်နှင့် သမ္မာတရားအား ယုံကြည်ခြင်းဖြင့် သန့်ရှင်းစေကာ ကယ်တင်ရန် ရွေးချယ်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ မြဲမြံစွာရပ်တည်၍ ထာဝရဘုရားအား သစ္စာရှိရှိဝတ်ပြုပါက သင်သည် မလိုမုန်းထားရန်ပြုခြင်း ရင်ဆိုင်ရလိမ့်မည်။ သို့သော် မှားယွင်းစွာခံရသောအခါ ရန်ပြန်မစပါနှင့်။ အလားတူပြန်တိုက်ခိုက်ခြင်းမပြုပါနှင့်။ ယေရှုခရစ်တော်၌ ဣန္ဒြေထိန်းချုပ်ပါ။ ကောင်းကင်ဘုံသို့ မျက်နှာမူကာ စိတ်နှလုံးခိုင်ခံ့စေပါ။ သူတစ်ပါးတို့သည် မိမိတို့ပြောလိုရာပြောစေပါ။ မိမိတို့လုပ်လိုရာလုပ်စေပါ။ သင်သည် မိမိကိုယ်ကို ခရစ်တော်၏သိမ်မွေ့နူးညံ့ခြင်းနှင့် နှိမ့်ချခြင်းဖြင့်သာ သည်းခံပါ။ သင်သည် ခိုင်မာသောရည်ရွယ်ချက်၊ ဖြူစင်သောစိတ်ထား၊ ခွန်အားရှိသမျှတို့ဖြင့် ထာဝရဘုရား၏လက်တော်အားမှီခိုလျက် လုပ်ဆောင်ပါ။ သင့်အလုပ်၏မြင့်မြတ်သောသဘာဝကို သင်သိရမည်မဟုတ်ပါ။ သင်ကိုယ်တိုင်၏ တန်ဖိုးကို သင့်အတွက်အသက်ပေးသောသူ၏အသက်ဖြင့်သာ တိုင်းတာနိုင်ပါသည်။

"ခရစ်တော်၌ကြီးပွားသောဝိညာဉ်တိုင်းသည် စိတ်ထက်သန်စွာနှင့် ကြာရှည်စွာရန်းကန်ရသောအချိန်ရောက်လာလိမ့်မည်။ အကြောင်းမူကား၊ အမှောင်ထု၏တန်ခိုးတို့သည် တိုးတက်မှုမှန်သမျှကို ဆန့်ကျင်လိမ့်မည်။ သို့တိုင်အောင် ခရစ်တော်၏ကျေးဇူးတော်အတွက် ကပ်တိုင်တော်အားမျှော်ကြည့်ပါ၊ မဆုံးရှုံးစေရပါ။ ရွေးနုတ်ရှင်၏ကတိတော်ကား၊ "ငါသည် သင့်ကို မစွန့်၊ သင့်ကိုအလျင်းပစ်၍မထား။ ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်" ဟူ၏။ (Ellen G. White, in the Youth's Instructor, Nov 9, 1899).

**ဆွေးနွေးရန်မေးခွန်းများ**

**၁။ ရှင်ပေါလုသည် မမှန်မကန်စွပ်စွဲခြင်းဖြင့် မကြာခဏအကျဉ်းချခံရသည်။ သင့်အား မတရားဆက်ဆံသောအခါ သင်မည်သို့တုံ့ပြန်ခဲ့သနည်း။ ထိုအချိန်မျိုးတွင် မည်သည့်ကျမ်းချက် စိတ်ထဲတွင်ပေါ်လာသနည်း။**





**၂။ ခရစ်ယာန်တို့အား နှိပ်ကွပ်ရာတွင် အသင်းတော်ခေါင်းဆောင်** Tertullian **က "သူတို့သည် ကျွန်ုပ်တို့အား အစုအပြုံလိုက် မျိုးသုန်းသတ်ဖြတ်လေလေ၊ ကျွန်ုပ်တို့ပွားများလေလေ။ ခရစ်ယာန်တို့၏အသွေးသည် မျိုးစေ့ဖြစ်သည်" ဆို၏** Alexander Roberts and James Donaldson, eds., Ante-Nicene Fathers (Peabody, MA: Hendrickson Publishers, Inc., 1999), vol. 3, p. 55. **ထိုစဉ်တွင်ပင် အခြားသောနေရာများတွင် နှိပ်ကွပ်ညှဉ်းဆဲခြင်းသည် အသင်းတော်၏လုပ်ငန်းတွင် ကြီးမားသောအဟန့်အတားဖြစ်စေလေသည်။ မိမိတို့၏ယုံကြည်ခြင်းအတွက် နှိပ်ကွပ်ညှဉ်းဆဲခြင်းခံရသူတို့အား မည်သို့ထောက်မနိုင်မည်နည်း။**

**၃။ ယခုအပတ်၏ကျမ်းချက်ကို ပေါလုခံစားရသောအခက်အခဲများနှင့် တွဲ၍စဉ်းစားပါ။ "အစဉ်မပြတ်ဝမ်းမြောက်ခြင်းရှိကြလော့" ဟူသည် မည်သည့်အနက်ရှိမည်နည်း။ ချစ်ရသောသူသေဆုံးခြင်း၊ အလုပ်ပြုတ်ခြင်း၊ ကိုယ်လက်နာကျင်ကိုက်ခဲနေစဉ်တွင် ဖြစ်နိုင်ပါမည်လား။ ဤအခြင်းအရာကိုနားလည်နိုင်ရန် "မည်သည့်အတွက် ဝမ်းမြောက်ရမည်နည်း" ဟု မေးစရာရှိ၏။ မေးခွန်းသည် မည်သို့ဖြစ်စေကာမူ မည်သည်ကြောင့်ဝမ်းမြောက်နိုင်မည်နည်း။**

–○–

## သင်ခန်းစာ (၂)
## ကျေးဇူးတင်ချီးမွမ်းခြင်းနှင့်ဆုတောင်းရခြင်းအကြောင်းရင်းများ
## ဇန်နဝါရီလ ၃ – ၉

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီလ ၃ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဖိ၊ ၁း၁–၁၈။ ၁ကော၊ ၁၃း၁–၈။ ယေရမိ၊ ၁၇း၉။ ကော၊ ၁း၁–၁၂။ ၁ပေ၊ ၁း၄။ ဆာ၊ ၁၁၉း၁၀၅။ ဟေရှာ၊ ၃၀း၂၁။

**အလွတ်ကျမ်းချက်**

**"သင်တို့တွင် ကောင်းသောအမှုကို ပြုစပြုတော်မူသောသူသည် ယေရှုခရစ်၏နေ့ရက်တိုင်အောင်ပြီးစီးလျက် ပြုတော်မူမည်ဟု ငါ သဘောကျ၏" (ဖိလိပ္ပိ၊ ၁း၆)။**

ရှင်ပေါလုသည် ဩဝါဒစာများရေးသားပေးပို့ရာတွင် ကြိုဆိုနှုတ်ဆက်စကားများနှင့် ကျေးဇူးတင်စကားများ ထည့်သွင်းလေ့ရှိသည်။ "သခင်ယေရှုခရစ်နှင့် ငါတို့အဖဘုရားသခင်ထံမှ ကျေးဇူးတော်နှင့်ငြိမ်သက်ခြင်းသည် သင်တို့၌ရှိပါစေသော။ ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြ၏" (ကော၊ ၁း၂၊ ၃)။

ရှင်ပေါလုကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း ကျေးဇူးတင်ရန်များစွာရှိ၏။ ကျွန်ုပ်တို့သည် ထာဝရဘုရား၏ကျေးဇူးတော်အား သိမ်မွေ့နက်နဲစွာခံစားခဲ့ရသည်ဖြစ်ရာ ကောင်းကင်တမန်တော်များကပင် တွေးဆမရလောက်အောင်ပင်ဖြစ်ခဲ့သည်။ အလားတူထာဝရဘုရား၏ကျေးဇူးတော်ကလည်း ထာဝရဘုရားနှင့်လည်းကောင်း၊ သူ၏မေတ္တာတော်မှစီးဆင်းသော မျှော်လင့်ခြင်းနှင့်လည်းကောင်း ကျွန်ုပ်တို့ကိုသဟဇာတဖြစ်စေသည်။

လူသားအနေဖြင့် ကျွန်ုပ်တို့သည် အခြားသူများအား ကျေးဇူးတင်ကြောင်းစကားဆိုနိုင်သည်၊ ပြသနိုင်သည်။ ထို့အတူပင် အခြားသူများအတွက်



မိမိတို့ပြုလုပ်ပေးသောအရာများကို သူတို့ကကျေးဇူးတင်မည်ဟု မျှော်လင့်နိုင်သည်။ မိဘများသည် မိမိတို့၏ကလေးများက ဘုရားသခင်ကိုချစ်ပြီး၊ သူတို့ကို အကောင်းဆုံးပျိုးထောင်ရန် စွန့်လွှတ်အနစ်နာခံခဲ့မှုများကို ယခုပင်မဟုတ်လျှင်လည်း တစ်နေ့နေ့တွင် ကျေးဇူးတင်ကြမည်ဟု ဆုတောင်းကြသည်။ သို့သော် လူသားများအနေဖြင့် ကျွန်ုပ်တို့သည် အမှားများစွာပြုလုပ်မိပြီး၊ ထိုအမှားများမှ သင်ခန်းစာယူကြရမည်ဖြစ်သည် (သို့မဟုတ် အနည်းဆုံးယူသင့်သည်)။

ဤအပတ်တွင် ဖိလိပ္ပိဩဝါဒစာနှင့် ကောလောသဲဩဝါဒစာများတွင် ပါရှိသော ရှင်ပေါလု၏ကျေးဇူးတင်ခြင်းစကားချီးနှင့် ဆုတောင်းချက်များကို ကျွန်ုပ်တို့လေ့လာကြမည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ဆုတောင်းခြင်းအသက်တာကို ကြွယ်ဝခိုင်မာစေနိုင်မည်ဖြစ်သည်။

**တနင်္ဂနွေနေ့** **ဇန်နဝါရီလ ၄ ရက်**

**ဇဝံဂေလိသတင်း၌မိတ်သဟာယဖွဲ့ခြင်း**

**ဖိလိပ္ပိ၊ ၁း၃–၈ ကိုဖတ်ပါ။ ရှင်ပေါလုသည် မည်သည့်အတွက် ကျေးဇူးတော်ချီးမွမ်းသနည်း။ ဖိလိပ္ပိတို့၏မည်သည့်သံသယကို ပပျောက်စေ၍ မည်သို့အရေးကြီးသနည်း။**

---------------------------------------

---------------------------------------

ရှင်ပေလုသည် ဖိလိပ္ပိတွင် အသင်းတော်တည်ထောင်ခဲ့သဖြင့် သူ၏ဩဝါဒစာတွင် နွေးထွေးသောခရစ်ယာန်မိတ်သဟာယအကြောင်း ပြည့်နှက်သည်ကို မြင်တွေ့ရသည်။ ရှင်ပေါလုသည် အချုပ်ကျရာတွင် မိုင်ရာချီဝေးကွာနေသောအသင်းတော်နှင့် ယုံကြည်သူတို့အား မိမိ၏နှလုံးသားတွင် ပွေ့ပိုက်ထားသည်။ "ယေရှုခရစ်တော်၏မေတ္တာကရုဏာ၌ သူတို့အားလွမ်းဆွတ်၍" (ဖိ၊ ၁း၈) သူတို့အတွက် ထာဝရဘုရား၏ကျေးဇူးတော်ကိုချီးမွမ်းသည်။ ရှင်ပေါလု၏ကျေးဇူးတော်ချီးမွမ်းခြင်းသည် ကောင်းကင်တွင် ကျွန်ုပ်တို့အတွက် ယေရှု၏ကြားဝင်ဆုတောင်းပေးခြင်းကိုပင် ပြသခြင်းဖြစ်၏။

ယဇ်ပုရောဟိတ်မင်းကြီး၏ရင်အုပ်တွင်ရှိသော ကျောက် ၁၂ လုံးတို့သည် ဣသရေလအမျိုး ၁၂ နွယ်တို့အား ပုံဆောင်ထားသည်။ ထိုသို့ကြားဝင်ချိန်ကာလတွင် လူသားတို့သည် "သူ့နှလုံးအပေါ်တွင်" ရှိရပေမည် (ထွက်၊ ၂၈း၂၉)။ ဤသည်ထက်သာလွန်စွာ ကောင်းကင်၏ယဇ်ပုရောဟိတ်မင်းကြီး ယေရှုသည် ခမည်းတော်၏ရှေ့မှောက်တွင် သူ့လူမျိုးနွယ်တို့၏နာမများကို ပွေ့ပိုက်ထားပေးသည်။

ဖိလိပ္ပိ၊ ၁း၃ ၏စာသားတိုသည် ရှင်ပေါလုနှင့် ဖိလိပ္ပိလူတို့၏ ရင်းနှီးသောမိတ်သဟာယအား အသိအမှတ်ပြုရာတွင် အနက်နှစ်မျိုးဖြစ်နိုင်သည်။ ရှင်ပေါလုသည် မိမိဆုတောင်းသောအခါခါ သူတို့အားအောက်မေ့သည်ဟု အနက်ပြန်လေ့ရှိကြသည်။ တချို့နေရာတွင် အပြန်အလှန်ရင်းနှီးကြသည်ဟု အသိအမှတ်ပြုထားရာ၊ ထိုမိတ်သဟာယ (Greek: koinonia) ဖွဲ့ခြင်းကို အရေးပေးထားသည်။ ရှင်ပေါလုသည် ခရစ်တော်၏ဆင်းရဲဒုက္ခများကိုပင် "မျှဝေခံစား" (Greek: sunkoinoneo) ခြင်းအနေဖြင့် ရှင်ပေါလု၏သာသနာ့ခရီးစဉ်အတွက် ငွေကြေးမျှဝေထောက်ပံ့ကြသည် (ဖိ၊ ၄း၁၄၊ ၁၅)။ ဤသို့ အပြန်အလှန်ပြုခြင်းသည်လည်း "ရှေးဦးစွာသောနေ့ရက်မှစ၍ ယခုတိုင်အောင်" (ဖိ၊ ၁း၅) ဖြစ်၍၊ "ဝမ်းမြောက်သောစိတ်နှင့်" (ဖိ၊ ၁း၄) ထာဝရဘုရားအား ကျေးဇူးတင်ကာ ၎င်းတို့အတွက်ပါဆုတောင်းပေးရန် လမ်းပွင့်စေ၏။

ရှင်ပေါလုသည် မိမိတုတ်နှောင်ခံရကာ အကျဉ်းကျခြင်းကိုပင် အပြုသဘောဆောင်စေကာ "ဧဝံဂေလိတရားဘက်၌ သက်သေခံ၍ ထိုတရားကို တည်စေ" (ဖိ၊ ၁း၇) သည်ဟုပင် ဆိုသေး၏။ ဤသို့ဥပဒေအသုံးအနှုန်းနှစ်ခုဖြင့် သူ့အားစစ်ဆေးလုဆဲဆဲဖြစ်သည်ကို ခန့်မှန်းထားရသော်လည်း ငါပေါလုသည် စစ်သည်များ၊ ဧည့်သည်များတို့နှင့်အတူ ဧဝံဂေလိတရားနှင့်ပင် ထိတွေ့ဆက်ဆံနေကြပါသည်။ တိုက်ခိုက်မှုများအား ကာကွယ်နေရင်း (Greek: apologia) ၎င်းတို့သည် ထာဝရသစ္စာတရားများဖြစ်ကြောင်း တည်မြဲစေရန်လည်း လိုအပ်နေသေးသည်။ ရှင်ပေါလုသည် မိမိ၏အနာဂတ်အား အမှုထား



ခြင်းကို လျှော့ပေါ့ကာ ဧဝံဂေလိတရား၏အောင်မြင်ခြင်းကို အမှုထား၏။ သူအသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ၊ ရှင်ပေါလုသည် "ကောင်းသောအမှု" (ဖိ၊ ၁း၆) ကို ပြုစပြုတော်မူသောထာဝရဘုရားအား ယုံကြည်အားကိုး၏။

**ဘုရားသခင်ကျွန်ုပ်တို့အတွင်း၌ စတင်တော်မူသော "ကောင်းသောအမှု" ကို ပြီးစီးတော်မူမည် (ဖိလိပ္ပိ၊ ၁း၆) ဟူသောကတိတော်ကို သင်မည်သို့နားလည်သနည်း။**

**တနင်္လာနေ့ ဇန်နဝါရီလ ၅ ရက်**

**ပေါလုဆုတောင်းရာ၌တောင်းဆိုသောအချက်များ**

လွန်ခဲ့သောနှစ်အနည်းငယ်က ဓမ္မဆရာတစ်ဦးက လူတို့၏ဆုတောင်းခြင်းတွင် ငါ၊ ငါ၊ ငါ နှင့် ငါ၏လိုအပ်ချက်များ သို့မဟုတ် ဆန္ဒများဟု ဗဟိုပြုနေကြကြောင်း ပြောဆိုခဲ့ဖူးသည်။ ဘုရားသခင်သည် ပို၍ကြီးမားသောအရာများကို ရည်ရွယ်ထားသောကြောင့် ၎င်းတို့ကို "အတ္တနှောသောဆုတောင်းချက်ငယ်များ" ဟု သင့်တော်စွာသတ်မှတ်ခဲ့သည်။

**ဖိလိပ္ပိ၊ ၁း၉–၁၁ တွင် ပေါလု၏ဆုတောင်းခြင်းကိုဖတ်ပါ။ မည်သည်ကိုဗဟိုပြု၍ မည်သည့်ကြီးမားသောအရာများတောင်းဆိုသနည်း။ ၎င်းသည် ဆုတောင်းခြင်းအကြောင်း မည်သို့သွန်သင်သနည်း။**

---------------------------------------------

---------------------------------------------

ဤဆုတောင်းခြင်းသည် ဂရိစာဖြင့် စာလုံးလေးဆယ်သုံးလုံးသာဖြစ်သော်လည်း၊ ကျန်ရှိသောသြဝါဒစာတွင် သူ၏စိုးရိမ်မှုများအားလုံး မေတ္တာ၊ ပညာ၊ ပိုင်းခြားသိမြင်ခြင်း၊ စိတ်ရင်းမှန်ကန်ခြင်း၊ ခိုက်ရန်ကင်းစင်ခြင်းနှင့် ယေရှုခရစ်တော်၌ ဖြောင့်မတ်ခြင်းတို့အား ခြုံငုံစေနိုင်လေသည်။ ဤဆုတောင်းခြင်းကိုအရင်းခံ၍ ပေါလုသည် အသင်းတော်တစ်ခုလုံးအတွက် အလျင်ဦးဖော်ပြထားသော ကျေးဇူးတော်ချီးမွမ်းခြင်းကိုပြုခဲ့သည်။ ပေါလု၏ဆုတောင်း

ခြင်းသည် အသင်းတော်တစ်ခုလုံး၏ကောင်းစားရေးကို ရှေးရှုလျက် သူတစ်ပါးအားဗဟိုပြုခြင်းဖြင့် တောင်းလျှောက်သည်။ သူ၏ဆုတောင်းချက်တချို့တို့အားအနီးကပ်တစ်ခုစီလေ့လာကြစို့။

မေတ္တာပါရမီတိုးပွားခြင်းအမြဲလိုအပ်သည်။ ရှင်ပေါလုဆုတောင်းခြင်းသည် သာ၍မေတ္တာရှိရန်မကဘဲ၊ မေတ္တာသည် "ဉာဏ်ပညာအမျိုးမျိုးရှိလျက်" (ဖိ၊ ၁း၉) တိကျသောဦးတည်ချက်သို့ ပို့ဆောင်စေရန်ဖြစ်သည်။ ဉာဏ်ပညာဟူသည် အသိအတတ်ဉာဏ်မျှပင်မဟုတ်ဘဲ၊ ထာဝရဘုရားနှင့်မိတ်သဟာယပြုခြင်း၊ နှုတ်ကပတ်တော်ဖတ်ရှုခြင်းဖြင့်သာ ရရှိနိုင်သောဝိညာဉ်ရေးရာဉာဏ်ပညာကိုဆိုလိုသည် (ဖေက်၊ ၁း၁၇။ ၄း၁၃။ ၁တိ၊ ၂း၄)။

ခွဲခြားသိမြင်နိုင်သောပညာ။ ဤအရာကို ရှင်ပေါလုက "အကောင်းဆုံးဖြစ်သောအရာကို ပိုင်းခြားသိမြင်နိုင်ခြင်း" (ကိုယ်ကျင့်တရားအရ အန္တရာယ်ရှိသောအရာမှ ခွဲခြားသိမြင်ခြင်း) နှင့် "စင်ကြယ်၍ အပြစ်ကင်းရှင်းစွာနေရခြင်း" (ဖိလိပ္ပိ၊ ၁း၁၀) ဟူ၍ ရှင်းပြထားသည်။

စိတ်ရင်းမှန်ကန်ခြင်း။ ဂရိဘာသာတွင် "နေရောင်ခြည်ဖြင့်စီရင်ခံရသူ" အနက်ရှိ၍ မသိုးမသန့်သောလုပ်ရပ်များကင်းစင်ခြင်း။ "ခရစ်ယာန်တို့ပြုသမျှအရာတို့သည် နေရောင်ခြည်ကဲ့သို့ ပွင့်လင်းမြင်သာရပါမည်" (Ellen G. White, Reflecting Christ, p. 71).

ခိုက်ရန်ကင်းခြင်း။ ဤစာသားသည် ထိမိလဲစရာခလုပ်ကသင်းမဖြစ်ခြင်းကို ဆိုလိုသည်။ သူတစ်ပါး၏ယုံကြည်ခြင်းအတွက် အခက်အခဲဖြစ်စေမည့်စကားမပြောခြင်း၊ အမှုကိစ္စမလုပ်ခြင်းကိုဆိုလိုသည်။

ခရစ်တော်၌ဖြောင့်မတ်ခြင်း။ ဤအချက်နှင့်ပတ်သက်၍ ရှင်ပေါလုသည် ရောမသြဝါဒစာနှင့် ဂလာတိသြဝါဒစာတို့တွင် အမြောက်အမြားဖော်ပြထားပြီးနောက် ဖိလိပ္ပိ၊ ၃ တွင်လည်း ဆင့်ပွားရေးထားသေးသည်။ ကျွန်ုပ်တို့သည် မိမိတို့၏မူပိုင်ဖြောင့်မတ်ခြင်းမရှိဘဲ ခရစ်တော်ထံမှရရှိသောအရာသာလျှင်ရှိသည်။

**ကျွန်ုပ်တို့မည်သည့်အရာပင်ပြုနေပါစေ ကျွန်ုပ်တို့၏မေတ္တာအား မည်သို့ "စုံလင်စေ" မည်နည်း (ဖိ၊ ၁း၉)။ ၎င်းသည်**



**ခရစ်ယာန်အသက်တာတွင် အဘယ်ကြောင့်အရေးကြီးနိုင်သနည်း (၁ကော၊ ၁၃း၁–၈)။**

**အင်္ဂါနေ့ ဇန်နဝါရီလ ၆ ရက်**

**ဝိညာဉ်ရေးသိမြင်ပိုင်းခြားခြင်းကိုလက်တွေ့အသုံးချခြင်း**

ရှင်ပေါလုအကျဉ်းကျသည်ကိုကြားရသော ဖိလိပ္ပိလူတို့သည် လွန်စွာဝမ်းနည်းပူဆွေးကြ၏။ ယခုတွင် သူ့လုပ်ငန်းသည် လွန်စွာကျဉ်းကြပ်သွားသည်။ ခရီးသွား၍မရတော့ချေ။ တရားလည်းမဟောရတော့ပါ။ ဗိမာန်တော်သို့သွားရောက်ကာ ယေရှုသည် မေရှိယဖြစ်ကြောင်း လူတို့အားမဟောရတော့ချေ။ သူသည် အသင်းတော်တွေကိုလည်း မတည်ထောင်ရတော့ပါ။ ရှင်ပေါလု၏အခြေအနေကိုသေချာသိရှိရန်၊ သူ့ကိုလည်းအားပေးတိုက်တွန်းရန်နှင့် သူ၏ကိုယ်ရေးကိုယ်တာလိုအပ်သည့်အရာများအားလုံးကို ဆောင်ရွက်ပေးနိုင်ရန် ဖိလိပ္ပိလူတို့သည် ဧပဖြောဒိတ်ကိုစေလွှတ်ကြသည်။

**ဖိလိပ္ပိ၊ ၁း၁၂–၁၈ ကိုဖတ်ပါ။ ရှင်ပေါလုသည် သူအကျဉ်းကျသည်ကို မည်သို့ရှုမြင်သနည်း။ သူကြုံတွေ့နေရသောအခြေအနေများတွင်ပင်ရှိသော သူ၏စိတ်နေသဘောထားမှ ကျွန်ုပ်တို့မည်သည့်သင်ခန်းစာများရယူနိုင်သနည်း။**

---------------------------------------------------

---------------------------------------------------

ရှင်ပေါလုမှပြန်ပေးပို့သောသတင်းအားဖြင့် ဖိလိပ္ပိလူတို့အံ့အားသင့်ကြရသည်။ ရှင်ပေါလုသည် သူ၏အခြေအနေကို မတူညီသောအမြင်ရှိ၏။ သူအကျဉ်းကျခြင်းကို သူ၏ဝိညာဉ်ရေးပိုင်းခြားခြင်းစိတ်သည် အကောင်းဖက်သို့သာမြင်စေသည်။ အမှုတော်အား လုံးဝမတားဆီးနိုင်ဘဲ "သတင်းကောင်းကိုပို၍ပျံ့နှံ့စေ" သည် (ဖိ၊ ၁း၁၂)။ သူတစ်ပါးတို့သည် သံကြိုးနှင့်သံတိုင်များကိုသာ မြင်နေကြချိန်တွင် ပေါလုသည် ရောမစစ်သည်အကြပ်ကိုပင် ထာဝရဘုရား၏နိုင်ငံတော်အတွက် ဝိညာဉ်တစ်လုံးဖြစ်စေနိုင်ခြင်းကို မြင်တွေ့သည်။

သူအကျဉ်းကျရခြင်းသည် ဖြစ်လာမည့်အကျိုးဆက်တို့ကိုပင် မကြောက်မရွံ့ဘဲ ခရစ်တော်အတွက် သူတစ်ပါးတို့အား ဧဝံဂေလိတရားအတွက် ပိုမိုလှုပ်ရှားစေသည်ကို သူမြင်တွေ့ရသည်။

စဉ်းစားရအတော်ခက်သော်လည်း တချို့တို့သည် ပေါလုအကျဉ်းကျခြင်းသည် ကောင်းကျိုးပြုနိုင်သည်ဟုပင်ဆိုကြသေး၏။ ရှင်ပေါလု၏အနာဂတ်မရေရာခြင်းကြောင့် သူတို့သည် မိမိကိုယ်ကိုဆက်ကပ်လာကြရာမှ ဧဝံဂေလိတရားကိုပင် ဟောပြောလာကြသည်။ လွန်စွာတန်ခိုးပါသော်လည်း ဝမ်းနည်းဖွယ်ပုံသက်သေပင် အသင်းတော်ထဲတွင် ဖြစ်ပျက်နေလေသည်။ ရှင်ပေါလုမတိုင်မီ ရှေးပဝေသဏီကပင် ယေရမိသည် "စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက်စဉ်းလဲတတ်၏။ အလွန်ယိုယွင်းသောသဘောရှိ၏။ စိတ်နှလုံးသဘောကို အဘယ်သူသိနိုင်သနည်း" (ယေရမိ၊ ၁၇း၉)။

ကံကောင်းထောက်မစွာဖြင့် သစ္စာရှိသောအမှုဆောင်တချို့တို့သည် ဧဝံဂေလိတရားပြန့်စေရန် ပိုမိုရဲရင့်လာကြသည်။ ပေါလုအားအလွန်ချစ်ကြသဖြင့် သူခံစားရသောဆင်းရဲဒုက္ခတွင် မိမိယုံကြည်ခြင်းတွင် ကြံ့ကြံ့ခံခဲ့သည်ကို မြင်ရသူတို့သည် ခရစ်တော်အတွက် သာ၍သတ္တိရှိလာကြကာ ကိုယ်တော်အတွက် ပိုမို၍လှုပ်ရှားလာကြလေ၏။ အတိတ်က ၎င်းတို့မသွားရဲသောနေရာသို့သွားရန် စွမ်းအားရှိလာကြကာ၊ အတိတ်ကတိတ်ဆိတ်စွာနေခဲ့သောအခြေအနေမျိုးတွင် ပြောထွက်လာကြသည်။ လူမြောက်မြားစွာတို့သည် ခရစ်တော်အား သာ၍လက်ခံလာကြသဖြင့် ကယ်တင်ခြင်း၏ဧဝံဂေလိတရားသည် သာ၍ပင်ပြန့်နှံ့နေသေး၏။

**ဤကဲ့သို့အလွန်ဆိုးရွားသောအတွေ့အကြုံများအားဖြင့် သင်သည် မည်သည့်သင်ခန်းစာရရှိ၍ မည်သည့်ကောင်းကျိုးပြုခြင်းပင်ရှိပါသနည်း။ ကောင်းကျိုးမပြုသည်တိုင် ၎င်းကိုဘေးဖယ်ကာ ထာဝရဘုရားအား မည်သို့ကိုးစားရမည်နည်း။**



**မုဒ္ဓဟူးနေ့** **ဇန်နဝါရီလ ၇ ရက်**

**ဧဝံဂေလိအသီး**

ရှင်ပေါလု၏ ကောလောသဲလူတို့နှင့် အဆက်အသွယ်သည် ဖိလိပ္ပိလူတို့နှင့်မတူပါ။ ကောလောသဲလူတို့သည် "ငါ့မျက်နှာကို မမြင်ဖူးသောသူများ" တွင် ထည့်ဝင်ထားသည် (ကော၊ ၂း၁)။ မည်သို့ပင်ဖြစ်စေ ပေါလုသည် သူတို့အားလည်း ဖိလိပ္ပိလူတို့ထံပြုသည်နည်းတူ ထာဝရဘုရား၏ကျေးဇူးတော်အစဉ်ချီးမွမ်း၍ ဆုတောင်းပေးကြောင်း အခိုင်အမာပြောဆိုသည်။

**ကော၊ ၁း၃–၈ ကိုဖတ်ပါ။ မည်သည့်အရာသုံးခုအတွက် ရှင်ပေါလုသည် ဘုရား၏ကျေးဇူးတော်ချီးမွမ်းသနည်း။**

------------------------------------------

------------------------------------------

ရှင်ပေါလုသည် အခြားနေရာတွင်ပင် ဖော်ပြခဲ့ပြီးသော သူကောင်းတရားသုံးခုဖြစ်သော ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းနှင့် မေတ္တာတို့ကို အတူယှူဆောင်လာပြန်၏ (၁ကော၊ ၁၃း၁၃။ ၁သက်၊ ၁း၃။ ၅း၈)။ ဤအရာများအတွက် ကောလောသဲလူတို့အား ဂုဏ်ပြုမှတ်တမ်းမတင်ပါ။ ခမည်းတော်သည် "ကောင်းမြတ်စုံလင်သော" စွမ်းရည်တို့ကို ပေးတော်မူကြောင်း ကျေးဇူးတော်ချီးမွမ်းလေသည် (ယာ၊ ၁း၁၇)။ ထာဝရဘုရား၏မေတ္တာတော်ကို မြင်တွေ့ရသောကျွန်ုပ်တို့သည် ခရစ်တော်အားယုံကြည်လာ (ဧဖက်၊ ၂း၄–၈) ၍ ကောင်းကင်အား မျှော်လင့်ခွင့်ရရှိနိုင်၏။ ၎င်းကို ပေတရုသည် "မည်သည့်အခါမျှ မေးမှိန်ခြင်း၊ ပျက်စီးခြင်း၊ ပျောက်ပျက်ခြင်းမဖြစ်နိုင်သောအမွေတော်ကို သင့်အဖို့ ကောင်းကင်၌သိုထားလျက်ရှိ၏" (၁ပေ၊ ၁း၄) ဟု ဆို၏။

ရှင်ပေါလုသည်လည်း ဧဝံဂေလိသည် "သမ္မာတရား" အပေါ် အခြေပြုထားသောကြောင့် သစ္စာတရားဖြစ်သည်ဟုဆို၏။ ဤအချက်ကို ရှင်ပေါလုသည် ထာဝရဘုရား၏နှုတ်ကပတ်တော်ကွန့်မြူခြင်းဖြင့် နေရာတကာတွင် အသုံးပြုခဲ့ရသည် (၂ကော၊ ၆း၇။ ၂တိ၊ ၂း၁၅)။ "လူ၏နှုတ်ထွက်စကား" နှင့်မတူဘဲ ထိုနှုတ်ကပတ်တော်သည် ယုံကြည်ခြင်းသို့ရောက်သော သင်တို့၌

“ပြုပြင်” သည်ကိုလည်းကောင်း၊ ထာဝရဘုရား၏အလိုတော်ကို ပြည့်စုံစေသည် (ဟေရှာ၊ ၅၅း၁၁)။ ဧဝံဂေလိကို ကြွေးကြော်သည်နှင့်ပင် ကြားနာရသော သူတို့၏နှလုံးသားထဲတွင် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ထာဝရဘုရား၏ တန်ခိုးတော်သည် ပေါ်လွင်လာကာ သူတို့သည်လည်း တုံ့ပြန်လာကြသည်။ “အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်” (ဖိ၊ ၂း၁၆) ဖြစ်သဖြင့် ထိုဧဝံဂေလိသည် အသီးသီးလေတော့၏။

ဤမျှလောက်အချိန်တိုအတွင်း၌ပင် ဧဝံဂေလိတရားပြန့်နှံ့ခြင်းသည် အံ့ဖွယ်အကောင်းဆုံးဖြစ်လိမ့်မည်။ ခရစ်တော်၏သေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းနောက် နှစ်သုံးဆယ်အတွင်း၌ “လောကီနိုင်ငံတစ်လျှောက် ပြန့်နှံ့သည်” (ကော၊ ၁း၆) ဟု ရှင်ပေါလုမှ ဆိုနှင့်ခဲ့၏။ ၎င်းအခန်းကြီးတွင်ပင် သူသည် ဧဝံဂေလိကို “ကောင်းကင်အောက်၌ရှိသော ဝေနေယျသတ္တဝါအပေါင်းတို့အား ဟောပြောခဲ့သဖြင့်” (ကော၊ ၁း၂၃) ဟု ဆိုပြန်၏။ ရောမနိုင်ငံ၏လမ်းစနစ် ကျယ်ပြန့်ခြင်းသည် ခရီးသွားလာခြင်းအား မြန်ဆန်စေသဖြင့် ရှင်ပေါလု၏ ဩဝါဒစာတို့သည် ကျယ်ပြန့်မြန်ဆန်စွာ ပျံ့နှံ့နိုင်ခြင်းဖြစ်သည်။ ထာဝရဘုရား၏ တန်ခိုးတော်သည် နှုတ်ကပတ်တော်အားဖြင့် အလုပ်လုပ်ဆောင်သဖြင့် နိမ္မိတသတ္တဝါတို့တွင် ဝိညာဉ်အသက်တာမွေးဖွားသန့်စင်စေ၍ (ယာကုပ်၊ ၁း၁၈။ ၁ပေ၊ ၁း၂၃) ခရစ်တော်၌ သတ္တဝါအသစ်ဖြစ်စေသည် (၂ကော၊ ၅း၁၇)။

**ကော၊ ၁း၅ တွင် ရှင်ပေါလုသည် “သင်တို့အဖို့ ကောင်းကင်ဘုံ၌သိုထားသောမျှော်လင့်ခြင်း” ကိုဖတ်ပါ။ ထိုမျှော်လင့်ခြင်းကို သင်မည်သို့နားလည်၍ သင်သည် ထိုက်တန်ခြင်းမရှိသည့်တိုင် သင့်အတွက် မည်သို့ကောင်းကျိုးပြုသနည်း။**

**ကြာသပတေးနေ့** **ဇန်နဝါရီလ ၈ ရက်**

**ဆုတောင်းခြင်းတန်ခိုး**

**ကော၊ ၁း၉–၁၂ ကိုဖတ်ပါ။ ပေါလုဆုတောင်းရာတွင် မည်သည့်တိကျသောတောင်းဆိုမှုရှိသနည်း။**



-------------------------------------------

-------------------------------------------

ရှင်ပေါလုသည် “ဘုရား၏အလိုတော်ကို အကုန်အစင်နားလည်မည်အကြောင်း” ဟူ၍ တောင်းဆိုသည်။ ရှင်ပေါလုက ဘုရား၏အလိုတော်ကို နားလည်ခြင်းဟူသည် “ဘုရားသခင်ကိုသိသော ဝိညာဉ်အရာ၌ ဉာဏ်တိုးပွားခြင်း” (ကော၊ ၁း၉) ဟုဆိုသည်။ ထာဝရဘုရားကို ကိုးစားခြင်းဖြင့် အသိပညာအလျှင်ဦးလာ၍ ထိုနောက်မှ “ထိုသူ၏အလိုတော်ကို လိုက်လျှောက်လိုခြင်း” ရှိလာသည် (ယောဟန်၊ ၇း၁၇)၊ မိမိကိုယ်ကိုမကိုးစားခြင်း (သု၊ ၃း၅)။ သို့သော် ပေါ်လာသောမေးခွန်းတစ်ခုသည် “ဤအခြေအနေမျိုးတွင် ကျွန်ုပ်အတွက် ဘုရား၏အလိုတော်သည် အဘယ်နည်း။” ထာဝရဘုရား၏ အလိုတော်အား သင်ယူနိုင်သောဇစ်မြစ်သုံးခုတို့အား ဆုတောင်းခြင်းဖြင့် ရှာတွေ့ရပေ၏။

(၁) အရေးအကြီးဆုံးပညာဇစ်မြစ်သည် ကျမ်းစာဖြစ်သည်။ “နှုတ်ကပတ်တော်သည် အကျွန်ုပ်၏ခြေရှေ့တွင် မီးခွက်ဖြစ်သည်” (ဆာလံ၊ ၁၁၉း၁၀၅)။

(၂) ဘုရားသခင့်အလိုတော်နှင့် လမ်းပြခြင်းသည်လည်း ဘုရားသခင်၏တံခါးဖွင့်ခြင်း၊ ပိတ်ခြင်းကို တောင်းဆိုသဖြင့် (ကော၊ ၄း၃၊ ၄) သူ၏ပံ့ပိုးမှုအခြေအနေအရ သိရမည်ဖြစ်သည်။

(၃) သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြခြင်းဖြင့် သူ၏အသံတော်အား တစ်ကြိမ်မှတ်မိပြီးကတည်းက “သင်သည် လက်ယာဘက်၊ လက်ဝဲဘက်သို့လမ်းလွှဲလျှင် ဤမည်သောလမ်းသည် မှန်၏။ ဤလမ်း၌သွားလော့ဟု သင့်နောက်၌ပြောသောစကားသံကို ကိုယ်နားနှင့်ကြားရလိမ့်မည်” (ဟေရှာ၊ ၃၀း၂၁)။

ရှင်ပေါလုမှ ကောလောသဲလူတို့အတွက် “ထာဝရဘုရားနှင့် ထိုက်လျှောက်စွာကျင့်” ရန် ဆုတောင်းပေးသည် (ကော၊ ၁း၁၀)။ မည်သူမျှ မွေးရာပါ “ထိုက်လျှောက်ခြင်း” မရှိကြသော်လည်း၊ ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် မြင့်မြတ်သောခေါ်တော်မူခြင်းနှင့် လျော်ညီစွာနေထိုင်ရန် ခေါ်တော်

မူသည် (ဖေက်၊ ၄း၁။ ၁သက်၊ ၂း၁၂)။ ရှင်ပေါလုသည် "ကျင်လည်" နှင့် "ကျင့်ဆောင်" ဟူသော ပြုခြင်းပြအား သုံးကြိမ်မကအသုံးပြုသည် (ကော၊ ၂း၆။ ၃း၇။ ၄း၅)။ ထာဝရဘုရား၏ပညတ်တရားနှင့်အညီ ရှင်သန်ခြင်းကို ဆိုလိုသည် (ထွက်၊ ၁၈း၂၀)။ ၎င်းသည်လည်း သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ခြင်းဖြင့် (ယေဇ၊ ၃၆း၂၇)၊ ဘုရားသခင်၏ပညတ်တရားနှင့် ညီညွတ်စွာနေတတ်ခြင်း (ထွက်၊ ၁၈း၂၀) ကို ဆိုလိုသည်။

ရှင်ပေါလုသည် သူတို့ (ကျွန်ုပ်တို့ပါ) ၏အသက်တာသည် ဘုရားသခင့်ထံတော်၌ "ကျေနပ်စရာအတိ" ဖြစ်နိုင်ရန်၊ "ကောင်းသောအကျင့်အမျိုးမျိုးတွင် အသီးသီးရန်" (ကော၊ ၁း၉၊ ၁၀)၊ "ဘုရားသခင်ကို သိကျွမ်းခြင်းဉာဏ်တိုးပွားရန်" (ကော၊ ၁း၁၀) နှင့် နောက်ဆုံးတွင် "ကျေးဇူးတော်ချီးမွမ်းရန်" (ကော၊ ၁း၁၂) ဆုတောင်းသည်။

**တစ်စုံတစ်ဦးမှ "ထာဝရဘုရားသည် သင့်အား တစ်နေရာမဟုတ် အခြားတစ်နေရာသို့ လမ်းပြပို့ဆောင်နေသည်" ကို မည်သို့သိသနည်းဟုမေးခဲ့သော် မည်သို့ဖြေဆိုမည်နည်း။**

**သောကြာနေ့ — ဇန်နဝါရီလ ၉ ရက်**

**ဆက်လက်လေ့လာရန်။**

မြောက်မြားစွာတို့သည် မိမိတို့အနာဂတ်အား တိကျစွာမစီစဉ်နိုင်ကြပါ။ ဘဝမတည်ငြိမ်ခြင်းကြောင့်ဖြစ်သည်။ သူတို့သည် မိမိတို့ကိစ္စ၏အကျိုးဆက်များကို ကောင်းစွာမသိမြင်နိုင်သဖြင့် စိုးရိမ်ခြင်းဖြင့် ဂနာမငြိမ်ဖြစ်နေကြသည်။ လောကတွင် ဘုရား၏လူသားအားလုံးတို့သည် ခရီးသွားနေသူသာလျှင်ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် မိမိတို့အသက်တာအတွက် စီစဉ်နိုင်စွမ်းဉာဏ်မရှိကြပါ။ မိမိတို့၏အနာဂတ်ကို မိမိတို့ကပုံသွင်းရန် မဟုတ်ပါ။ "အာဗြဟံသည် အမွေခံရလတ္တံ့သောပြည်သို့ ထွက်သွားမည်အကြောင်း ဘုရားသခင်



ခေါ်တော်မူသောအခါ သူသည် အဘယ်အရပ်သို့သွားသည်ကို မသိဘဲလျက် ယုံကြည်ခြင်းအားဖြင့်နားထောင်၍ ထွက်သွားလေ၏" (ဟေဗြဲ၊ ၁၁း၈)။

"ခရစ်တော်သည် သူ၏လောကအသက်တာတွင် မိမိအတွက် စီစဉ်ထားခြင်းမပြုခဲ့ပါ။ သူ့အတွက် ထာဝရဘုရားစီစဉ်ထားသည်ကို လက်ခံ၍ ခမည်းတော်သည်လည်း မိမိ၏အစီအစဉ်များကို ဖော်ပြသွားသည်။ ကျွန်ုပ်တို့၏အသက်တာသည် ဘုရားအလိုတော်ကို လုပ်ဆောင်နိုင်ရန် ထာဝရဘုရားကို ကိုးစားရပါမည်။ သူ့ထံသို့ဆက်ကပ်သောအခါ ကျွန်ုပ်တို့၏ခြေလှမ်းတိုင်းကို သူသည် ပို့ဆောင်လိမ့်မည်။

မြောက်မြားစွာတို့သည် အလွန်တောက်ပသောအနာဂတ်အား စီစဉ်သော်လည်း လုံးဝဥသုံဆုံးရှုံးခြင်းသို့ရောက်၏။ သင့်အတွက် ထာဝရဘုရားစီစဉ်စေတော်မူပါ။ "မိမိ၏သန့်ရှင်းသောသူတို့၏ခြေကို စောင့်မသော" (၁ရာ၊ ၂း၉) ဘုရားအား ကလေးလေးကဲ့သို့ ကိုးစားပါ။ မိမိတို့သည် အစမှအဆုံးတိုင်အောင် ထိုးထွင်းမြင်နိုင်၍ ထာဝရဘုရားနှင့်အတူ လုပ်ဆောင်ရသည့်နေရာတွင် အလိုတော်ကိုစုံလင်စေရန် ထာဝရဘုရား၏လမ်းပြပို့ဆောင်ခြင်းကို ရွေးချယ်ခြင်းမပြုပါက ဘုရားသည် မည်သည့်အခါမျှ မပို့ဆောင်ပါချေ။" (Ellen G. White, Steps to Christ, pp. 478, 479).

**ဆွေးနွေးရန်မေးခွန်းများ။**

**၁။ လွန်ခဲ့သောအပတ်က သင်ကျေးဇူးချီးမွမ်းစရာများကို တွေးကြည့်ပါ။ သင်တွေးမိသည်ထက်ပင်သာလွန်၍ ကျေးဇူးကြီးနိုင်မည်လား။**

**၂။ အထက်က အီးဂျစ်ပ္ပကို၏နောက်ဆုံးစာသားအား စိတ်သိုမှီးထားပါ။ တန်ခိုးကြီးသောယုံကြည်ခြင်းဖော်ထုတ်ခြင်းဖြစ်ပါသည်။ ထိုအချိန်ခါမျိုးတွင် ဘုရားသခင်ကို မည်သို့ကိုးစားနိုင်မည်နည်း။**

**၃။ ကောလောသဲ၊ ၁း၆၊ ၂၃ ကို စိတ်သိမှီးလျက် အထက်ပါစာပိုဒ်ကို ဆွေးနွေးပါ။ "မယုံကြည်ခြင်း၊ ညည်းတွားခြင်းနှင့် ပုန်ကန်ခြင်း၏နှစ်ပေါင်းလေးဆယ်သည် ခါနာန်ဝင်ရမည့်ဣသရေလတို့အား ဟန့်တားထား၏။ အလားတူသောအပြစ်ကပင် ယနေ့ဣသရေလတို့အား ကောင်းကင်ခါနာန်ဝင်နိုင်ရန် နှောင့်နှေးစေသည်။ ထာဝရဘုရား၏ကတိတော်တို့သည် အထက်ပါနှစ်မှုလုံးတွင် မှားယွင်းခြင်းမရှိပါ။ မယုံကြည်ခြင်း၊ လောကဆန်ခြင်း၊ မဆက်ကပ်ခြင်းနှင့် ရန်းရင်းခတ်ခြင်းတို့ကြောင့် ဘုရား၏လူတို့သည် အပြစ်၏ဝမ်းနည်းခြင်းထဲတွင် နှစ်ပေါင်းများစွာနေရကြသည်။ ခရစ်တော်၏အသင်းတော်သည် ကိုယ်တော်အပ်နှင်းသောလုပ်ငန်းအား ပြီးဆုံးခဲ့ပါက၊ ကမ္ဘာကြီးတစ်ခုလုံးသို့ သတိပေးထားပြီးသကဲ့သို့ဖြစ်၍ ယေရှုသည်လည်း ဘုန်းတန်ခိုးအာနုဘော်ဖြင့် ကြွဆင်းလာခဲ့လောက်ပြီး၏"** (Ellen G. White, Last Day Event, p. 38). **ယနေ့တွင် ကျွန်ုပ်သည်လည်း အလားတူတို့ဖြင့် မည်သို့ပြစ်မှားနိုင်မည်နည်း။**

–ဝ–



**သင်ခန်းစာ (၃)**

## အသက်ရှင်ခြင်းနှင့်သေခြင်း

**ဇန်နဝါရီလ ၁ဝ – ၁၆**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီလ ၁ဝ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဖိ၊ ၁း၁၉–၃ဝ။ ၁ကော၊ ၄း၁၄–၁၆။ ၂ကော၊ ၁ဝး၃–၆။ ယောဟန်၊ ၁၇း၁၇–၁၉။ မိက္ခာ၊ ၆း၈။ တမန်၊ ၁၄း၂၂။

**အလွတ်ကျမ်းချက်**

**"ငါအသက်ရှင်သည်အရာမှာ ခရစ်တော်ဖြစ်၏။ သေလျှင်မူကား သာ၍အကျိုးရှိ၏" (ဖိလိပ္ပိ၊ ၁း၂၁)။**

သေခြင်းတရားသည် ကျွန်ုပ်တို့ဘဝ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်ဆိုကြသော်လည်း မှသားသာဖြစ်သည်။ သေခြင်းတရားသည် အသက်နှင့်ဆန့်ကျင်ဘက်ပင်ဖြစ်၍ အသက်၏ရန်သူပင်ဖြစ်သည်။ ကားတစ်စီးတွင် အပိုင်းအစများဖြင့် တည်ဆောက်သော်လည်း အသက်တွင် မည်သည့်အပိုင်းအစမျှဖြင့် မတည်ဆောက်ပါ။ ရှင်ပေါလုသည် ခရစ်တော်သေခြင်းမှာ "ခရစ်တော်သည် အသေခံတော်မူသောအားဖြင့် သေခြင်းတရားကို အစိုးရသောသူတည်းဟူသော မာရ်နတ်၏တန်ခိုးကို ဖျက်ဆီးခြင်းငှာလည်းကောင်း၊ သေဘေးကိုမကြောက်၍ တစ်သက်လုံးကျွန်ခံရသူတို့ကို ကယ်လွှတ်ခြင်းငှာ" (ဟေဗြဲ၊ ၂း၁၄၊ ၁၅) ဟု ဆို၏။

ရှင်ပေါလုသည် ခရစ်တော်အတွက်သေရန် အသင့်ရှိသော်လည်း သူသည် ရေရှည်နောင်ရေးအတွက် စိတ်ချပြီးဖြစ်သည်။ ယခုလောလောလတ်လတ်တွင် သူ၏ရှင်ခြင်း၊ သေခြင်းတို့သည် ခရစ်တော်၏ဂုဏ်တော်အတွက်ဖြစ်၍ သူသည် ဧဝံဂေလိတရားဟောပြောရန်သာဖြစ်သည်ဆို၏။ သူ၏အမည်

နာမဖြင့် ဩဝါဒပေါင်းများစွာရှိရခြင်းသည်လည်း ထိုအကြောင်းကြောင့်ဖြစ်ရလိမ့်မည်။ ထိုသို့သူရေးသားပေးပို့သော ဩဝါဒစာတို့ကြောင့် လူပေါင်းများစွာနှင့် သူကိုယ်တိုင်မရောက်ဖူးသောနေရာများကိုပင် လက်လှမ်းမီနိုင်ခြင်းဖြစ်လေသည်။

အသက်တာသည် တိုတောင်း၍ ဘုရားသခင်ပေးတော်မူသော ကျွန်ုပ်တို့၏သက်တမ်းနှစ်အတွင်း ဘုရားသခင့်နိုင်ငံတော်အတွက် အကျိုးရှိနိုင်သမျှ လုပ်ကိုင်ရန်သာဖြစ်သည်။ ကျွန်ုပ်တို့၏ "စည်းလုံးသောယုံကြည်ခြင်း" ကို မည်သည့်အရာကမျှ မထိခိုက်စေရပါ။ ယခုအပတ်အစပြုသည်နှင့်ပင် ဤဥပဒေသသည် ရှင်ပေါလုမှ ဖိလိပ္ပိလူတို့ထံ စာရေးသားရခြင်းအကြောင်းရင်း တစ်ခုပင်ဖြစ်သည်။

**တနင်္ဂနွေနေ့** **ဇန်နဝါရီလ ၁၁ ရက်**

**ခရစ်တော်သည်ကြီးမြတ်လိမ့်မည်**

**ဖိလိပ္ပိ၊ ၁း၁၉၊ ၂၀ ကိုဖတ်ပါ။ ရှင်ပေါလုသည် သူ၏ဒုက္ခဆင်းရဲတို့မှ မည်သည့်ရလဒ်မျှော်လင့်သနည်း။ သူသည် တရားသေလွှတ်ငြိမ်းခြင်းထက် မည်သည့်အရာကို သာ၍အရေးထားသနည်း။**

----------------------------------------

----------------------------------------

ရှင်ပေါလုသည် အပြစ်ကင်းစင်လျက်ပင် အကျဉ်းကျရသည်မှာ ယခုတစ်ခါသည် ပထမအကြိမ်မဟုတ်ပါ။ သူ့အားနှိပ်စက်ရန် သူစိမ်းလည်းမဟုတ်တော့ပါ။ ကောရိန်သုလူတို့အား မိမိ၏ဒုက္ခဆင်းရဲခြင်းအကြောင်းကို အသေးစိတ်ဖော်ပြသွားရာ "ထောင်ထဲ၌ လှောင်ထားခြင်းကို အထူးသဖြင့်ခံရသူ၊ သေဘေးနှင့် အကြိမ်ကြိမ်တွေ့ဆုံရသောသူဖြစ်၏။ ငါးကြိမ်မြောက်အောင် ယုဒလူတို့၏လက်တွင် ဒဏ်ချက်လေးဆယ်တစ်ခုယုတ် (သုံးဆယ်ကိုးချက်) ကိုငါခံခဲ့ရပြီ။ သုံးကြိမ်မြောက်အောင် ကြိမ်လုံးနှင့်ရိုက်ခြင်းကိုလည်းကောင်း၊ တစ်ကြိမ်ခဲနှင့်ပစ်ခြင်းကိုလည်းကောင်း ခံခဲ့ရပြီ။ သုံးကြိမ်မြောက်အောင် သင်္ဘောပျက်ခြင်း





ခံခဲ့ရပြီ။ တစ်နေ့နှင့်တစ်ညပတ်လုံး ပင်လယ်ထဲမှာနေရပြီ။ အကြိမ်ကြိမ်ဒေသစာရီလှည့်လည်ပြီ။ မြစ်ကိုကူးသောဘေး၊ ဓားပြတိုက်သောဘေး၊ အမျိုးသားချင်းပြုသောဘေး၊ တစ်ပါးအမျိုးသားပြုသောဘေး၊ မြို့ရွာ၌ရောက်သောဘေး၊ တော၌ရောက်သောဘေး၊ ပင်လယ်ဘေး၊ ညီအစ်ကိုဖြစ်ယောင်ဆောင်သူပြုသောဘေး၊ ပင်ပန်းစွာအမှုဆောင်ခြင်း၊ အကြိမ်များစွာမအိပ်ဘဲစောင့်သောဘေး၊ မွတ်သိပ်ခြင်း ရေငတ်ခြင်း၊ အကြိမ်ကြိမ်အစာရှောင်ခြင်း၊ အချမ်းအအေးခံရခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဤဆင်းရဲခြင်းများကို ငါခံရပြီ" (၂ကော၊ ၁၁း၂၃–၂၇)။

ဤဆင်းရဲခြင်းများကို သူသည် အရေးတကြီးထားသည်ထက် ရှင်ပေါလုသည် "ထိုအပြင်အရာမှတစ်ပါး အသင်းတော်အပေါင်းတို့ကို စိုးရိမ်သောစိတ်နှင့် ကြည့်ရှုပြုစု၍ နေ့တိုင်းအစဉ် နှောင့်ယှက်ခြင်းကိုငါခံရ၏" (၂ကော၊ ၁၁း၂၈) ဟုဆို၏။

**၁ကော၊ ၄း၁၄–၁၆။ ၁သက်၊ ၂း၁၀၊ ၁၁။ ဂလာတိ၊ ၄း၁၉ နှင့် ဖိလေမုန်၊ ၁၀ တို့ကိုဖတ်ပါ။ ရှင်ပေါလုသည် မိမိတည်ထောင်ထားသော အသင်းတော်များနှင့်တကွ၊ ခရစ်တော်အတွက် သူရရှိထားသောလူများတို့နှင့် မည်သို့ဆက်စပ်မှုရှိသနည်း။**

----------------------------------------

----------------------------------------

ယေရှုသည် ကျွန်ုပ်တို့အားကယ်တင်ရန် အရာခပ်သိမ်းကို စွန့်တော်မူသည်နည်းတူ ပေါလုသည်လည်း ယုံကြည်သူမိတ်ဆွေများအတွက် ကိုယ်ဥစ္စာကို "ကုန်စေခြင်းငှာ" (၂ကော၊ ၁၂း၁၅) အလိုရှိသည်ဆို၏။ သမ္မာတိဝိရောဓိတရားအရ၊ ယေရှုနှင့်အသွင်တူလေလေ၊ သူတစ်ပါးတို့၏ချစ်ခြင်းနှင့် လက်ခံခြင်းလျော့ကျလေလေဖြစ်သည်။ "ယေရှုခရစ်၏တရားတော်နှင့်အညီ ဘုရားဝတ်၌မွေ့လျော်လိုသူတို့သည် ညှဉ်းဆဲခြင်းကို ခံရကြလိမ့်မည်" (၂တိ၊ ၃း၁၂)။ သို့တိုင်အောင် သစ္စာတည်သောခရစ်ယာန်တို့သည် ထာဝရဘုရား၏ဘုန်းတော်ကြီးစေနိုင်ရန်နှင့် ဧဝံဂေလိတရား၏သမ္မာတရားအား ဖော်ပြနိုင်သောတန်ခိုး

အပါဆုံးလမ်းစဉ်၌ ကျန်ရစ်နေကြလိမ့်မည် (ဖိလိပ္ပိ၊ ၁း၇)။ မမှန်မကန်ဘဲ ကြာမြင့်စွာအချုပ်ကျနေစဉ်တွင်ပင် ပေါလု၏စိတ်ရှည်ခြင်းနှင့် ရွှင်လန်းခြင်း၊ သစ္စာစောင့်သိခြင်းတို့သည် အဆက်မပြတ်တရားဟောပြောနေခြင်းပင်ဖြစ်သည်” (Ellen G. White, The Acts of the Apostles, p. 464).

**သင်၏အသက်တာပုံစံနှင့် သူတစ်ပါးအား သင်ဆက်ဆံပုံတို့ကို ပြန်ကြည့်လိုက်ပါ။ အထူးသဖြင့် သင်၏ကောင်းမှုတွေပေါ့ဗျာ။ ယေရှု အတွက် မည်သည့်ပုံစံဖြင့်သက်သေပြုသနည်း။**

**တနင်္လာနေ့** **ဇန်နဝါရီလ ၁၂ ရက်**

**သေလျှင်မူကားသာ၍မြတ်၏**

သင်သတိမပြုမိသောအရာမှာ ယုံကြည်သူကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသော အမှားအမှန်တိုက်ပွဲတွင် ပါဝင်နေကြသည်။ ဤစကြဝဠာပဋိပက္ခကြီးတွင် ကျွန်ုပ်တို့သည်လည်း တစ်နည်းမဟုတ်တစ်နည်း ကြုံကြိုက်ရသည်ဖြစ်၍၊ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်ဖြစ်ဖြစ် မိမိတို့ သေသည့်တိုင် ကြုံရပါလိမ့်မည်။

**၂ကော၊ ၁၀း၃–၆ ကိုဖတ်ပါ။ ကျွန်ုပ်တို့ဆင်နွှဲနေသောဝိညာဉ်ရေး တိုက်ပွဲ၏ အခြေခံအကြောင်းရင်းသည် အဘယ်နည်း။ ကျွန်ုပ်တို့၏ လက်နက်သည်လည်းအဘယ်နည်း။**

----------------------------------------

----------------------------------------

အကောင်းဆုံးသောဝိညာဉ်ရေးလက်နက်မှာ ခံယူချက်ဖြစ်သည်။ စာတန်သည် ပြစ်တင်ဝေဖန်ခြင်း၊ လှည့်ဖြားခြင်း၊ စိတ်ကသိကအောက်ဖြစ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ မိတ်ဆွေတို့၏ဖိအားနှင့် ခရစ်ယာန်တို့မှ အသုံးမပြုဖူးသော အရာများအား အသုံးပြုသည်။ ၎င်းတို့အစား ကျွန်ုပ်တို့သည် မေတ္တာ၊ ကရုဏာ၊ ငြိမ်သက်ခြင်း၊ နူးညံ့ခြင်း၊ သည်းခံခြင်း၊ ကောင်းမြတ်ခြင်းနှင့် ချုပ်တီးခြင်း



တို့ကို အသုံးပြုရပါမည်။ ကျွန်ုပ်တို့အတွက် တန်ခိုးအကြီးဆုံးတန်ခိုးသည် “ထာဝရဘုရား၏နှုတ်ကပတ်တရား” ဖြစ်၍ ပညာသတိရှိစွာ ဝိညာဉ်တော်အားဖြင့် အသုံးပြုရပါမည် (ဧဖက်၊ ၆း၁၇)။ ထာဝရဘုရားသည်သာ လူသား၏စိတ်နှလုံးသို့ သမ္မာတရားကို ယူဆောင်နိုင်သည်။ ထာဝရဘုရား၏အလိုတော်အားပြည့်စုံစေရန် ကျွန်ုပ်တို့သည် အသုံးတော်ခံပစ္စည်းများသာဖြစ်ကြသည်။

**ဖိလိပ္ပိ၊ ၁း၂၁၊ ၂၂ ကိုဖတ်ပါ။ ပေါလု၏ဆိုလိုရင်းအား အထူးသဖြင့် အမှားအမှန်တိုက်ပွဲအကြောင်းကို ကျွန်ုပ်တို့မည်သို့ နားလည်သနည်း။**

----------------------------------------

----------------------------------------

တိုက်ပွဲသည် ဝိညာဉ်ရေးသက်သက်ဖြစ်သဖြင့်၊ ကျွန်ုပ်တို့၏ခံယူချက်နှင့် တန်ဖိုးထားသောစံများအတွက် တိုက်ပွဲဝင်ရသည်။ ခရစ်တော်သည် ထိုစစ်ပွဲကို ကပ်တိုင်၌အောင်ခဲ့သည်ဖြစ်ရာ၊ သူနှင့်ဆက်သွယ်နေသ၍ သေသည်တိုင်အောင် ရှုံးနိမ့်နိုင်ခြင်းမရှိပါ။ ရှင်ပေါလုသည် မည်မျှပင်မတရားသည်ဖြစ်စေ၊ ဤလောက၌ သူ့အပေါ်ကြုံတွေ့ရသမျှကို လက်ခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် မိမိ၏အသက်တာနှင့် အနာဂတ်ကို မြင့်မြတ်သောတရားရုံး (ဘုရားသခင်) ထံ အပ်နှံထားသောကြောင့်ဖြစ်သည်။

ခရစ်ယာန်တို့သည် မှန်ကန်နေသည့်တိုင် မိမိတို့၏အခွင့်အရေးများ အတွက် မတိုက်ခိုက်သင့်ပါ။ “အင်အားကြောင့် မှန်ကန်သည်မဟုတ်။ မှန်ကန်ခြင်းသည်သာ အင်အား” ဖြစ်သည်။ ထာဝရဘုရား၏အလိုတော်သို့ ဆက်ကပ်ခြင်းသည် ဂုဏ်ရှိ၏။ မိမိတို့ရင်ဆိုင်နေရသောတိုက်ပွဲစုံတို့အား အောင်နိုင်သော တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ ထိုသို့ဖြင့် စံပြုထိုက်သောထာဝရဘုရား၏ အလိုတော်သို့ ဆက်ကပ်ခြင်းကို ရှင်ပေါလုသည် ဖိလိပ္ပိ၊ ၂ တွင် ရေးသား ထားသည်။

**အမှားအမှန်မဟာတိုက်လှန်ပွဲကို ယခုပင် မည်သို့ခံစားနေရပါသနည်း။ ခရစ်တော်သည် ထိုစစ်ပွဲကိုအောင်နိုင်ခဲ့ကြောင်းသိခြင်းသည် သင့်အား မည်ကဲ့သို့စိတ်သက်သာခြင်းပေးနိုင်သနည်း။**

**အင်္ဂါနေ့ ဇန်နဝါရီလ ၁၃ ရက်**

**ယုံကြည်စိတ်ချမှုရှိခြင်း**

**ဖိလိပ္ပိ၊ ၁း၂၃၊ ၂၄ ကိုဖတ်ပါ။ ပေါလုသည် "စုတေ့၍ခရစ်တော်နှင့်အတူနေခြင်း" ဟုဆိုရာတွင် မည်သည့်အနက်ရှိသနည်း။**

----------------------------------------

----------------------------------------

ဤစာတမ်းအား ခေတ်အစဉ်အဆက် အမြင်လွဲမှားခြင်းကြီးမားခဲ့သည်။ ယခုတစ်ပတ်သင်ခန်းစာတွင် ရှင်ပေါလုသည် သေသူနှင့် ရှင်သူတို့အကြားကွာဟမှုကို ဆွေးနွေးထားသည်။ ခရစ်ယာန်တို့သည် ခရစ်တော်အတွက်အသက်ရှင်သည်နည်းတူ လိုအပ်ပါက အသေပါခံကြသည်။ ထိုအမှုတွင်ကျွန်ုပ်တို့၏အသက်အသေခံခြင်းသည် တန်ခိုးနှင့်ပြည့်ဝလျက် ဆွဲဆောင်နိုင်သောကြောင့် "အကျိုးရှိသည်" (ဖိ၊ ၁း၂၁) ဆို၏။ တစ်စုံတစ်ဦးသည် မိမိယုံကြည်ခြင်းအတွက် သေရန်ပင်ဆန္ဒရှိလာပါက စစ်မှန်သောယုံကြည်ခြင်းရှိသည်ဆိုရ၏။

သေသောသူသည် အမှန်သေသည်ဟု သတ်မှတ်ရမည်။ သူတို့သည် "အဘယ်အရာကိုမျှမသိ" (ဒေသနာ၊ ၉း၅။ ယောဟန်၊ ၅း၂၈) ဟု ဆို၏။ ဤသည်တို့ကြောင့် သေလွန်သောလာဇရုနှင့်ပတ်သက်၍ ယေရှုသည် "ငါတို့အဆွေလာဇရုသည် အိပ်ပျော်၏။ သူ့ကိုနိုးခြင်းအလို့ငှာ၊ ငါသွားမည်" (ယော၊ ၁၁း၁၁) ဟု မိန့်တော်မူရခြင်းဖြစ်သည်။

လူတို့သည် သေသောအခါ ချက်ချင်းပင် ကောင်းကင်သို့ရောက်ခဲ့သော် လာဇရုအတွက် တွေးတောကြည့်ပါ။ လာဇရုသည် ပါရဒိတွင် လေးရက်လုံးလုံးပျော်မြူးပြီးနောက်၊ ကောင်းကင်တမန်တစ်ပါးလာရောက်၍ "သတင်းဆိုး



ပါတယ် လာဇရုရေ၊ ဝမ်းနည်းပါတယ်။ လောကသို့ပြန်သွားဖို့ ယေရှုခေါ်နေတယ်။ ဒီမှာနေလို့မရတော့ပါ" ဟူ၍ပင်ဖြစ်နေမည်။ ကျွန်ုပ်တို့သည် အမှားနောက်သို့လိုက်လျှောက်သောအခါ၊ မည်မျှပင်မှားယွင်းကြောင်း သိရှိရသည်။ သေခြင်းသည် အိပ်မက်ကင်းသောအိပ်ပျော်ခြင်းဖြစ်၍၊ ယေရှုသည် ဒုတိယအကြိမ်ကြွလာသောအခါ သစ္စာရှိသောသူများအား ခေါ်နိုးမည်ဖြစ်သည်။ ထိုနောက် အသက်ရှင်နေသေးသော သန့်ရှင်းသူတို့နှင့်အတူ ယေရှုနှင့်အတူထာဝရစိုးစံရန် ကောင်းကင်သို့ဆောင်ယူခြင်းခံရကြမည်ဖြစ်သည် (၁သက်၊ ၄း၁၆၊ ၁၇)။

ရှင်ပေါလုသည် ခရစ်တော်နှင့်နေရန် ဤဘဝ "စုတေ့ရသောအချိန်ရောက်လေပြီ" ဟုဆိုရာတွင် ခရစ်တော်အားဖြင့် ညဉ်းဆဲခြင်းဖြင့်စုတေ့ခြင်း (၂တိ၊ ၄း၆)၊ "သေခြင်းမှပြန်ရှင်ရန်" (ဖိ၊ ၃း၁၁) ဖြစ်၏။ သူသည် စုတေ့၍မျက်စိမှိတ်ခဲ့ပြီးနောက်၊ အလျင်ဦးဆုံးကြုံတွေ့ရမည့်အရာသည် မျက်စိတစ်မှိတ်တွင်၊ ယေရှုအားရှုမြင်ရ၍၊ ထာဝရဘုရားလူတို့နှင့် ယေရှုသည် သူ့အားချစ်သောသူတို့အတွက် ပြင်ဆင်ထားပေးသောနေရာသို့ ခေါ်ဆောင်ခြင်းကိုပင်သိရှိရမည်ဖြစ်သည် (ယောဟန်၊ ၁၄း၃။ ၁ကော၊ ၂း၉)။

ခရစ်တော်အတွက်အသက်စွန့်ရန် ဆန္ဒရှိသော်လည်း၊ ရှင်ပေါလုသည် "ကိုယ်ခန္ဓာ၌နေရလျှင်" (ဖိလိပ္ပိ၊ ၁း၂၄) ဖိလိပ္ပိအသင်းသားများအတွက် ပိုမိုကောင်းမွန်မည်ကို သိရှိခဲ့သည်။ စိတ်ဝင်စားဖွယ်အချက်မှာ ခရစ်ယာန်တစ်ဦးအနေဖြင့် ခရစ်တော်အတွက်အသက်ရှင်ရန် သို့မဟုတ် ခရစ်တော်အတွက်အသေခံရန်ဆိုသည့်နှစ်ခုကြားတွင် မည်သည်ကပိုကောင်းသည်ကို ဆုံးဖြတ်ရန်မှာ မလွယ်ကူပါ။ ရှင်ပေါလုသည် "ထိုအကျိုးနှစ်ပါး၏အကြား၌ ငါသည်ယခုကျဉ်းမြောင်းစွာနေရ၏" (ဖိလိပ္ပိ၊ ၁း၂၃) ဟု ဆို၏။ ဆက်လက်အသက်ရှင်ရန်နှင့် သချိုင်း၌အနားယူရန်ဆိုသည့်နှစ်ခုကို ရွေးချယ်ရန်ဖြစ်သည်။

**မည်သူမျှသေရန်ဆန္ဒမရှိကြသည်နည်းတူ၊ သင်၏သေမည့်အချိန်အား သင်မှန်းဆမိသောအခါ၊ အလျင်ဦးဆုံးသင်တွေ့ရမည့်**

**အရာသည် ယေရှုကြွလာခြင်းဟုတ်ပါသလား။ ဤအတွေးအခေါ်သည် ရှင်ပေါလု၏အတွေးအခေါ်အားနားလည်ရန် မည်သို့ထောက်ပံ့သနည်း။**

**မွဒ္ဓဟူးနေ့** **ဇန်နဝါရီလ ၁၄ ရက်**

**တစ်လုံးတစ်ဝရပ်တည်ခြင်း**

တပည့်တော်တို့အတွက် ယေရှု၏နောက်ဆုံးဆုတောင်းခြင်းသည် လိုရင်းတစ်ခုတည်းဖြင့်စိုးမိုးရာ၊ စည်းလုံးခြင်းဖြစ်သည်။ ယေရှုသည် ကပ်တိုင်တစ်ဖက်ကျော်လွန်လျက် သူနှင့်ခမည်းတော်ပြန်လည်စည်းလုံးခြင်း၊ ကျွန်ုပ်တို့နှင့်စည်းလုံးခြင်းရှိစေခြင်းငှာ "အိုအဘ၊ ကိုယ်တော်သည် ဤကမ္ဘာမတည်မရှိမီ အကျွန်ုပ်ကိုချစ်၍ အကျွန်ုပ်အားပေးတော်မူသောဘုန်းတော်ကို အကျွန်ုပ်အားပေးတော်မူသောသူတို့သည် ရှုမြင်ရမည်အကြောင်း အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်ရှိနေစေခြင်းငှာ အကျွန်ုပ်အလိုရှိပါ၏" (ယော၊ ၁၇း၂၄)။ ထာဝရဘုရားသည် သူ့သားသမီးတို့အားစောင့်မ၍ "ကိုယ်တော်နှင့်ကျွန်ုပ်သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ သူတို့သည်လည်းဖြစ်စေရန်" (ယော၊ ၁၇း၁၁) ဟု တောင်းလျှောက်၏။

ယေရှုသည် မစည်းလုံးခြင်း၏ ကြောက်မက်ဖွယ်အကျိုးဆက်တို့ကိုပါ ဖော်ပြရာ၊ မြောက်မြားစွာတို့ကလည်း မယုံမကြည်ဖြစ်ကြသေးသည်။ ဤဆုတောင်းချက်တိုလေး ခမည်းတော်နှင့်သူသည် တစ်လုံးတစ်ဝဖြစ်သည်နည်းတူ "ခမည်းတော်သည် သူ့အား လောကသို့စေလွှတ်သည်ကို လောကသည် ယုံကြည်မည်အကြောင်း" (ယော၊ ၁၇း၂၃) နှစ်ကြိမ်တိုင်အောင် တောင်းဆိုထားသည်။

**ဖိလိပ္ပိ၊ ၁း၂၇ နှင့် ယော၊ ၁၇း၁၇–၁၉ တို့ကိုနှိုင်းယှဉ်ပါ။ အသင်းတော်တွင် တစ်လုံးတစ်ဝရပ်တည်ခြင်းသည် မရှိမဖြစ်လိုအပ်ကြောင်း ယေရှုနှင့်ပေါလုတို့သည် မည်သို့ပြောဆိုကြသနည်း။**

---------------------------------------

---------------------------------------



ဖိလိပ္ပိ၊ ၁း၂၇ တွင် "ဝတ်ကြီးဝတ်ငယ်များကိုပြု၍" ဟူသော စာကြောင်းသည် ဂရိဘာသာ (politeuomai) မှ ဆင်းသက်လာသည်ဖြစ်ရာ "နိုင်ငံသားကောင်း၊" လောကနိုင်ငံသားတင်မက၊ ကောင်းကင်နိုင်ငံသားကိုပင် ဆိုလိုသည်။ တောင်ပေါ်ဒေသနာတွင် ကောင်းကင်ခမည်းတော်၏သားသမီးများ၊ နိုင်ငံသားဖြစ်သူတို့အား လှပစွာချယ်သထားသော စကားသည်၊ စိတ်နှိမ့်ချသူ၊ စိတ်နူးညံ့သိမ်မွေ့သူ၊ ဖြောင့်မတ်ခြင်းအား ဆာလောင်ငတ်မွတ်သူ၊ သနားစုံမက်တတ်သူ၊ စိတ်နှလုံးဖြူစင်သူ၊ ခိုက်ရန်ဖြစ်ခြင်းကိုငြိမ်းစေသူ၊ ပါးတစ်ဖက်လှည့်ပေးသူ၊ ရန်သူအားချစ်သူ၊ ကျိန်ဆဲသောသူအားကောင်းချီးပေးသူ၊ မုန်းသောသူအားအကောင်းဖြင့်တုံ့ပြန်သူ စသဖြင့်ဖြစ်သည်။ အတိုချုံးလိုက်ပါက "တရားသဖြင့်ပြုခြင်း၊ ကရုဏာကိုနှစ်သက်ခြင်း၊ ဘုရားရှေ့၌ နှိမ့်ချခြင်းဖြင့်ကျင့်နေခြင်း" (မိက္ခာ၊ ၆း၈) ဖြစ်၏။

ထိုကဲ့သို့သောသူတစ်ဦးအပေါ် စိတ်ဆိုးဒေါသထွက်ရန် ခက်ခဲသည်မဟုတ်လော။ တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် အလွန်ကောင်းနေသူများကို မကျေမချမ်းဖြစ်တတ်သည်။ ကျွန်ုပ်တို့သည် သူတို့ကို နာမည်ပျက်အောင်လုပ်ခြင်း သို့မဟုတ် သူတို့၏မကောင်းကြောင်းသက်သေပြရန် အားနည်းချက်များကိုထောက်ပြခြင်းဖြင့် စိတ်ကျေနပ်တတ်ကြသည်။ ထိုသို့မဟုတ်ဘဲ ကျွန်ုပ်တို့သည် မည်မျှမေတ္တာထားနိုင်သည်၊ မည်မျှရက်ရောနိုင်၍ ကရုဏာသက်နိုင်သည်၊ မည်မျှနှိမ့်ချနိုင်သည်တို့ကို ကြည့်ရှုရှာဖွေသင့်ပါသည်။

အဲလင်ဂျီဝိုက်သည် ၎င်းတို့ကို "ဘုရားအားချစ်သည်ထက် လောကနှင့် ၎င်း၏အကျိုးအမြတ်အား သာ၍ချစ်သူ" (Testimonies for the Church, vol. 5, p. 277) ဟု ဆို၏။

အသင်းတော်တွင် မာန်မာနမှမစည်းလုံးခြင်း ပေါ်ပေါက်လေ့ရှိသည်။ "မာန်မာနနှင့် လောကတပ်မက်ခြင်းကို ရင်ဝယ်ပိုက်သောအခါ၊ ခရစ်တော်၏ဝိသေသသည် ထွက်သွား၍၊ ပြိုင်ဆိုင်ခြင်း၊ သဘောကွဲလွဲခြင်းနှင့် ဝိရောဓိ

ရန်းကန်ခြင်းတို့ရှိလာကာ၊ အသင်းတော်သည် စိတ်ပျံ့လွင့်ခြင်းဖြင့် အားနည်းလာစေသည်” (Testimonies for the Church, vol. 5, pp. 240-241).

**ကျွန်ုပ်တို့အားလုံး ယေရှုခရစ်တော်ပြသခဲ့သည့် နှိမ့်ချခြင်းနှင့် ကျိုးနွံခြင်းတရားကိုသင်ယူရန် မည်မျှအရေးကြီးသနည်း။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့၏အသင်းတော်သည် မည်မျှကွဲပြားခြားနားလာမည်နည်း။**

**ကြာသပတေးနေ့ ဇန်နဝါရီလ ၁၅ ရက်**

**ညီညွတ်၍အကြောက်တရားကင်းခြင်း**

**ဖိလိပ္ပိ၊ ၁း၂၇–၃၀ ကိုဖတ်ပါ။ ကျွန်ုပ်တို့၏ညီညွတ်ခြင်းနှင့် “ဧဝံဂေလိတရားနှင့်ဆိုင်သော ယုံကြည်ခြင်းအဖို့အလိုငှာ၊ တစ်ညီတစ်ညွတ်တည်းကြိုးစားအားထုတ်” ဆိုသည်နှင့် အကြောက်တရားကင်းခြင်းတို့သည် မည်သို့သက်ဆိုင်သနည်း။**

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

စာတန်၏ဗျူဟာသည် သဘောကွဲစေ၍ အနိုင်ယူခြင်းဖြစ်သည်။ မညီညွတ်ခြင်းသည် စက်ဆုပ်ဖွယ်ကောင်း၏၊ “အိမ်သည်လည်း မိမိနှင့်မသင့်တင့်ကွဲပြားလျှင် မတည်နိုင်ရာ” (မာကု၊ ၃း၂၅)။ မိမိတို့၏အမေ့သန်ခြင်းကို စာတန်သည် နှစ်သက်သည်မှာ ရိုးရှင်းသောဥပဒေတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ညီညွတ်ခြင်းသည် ကျမ်းစာ၏ဗျာဒိတ်ချက်ဖြစ်သော ကျန်ကြွင်းသူတို့၏ဝတ္တရားစုံလင်စေရန် (ဗျာ၊ ၁၂း၁၇)၊ “ထာဝရဧဝံဂေလိတရား” ကို “လူမျိုးနွယ်ခပ်သိမ်းတို့အားကြွေးကြော်ခြင်း” တွင် ထောက်မနိုင်သည် (ဗျာ၊ ၁၄း၆)။

ယေရှု၏ဆုတောင်းခြင်း၊ ယောဟန်၊ ၁၇ တွင် ကောက်နုတ်ထားသော “သမ္မာတရား” တည်းဟူသော ထာဝရဘုရား၏နှုတ်ကပတ်တော်သည် ညီညွတ်



စေသောသော့ချက်ဖြစ်ရာ (ယော၊ ၁၇း၁၇၊ ၁၉) ၎င်းကို ပျံ့နှံ့စေရန် ထိုညီညွတ်ခြင်းသည် အရေးပါလှ၏။ ထိုသတင်းစကားသည် အမှုတော်အပါညီညွတ်ခြင်းနှင့် ခွဲခြားမရနိုင်ပါ။ ထိုသုံးခုလုံးတို့သည် တစ်ထပ်တည်းကျကြသည်။ ၎င်းသော့ချက်တစ်ခုမပါဘဲ မအောင်မြင်နိုင်ပါ။ ဤသုံးခုလုံးနေရာကျစေပါက ကြောက်စရာမရှိတော့ပါ။ ရန်သူများအား “ကြောက်ရွံ့ရန်” မလိုတော့ (ဖိ၊ ၁း၂၈)။ စာတန်သည် ကျရှုံးပြီးသောရန်သူတည်း။ မိမိတို့၏ယုံကြည်ခြင်းအတွက် သေဒဏ်ကျခံရသည်တိုင် ကျွန်ုပ်တို့သည် “ကောင်းသောတရားကိုကျင့်သောသူဖြစ်သဖြင့်” (၁ပေ၊ ၃း၁၃) မည်သူမျှမညည်းဆဲနိုင်ပါ။ ထာဝရဘုရား၏တရားတော်ရှေ့သို့ချီရာတွင် မာရ်နတ်သည် တားဆီးနိုင်ရန်တန်ခိုးမရှိပါ။

**အောက်ပါကျမ်းချက်တို့ကိုဖတ်ရှု၍ ၎င်းတို့၏အလားတူသောဥပဒေသတို့ကို အတိုချုံးပေးပါ။ မဿဲ၊ ၁၀း၃၈။ တမန်၊ ၁၄း၂၂။ ရော၊ ၈း၁၇။ ၂တိ၊ ၃း၁၂။**

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-\-

ကျဆုံးသောဤလောကတွင် အကောင်းဆုံးအသက်ရှင်ရသည်ပင်ခက်ခဲလှ၏။ ယောဘသည် ဖြောင့်မတ်သူတစ်ဦးဖြစ်ရာ၊ ထာဝရဘုရားကိုယ်တော်တိုင်မှ “စုံလင်ဖြောင့်မတ်ခြင်းရှိ၍ ထာဝရဘုရားအားကြောက်ရွံ့သူ၊ မကောင်းသောအကျင့်ကိုရှောင်သူ” (ယောဘ၊ ၁း၁) ဟု ဆိုသည်။ ညတွင်းချင်းပင် သူနှင့်သူ့မိသားစုအား ကပ်ဘေးဆိုက်လေတော့၏။ မိမိ၏ကိုယ်တွေ့ဖြစ်စေ၊ သူတစ်ပါးအားဖြစ်ပျက်ခြင်းဖြင့်ဖြစ်စေ၊ ဤအသက်တာသည် ချောက်ကမ်းပါးတွင်ရောက်နေကာ၊ ချော်ကျမည့်အချိန်ကို မသိရသကဲ့သို့မဖြစ်ဖူးသူရှိမည်နည်း။ ကျွန်ုပ်တို့သည် အများအားဖြင့် ဒုက္ခဆင်းရဲခံနေရပါသည်။ နောက်ဆုံးတွင်မူ အခြားအရာများတို့ထက် ခရစ်တော်အတွက်ဆင်းရဲရခြင်းသည် သာ၍ကောင်းပေ၏။

**မိမိတို့ခရစ်ယာန်တို့သည် ဒုက္ခဆင်းရဲကာလတွင်ပင် မည်သည့်မျှော်လင့်ခြင်းနှင့် နှစ်သိမ့်ခြင်းရနိုင်မည်နည်း။**

**သောကြာနေ့ ဇန်နဝါရီလ ၁၆ ရက်**

**ဆက်လက်လေ့လာရန်။**

“စင်တင်နှိပ်စက်ခြင်း၊ မီးရှို့သတ်ရာတိုင်၊ မြေအောက်အကျဉ်းတိုက်နှင့် လှိုင်ဂူများတွင် မာတုရတို့၏အောင်ပွဲကြွေးကြော်သံများကို သူကြားရသည်။ ကယ်တင်ရှင်သည် တည်ကြည်သောဝိညာဉ်များ၏ ဆင်းရဲမွဲတေခြင်း၊ ဖိနှိပ်ခံရခြင်း၊ နှိပ်စက်ခြင်းများခံရသော်လည်း မကြောက်မရွံ့ခြင်း၊ မိမိတို့ယုံကြည်ခြင်းအတွက် “ကျွန်ုပ်ယုံကြည်သောသူကို ကျွန်ုပ်သိ၏” ဟု သက်သေခံခြင်းကို ကြားရသည်။ မိမိတို့၏ယုံကြည်ခြင်းအတွက် အသက်စတေးရသူတို့သည် သူတို့ယုံကြည်သောသူသည် အဝေးဆုံးသူကိုပင်လျှင် ကယ်တင်နိုင်သည်ဟု ကမ္ဘာသို့ကြွေးကြော်ကြသည်” (Ellen G. White, The Acts of the Apostles, p. 512).

ယနေ့ခရစ်ယာန်လောကတွင် ယုံကြည်ခြင်းကွဲပြားခြင်းများပြားသကဲ့သို့ မည်သည့်အခါမျှမဖြစ်ခဲ့ဖူးပါ။ တမန်တော်များ၊ ပုရောဖက်များ၊ ဧဝံဂေလိအမှုဆောင်များ၊ သိက္ခာတော်ရှိဆရာများနှင့် ကျောင်းဆရာများ (ဖေက်၊ ၄း၁၁–၁၃) တို့သည် ရှေးဦးအသင်းတော်များအား ညီညွတ်စွာရပ်တည်စေခဲ့သည်ဖြစ်၍ ယနေ့အချိန်တွင်လည်း ထိုညီညွတ်ခြင်းကို ပိုမိုရှင်သန်စေသင့်သည်။ နောက်ဆုံးသောနေ့ရက်တို့၏အသင်းတော်ကိုလည်း ပြန်လည်သစ်ဆန်းစေရန် အနာဂတ်ဗျာဒိတ်စာစောင်တို့တွင် ထာဝရဘုရား၏အလိုတော်ဖြစ်သည်ဟု ဆို၏။ ထာဝရဘုရားသည် ဇိအုန်အား ပြန်ယူဆောင်လာသောအခါ ကင်းစောင့်သောသူသည် မျက်လုံးချင်းဆိုင်လျက် ကြည့်ရှုမည်ဆိုသည်။

ဤတင်မက အဆုံးရောက်မည့်အချိန်ကို ပညာရှိသောသူမှ သိလိမ့်မည်။ ဤအချက်တို့စုံလင်လာသောအခါ၊ ထာဝရဘုရားမှ ပညာရှိသူအဖြစ်



သတ်မှတ်သောသူတို့သည် ယုံကြည်ခြင်းတွင်ညီညွတ်လျက်၊ ကိုယ်ကြုံတွေ့ရသူတို့နှင့်အတူ နားလည်သဘောပေါက်ကြလိမ့်မည်။ ဤအတွေးအခေါ်တို့အားဆင်ခြင်ကြည့်လိုက်သောအခါ အသင်းတော်၏စုံလင်ခြင်းသည်လည်း အနာဂတ်တွင် ရှိနေသေးသည်ဟု ဆိုရပါမည်။ ထိုဆုကျေးဇူးတော်၏ရည်ရွယ်ချက်မစုံလင်သေးပါ” – R. F. Cottrell, “Introduction,” in Ellen G. White, Early Writing, p. 140.

**ဆွေးနွေးရန်မေးခွန်းများ။**

**၁။ အထက်က** R. F. Cottrell,**၏စကားအရ ထာဝရဘုရား၏အသင်းတော်ညီညွတ်ခြင်းရှိရန် သန့်ရှင်းသောဝိညာဉ်တော်သည် မည်သည့်အရာယူဆောင်လာရမည်နည်း။ အနာဂတ္တိစကားများကို လက်တွေ့အသုံးပြုရန် မည်မျှအရေးကြီးသနည်း။**

**၂။ သေလွန်ပြီးသောပေါလုနှင့် အခြားခရစ်ယာန်တို့သည် ကောင်းကင်ရောက်သည်ဟု ယုံကြည်သူတို့အား ကျမ်းစာသည် သေခြင်းအကြောင်းဆွေးနွေးထားသည်ကို မည်သို့ရှင်းပြမည်နည်း။**

**၃။ ဤလောက၏ကြောက်မက်ဖွယ်ကောင်းသော ဒုက္ခဆင်းရဲတို့ကို မည်သို့နားလည်ရမည်နည်း။ အမှားအမှန်တိုက်ပွဲဖြစ်ရပ်တို့ကြောင့် ၎င်းတို့ကို မည်သို့နားလည်စေသနည်း။ နောက်ဆုံးတွင် ကပ်တိုင်ပေါ်က ယေရှုကိုကြည့်လျက် ခမည်းတော်၏မေတ္တာကိုနားလည်လျက်၊ ဆိုးယုတ်သောကာလတွင်ပင် မည်သို့ယုံကြည်ကြရမည်နည်း။**

––o––

## သင်ခန်းစာ (၄)
## နှိမ့်ချခြင်းအားဖြင့်စည်းလုံးခြင်း
### ဇန်နဝါရီလ ၁၇ – ၂၃

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီလ ၁၇ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဖိ၊ ၂း၁–၈။ ယေရမိ၊ ၁၇း၉။ ဖိ၊ ၄း၈။ ၁ကော၊ ၈း၂။ ရောမ၊ ၈း၃။ ဟေဗြဲ၊ ၂း၁၄–၁၈။

**အလွတ်ကျမ်းချက်**

**"သင်တို့သည် အချင်းချင်းချစ်ကြ၍ စိတ်မကွဲပြားဘဲ တစ်လုံးတစ်ဝတည်းကြံစည်ခြင်းနှင့်တကွ၊ သဘောတညီတညွတ်တည်းရှိသောအားဖြင့် ငါ၏ဝမ်းမြောက်စရာအကြောင်းကို စုံလင်စေကြလော့" (ဖိလိပ္ပိ၊ ၂း၂)။**

စည်းလုံးခြင်းသည် ခွန်အားဟူ၏။ သို့သော် အမှန်တရားအားသိခြင်းသည် ပြုလုပ်ခြင်းနှင့်မတူပါ။ ကျွန်ုပ်တို့သည် စည်းလုံးရန်ကြိုးပမ်းနေသည့်တိုင် ကျဆုံးလျက်ရှိတတ်သည်။ သို့သော်လည်း စည်းလုံးခြင်းကိုဖျက်ဆီးရန် တမင်လျှို့ဝှက်ကြံစည်ခြင်းမျိုးမဟုတ်ပါ။ ရှင်ပေါလုသည် ဖိလိပ္ပိလူတို့ထံ "စိတ်မကွဲပြားဘဲ တစ်လုံးတစ်ဝတည်းကြံစည်ခြင်းနှင့်တကွ၊ သဘောတညီတညွတ်တည်း" ရှိစေလိုကြောင်း ရေးသားပေးပို့သည်။

စည်းလုံးခြင်းရှိနိုင်ရန် ယေရှု၏သွန်သင်ခြင်းနှင့် သရုပ်ပြတို့သည် အခြေခံတရားဖြစ်သည်ဟု ပေါလုဆို၏။ ၎င်းသည် ဓမ္မသစ်ကျမ်းတစ်လျှောက်တွင် အထူးသဖြင့် ဩဝါဒစာများ၌ အဓိကဆိုလိုရင်းဖြစ်ခဲ့သည်။ စကြဝဠာတခွင် မညီမညွတ်ခြင်း၏ဇစ်မြစ်သည် ကောင်းကင်တမန်တော်တစ်ပါးတည်း၏



မာန်မာန၊ ဂုဏ်ဆာခြင်း၊ ရာထူးမက်ခြင်းတို့ဖြင့် သဘောကွဲလွဲခြင်းသည် အလွန်ပြည့်စုံလင်သော အသိုက်အဝန်းတွင် ပြန့်နှံ့လေတော့သည် (ဟေရှာ၊ ၁၄း၁၂–၁၄)။

ထိုသူသည် ဘုရားသခင်မှချထားပေးသောနေရာတွင် မကျေမနပ်ဖြစ်ကာ၊ ဘုရား၏ပုံစံသွင်းခြင်းထက် မြင့်မားသောနေရာကို တပ်မက်လာသဖြင့်၊ ဧဒင်ဥယျာဉ်၌ပင် ခြေကုပ်ယူကာ နေလေတော့၏ (က၊ ၃း၁–၆)။ ယခုတစ်ပတ်လုံး ကျမ်းစာကိုအခြေပြုကာ အသင်းတော်စည်းလုံးခြင်းရှိနိုင်ရန်၊ ယေရှုသည် မိမိ၏ဂုဏ်ဒြပ်ကိုပင်လျှော့ချကာ အခြေနိမ့်သူတို့၌ ကိန်းတော်မူခြင်းအား အခြေပြုသည်ကိုလည်းကောင်း၊ ယေရှုကိုကြည့်ခြင်းဖြင့် သင်ခန်းစာရရှိခြင်းနှင့် သူ၏ပုံသဏ္ဍာန်တော်နှင့် သာ၍တူလာစေရန် စသည်တို့ကို လေ့လာရပါမည်။

**တနင်္ဂနွေနေ့** **ဇန်နဝါရီလ ၁၈ ရက်**

**ဖိလိပ္ပိ၌သဘောကွဲလွဲခြင်း**

**ဖိလိပ္ပိ၊ ၂း၁–၃ ကိုဖတ်ပါ။ ထိုအသင်းတော်၏သဘောထားကွဲလွဲခြင်းအကြောင်းရင်းခံသည် အဘယ်နည်း။ ကုသရန် ပေါလုသည် မည်သို့တင်ပြသွားသနည်း။**

----------------------------------------

----------------------------------------

ရှင်ပေါလုသည် သူကိုယ်တိုင်တည်ထောင်ခဲ့၍ သူအလွန်ချစ်လှစွာသော ထိုအသင်းတော်အား ပြိုင်ဘက်ပြုသောသူတို့နှင့် ယှဉ်ပြိုင်ခြင်းဖြင့် အင်အားကုန်ခမ်းသည်မှာ သူ့အတွက် ကြီးကျယ်သောစိတ်ပျက်စရာဖြစ်လိမ့်မည်။ သူတို့၏ပြဿနာများကို ပြင်းထန်သောစကားလုံးတို့ဖြင့်ဖော်ပြသည်။ ဖိလိပ္ပိ၊ ၁း၁၆ တွင် အလျင်ဦးစွာသုံးနှုန်းခဲ့သည့်စကားလုံးမှာ "အတ္တမကောင်းသောရည်မှန်းချက်" ဟု အဓိပ္ပာယ်ရှိ (ဂရိ၊ eritheia) ဖြစ်၍၊ ပေါလု၏အထူးစိတ်ဝင်စားရသော

ရောမမြို့ရှိ သူ၏ယှဉ်ပြိုင်ဖက်များတို့သည်၊ ခရစ်တော်၏အမှုတော်ကို တိုးတက်စေခြင်းထက်၊ မိမိတို့ကိုယ်တိုင်ကိုသာ ဂုဏ်တက်အောင်လုပ်နေကြသည်ဆို၏။

"အတ္တမကင်းသောရည်မှန်းချက်" သည် သွေးသားဖြင့် လုပ်ဆောင်ခြင်းတွင်ပါဝင်ပါသည် (ဂလာတိ၊ ၅း၂၀)။ ယာကုပ်သည်လည်း "ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်းရှိလျှင်၊ မငြိမ်မသက်ရှန်းရင်းခတ်ခြင်း၊ ဆိုးညစ်စွာပြုမူခြင်းအမျိုးမျိုးရှိတတ်သည်" (ယာကုပ်၊ ၃း၁၆) ဆို၏။ ဂရိစကားလုံးတွင် "စိတ်ကြီးဝင်တပ်မက်ခြင်း" ဟု အနက်ရှိသောစကားကို ဓမ္မသစ်တွင် ဤနေရာတွင်သာ အသုံးပြုရာ၊ ကျမ်းစာဆိုင်ရာအပိုစာစောင်များတွင် ကြွားဝါခြင်း၊ မာန်မာနထောင်လွှားခြင်းဖြင့် မိမိကိုယ်ကို လေထိုးဖောင်းကားစေခြင်းဖြစ်သည်။ ဂလာတိလူတို့အား ပေါလုသည် အလားတူသောသတိပေးဆုံးမစကားတွင် သုံးနှုန်းထားသေးသည်။ "အချည်းနှီးသောကျော်စောကိတ္တိကိုတပ်မက်ခြင်း၊ အချင်းချင်းချုပ်ချယ်နှောင့်ယှက်ခြင်း၊ အချင်းချင်းငြူစူခြင်းကိုရှောင်၍ နေကြကုန်အံ့" (ဂလာတိ၊ ၅း၂၆)။

ဤပြဿနာတို့အား ကုသမည့်နည်းလမ်းများအား ရှင်ပေါလုမှ စာရင်းပြုစုထားသည်ကို သတိပြုပါ။

၁။ ခရစ်တော်၌အားပေးနှစ်သိမ့်ခြင်း။ ခရစ်တော်၏ကိုယ်ပိုင်သရုပ်ပြပုံစံများကိုသာ အရင်းခံရန် ရှင်ပေါလုကဆွေးနွေးထားသည်။

၂။ မေတ္တာဖြင့်အားပေးနှစ်သိမ့်ခြင်း။ ခရစ်တော်သည် သူ၏မေတ္တာကိုဖော်ပြကာ "ငါသည် သင်တို့အားချစ်သည်နည်းတူ သင်တို့အချင်းချင်းချစ်ကြလော့" ဟု မိန့်တော်မူ၏ (ယော၊ ၁၅း၁၂)။

၃။ ဝိညာဉ်တော်၌ မိတ်သဟာယဖွဲ့ခြင်း။ ရှေးဦးအသင်းတော်တွင် စိမ့်ဝင်ခဲ့သောသန့်ရှင်းသောဝိညာဉ်တော်ကိန်းတော်မူခြင်းသည် ရင်းနှီးသောခရစ်ယာန်မိတ်သဟာယဖြစ်စေသည် (တ၊ ၂း၄၂။ ၂ကော၊ ၁၃း၁၄)။

၄။ ချစ်ခင်နှစ်သက်ခြင်း (သနားကြင်နာခြင်း)။ ဤကောင်းကင်၏အရည်အသွေးအား ခရစ်တော်၏အသက်တာတွင် အကြိမ်များစွာဖော်ပြထားသည် (မ၊ ၉း၃၆။ ၂၀း၃၄။ မာ၊ ၁း၄၁)။ ကောင်းသောရှမာရိအမျိုးသား၏ ပုံဆောင်ဇာတ်လမ်း (လု၊ ၁၀း၃၃) နှင့် ဖြုန်းတီးသောသား (လု၊ ၁၅း၂၀) တို့တွင်လည်း ဖော်ပြထားသည်။

၅။ သနားညှာတာခြင်း။ ဤအရည်အသွေးအား ခရစ်တော်မှဖော်ပြရာတွင် သူ၏တပည့်တော်တို့၏အသက်တာတွင် ပေါ်လွင်ရမည်ဆို၏ (လု၊ ၆း၃၆)။

၆။ တူညီသောမေတ္တာဖြင့်စိတ်တူကိုယ်တူခြင်း။ စိတ်သဘောတူညီစွာ တစ်လုံးတစ်ဝဖြစ်ခြင်း။ စည်းလုံးခြင်းပိုမိုထက်သန်စေရန် ရှင်ပေါလုမှတင်ပြသောအရာတို့အား အလွန်စဉ်းစားရခက်လှသည်။ ရှင်ပေါလုမှတင်ပြခဲ့သည့်အတိုင်း ကျွန်ုပ်တို့ရရှိမည့်စိတ်သဘောသည် "ခရစ်တော်၌ပင်ရှိခဲ့ပြီး" ဖြစ်သည် (ဖိ၊ ၂း၅)။

## တနင်္လာနေ့ ဇန်နဝါရီလ ၁၉ ရက်

## စည်းလုံးခြင်း၏အရင်းအမြစ်

ဖိလိပ္ပိ၊ ၂း၂ တွင် စည်းလုံးခြင်းအကြောင်းကို ရှင်ပေါလုသည် အခြေခံအားဖြင့် အလားတူညီခြင်းလေးမျိုးခွဲခြားထားပေးသည်။ သူသည် စိတ်နေသဘော၊ တွေးခေါ်ဉာဏ်နှင့် ခံစားချက်တို့အား အာရုံစိုက်သည်ကိုလည်း သတိပြုပါ။ ဘာသာရေးခေါင်းဆောင်တို့သည် အပြင်ပန်းစာရိတ္တအား အရေးထားနေချိန်တွင် ယေရှုသည် အတွင်းစိတ်သဘောနှင့် ခံစားချက်ကို အသာပေးထားပါသည်။ ဥပမာ၊ ချမ်းသာသောလူငယ်လေးသည် မိမိကိုယ်ကို ပညတ်တော်စောင့်သည်ဆို၏။ ရှိသမျှသောဥစ္စာတို့ကိုရောင်းချ၍၊ ဆင်းရဲသားတို့အားပေးပြီး သူ့နောက်သို့လိုက်ရန်ပြောဆိုသောအခါ ယေရှုသည် လောကအရာတို့အား မည်မျှတွယ်တာသည်ကို စမ်းသပ်ပြခြင်းဖြစ်သည်။ စိတ်နေသဘောမှ ထွက်လာသောအရာသည် လူအားထိခိုက်စေသည်ဟု မကောင်းသောကြံစည်ခြင်း၊ လူအသက်ကိုသတ်ခြင်း၊ သူ့မယားကိုပြစ်မှားခြင်း၊ မိန်းမလွတ်နှင့်ပြစ်မှားခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ မမှန်သောသက်သေကိုခံခြင်း၊ သူ့အသရေကိုဖျက်ခြင်းအရာ

တို့သည် စိတ်နှလုံးထဲကထွက်လာသည်” (မ၊ ၁၅း၁၉) ဆို၏။ ဆက်လက်၍ “စိတ်နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်မြွက်တတ်၏” (မ၊ ၁၂း၃၄) ဟု ဆိုသေး၏။

**ဖိလိပ္ပိ၊ ၂း၃၊ ၄ တို့ကိုဖတ်ပါ။ အသင်းတော်သည် စည်းလုံးခြင်းရှိနိုင်ရန် လက်တွေ့ကျသော မည်သည့်ခြေလှမ်းများနင်းရမည်ဟု ပေါလုဆိုသနည်း။**

-----------------------------------------

-----------------------------------------

ရှင်ပေါလု၏စကားတို့သည် စိတ်နှိမ့်ချခြင်းကို အထူးဖော်ပြသည်။ စိတ်သဘောနှိမ့်ချခြင်း၊ မိမိတို့ထက် သူတစ်ပါးသာသည်ဟုမှတ်ယူခြင်း၊ မိမိအကျိုးအတွက်သာမငဲ့ဘဲ သူတစ်ပါးအကျိုးကိုပါငဲ့ခြင်းဟုဆိုသည်။ လက်တွေ့လုပ်ခြင်းထက် နှုတ်မြွက်ခြင်းသည်လွယ်ကူ၏။ မိမိတို့အခြေအတင်ပြောဆိုရာတွင် ဤအချက်တို့ကို စိတ်သို မှီးထားသင့်သည်။ အခြေအတင်ပြောဆိုရာတွင် တစ်ဘက်၏တင်ပြချက်ကို အာရုံပြုကာ ရေလည်စွာသဘောပေါက်အောင် နားစွင့်ပေးခြင်းဖြင့်၊ ၎င်းတို့၏အမြင်တွင် မည်သည့်ပြဿနာဖြစ်နိုင်သည်ကို ရှုမြင်ခြင်းထက်၊ မိမိပြန်ဖြေဆိုခြင်းကိုသာ အာရုံပြုတတ်ကြပါသည်။ စိတ်သဘောကွဲလွဲခြင်းသည် သာမန်အမြင်ကွဲလွဲခြင်းကြောင့်ဖြစ်လာတတ်ရာ၊ လက်တွေ့နားစွင့်ပေးခြင်းဖြင့် ရှောင်ရှားသင့်၏။ သဘောမတူညီသည်တိုင်၊ နားကလေးစွင့်ပေးခြင်းဖြင့် တစ်ဘက်လူ၏ရှုမြင်ခြင်းအား ရေလည်သဘောပေါက်ခြင်းသည် ကျန်းမာသောမိတ်သဟာယနှင့် ယုံကြည်ခြင်းကို ထိန်းသိမ်းစောင့်ရှောက်ရန် ကနဦးခြေလှမ်းပင်ဖြစ်သည်။

ရှင်ပေါလုသည် ဝိညာဉ်တော်အားဖြင့် စည်းလုံးခြင်းရရှိသည်ဆို၏ (ဧဖက်၊ ၄း၃)။ ၎င်းသည် “အသင့်အတင့်ပေါင်းဖော်ခြင်း” ကိုဖြစ်စေသည် (ဧဖက်၊ ၄း၃)။ အသင်းတော်တွင် ကွဲလွဲမှုရှိပါက၊ သန့်ရှင်းသောဝိညာဉ်တော်သည် ထိုရေလှိုင်းများကို ငြိမ်သက်စေ၍ စည်းလုံးခြင်းသို့ပို့ဆောင်ကာ၊ ညီညွတ်





ခြင်းရှိစေသည်။ ထိုအခန်းကြီးတွင်ပင် ရှင်ပေါလုသည် “ယုံကြည်ခြင်းနှင့် ဘုရားသခင်၏သားတော်အား သိကျွမ်းခြင်း၌ တညီတညွတ်တည်းရောက်သည်” (ဧဖက်၊ ၄း၁၃) ဟု ဆိုသည်။ ၎င်းတို့နှစ်ခုသည် ဆက်စပ်ကြ၏။ ခရစ်တော်နှင့် သူ၏နှုတ်ကပတ်တော်အား နားလည်ခြင်းမှဖြစ်ပေါ်လာသော၊ တူညီသောယုံကြည်ခြင်း၊ တူညီသောနားလည်ခြင်းတို့သည် ကျွန်ုပ်အတွင်း၌ စည်းလုံးခြင်းတည်မြဲစေသောအရာဖြစ်သည်။

**သူတစ်ပါးသည် မိမိထက်သာလွန်သည်ဟု ရှုမြင်ခြင်းသို့ လမ်းပြသောအရာသည် မည်သည့်အတွက်ကို သေစေခြင်းဖြစ်သနည်း။ မည်သို့ပြုနိုင်မည်နည်း။ ထိုသို့အသက်ရှင်ပါက မိမိတို့ဆက်ဆံရေး မည်မျှပြောင်းလဲမည်နည်း။**

**အင်္ဂါနေ့ ဇန်နဝါရီလ ၂၀ ရက်**

## စိတ်ထည့်သွင်းခြင်းလော၊ စိတ်ခွဲစိတ်ခြင်းလော

ကမ္ဘာပေါ်တွင် ကုမ္ပဏီမြောက်မြားစွာတို့သည် နည်းပညာအသုံးပြုကာ၊ ကွန်ပျူတာနှင့် လူ့ဦးနှောက်တို့၏အစွမ်းကို ပေါင်းစည်း၍ အလုပ်လုပ်ကြသည်။ တစ်မျိုးအားဖြင့်၊ စိတ်နှလုံးအား ကွန်ပျူတာများတွင်ချိတ်ဆက်ခြင်းဖြင့်၊ သိပ္ပံပညာရှင်တို့သည် မိမိတို့၏အတွေးအခေါ်တို့အား ကွန်ပျူတာဖြင့်လွှမ်းမိုးရန် မျှော်လင့်ကြသည်။ စိတ်ထည့်သွင်းပေးခြင်းဖြင့် လူသား၏ဦးနှောက်သည် အပြုရလဒ်ပင်ဆောင်လာရာ၊ ဝက်ရူးပြန်ရောဂါ၊ စိတ်ကျရောဂါနှင့် ပါကင်ဆန်ရောဂါ (အာရုံကြောဆိုင်ရာ) တို့ကဲ့သို့ အန္တရာယ်ပြုနိုင်သောအရာများအား ဝေခွဲနိုင်ရန် မခက်ခဲလှပါ။ စိတ်နှလုံးထိန်းကျောင်းခြင်းသည် မဝေးလှပါ။

တစ်မျိုးအားဖြင့် ရှိနေပြီးဟုဆိုရပေမည်။ စိတ်နှလုံးသည် ကွန်ပျူတာကဲ့သို့ပင်ဖြစ်၍ သာလွန်ခြင်းရှိ၏။ ကျွန်ုပ်တို့၏စိတ်သည် နေ့စဉ်နှင့်အမျှဖော်ထုတ်သည့်အစီအစဉ်များသို့ အဆက်မပြတ်သတင်းစီးဆင်းသွားရာ၊ ကျွန်ုပ်တို့အတွေးအမြင် အခြေအနေကိုထိန်းပေး၍ အပြုအမူများအားလမ်းပြပေးသည်။

မိမိတို့သည် မီဒီယာတွင် နစ်မြုပ်နေသောအခါ၊ လောကဆန်သောလူတို့သည် ကျွန်ုပ်တို့၏အတွေးအခေါ်ကိုသာ အထင်ကြီးကြသဖြင့် မိမိတို့သည်လည်း ထိုသို့တွေးဆစပြုလာကြတော့သည်။ သူတစ်ပါး၏စိတ်နှလုံးတို့သည် မိမိတို့၏ စိတ်နှလုံးထဲသို့ သွင်းသယောင်ယောင်၊ ရောနှောသယောင်ယောင်ဖြစ်၏။

ကျွန်ုပ်တို့သည် ယေရှုကဲ့သို့ "ဝိညာဉ်ပကတိစိတ်" ဖြစ်ရပါမည် (ရော၊ ၈း၆)။ "ဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်မှတစ်ပါး အဘယ်သူမျှမသိ" ဟူ၍ ပေါလုသည် "လောကစိတ်ဝိညာဉ်" နှင့် နှိုင်းဆထား၏ (၁ကော၊ ၂း၁၁၊ ၁၂)။ ကျွန်ုပ်တို့၏ဆရာသည် မည်သူဖြစ်၍ မည်သည်တို့အား သင်ယူရသနည်း။

**ဖိလိပ္ပိ၊ ၂း၅ ကိုဖတ်ပါ။ ခရစ်တော်၏စိတ်သဘောဟူသည် သင်မည်သို့ထင်မြင်သနည်း။**

---------------------------------------------

---------------------------------------------

မိမိတို့၏စိတ်ကို မိမိပြောင်းလဲနိုင်သော်လည်း၊ မိမိနှလုံးအား မိမိ မပြောင်းလဲနိုင်ပါ။ ဘုရားသာလျှင် ပြောင်းလဲပေးနိုင်သည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် အသက်ရှင်၍ တန်ခိုးကြီးသောဝိညာဉ်ဓား (ဧ၊ ၆း၁၇) ကို ကိုင်လျက် မိမိတို့၏နှလုံးအား ခွဲစိတ်ပေးရပါမည်။ "အသက်နှင့်စိတ်ဝိညာဉ်ကိုလည်းကောင်း၊ အရိုးအဆစ်နှင့်ခြင်ဆီကိုလည်းကောင်း ပိုင်း၍ထုတ်ချင်းခွင်းတတ်၏" (ဟေဗြဲ၊ ၄း၁၂)။ စိတ်နှလုံးသည် မိမိတို့အား လှည့်ဖြားသဖြင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာ မိမိကိုယ်ကို သိကျွမ်းနိုင်ကြသည် (ယေ၊ ၁၇း၉)။ ဟေဗြဲဘာသာ "လှည့်ဖြားခြင်းသည်" (‘aqov) ဖြစ်ရာ၊ အဖုအထစ်များ၍ ချော်လဲစေတတ်သောမြေဟု အဓိပ္ပာယ်ရှိသည်။ အကွေ့အကောက်များသော၊ ရစ်ပတ်လိမ်ကောက်သော၊ ကလိမ်ကကျစ်ဖြစ်သော စသည့် အဓိပ္ပာယ်များလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် စိတ်နှလုံး "အသစ်ပြင်ဆင်၍" "ကောင်းမြတ်သောအရာ၊ နှစ်သက်ဖွယ်သောအရာနှင့် ဘုရားသခင်အလိုတော်ရှိသောအရာ (ရောမ၊ ၁၂း၂) တို့ကိုသင်ယူကြစို့။



**"သမ္မာတရားနှင့်ဆိုင်သောအကျင့်၊ လျောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်၊ ချီးမွမ်းဖွယ်သောအကျင့်ရှိသမျှကိုလည်းကောင်း၊ တစ်ပါးပါးနှင့်ဆိုင်သောအကျင့်ကိုလည်းကောင်း နှလုံးသွင်းကြလော့" (ဖိလိပ္ပိ၊ ၄း၈) ဟု ရှင်ပေါလုပြောသည်မှာ အဘယ်ကြောင့်အရေးကြီးနိုင်သနည်း။**

**ဗုဒ္ဓဟူးနေ့** **ဇန်နဝါရီလ ၂၁ ရက်**

**ခရစ်တော်၏စိတ်သဘော**

တစ်ချိန်က မိုဟာမက်အလီသည် "ငါသည်အကြီးဆုံး" ဟု ကြွေးကြော်ခဲ့သည်။ ၁၉၆၃ ပြည့်နှစ်၊ ဩဂုတ်လ၊ ကမ္ဘာ့လက်ဝှေ့ချန်ပီယံမဆွတ်ခူးရမီ အစောပိုင်းခြောက်လခန့်တွင် "ငါသည်အကြီးဆုံး" ဟူသော အခွေအယ်လ်ဘမ်တစ်ခုပင် ထုတ်ဝေခဲ့သေးသည်။ အလီသည် ကြီးမားသောအားကစားသမားတစ်ဦးဖြစ်ခဲ့သော်လည်း၊ ခရစ်တော်၏စိတ်သဘောကို လိုက်လျှောက်သောသူ၊ စံနမူနာကောင်းတစ်ဦးမဖြစ်ခဲ့ပါ။

ယေရှုသည် အပြစ်ကင်းစင်၍ပြည့်စုံသည်။ "ငါတို့ခံရသည်နည်းတူ အမျိုးမျိုးသော" (ဟေဗြဲ၊ ၄း၁၅) စုံစမ်းခြင်းကိုခံရသော်လည်း စိတ်ဖြင့်မျှ အပြစ်မလုပ်ပါ။ သို့ပါလျက် ဟေဗြဲ၊ ၅း၈ တွင် "ဘုရားသခင်၏သားတော်မှန်သော်လည်း ဆင်းရဲဒုက္ခကိုခံခြင်းဖြင့် နားထောင်ခြင်းအကြောင်းကို သင်တော်မူ၏" ဟူ၏။ ယေရှုသည် ခမည်းတော်၏အလိုတော်အားဝန်ချခြင်းတွင် အစဉ်စုံလင်နေသည်။ လွယ်ကူမည်မဟုတ်သည့်တိုင် သူသည် ဝန်ချရန်ငြင်းဆိုနေသောအချိန်မရှိဖူးပါ။

**ဖိလိပ္ပိ၊ ၂း၅–၈ ကိုဖတ်ပါ။ ကျမ်းစာတွင် တန်ခိုးအကြီးဆုံးနှင့် အလှပဆုံးကျမ်းချက်ဖြစ်သည်ကို စဉ်းစားကြည့်ပါ။ ပေါလုသည်**

**မည်သည်အားဆိုလိုသနည်း။ ဤစာသားတို့သည် မည်သို့ဂယက်ရိုက်ခတ်သနည်း။ ဤနေရာတွင်ဖော်ပြထားသည်များအား မိမိတို့အသက်တာတွင် မည်သို့အသုံးပြုသနည်း။**

---------------------------------------

---------------------------------------

ယေရှုသည် ထာဝရဘုရားနှင့်ညီမျှသူ၊ ထာဝရဘုရားပင်ဖြစ်သူသည် လူ့ဇာတိယူတင်သည်သာမက "ကျွန်သပေါက်" ပင် ဖြစ်လာ (doulou, စေတမန်၊ ကျွန်) ၍ အပြစ်အတွက် အပူဇော်ခံခဲ့လေ၏။ တစ်နေရာတွင် "သူသည် ငါတို့အတွက်ကျိန်ခြင်း" (ဂလာ၊ ၃း၁၃) ကိုခံရသည်ဟု ပေါလုဆိုသည်။ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ထာဝရဘုရားသည် ကျွန်ုပ်တို့၏ရွေးနုတ်ရှင်ဖြစ်ရန် ကပ်တိုင်ပေါ်အသေခံသဖြင့် ကျွန်ုပ်တို့အတွက်ပင် ကျိန်ခြင်းခံရန်လိုအပ်လေသည်။ မိမိတို့၏စိတ်နှလုံးအား ဤအဆိုအားဖြင့် မည်သို့ရစ်ပတ်စေသနည်း။ ဤထက်မက၊ ဤအချက်တို့သည် မည်သို့ပြုစေလို၍ မိမိကိုယ်အားနှိမ့်ချကာ သူတစ်ပါး၏ကောင်းမှုအတွက် မိမိကိုယ်ကိုဆက်ကပ်လိုသောစိတ်သဘောထားစေလိုသည်ကို မည်သို့သိနိုင်မည်နည်း။

တစ်နေရာတွင် ယေရှုသည် "သင်တို့တွင် အကြီးဖြစ်သောသူသည် သင်တို့အစေခံဖြစ်ရမည်။ အကြင်သူသည် မိမိကိုယ်ကိုချီးမြှောက်အံ့၊ ထိုသူသည် နှိမ့်ချခြင်းခြင်းသို့ရောက်လတ္တံ့။ အကြင်သူသည် မိမိကိုယ်ကိုနှိမ့်ချအံ့၊ ထိုသူသည် ချီးမြှောက်ခြင်းသို့ရောက်လတ္တံ့" (မ၊ ၂၃း၁၁၊ ၁၂) ဟု မိန့်တော်မူ၏။ ဖိ၊ ၂း၅–၈ တွင် ပေါလုသည် ကျွန်ုပ်တို့ပြုရမည့်ဆိုစကားများအား မီးမောင်းထိုးပေးသည်ပင်မဟုတ်လော။

ဤထက်သာ၍ ခရေစ့်တွင်းကျသောစကားများဖြင့် ပေါလုသည် စောစောကမိမိဆိုခဲ့ပြီးသည်မှာ "ရန်တွေ့လိုသောစိတ်၊ အချည်းနှီးကျော်စောကိတ္တိကိုတပ်မက်သောစိတ်ဖြင့် အဘယ်အရာတစ်ခုမျှမပြုရ" (ဖိ၊ ၂း၃) ဟုဆိုသည်။



**ဖိ၊ ၂း၅–၈ တွင်ဖော်ပြထားသော ကျွန်ုပ်အတွက် ခရစ်တော်ပြုပြီးသောအရာများအား မည်သို့တုံ့ပြန်ရမည်နည်း။ ခရစ်တော်ပြုပြီးသောအရာများအား မည်သည့်တုံ့ပြန်ခြင်းသည် ဒူးထောက်ဝတ်ပြုခြင်းထက်သာ၍ "လုံလောက်" ထိုက်တန်နိုင်မည်နည်း။ ခရစ်တော်ပြုပြီးသောအရာများအား မိမိတို့၏ကုသိုလ်ဖြင့် ဖြည့်စွက်ရမည်ဟူသည့်တွေးခေါ်မှုသည် အဘယ်ကြောင့်မှားယွင်းမည်နည်း။**

**ကြာသပတေးနေ့** **ဇန်နဝါရီလ ၂၂ ရက်**

**ကိုးကွယ်ခြင်း၏နက်နဲခြင်း**

အလွန်နာမည်ကြီးသောကျမ်းပိုဒ်တစ်ခုသည် ၁ကော၊ ၈း၂ ဖြစ်၍ "အကြင်သူသည် ငါကားပညာရှိဖြစ်သည်ဟူ၍ စိတ်ထင်၏။ ထိုသူသည် သိအပ်သည်အတိုင်း အလျှင်းမသိသေး" ဟူ၏။ မိမိတို့အကုန်အစင်သိရှိပြီးသော သင်ရိုးတစ်ခုမျှမရှိပါ။ တစ်စုံတစ်ခုကိုပင် အမြဲသင်ယူနေရပေမည်။ သုံးပါးတစ်ဆူဘုရားနှင့် လူ့ဇာတိခံယူခြင်းတို့သည် ထာဝရအဖြစ်မှန်များဖြစ်သည်မှာ မည်မျှမှန်ကန်သနည်း။ ခရစ်တော်သည် မိမိကိုယ်ကိုနှိမ့်ချ၍ လူသားဖြစ်လာခြင်းကို ပေါလုမှ ကြိမ်ဖန်များစွာဖော်ထုတ်ခဲ့သည်။ ထိုအကြောင်းအရာကိုပင် ထာဝရသင်ယူသည်တိုင် မလုံလောက်နိုင်သေးပါ။

**ရောမ၊ ၈း၃။ ဟေဗြဲ၊ ၂း၁၄–၁၈ နှင့် ၄း၁၅ တို့ကိုဖတ်ပါ။ ယေရှုမိမိကိုယ်ကိုနှိမ့်ချခြင်းနှင့် လူ့ဇာတိယူတင်ခြင်းတို့ကို မည်သည်ဖြင့် ဝိသေသဆောင်စေသနည်း။**

---------------------------------------

---------------------------------------

သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ခြင်းဖြင့် (လု၊ ၁း၃၅) ထာဝရဘုရား၏သားတော်သည် မာရိ၏သားအိမ်တွင် ကောင်းကင်–လူသား ဖြစ်လာနိုင်မည်နည်း။ ထာဝရအကန့်အသတ်မရှိသူသည် တစ်မုဟုတ်ချင်းတွင် အကန့်အသတ်ရှိသောသေမျိုးလူသားဖြစ်ရသည်မှာ ရင်သပ်ရှုမောအံ့သြစရာပေတည်း။

ၚင်းသည် ပေါလုမှ "ကိုးကွယ်ခြင်း၏နက်နဲသောအရာ" (၁တိ၊ ၃း၁၆) ဟု ဆိုခြင်း၏ ဗဟိုဖြစ်သည်။

ဖိလိပ္ပိ၏ချီးမွမ်းသီချင်းတွင် ရှင်ပေါလုသည် မိမိကိုယ်ကိုနှိမ့်ချခြင်းအား အသေးစိတ်ဖော်ပြရာတွင် အခြားကျမ်းချက်တို့ထက် ပိုမိုပြည့်စုံခြင်းတို့မှာ၊

၁။ ဘုရားသခင်၏သဏ္ဌာန်ရှိခြင်း (ဖိ၊ ၂း၆)။ ပုံသဏ္ဌာန် (morphe) သည် ခမည်းတော်ဘုရားနှင့် သားတော်ယေရှု၏ဘုရားဇာတိညီမျှခြင်းကို ဆိုလိုသည် (ယောဟန်၊ ၁း၁)။

၂။ မိမိအသရေကိုစွန့်ခြင်း (ဖိ၊ ၂း၆)။ ယေရှု၏နက်နဲသောသဘာဝဝိသေသသည် မိမိအသရေတော်၊ ကောင်းကင်တွင် သူ၏ကိုယ်ပိုင်လုပ်ပိုင်ခွင့်တို့အားစွန့်လျက်၊ လူသားစစ်စစ်ဖြစ်လာကာ ကျွန်ုပ်တို့ကဲ့သို့ စုံစမ်းခြင်းပင်ခံရသည်မှာ အံ့ဖွယ်ဖြစ်သည်။

၃။ ကိုယ့်ကိုကိုယ်နှိမ့်ချခြင်း (ဖိ၊ ၂း၈)။ လူ့သဘာဝအားယူတင်ရာတွင်၊ ယေရှုသည် စကြဝဠာအချုပ်အခြာအာဏာစက်မှသည် လူစီဖာမှပစ်မှတ်ထားဆန့်ကျင်သောကျွန်ဘဝသို့ ရောက်ရှိလာသည်။

၄။ သေခြင်း၊ ကပ်တိုင်တွင်အသေခံသည်တိုင်အောင် (ဖိ၊ ၂း၈)။ ယေရှုမှ ရွေးချယ်ထားသော ခမည်းတော်နှင့်အတူ စီစဉ်ခဲ့သည့် "မိတ်သဟာယပဋိညာဉ်" ပြုခဲ့သည်အတိုင်း သိမ်ငယ်စွာနိမ့်ပါးစော်ကားခံရခြင်းမှအပ အခြားနည်းလမ်းမရှိပါ။ ၚင်းသည်လည်း ကနဦးတွင် မောရှေသည် မြွေကို မြှောက်ထားခြင်းဖြင့် အသွင်ယူခဲ့ပြီးဖြစ်သည် (တော၊ ၂၁း၉။ ယော၊ ၃း၁၄)။ သည်တင်မက "အပြစ်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏" (၂ကော၊ ၅း၂၁)။

**ယေရှုမှ ကပ်တိုင်တွင် ကျွန်ုပ်တို့အတွက်ပြုလုပ်ပေးသောအရာများအား ဗဟိုချက်ပြုကာ ကပ်တိုင်သည် မိမိတို့၏အညွှံခံခြင်းနှင့်နှိမ့်ချခြင်းအဖြစ်ရှုမြင်လျက် မိမိတို့အား သာ၍နှိမ့်ချနိုင်ခြင်းနှင့် ဘုရားသခင်အား နာခံတတ်သောသူမည်သို့ဖြစ်စေနိုင်မည်နည်း။**



**သောကြာနေ့** **ဇန်နဝါရီလ ၂၃ ရက်**

**ဆက်လက်လေ့လာရန်။**

"လူသား၏နှလုံးသားဆက်ကြောင်းကိုလိုက်၍ ခေတ်အဆက်ဆက်စီးဆင်းလာသောဖခင်၏မေတ္တာသည် လူ့ဝိညာဉ်ထဲသို့စီးဝင်သော နူးညံ့ခြင်းစမ်းချောင်းရေကဲ့သို့ဖြစ်သည်။ သို့တိုင်အောင် မကုန်ခမ်းနိုင်သောအတိုင်းမဲ့ဘုရားသခင်၏မေတ္တာဖြင့် နှိုင်းယှဉ်ခြင်းတွင် ချောင်းငယ်လေးပင်ဖြစ်လေ၏။ နှုတ်ဖြင့်မြွက်မကုန်၊ စာဖြင့်ရေးမပြီးနိုင်ပါ။ နေ့စဉ်အသက်တာတွင် ကမ္ဘာ့ဥဿဍ္ဍာန်းအားထုတ်နိုင်သည်။ နှုတ်ကပတ်တော်အားသိကျွမ်းရန် ဝီရိယနှင့်လေ့လာနိုင်သည်။ ကောင်းကင်ခမည်းတော်၏မေတ္တာတော်နှင့် ကြင်နာခြင်းတို့အား နားလည်သဘောပေါက်နိုင်ရန် ကြိုးပမ်းအားထုတ်ရာတွင် တန်ခိုးနှင့်လုပ်ဆောင်နိုင်စွမ်းကိုဆင့်ခေါ်နိုင်ပါသည်။ ၚင်းတို့ထက်သာလွန်သော အတိုင်းမဲ့ခြင်းပင်ရှိသေးသည်။ ထိုမေတ္တာအား အသက်တမျှလေ့လာရပေမည်။ သို့တိုင်အောင် သားတော်ကိုလောကအတွက် အသေခံစေသာ ထိုမေတ္တာ၏အလျားအနံအမြင့်တို့ကို စုံလင်စွာသိကျွမ်းနိုင်မည်မဟုတ်ပါ။ ထာဝရကာလကပင် ၚင်းအား ဖော်ပြနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်၏အသက်တာနှင့် ကယ်တင်ခြင်းစီမံကိန်းတို့အပေါ် ကမ္ဘာ့ဥဿဍ္ဍာန်းအားထုတ်သည်ရှိသော်၊ ဤဥပဒေသတို့သည် မိမိတို့၏သိကျွမ်းနားလည်နိုင်အောင် ပွင့်လင်းလာလိမ့်မည်" (Ellen G. White, Testimonies for the Church, vol. 5, p. 740.

"ခရစ်တော်၏ကျောင်းတွင် မောရှေကဲ့သို့ သင်တန်းယူနေချိန်တွင် မည်သည်တို့သင်ရမည်နည်း။ ကြွားဝါခြင်းလား။ စိတ်ကြီးဝင်ခြင်းလား။ မဟုတ်ရပါ။ ဤကျောင်းတွင် သင်ယူလေလေ၊ စိတ်နှလုံးနှိမ့်ချခြင်းပြန့်ပွားလေလေဖြစ်လိမ့်မည်။ သိသင့်သိထိုက်သည်များအားလုံးကို သင်ယူခဲ့ပြီးပြီဟု မယူဆရပါ။ ဘုရားသခင်ပေးတော်မူသောပါရမီတို့ကို အကောင်းဆုံးအသုံးပြုပါက၊ မိမိတို့သည် သေမျိုးမှ ထာဝရရှင်သန်ခြင်းသို့ ကူးပြောင်းသွားသောအခါ မိမိတို့ကြိုးပမ်းရရှိထားသောဥစ္စာများအား မချန်ရစ်ခဲ့ရတော့ဘဲ တစ်ဖက်ကမ်းသို့တိုင်

ယူဆောင်သွားရပါမည်။ ခရစ်တော်၏ကယ်တင်ခြင်းလုပ်ငန်းသည် အဆက်မပြတ်သောခေတ်ကြီးတစ်လျှောက် ကျွန်ုပ်တို့၏သင်ရိုးဖြစ်လိမ့်မည်” (Ellen G. White, Manuscript, 36, 1885).

**ဆွေးနွေးရန်မေးခွန်းများ။**

**၁။ ထာဝရဘုရား၏စစ်မှန်သောမေတ္တာအား သင်မည်သို့ကြုံတွေ့ခံစားရရှိခဲ့ဖူးသနည်း။ ဆွေးနွေးကြည့်ပါ။**

**၂။ ယေရှု၏ “လူကဲ့သို့သောအဖြစ်” သည် မည်သည့်အနက်ရှိသနည်း (ဖိ၊ ၂း၇)။ ရောမ၊ ၈း၃ နှင့် နှိုင်းယှဉ်ကြည့်ပါ။**

**၃။ သင်၏နယ်ပယ်တွင် အသင်းတော်သည် မည်သည့်စိန်ခေါ်မှုကို ရင်ဆိုင်ရသနည်း။ နှိမ့်ချလိုသောစိတ်ရှိသဖြင့် “အချည်းနှီးကျော်စောကိတ္တိကို တပ်မက်သောစိတ်” (ဖိ၊ ၂း၃) ဖြင့် မည်သည့်အမှုမျှမပြုလိုခြင်းသည် ၎င်း၏ရလဒ်အားဖြင့် လုပ်ဆောင်ခြင်းမည်သို့ဖြစ်သနည်း။**

–○–



**သင်ခန်းစာ (၅)**

## ညဉ့်၌အလင်းကဲ့သို့ထွန်းလင်း၏

**ဇန်နဝါရီလ ၂၄ – ၃၀**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီလ ၂၄ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဖိ၊ ၂း၁၂–၃၀။ ရောမ၊ ၃း၂၃၊ ၂၄။ ၅း၈။ ၂တိ၊ ၄း၆။ ၁ကော၊ ၄း၁၇။ ၂တိ၊ ၄း၂၁၊ ၁၃။ လု၊ ၇း၂။

**အလွတ်ကျမ်းချက်**

**“သင်တို့သည် ပြုလေသမျှတို့၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲ ပြုကြလော့။ သို့ပြုလျှင် ပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှမပြစ်မှားဘဲနေ၍ မဖြောင့်မမှန်ဖောက်ပြန်သောလူမျိုးအထဲ၌ အဘယ်အပြစ်မျှမပါသော ဘုရားသခင်၏သားဖြစ်လိမ့်မည်။ အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ကိုပြသ၍ စကြဝဠာ၌ နေ၊ လ၊ ကြယ်နက္ခတ်ကဲ့သို့ ထိုလူမျိုးအထဲ၌ ထွန်းလင်းကြ၏” (ဖိလိပ္ပိ၊ ၂း၁၄၊ ၁၅)။**

သင်တို့၏ဉာဏ်ပညာသည် ထင်ရှားလိမ့်မည်။ သူတို့ကလည်း ဤကြီးမြတ်သောလူမျိုးသည် အကယ်စင်စစ် ပညာနှင့်ပြည့်စုံသောအမျိုးဖြစ်သည်ဟု ပြောကြလိမ့်မည်” (တရား၊ ၄း၆) ဟု ဟောပြလူတို့ကို ထာဝရဘုရားမိန့်တော်မူ၏။

ရာစုများစွာကျော်လွန်ပြီးသောအခါ သူက “ငါသည် ဤလောက၏အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်၌မသွားမလာ။ အသက်၏အလင်းကိုရ၏” (ယောဟန်၊ ၈း၁၂) ဟု မိန့်တော်မူ၏။ “သင်တို့သည် လောက၏အလင်းဖြစ်ကြသည်။ တောင်ထိပ်၌တည်သောမြို့သည် မကွယ်နိုင်” (မ၊ ၅း၁၄)။ မည်သို့ထိုအလင်းဖြစ်နိုင်မည်နည်း။ ယေရှုနှင့်ရင်းနှီးကျွမ်းဝင်

စွာဆက်သွယ်ခြင်းဖြင့် ဟုတ်မှန်သောအလင်းမူကား၊ ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေးသောသူဖြစ်သတည်း (ယော၊ ၁း၉)။ ဖိလိပ္ပိ၊ ၂ တွင် ဘုရားသခင်သည် "ကိုယ်တော်ကိုအလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ဘွဲ့နာမတော်ကိုပေးသနားတော်မူ၏။ ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍ ယေရှုသည် သခင်ဖြစ်တော်မူသည်ဟု နှုတ်နှင့်ဝန်ခံလိမ့်မည်" (ဖိ၊ ၂း၉–၁၁) ဟု ဆို၏။

ယေရှုထံသို့ မိမိအသက်တာအား အညှံ့ခံအပ်နှံသူတို့အတွက် ကောင်းကင်၏အလင်းနှင့် တန်ခိုးကို ရရှိနိုင်သည်။ သို့တိုင်အောင် ကျွန်ုပ်တို့သည် မိမိတို့၏အတွေးအခေါ်နှင့် စီမံကိန်းများအတိုင်း ဘုရားကပြုပေးလိမ့်မည်ဟု မျှော်လင့်မိတတ်ကြသည်။ ထိုကြောင့် ဖိလိပ္ပိလူတို့အား ရှင်ပေါလုပြောစကားတို့သည် ယနေ့တိုင်သက်ဝင်နေခြင်းဖြစ်သည်။

**တနင်္ဂနွေနေ့ ဇန်နဝါရီလ ၂၅ ရက်**

**မိမိတို့သည်ဘုရားလုပ်ဆောင်သည်များကိုဖော်ထုတ်သည်**

ယေရှုသည် နှိမ့်ချခြင်းနှင့် ထာဝရဘုရားအား နာခံခြင်းစံနမူနာအဖြစ် တင်ပြခဲ့ပြီးဖြစ်၍ ရှင်ပေါလုသည် ဖိလိပ္ပိလူတို့ဘက်သို့ ဦးတည်လာလေတော့သည်။ ဧဝံဂေလိတရားတော်ရရှိပြီးသောအခါ သူတို့သည် ကိုယ်တော်ထံ နာခံကြသည်ကို ပေါလုအတည်ပြု၍ (တမန်၊ ၁၆း၁၃–၁၅၊ ၃၂၊ ၃၃)၊ ၎င်းတို့၏နာခံခြင်းတွင်တည်မြဲရန် တိုက်တွန်းသည်။ ခရစ်တော်၏အသက်တာနှင့် ကပ်တိုင်တို့သည် ကယ်တင်ခြင်းလမ်းစဉ်၏စံနမူနာအဖြစ် တင်ပြပြီးနောက်၊ ပေါလုသည် ဤအရာများအား လက်တွေ့ပြုလုပ်သည့်ပုံကို ဗဟိုပြုလာသည်။

**ဖိလိပ္ပိ၊ ၂း၁၂၊ ၁၃ ကိုဖတ်ပါ။ ပေါလုသည် "မိမိကိုယ်ကို ကယ်တင်ခြင်း၌ ကိုယ်တိုင်ကြိုးစားလော့" ဟူသည်က မည်သို့ အနက်ရှိသနည်း။ ယုံကြည်ခြင်းနှင့် လုပ်ဆောင်ခြင်းတို့၏စပ်ကြား တော်စပ်ခြင်းအား သင်မည်သို့ဖော်ပြမည်နည်း။**



ဤကျမ်းချက်နှစ်ခုတွင် ရောမဩဝါဒစာနှင့် အခြားဩဝါဒစာတို့နှင့် ကွဲပြားခြားနားသောဧဝံဂေလိအား မဟောပြောကြောင်း ရှင်ပေါလုဆိုသည်။ ဤနေရာတွင် သူ၏သတင်းသည် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ခြင်းဖြစ်ရာ၊ ဖိလိပ္ပိနှင့် အခြားနေရာများတွင် သူဟောပြောသောဧဝံဂေလိနှင့် လိုက်လျောညီထွေခြင်းရှိသည်မှာ သေချာ၏။ သမ္မာကျမ်းစာ၏အဆိုပြုသမျှတို့သည် ပေးထားသောအကြောင်းအရာတစ်ခု၊ အထူးသဖြင့် နားလည်ခြင်းလွဲမှားလေ့ရှိသော ကယ်တင်ခြင်းတရားဖြစ်ကြောင်းတွေးမိရန် အရေးကြီးသည်။

**ရောမ၊ ၃း၂၃၊ ၂၄။ ရောမ၊ ၅း၈ နှင့် ဧဖက်၊ ၂း၈–၁၀ တို့ကိုဖတ်ပါ။ ကယ်တင်ခြင်းတရားအား မည်သို့ဖော်ပြထားသနည်း။**

ကယ်တင်ခြင်းသည် ထာဝရဘုရားအတာဖြစ်သည်မှာ မေးရန်ပင် မလိုပါ။ မိမိအတွက်ဆိုသော် မိမိ၏မည်သည့်ဂုဏ်အရည်အချင်းမျှမဟုတ်ပါ။ ယုံကြည်ခြင်းသည်ပင် ဆုလာဘ်တစ်ခုသာဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော် ကပင် ထောက်မရသေးသည်။ မိမိတို့လုပ်ဆောင်ခြင်းသည် မကယ်တင်နိုင်သည့်တိုင် အသစ်မွေးဖွားခြင်းဖြင့် ဘုရားသည် ဝိညာဉ်လူသားအဖြစ် မိမိတို့အား ဖန်ဆင်းသောအားဖြင့် ကောင်းမှုကိုပြုစေသည်။ ဘုရား၏သန့်ရှင်းသောဝိညာဉ်တော်သည် မိမိတို့၌လုပ်ဆောင်၍ မှန်သောအရာကိုရွေးချယ်စေကာ၊ စုံစမ်းခြင်းကိုတွန်းလှန်လျက် အမှန်တရားအား ရွေးချယ်စေသည်။

ထိုသို့ထာဝရဘုရားလုပ်ဆောင်သည်များအား မိမိတို့မှ "ကြောက်ရွံ့တုန်လှုပ်ခြင်းဖြင့်" ဖော်ထုတ်ခြင်းသာဖြစ်ပါသည်။ မိမိတို့၏အားနွဲ့လှသော နာခံခြင်းကြောင့် ထာဝရဘုရား၏တရားစီရင်ခြင်းအား ကြောက်ရွံ့နေရမည်လော။ အလျင်းမဟုတ်ပါ။ ဤအချက်သည် ထာဝရဘုရား၏ကိန်းတော်မူခြင်းအား ခံစားရခြင်းကိုရည်ညွှန်း၍ (ဆာ၊ ၂း၁၁) မိမိတို့သည်လည်း သူ့အားနာခံရပေမည်။

**ခရစ်တော်သည် သင်၌မည်သို့အလုပ်လုပ်သည်ကို သင်မည်သို့ ကြုံတွေ့ရသနည်း။ ထာဝရဘုရားသည် သင်၌ပြုလုပ်သောအရာများအား သင်၏ကျဆုံးလေပြီးသော လူ့သဘာဝသည် တိုက်ခိုက်နေသည်ရှိသော်၊ ၎င်းအား သင်မည်သို့တွန်းလှန်ရမည်နည်း။**

**တနင်္လာနေ့** **ဇန်နဝါရီလ ၂၆ ရက်**

**အမှောင်ကမ္ဘာ၌အလင်းရောင်**

ဖိလိပ္ပိ၊ ၂း၁၄ တွင် ပေါလုသည် ဖိလိပ္ပိလူတို့အား "ပြုလေသမျှ၌ မြည်တမ်းခြင်း၊ ငြင်းခုံခြင်းမရှိဘဲပြုလော့" ဟု တိုက်တွန်းထားသည်။ အသင်းတော်၏စည်းလုံးခြင်းအတွက် စိန်ခေါ်ချက်များသည် အလွန်ဆိုးရွားသဖြင့် မိမိတို့ဘက်မှ သိသိသာသာကြိုးစားမှုမရှိလျှင် စည်းလုံးခြင်းမဖြစ်နိုင်ပါ။ အသင်းတော်စည်းလုံးခြင်းသည် ခရစ်တော်၌စည်းလုံးခြင်းနှင့် နှုတ်ကပတ်တော်အားနာခံခြင်းတို့၏ ထုတ်ကုန်သာဖြစ်သည်။ မိမိတို့၏သက်သေအတွက်လည်း အရေးကြီးသဖြင့်၊ ပေါလုသည် "စကြဝဠာ၌ နေ၊ လ၊ ကြယ်ကဲ့သို့ထွန်းလင်းသည်" (ဖိ၊ ၂း၁၅၊ ၁၆) ဟု ဆိုရခြင်းဖြစ်၏။

လမိုက်ညတွင်၊ မြို့များနှင့်လမ်းမကြီးတို့၏ စူးရှတောက်ပသောမီးရောင်များမှ ဝေးသောနေရာတွင်၊ ကြယ်များစွာမြင်ရရာ ပိုမိုတောက်ပသည့်နှယ်ဖြစ်၏။ နှိုင်းယှဉ်ကြည့်ခြင်းသည် ခြားနားမှုဖြစ်စေသည်။ မိုးမှောင်လေလေ၊ ကြယ်တို့သည် ရှင်းလင်းစွာရပ်တည်လေဖြစ်၏။ ကျွန်ုပ်တို့၏သက်သေခံခြင်းသည်လည်း ထိုနည်းတူဖြစ်သည်။ မိမိတို့ဝန်းကျင်သည် ဝိညာဉ်ရေးမှောင်မိုက်လေလေ၊ ဘုရား၏နောက်လိုက်စစ်စစ်တို့၏အသက်တာနှင့် လောကသားတို့သည် ထင်ရှားစွာဆန့်ကျင်လေလေဖြစ်၏။ လောကသားများတီထွင်ကြသော အလင်းရောင်နှင့်အတွေးအခေါ်များ၊ ဖိအားများနှင့် ကျင့်စဉ်များတို့သည် မိမိတို့၏သက်သေခံချက်တို့၏နောက်ခံအား မှေးမှိန်စေ၍ ပပျောက်စေလေသည်။

**ဖိလိပ္ပိ၊ ၂း၁၅၊ ၁၆ ကိုဖတ်ပါ။ ဘုရား၏သားသမီးတို့သည် မည်သို့ဖြစ်၍ မည်သို့ပြုရမည်ဟု ပေါလုတင်ပြသနည်း။**



-----------------------------------------

-----------------------------------------

"ပြစ်တင်ခွင့်မရှိ" ဟုဆိုရာတွင် "အမှားမရှိ၊ ကဲ့ရဲ့ခြင်းကင်းသည်" ဟု ဆိုလိုသည်။ ယောဘဝတ္ထုတွင် သူ၏အပြစ်ကင်းစင်ခြင်းဝိသေသတွင် အထူးတွေ့ရ၏ (ယောဘ၊ ၁း၁၊ ၈။ ၂း၃။ ၁၁း၄။ ၃၃း၉)။ ဂရိဘာသာ၌ အန္တရာယ်ကင်းသူ "မကောင်းသောအကျင့်ကိုရှောင်သူ" ဟူသည်မှာ "မရောနှောခြင်း၊ သန့်စင်ခြင်း" ဖြစ်သည်။ ယေရှုအား ရက်စက်စွာတိုက်ခိုက်ရာတွင် သူ၏သက်သေခံချက်တို့သည် မိမိတို့သည်လည်း "ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက်" (မ၊ ၁၀း၁၆) ရင်ဆိုင်ရန် တိုက်တွန်းသည့်နှယ်ဖြစ်သည်။ ရှင်ပေါလုသည် "ဆိုးသောအမှု၌ အပြစ်တင်ခြင်းကင်းစေခြင်းငှာ" (ရော၊ ၁၆း၁၉) တိုက်တွန်းထား၏။ ယခုလက်ရှိမီဒီယာစီးကြောင်းတို့သည် ဖြူစင်ခြင်း၊ မြင့်တင်ခြင်းနှင့် လှုံ့ဆော်မှုတွေမရည်ညွှန်းပါ။ ဤအချိန်မျိုးတွင် ဒါဝိဒ်၏ပြုမူခြင်းသည် ကြီးစွာသောစည်းမျဉ်းပင်ဖြစ်သည်။ "အဓမ္မအမှုကို ငါမျက်မှောက်မပြု" (ဆာ၊ ၁၀၁း၃) ဟု ဆို၏။

မိမိတို့၏ယုံကြည်ခြင်းဖြင့် အခြားသူများနှင့် ကွဲပြားခြားနားစေသည်တိုင် ကြောက်ရွံ့ရမည်မဟုတ်ပါ။ ပန်းတိုးတိုင်သည် "လောက၌အလင်းကဲ့သို့ ထွန်းလင်း" ရပါမည် (ဖိ၊ ၂း၁၅)။ ထိုသို့ပြုနိုင်သောနည်းလမ်းတစ်ခုတည်းသည် လောကီပုံသဏ္ဍာန်ကို မဆောင်ခြင်းသာဖြစ်၍ (ရော၊ ၁၂း၂)" အသက်ရှင်ခြင်းနှင့်ဆိုင်သော နှုတ်ကပတ်တရားတော်ကိုပြသ" (ဖိ၊ ၂း၁၅၊ ၁၆) ခြင်း ဖြစ်သည်။ မိမိတို့၏ရွေးချယ်ခြင်းသည် "ခရစ်တော်၏နေ့ရက်" တိုင် အသက်ရှင်ခြင်းနှင့် "အမှတ်တမဲ့ပြေးခြင်း" တို့အား ခွဲခြားတတ်တတ်စေသည် (ဖိ၊ ၂း၁၆။ ၁ကော၊ ၉း၂၄–၂၇)။

**သင်၏အသက်တာတွင် "လောကီဆန်သည်များ" ရှိခဲ့ပါသော်၊ ၎င်းတို့နှင့် သင်မည်သို့ကင်းစင်နိုင်မည်နည်း။**

**အင်္ဂါနေ့ ဇန်နဝါရီလ ၂၇ ရက်**

**အသက်ရှင်သောယဇ်ကောင်**

**ဖိလိပ္ပိ၊ ၂း၁၇။ ၂တိ၊ ၄း၆။ ရောမ၊ ၁၂း၁၊ ၂ နှင့် ၁ကော၊ ၁၁း၁ တို့ကိုဖတ်ပါ။ ပေါလုသည် ဘာဆိုလိုသနည်း။**

------------------------------------------

------------------------------------------

ရှင်ပေါလုသည် သူ့အသက်တာအားဖော်ပြရာတွင် အသက်ရှင်ခြင်းနှင့် ခရစ်တော်၏အမှုတော်တွင် သေခြင်းတို့ဖြင့် စိတ်နှစ်ခွပင်ဖြစ်နေသည်ဟု ဆိုခဲ့ပြီးဖြစ်သည် (ဖိ၊ ၁း၂၀–၂၃)။ ယခုတွင် သူသည် "တင်လှူပူဇော်သောယဇ်ပေါ်မှာ ငါ့ကိုသွန်းလောင်း" (ဖိ၊ ၂း၁၇) ခြင်းပြုနိုင်သည်ဟုဆို၏။ ဤပုံဖော်ခြင်းသည် ရှေးခေတ်၌ အဖျော်ယမကာ (ဆီ၊ ဝိုင်၊ ရေ) တို့ကို သွန်းလောင်းခြင်းဖြင့် ပူဇော်ပသခြင်း၌ အခြေပြုသည်၊ ဘုရားသခင်အားဝတ်ပြုခြင်းကိုဆိုသည် (က၊ ၃၅း၁၄။ ထွက်၊ ၂၉း၄၀။ ၂ရာ၊ ၂၃း၁၅–၁၇)။ မာရိသည် "အဖိုးများစွာထိုက်သောနာဒုဆီမွှေး" (မာ၊ ၁၄း၃–၉။ ယော၊ ၁၂း၃) ဖြင့် ယေရှု၏ခေါင်းနှင့်ခြေတို့အား ဆီလိမ်းကြံခြင်းသည်မှာ တန်ဖိုးရှိသောအရည်တစ်ခုကို "ဖြုန်းတီးခြင်း" ဟု ဆိုနိုင်သော်လည်း သူမ၏ပေးဆပ်ခြင်းနှင့် ယေရှုအားသင်္ဂြိုဟ်ရန် ပြင်ဆင်ပေးခြင်းဖြစ်သည်။ အရည်သောက်ပူဇော်ခြင်းမဟုတ်သည်တိုင် ၎င်းသည် မိမိတို့ကယ်တင်ခြင်းအတွက် အတိုင်းမဲ့သောယေရှု၏ယဇ်ပူဇော်ခြင်းကို အသွင်ယူခြင်းတစ်မျိုးပင်ဖြစ်သည်။

ရှင်ပေါလုသည် ဧဝံဂေလိတရားတော်အား ဖြန့်ဝေခြင်းကြောင့် အသေခံရသည်ရှိခဲ့သော်၊ သူ၏အသက်သည် ထာဝရဘုရားထံတော်၌ "သွန်းလောင်းသော" ပူဇော်သကာကဲ့သို့ ဖြစ်မည်ဖြစ်သဖြင့် ဝမ်းပင်သာဦးမည်ဖြစ်သည်။ ဟေဗြဲစာအုပ်တွင် ယဇ်ပူဇော်ပသခြင်းသည် တစ်ခုတည်းမဟုတ်ဘဲ သောဇဉ်ပူဇော်သကာဖြင့် ဒွန်တွဲသွားလေ့ရှိ၏ (တော၊ ၁၅း၁–၁၀။ ၂၈း၁–၁၅)။ ပေါလုသည် မိမိအသက်တာအား စတေးရခြင်းသည် ဖိလိပ္ပိမြို့ရှိ ယုံကြည်သူများ၏ "အသက်တာစွန့်လွှတ်ခြင်းနှင့် ဆက်ကပ်ခြင်း၊" ယုံကြည်ခြင်းအားဖြင့်



သူတို့၏အသက်တာကို "အသက်ရှင်သောယဇ်" (ရောမ၊ ၁၂း၁) အဖြစ်ဆက်ကပ်သောသူများနှင့်တူညီကြောင်း သုံးသပ်၍ရေးသားထားသည်။

ဖိလိပ္ပိလူတို့အပါအဝင် ရှေးဦးခရစ်ယာန်တို့သည် (ဖိ၊ ၁း၂၇–၂၉) မိမိတို့၏ယုံကြည်ခြင်းကို ထက်သန်စွာဝေငှကြသည်။ တစ်အိမ်တက်တစ်အိမ်ဆင်းကာ ဧဝံဂေလိတရားဖြန့်ဝေကြသည် (တ၊ ၅း၄၂)။ မိမိတို့အိမ်ကို ကျမ်းစာသင်ကြားရန် ဖွင့်ဟကြသည် (တ၊ ၁၂း၁၂။ ၁ကော၊ ၁၆း၁၉။ ကော၊ ၄း၁၅။ ဖိလေမုန်၊ ၁၊ ၂)။ မိမိတို့၏ယုံကြည်ချက်ကိုလည်း ကျမ်းစာအားဖြင့်ထောက်ပြတတ်ကြသည် (တ၊ ၁၇း၁၁။ ၁၈း၂၆။ ၁ပေ၊ ၃း၁၅)။ ရှေးဦးမြော်လင့်ခြင်းအသင်းသားတို့သည်လည်း ထိုသို့ပြုကြ၏။ သတင်းပို့ဆောင်ရာတွင် တရားဟောဆရာများကိုသာအားမကိုးဘဲ၊ မိမိတို့အိမ်နီးချင်းများထံသို့ မိမိတို့၏ယုံကြည်ခြင်းကိုမျှဝေကာ၊ ကျမ်းစာသင်ပေးခြင်းနှင့် သိက္ခာတော်ရဆရာများရောက်လာသောအခါ နှစ်ခြင်းပေးနိုင်ရန် လူများအားပြင်ဆင်ပေးထားသည်။

အချုပ်ပြောရပါက ကိုယ်စီကိုယ်ငှ ယဇ်ပူဇော်ခြင်းပြု၍ ဧဝံဂေလိတရားပြန့်နှံ့နိုင်ရန် မိမိတို့ကိုမိမိပင် အသက်ရှင်သောယဇ်ကောင် ဖြစ်စေကြသည်။ ကျွန်ုပ်တို့သည် သူတို့ထက် လျော့နည်းနေရမည်လော။

**သင့်အသက်တာသည် "အသက်ရှင်သောယဇ်ကောင်" ဖြစ်ခြင်းကို စိတ်သိမှီးထားပါ။ ထာဝရဘုရား၏နိုင်ငံတော်အတွက် သင်မည်မျှပူဇော်ခဲ့သနည်း။ မိမိကိုယ်ကို သင်မည်သို့ဖြေဆိုမည်နည်း။**

**ဗုဒ္ဓဟူးနေ့ ဇန်နဝါရီလ ၂၈ ရက်**

**အရည်အသွေးပြည့်ဝကြောင်းသက်သေပြပြီးသောသူ**

တိမောသေသည် ဤဩဝါဒစာအား ပူးတွဲပေးပို့သူဖြစ်ကြောင်း ဖော်ပြပြီးဖြစ်သည် (ဖိ၊ ၁း၁)။ ပေါလုက အလွန်တန်ဖိုးကြီးသော လုပ်ဖော်ဆောင်ဖက်တစ်ဦးဖြစ်ကြောင်းကို စတင်ဖော်ပြသည် (၂တိ၊ ၄း၅)။ မာကေဒေါနိတ်သို့

လည်းကောင်း (၁သက်၊ ၃း၂။ တ၊ ၁၈း၅။ တ၊ ၁၉း၂၂)၊ အခါအားလျော်စွာ ကောရိန်သုသို့လည်းကောင်း (၁ကော၊ ၄း၁၇။ ၁ကော၊ ၁၆း၁၀) စေလွှတ်ထားသောဧဝံဂေလိဆရာတစ်ဦးအဖြစ် ပေါလုမှဖော်ပြသွားသည် (၂တိ၊ ၄း၅)။ သူသည် ကောရိန်သုတွင် ပေါလု၊ သီလတို့နှင့်အတူ (၁သက်၊ ၁း၁၊ ၂။ ၂သက်၊ ၁း၁)၊ နောက်တွင် ဇေက်တွင်လည်းလုပ်ဆောင်ခဲ့ဖူးသည် (၁တိ၊ ၁း၂၊ ၃။ တ၊ ၁၉း၂၂)။ တိမောသေသည် "စိတ်သဘောတူသောသူ" (ဖိ၊ ၂း၂၀) ဟုပင် ပေါလုဖော်ပြသည်။ ဂရိဘာသာတွင် စိတ်သဘောတူညီခြင်းဟုဆိုသောအခါ၊ သူသည် ပေါလုနှင့်တူညီချက်များရှိရာ၊ ခရစ်တော်ထံသို့ ဆက်ကပ်ခြင်း၊ ဧဝံဂေလိတရားအား ခွန်အားအပြည့်ဖြင့်ဖြန့်စေရန်ကြိုးပမ်းမှု၊ ဖိလိပ္ပိလူတို့အပေါ် စိတ်ဝင်စားခြင်းတို့ပင်ဖြစ်သည်။

**ပေါလုသည် တိမောသေနှင့်ပတ်သက်၍ အဘယ်ကြောင့် အလွန်ထောက်ခံကြောင်း ဤမျှလောက်ပြောဆိုသနည်း (ဖိ၊ ၂း၁၉–၂၃)။ ပေါလုသည် မည်သည်တို့ကို ဆက်လက်ပြောဆိုသနည်း" (၁ကော၊ ၄း၁၇။ ၂တိ၊ ၁း၅)။**

-----------------------------------------

-----------------------------------------

အခြားသောတိမောသေ၏အရည်အသွေးကို ပေါလုပြောဆိုရာတွင် သူ "ပြသသောသက်သေ" (ဖိ၊ ၂း၂၂) ဖြစ်သည်။ ဂရိစာလုံးသည် နှိုက်နှိုက်ချွတ်ချွတ်စမ်းသပ်ပြီးသောသူ (ရောမ၊ ၅း၄)၊ သူတို့၏စာရိတ္တနှင့် ဆက်ကပ်ခြင်းတို့သည် စစ်မှန်ကြောင်း (၂ကော၊ ၂း၉။ ၉း၁၃) အတည်ပြုသည်။ ဧဝံဂေလိသတင်းဖြန့်ရာတွင် တိမောသေနှင့်တွဲကာ လုပ်ဆောင်ခဲ့ဖူးသဖြင့် ကြုံရသောအတွေ့အကြုံတို့ဖြင့် သူသည် ထိုကဲ့သို့သောသူဖြစ်သည်ကို ပေါလုသေချာစွာ သိရှိလေသည်။

အသက်တာ၏ခက်ခဲသောအတွေ့အကြုံတို့၌ ကျွန်ုပ်တို့သည် မိမိတို့ပါရှိရာဘက်မှ အနိုင်မခံအရှုံးမပေးပါဝင်ကြရသည်။ အီးဂျီဝှိုက်သည် "အသက်တာဟူသည် စည်းကမ်းနှင့်သာဖြစ်၍၊ လှည့်ဖြားသူသည် စုံစမ်းနှောင့်ယှက်





သောအခါ၊ မှန်ကန်သောစိတ်သဘောထားဖြင့် ရင်ဆိုင်သဖြင့် ခရစ်ယာန်၏ကျက်သရေကိုကြီးပွားစေသည်။ နာကျင်စေခြင်းနှင့် စော်ကားခြင်းတို့အားလည်စင်းခံပါက၊ စော်ကားခြင်းအား ယဉ်ကျေးသောစကားဖြင့်တုံ့ပြန်ပါက၊ ဖိနှိပ်ခြင်းကို ကောင်းခြင်းဖြင့်တုံ့ပြန်ပါက ခရစ်တော်၏ဝိညာဉ်တော်သည် ထိုသူ၏နှလုံးသားထဲတွင် ကိန်းဝပ်နေသည်မှာ သေချာလှ၏" - Ellen G. White, Testimonies for the Church, vol. 5, p. 344.

သူမကပင် ဆက်လက်ပြောကြားသည်မှာ "အကယ်၍ ကျွန်ုပ်တို့ခံစားရန် ပေးထားသောဒုက္ခနှင့် စိတ်အနှောင့်အယှက်များတွင် အဆုံးတိုင်တည်ကြည်နိုင်ပါက၊ ၎င်းတို့သည် ခရစ်တော်၏ဝိသေသလက္ခဏာနှင့်တူသောအရည်အသွေးများဖွံ့ဖြိုးစေပြီး၊ ခရစ်ယာန်များနှင့် လောကီသားများ၏ကွာဟမှုကို ပေါ်လွင်စေသည်" – Testimonies for the Church, vol. 5, p. 344.

**လောလောလတ်လတ်သင်ရင်ဆိုင်ခဲ့ရသော စုံစမ်းနှောင့်ယှက်ခြင်းများ၊ အခက်အခဲများနှင့် မခံမရပ်နိုင်သောအရာများကို တွေးကြည့်ပါ။ ဤသည်တို့အား "လည်စင်းခံခဲ့သဖြင့် ကောင်းမွန်စွာခံနိုင်ရည်ရှိ" ခဲ့လေပြီလား။ ဤအတွေ့အကြုံတို့သည် သင့်အား စည်းကမ်းပိုမိုရှိစေသလော။**

**ကြာသပတေးနေ့ ဇန်နဝါရီလ ၂၉ ရက်**

**ထိုသို့သောသူတို့ကိုရိုသေလေးမြတ်ကြလော့**

**ဖိလိပ္ပိ၊ ၂း၂၅–၃၀ ကိုဖတ်ပါ။ ဧပဖြောဒိတ်အား ပေါလုမှ မည်သို့ဖော်ပြသနည်း။ ဤမည်သောခရစ်ယာန်အမှုဆောင်သည် မည်သည့်စိတ်သဘောနှင့် လုပ်ရပ်မျိုးဖြင့် မိမိ၏ဝိသေသလက္ခဏာကို ဖော်ပြသနည်း။**

-----------------------------------------

-----------------------------------------

ဧပဖြော်ဒိတ်အား ဤနေရာတွင်သာဖော်ပြထားသည်။ သို့သော်လည်း သူ့အကြောင်းလိုရင်းတိုရှင်းပေါ်လာသည်များကို လေ့လာစရာရှိပါသည်။ သူ့အမည်နာမသည် (Aphrodite - နတ်ဘုရားဘာသာတရား) မှ ဆင်းသက်လာရာ၊ နတ်ကိုးကွယ်ခြင်းမှ ပြောင်းလဲလာသည်။ သူ့အား "လုပ်ဖော်ကိုင်ဖက်" ဟု ခေါ်ဆိုခြင်းဖြင့် သူသည် အမှုတော်ဆောင်တစ်ဦး၊ ဖိလိပ္ပိ၌ပင် ပေါလုနှင့်အတူ လုပ်ဆောင်နေရေ့လားဟုပင် ထင်မြင်နေရသည်။ သူ့အား "ရဲဘော်ရဲဖက်" (ဖိ၊ ၁း၂၅၊ ၂၇) ဟုခေါ်ဆိုခြင်းမှာ ဧပဖြော်ဒိတ်သည် ဧဝံဂေလိသတင်းဖြန့်ဝေရာတွင်ပင် ပါဝင်၍ မိမိအသက်ကိုပင်စွန့်ရန် ဆန္ဒပြင်းပြနေခြင်းကြောင့်ဖြစ်သည် (ဖိ၊ ၂း၃၀)။

ဖိလိပ္ပိအသင်းတော်၌ပင် "စေတမန်" (Greek, apostolos) အဖြစ် ခန့်အပ်ထားသော ဧပဖြော်ဒိတ်ကို၊ အကျဉ်းကျနေသောပေါလုအား လိုအပ်သည်များကို ဝန်ဆောင်ပေးနိုင်ရန် စေတမန်အဖြစ် လွှတ်ထားပါသည် (ဖိ၊ ၂း၂၅)။ ဖိလိပ္ပိတို့သည် ပေါလုအား ငွေကြေးထောက်ပံ့ရာတွင် သူ့အား ယုံကြည်စွာအပ်နှံထားသူတစ်ဦးလည်းဖြစ်သည် (ဖိ၊ ၄း၁၈)။ ရောမအကျဉ်းသားများသည် မိမိတို့၏အစာရေစာ၊ အဝတ်အစား၊ အိပ်ယာနှင့် အခြားလိုအပ်သောအရာများကို ထောင်ဝင်စာလာသောမိသားစုဝင်နှင့် မိတ်ဆွေတို့မှယူဆောင်လာပေးရသည် (တ၊ ၂၄း၂၃) ဖြစ်ရာ ဤအလှူဒါနတို့သည် အလွန်အရေးပါ၏။

ရောမတွင် ဒုတိယအကြိမ် အကျဉ်းကျခြင်းပြီးဆုံးလုနီးတွင် ပေါလုသည် တိမောသေအား "ဆောင်းကာလမရောက်မီ ကြိုးစား၍လာခဲ့လော့။ တရောမြို့တွင် ကာပုလက်၌ ငါထားခဲ့သောဝတ်လုံကိုယူခဲ့လော့" (၂တိ၊ ၄း၂၁၊ ၁၃) ဟု မှာလိုက်၏။ အေးမြသောကျောက်ခန်းကျဉ်းထဲတွင် နေရသဖြင့် သိုးမွေးထည်အပေါ်ခံဝတ်လုံသည် ပေါလုအတွက်အရေးပါလှသည်။ ဤတမန်တော်ကြီးအား ဖိလိပ္ပိသို့ပြန်ခေါ်ဆောင်လာနိုင်ရန်လည်း ဧပဖြော်ဒိတ်အား တာဝန်အပ်နှင်းထားကြသည် (Elllen G. White, The Acts of the Apostles, p. 479).



မည်သို့ပင်ဖြစ်စေ ဖိလိပ္ပိတွင် ပြဿနာများပေါ်ပေါက်သဖြင့် (သင်ခန်းစာ၊ ၄) ပေါလုသည် ဧပဖြော်ဒိတ်အား ထင်မြင်သည်ထက် စောစီးစွာပြန်ပို့ရန် "သူ့ကိုငါစေလွှတ်ဖို့ လိုလားထက်သန်" သဖြင့်၊ ဖိလိပ္ပိလူတို့သည်လည်း "သခင်ဘုရားကိုထောက်လျက် ဝမ်းမြောက်သောစိတ်နှင့် သူ့ကိုလက်ခံကြရန်" (ဖိ၊ ၂း၂၉) တိုက်တွန်းထားသည်။ ပေါလုသည် အကျဉ်းထဲ၌ မိမိ၏အနေအထားအတွက် မစိုးရိမ်ကြရန် သေချာစေလိုသည်။ ပေါလုက ဧပဖြော်ဒိတ်သည် ခရစ်ယာန်များ၏ မြင့်မားစွာလေးစားသမုတ်ခြင်းကို ခံရမည့်သူတစ်ဦးဖြစ်ကြောင်း၊ သူတို့၏ဥစ္စာခနေကြောင့်၊ အသိုက်အဝန်းကြောင့်လည်းမဟုတ်ဘဲ၊ ယေရှုခရစ်၏ နမူနာအတိုင်း ဆက်ကပ်ပူဇော်သောစိတ်သဘောကြောင့်သာဖြစ်သည် (ဖိ၊ ၂း၆–၁၁။ လု၊ ၂၂း၂၅–၂၇) ဆို၏။

ဂရိဘာသာတွင် လေးစားသမုတ်ခြင်းသည် ဓမ္မသစ်ကျမ်းတွင် အကြိမ်အနည်းငယ်သာပေါ်လွင်ရာ၊ တပ်မှူး၏အလွန် "ချစ်" (လု၊ ၇း၂) သောကျွန်၊ ပွဲနေပွဲထိုင်ရာတွင် မြင့်မြတ်သောနေရာ (လု၊ ၁၄း၈)၊ ယေရှုနှင့်ပတ်သက်၍ တိုက်ထောင့် "ကျောက်မျက်" (၁ပေ၊ ၂း၄၊ ၆) တို့ဖြစ်သည်။ ဧပဖြော်ဒိတ်သည် ၎င်းတို့တွင် အရာဝင်နိုင်ရန် သစ္စာတည်ကြည်ခဲ့သောသူဖြစ်တန်ရာသည်။

**သောကြာနေ့ ဇန်နဝါရီလ ၃၀ ရက်**

**ဆက်လက်လေ့လာရန်။**

"ခရစ်တော်၏အနီးကပ်ဆုံးတွင် နေရာကျရမည့်သူတို့သည် ဤလောကတွင် ယေရှု၏ မိမိကိုယ်ကိုစွန့်လွှတ်သောချစ်မေတ္တာအား နက်နဲစွာသိရှိသူ၊ ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ ကိုယ်ကျိုးမရှာ၊ ဒေါသအမျက်မထွက်၊ အပြစ်ရှိသည်ဟု မထင်တတ်သောသူ (၁ကော၊ ၁၃း၄၊ ၅) ဖြစ်ကြလိမ့်မည်။ ကိုယ်တော်သည် လူသားအားကယ်တင်ရန် သေသည်တိုင် အလုံးစုံတို့အား စွန့်ကြဲလုပ်ဆောင်စေခြင်းဖြင့်၊ တပည့်တော်တို့အား လှုံ့ဆော်လျက်ရှိသည်။ ထိုစိတ်သဘောသည် ပေါလုအသက်တာ၌ပေါ်လွင်သည်။ သူ၏အသက်တာတွင်

လူသားတို့အား ခရစ်တော်ကိုဖော်ပြသဖြင့် “ငါအသက်ရှင်သည်အရာမှ ခရစ်တော်ဖြစ်၏” ဟုဆိုသည်။ သေခြင်းကပင် ခရစ်တော်၏တန်ခိုးတော်အား ဖော်ပြနိုင်၍ ဝိညာဉ်တို့အား ဆွဲဆောင်နိုင်သဖြင့် “သေလျှင်မူကား၊ သာ၍အကျိုးရှိ၏” ဟု ဆိုသည်။ သူသည် “ငါ၏ကိုယ်ခန္ဓာ၌ ခရစ်တော်သည် အစဉ်မပြတ်ဂုဏ်အသရေထင်ရှားတော်မူသဖြင့် အသက်ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ” (ဖိ၊ ၁း၂၀၊ ၂၁) ဟုပင်ဆိုလေသည်။ – Ellen G. White, The Desire of Ages, p. 549.

မကြာတော့မည့်ကာလအတွင်း၌ စမ်းသပ်ခြင်းသည် ဝိညာဉ်တိုင်းဆီသို့ ရောက်လာတော့မည်။ သားရဲ၏အမှတ်အသားကို ကျွန်ုပ်တို့အားလိုက်နာစေကြလိမ့်မည်။ ဤကမ္ဘာ့တောင်းဆိုချက်များကို တစ်ဆင့်ပြီးတစ်ဆင့်အလျှော့ပေးပြီး ဤကမ္ဘာ့ထုံးတမ်းစဉ်လာများနှင့် လိုက်လျောညီထွေရှိခဲ့ကြသူများသည် သူတို့အား ပြက်ရယ်ပြုခြင်း၊ ရှုတ်ချပြောဆိုခြင်း၊ ထောင်ဒဏ်ချမှတ်ခြင်းနှင့် သေဒဏ်ချမှတ်ခြင်းစသော ခြိမ်းခြောက်မှုများကိုခံရမည်ထက် အာဏာပိုင်များ၏တောင်းဆိုချက်ကို လိုက်လျောပေးရန် မခက်ခဲကြတော့ပေ။

မှန်ကန်သောညီအစ်ကိုများနှင့် မှားယွင်းသောညီအစ်ကိုများ ခွဲခြားသိမြင်ရသောအချိန်တွင် ပုန်းကွယ်နေသူများသည် ထင်ရှားလာကြလိမ့်မည်။ ထို့ပြင် ချီးမွမ်းခြင်းသီချင်းများဖြင့် ခရစ်တော်၏အလံအောက်၌ စည်းစည်းလုံးလုံးရပ်တည်ကြလိမ့်မည်။ ကြောက်စိတ်ရှိတတ်၍ အားနည်းသူများပင်လျှင် ခရစ်တော်နှင့် သူ၏သမ္မာတရားအတွက် ပွင့်ပွင့်လင်းလင်းထုတ်ဖော်ကာ ဟောကြားကြလိမ့်မည်။ အသင်းတော်အတွင်း၌ အားအနည်းဆုံးသူများပင်လျှင် ဒါဝိဒ်ကဲ့သို့ ရဲရဲဝံ့ဝံ့ဖြစ်လာကြလိမ့်မည်။ ဘုရားသခင်၏လူများအဖို့ ညအမှောင်နက်လေလေ၊ ကြယ်တာရာများသည် ပို၍တောက်ပလေလေဖြစ်လိမ့်မည်။ စာတန်သည် သစ္စာရှိသူများကို အလွန်အမင်းဒုက္ခပေးလိမ့်မည်။ သို့ရာတွင် ယေရှုနာမတော်၌ သူတို့သည် အောင်မြင်သထက် အောင်မြင်ကြလိမ့်မည်။ – Ellen G. White, Testimonies for the Church, vol. 5, pp. 81, 82.



**ဆွေးနွေးရန်မေးခွန်းများ။**

**၁။ အထက်၌ “လောက၏တောင်းဆိုချက်တို့သို့ တစ်လှမ်းချင်းလိုက်လျော၍ လောက၏ဓလေ့ထုံးတမ်းတို့နှင့် တညီတညွတ်တည်းနေထိုင်သူတို့” ကို တွေးတောပါ။ မည်သည်တို့ပါဝင်မည်နည်း။ တစ်ကိုယ်ရေတင်မဟုတ် အသင်းတော်တစ်ခုလုံးတွင် မည်သို့ကျင်သုံးရမည်နည်း။**

**၂။ ထာဝရဘုရားသည် “ငါ့ကိုချီးမြှောက်သောသူတို့ကို ငါချီးမြှောက်မည်” (၁ရာ၊ ၂း၃၀) ဟု မိန့်တော်မူ၏။ ထာဝရဘုရားအား မည်သို့ချီးမြှောက်ကြမည်နည်း။ “နာမတော်ချီးမွမ်းခြင်း” (ဗျာ၊ ၁၄း၇) နှင့် အလားတူသနည်း။ တူသည်၊ မတူသည်မှာ အဘယ်ကြောင့်နည်း။**

**၃။ တရားဝင်ဖြစ်စေခြင်း၌ ထောင်ခြောက်မိခြင်းမရှိဘဲ မိမိ၏ကယ်တင်ခြင်းအတွက် လုပ်ဆောင်ခြင်းကို မည်သို့သိကျွမ်းနားလည်နိုင်မည်နည်း။**

–ဝ–

## သင်ခန်းစာ (၆)

# ခရစ်တော်ကိုသာကိုးစားခြင်း

### ဇန်နဝါရီလ ၃၁ – ဖေဖော်ဝါရီလ ၆

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဇန်နဝါရီလ ၃၁ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဖိ၊ ၃း၁–၁၆။ ရောမ၊ ၂း၂၅–၂၉။ ယောဟန်၊ ၉း၁–၃၉။ ဧဖက်၊ ၁း၄၊ ၁၀။ ၁ကော၊ ၉း၂၄–၂၇။

**အလွတ်ကျမ်းချက်**

**"ငါသည် ခရစ်တော်ကိုသိကျွမ်းခြင်းငှာလည်းကောင်း၊ ကိုယ်တော်၏သေခြင်းမှ ပြန်ရှင်တန်ခိုးကိုလည်းကောင်း၊ ကိုယ်တော်၏ဒုက္ခဝေဒနာခံတော်မူခြင်း၌ ဆက်ဆံမျှဝေခံခြင်း၌လည်းကောင်း၊ ကိုယ်တော်အသေခံသကဲ့သို့ ကိုယ်တော်နည်းတူ ငါလည်းအသေခံပြီး၊ သေခြင်းမှပြန်ရှင်ခြင်းကို ငါရလို၏" (ဖိလိပ္ပိ၊ ၃း၁၀၊ ၁၁)။**

ပညတ်တော်၏ကျင့်စဉ်တို့မပါဝင်ဘဲ၊ ယုံကြည်ခြင်းသီးသန့်ဖြင့်ကယ်တင်ခံရခြင်းနှင့်ပတ်သက်၍ သံသယဖြစ်ဖွယ်ရာများ ကျန်ရှိနေသေးသည်။ ကယ်တင်ခြင်းတွင် ဖြည့်စွက်ပေးနိုင်ခဲ့သော်ဟုဆိုကာ မိမိတို့လုပ်ဆောင်ခြင်းကို မှီခိုအားကိုးလာကြသည်။ ကယ်တင်ခြင်းတွင် အရေဖြားလှီးခြင်းလိုအပ်နေသေးသည်ဟု စွဲမြဲယုံကြည်သူတို့ကို ပေါလုမှ ပြင်းထန်စွာချေပတုံ့ပြန်လေတော့သည်။

မိမိတို့လုပ်ဆောင်ရန် လိုအပ်နေသေးသည်ဆိုခြင်းမှ ကာကွယ်နိုင်ရန်၊ အရေဖြားလှီးခြင်း စသည်တို့ဖြင့် ကယ်တင်ခြင်းပေးစွမ်းနိုင်သည်ဆိုသူတို့အား ဖြောင့်မတ်ခြင်းသည် ခရစ်တော်ထံပါးမှ ပညတ်တော်အားဖြင့်မဟုတ်၊ ယုံကြည်ခြင်းအားဖြင့် ရရှိသောဆုလာဘ်သာဖြစ်ကြောင်း ရှင်ပေါလုမှ ရှင်းလင်းစွာ



တင်ပြသွားသည်။ ယနေ့တိုင်အောင် အရေဖြားလှီးခြင်းသည် ကိစ္စတစ်ခုမဟုတ်တော့သည့်တိုင် ၎င်း၏ဥပဒေသည် ရှိနေသေးသည်မှာ သေချာ၏။

ပရိတက်စတင့်ဝါဒဖြင့် ပြုပြင်ပြောင်းလဲခြင်းသည်လည်း ဤကိစ္စဖြင့်ပင် စတင်ရရာ၊ ယုံကြည်ခြင်း၏ဇာတ်ကောင်နှင့် ခရစ်တော်၏နောက်လိုက်သူတစ်ဦး၏အတွေ့အကြုံတွင် ခရစ်တော်သည် အရာခပ်သိမ်းဖြစ်ကြောင်း "ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော" (ဟေ၊ ၁၂း၂) ဟု ဆို၏။ ကျွန်ုပ်တို့ဦးစားပေးအရာသည် နေရာမှန်ကန်ပါက၊ ဘုရား၏မေတ္တာတော်ကတိတော်၌ မွေ့လျော်လျက်၊ ယခုပင် ကယ်တင်ခြင်းတွင် "ဇာတိ၌မကိုးစားဘဲ" (ဖိ၊ ၃း၃) နေရပါမည်။

**တနင်္ဂနွေနေ့** **ဖေဖော်ဝါရီလ ၁ ရက်**

**သခင်ဘုရား၌ဝမ်းမြောက်ခြင်း**

**ဖိလိပ္ပိ၊ ၃း၁–၃ ကိုဖတ်ပါ။ မည်သည့်အပြုနှင့် အပျက်သဘောဆောင်သောစကားကို ပေါလုမှဆို၍ မည်သို့ဆက်စပ်နေသနည်း။ ယုံကြည်သူတို့ကို မည်သို့တင်စားထားသနည်း။**

-----------------------------------------

-----------------------------------------

ရှင်ပေါလုသည် အလွန်အပြုသဘောဆောင်သော စကားလုံးများဖြင့် စတင်ခဲ့ပြီး ၎င်း၏စာကို အဆုံးသတ်တော့မည်ဟန်ပင်ရှိနေသည်။ သို့သော်သူသည် အဆုံးမသတ်သေးပါ။ ဤဩဝါဒစာ၏ အဓိကအကြောင်းအရာတစ်ခုဖြစ်သော "သခင်ဘုရား၌ဝမ်းမြောက်ခြင်း" သို့ ပြန်လည်ရောက်ရှိလာသည်။ ထို့အပြင် ထိုသို့ဝမ်းမြောက်ရန် အကြောင်းပြချက်များစွာကို ဤနေရာတွင်သူပေးသွားသည်။ အရေးအကြီးဆုံးမှာ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမဟုတ်ဘဲ ခရစ်တော်၌ ယုံကြည်စိတ်ချမှုရှိရန်ဖြစ်သည်။ "ငါတို့သည် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်ကိုကိုးကွယ်၍၊ ဇာတိ၌ ကိုးစားခြင်းမရှိဘဲ၊ ယေရှုခရစ်၌သာ

ဝါကြွားဝမ်းမြောက်သောသူဖြစ်သည်” (ဖိ၊ ၃း၃)။ ကျွန်ုပ်တို့ထဲမှ မည်သူသည် ဇာတိပကတိကို မှီခိုခြင်းမပြုရန် ခက်ခဲစွာသင်ယူခဲ့ရဖူးသနည်း။

ခိုင်မာသောသတိပေးခြင်း “ရှောင်ကြလော့” (သုံးကြိမ်) သည် အခြားကျမ်းစာအုပ်တွင် မတွေ့ရပါ။ ယခုပေါလုဖော်ပြပေးသောအန္တရာယ်ကို ဖိလိပ္ပိလူတို့မှ ကောင်းစွာနားလည်ထားပေးသည်။ ကွဲပြားသောပြဿနာသုံးခုမဟုတ်ဘဲ သတိပေးစကားတို့သည် မှားယွင်းသောဆရာများအား သုံးမျိုးခွဲ၍ဖော်ပြခြင်းဖြစ်သည်။

ကောက်ကျစ်စဉ်းလဲသော ဘာသာတရားမဲ့သူများကို “ခွေး” ဖြင့် ရည်ညွှန်းကိုးကားထားသည် (ဖိ၊ ၃း၂။ ဆာ၊ ၅၉း၁၀။ မ၊ ၇း၆။ ၂ပေ၊ ၂း၂၁၊ ၂၂)။ မမှန်သောဆရာများသည်လည်း မိမိတို့နှင့်လိုက်ဖက်စွာ မကောင်းသောအကျင့်ကိုကျင့်သူ (ဖိ၊ ၃း၂) သို့မဟုတ် “ကိုယ်အင်္ဂါဖျက်ဆီးသောသူ” စသဖြင့်ဆိုရာတွင်၊ ဂလာတိနှင့် အနီးဝန်းကျင်လူတို့သည် တမန်တော်ကောင်စီ၏ အုပ်ချုပ်ရေးနှင့်ဆန့်ကျင်၍ သာသနာပမှ ယုံကြည်လာသူတို့အား သားမြတ်လှီးခြင်းကို အတင်းအကျပ်ပြုစေ၏ (တ၊ ၁၅)။ ဝိညာဉ်ရေးစိန်ခေါ်မှု၊ မိစ္ဆာတရားတို့အား ဖြေရှင်းနိုင်မည့် ပဟေဠိအဖြေတစ်ခုသည် “ကိုယ်တော်၌ ဝမ်းမြောက်ခြင်း” ပင်ဖြစ်လေ၏ (ဖိ၊ ၃း၁။ ၄း၄)။

အရာခပ်သိမ်း၌ဝမ်းမြောက်ခြင်းသည် ပျော်ရွှင်ခြင်းဖြစ်စေနိုင်သည်။ ဝမ်းမြောက်ပျော်ရွှင်ရန် ဘုရားအလိုရှိတော်မူ၍၊ သူ၏နှုတ်ကပတ်တရားတော်သည်လည်း ထာဝစဉ်ဝမ်းမြောက်ခြင်းအတိဖြစ်လေသည်။ ဤသည်တို့တွင် ကရုဏာတော်ရရှိခြင်း (ဆာ၊ ၃၁း၇)၊ သူ့ကိုသာကိုးစားခြင်း (ဆာ၊ ၅း၁၁)၊ ကယ်တင်တော်မူခြင်းကျေးဇူးအားရရှိခြင်း (ဆာ၊ ၉း၁၄)၊ ထာဝရဘုရား၏ ပညတ်တရားတော်သည် မိမိအသက်တာလမ်းစဉ်ဖြစ်စေခြင်း (ဆာ၊ ၁၉း၁၄)၊ ဥပုသ်နေ့အပါအဝင် (ဟေရှာ၊ ၅၈း၁၃၊ ၁၄)၊ နှုတ်ကပတ်တော်အားယုံကြည်ခြင်း (ဆာ၊ ၁၁၉း၁၆၂)၊ ဖြောင့်မတ်သောသားသမီးများပျိုးထောင်ခြင်း (သု၊ ၂၃း၂၄၊ ၂၅) တို့ဖြစ်ကြသည်။



**အသက်တာတွင် ကောင်းသောအရာများရှိလျက်၊ ခက်ခဲသောအရာများလည်းရှိလိမ့်မည်။ ကောင်းမလာနိုင်သည့်တိုင် သင်သည် မည်သည်ကြောင့်ဝမ်းမြောက်ရမည်နည်း။ မည်သည်က သင့်အား ဟန့်တားနေသနည်း။**

**တနင်္လာနေ့** **ဖေဖော်ဝါရီလ ၂ ရက်**

**ပေါလု၏အတိတ်ဘဝ**

ဖိလိပ္ပိ၊ ၃ တွင် ရှင်ပေါလုကဲ့သို့ပင် ခရစ်ယာန်တို့သည် မိမိတို့ယေရှုအားလက်ခံပြီးနောက်ပိုင်းနှင့် မပြောင်းလဲမီ အတွေ့အကြုံတို့သည် အလားတူခြင်းရှိကြပါသည်။ သို့ပါလျက် မှန်သည်မှားသည်မဆိုဘဲနှင့်၊ ကျွန်ုပ်တို့သည် ခရစ်ယာန်မဟုတ်သောသူတို့ကိုပင် “လူကောင်း” ဟု ခေါ်ဆိုတတ်ရာ၊ လောကစံနှုန်းအနေနှင့်တော့ ဟုတ်မှန်ပါသည်။ သို့သော် ထာဝရဘုရား၏စံနှုန်းအရ၊ ခရစ်ယာန်ဟုတ်၊ မဟုတ်လူကောင်းမရှိပါ။

**ဖိလိပ္ပိ၊ ၃း၄–၆ တွင် ပေါလုသည် တစ်ချိန်တစ်ခါက သူကြွားဝါခဲ့ရသောအရာများစွာကို ဖော်ပြသည်။ မည်သည်တို့နည်း။ သင့်အတိတ်၊ ပစ္စုပ္ပန်ဘဝတွင် “ကောင်း” သောအရာများကို မည်သို့ဖော်ပြမည်နည်း။**

---------------------------------------

---------------------------------------

ရှင်ပေါလုသည် မှားယွင်းသောအယူဝါဒကို ဖြန့်ဝေနေသောယုံကြည်သူယုဒများနှင့်၊ အရေဖျားလှီးခြင်းကဲ့သို့သော လူ့လုပ်ဆောင်ချက်များကို အားကိုးခြင်းမရှိဘဲ (ဟေဗြဲ၊ ၆း၁၊ ၉း၁၄ ကိုကြည့်ပါ။ ရောမ၊ ၂း၂၅–၂၉) နှင့် နှိုင်းယှဉ်ပါ။ မိမိကယ်တင်ခြင်းအတွက် ခရစ်တော်ကိုသာ အပြည့်အဝအားကိုးသောယုံကြည်သူများအကြား ကွာခြားမှုတစ်ခုကို ဖော်ပြခဲ့သည်။ ပေါလု၏အတိတ်ဘဝနှင့်မျိုးရိုးသည် သူ၏လူမျိုးချင်းယုဒများအတွက် အလွန်အထင်ကြီးစရာကောင်းသော်လည်း ဤအရာများသည် သူ၏ကယ်တင်ခြင်းအတွက်

မည်သည့်အရာမျှ အထောက်အကူမပြုခဲ့ပါ။ အမှန်စင်စစ်၊ ဤအရာများသည် သူ့အားခရစ်တော်ကို မမြင်နိုင်အောင်ဟန့်တားခဲ့သည်။

ရှင်ပေါလုသည် အရေဖြားလှီးသည်သာမက၊ "ရှစ်ရက်မြောက်သမား" ဖြစ်ရာ၊ အနက်ကား ဇာတိအားဖြင့် ဣသရေလလူသားဖြစ်၍ ပဋိညာဉ်လူသားအဖြစ် ရှစ်ရက်မြောက်နေ့တွင် အရေဖြားလှီးခြင်းမင်္ဂလာခံယူခဲ့သူဖြစ်သည်။ သည်တင်မက၊ ဣသရေလတွင် အရေးအကြီးဆုံးမျိုးအချို့ကိုပင် ပိုင်ဆိုင်သော ဗယ်္ဟာမိန်နွယ်ဖွားပင်ဖြစ်သည်။ ပေါလုသည် ဟေဗြဲဘာသာတတ်မြောက်ရုံမက၊ ဆရာကြီးဂါမေလျေ၏တပည့် (တ၊ ၂၂း၃။ ၂၆း၄၊ ၅) နှင့်၊ ဖာရိရှဲအဖွဲ့ဝင်ပင်ဖြစ်၍ ပညတ်တော်အား မိရိုးဖလာအဖြစ် စေ့စေ့ငှငှသိကျွမ်းသူ၊ အသုံးပြုသူဖြစ်သည်။

ရှင်ပေါလုသည် ပညတ်တော်၌ အလွန်စိတ်အားထက်သန်သဖြင့်၊ ပညတ်တရားမှ လမ်းညွှန်ထားသောဂျူးလူနေမှုအစဉ်အလာအား ခြိမ်းခြောက်နေသောအသင်းတော်ကို စတင်ရန်ပြုညှဉ်းဆဲနေတော့၏။ ထိုလူနေမှုအစဉ်အလာကို ပညတ်တရားက သတ်မှတ်ပေးသည်ဟု သူယူဆခဲ့သည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ရှင်ပေါလုသည် လူတို့စီမံသတ်မှတ်ထားသော ဖြောင့်မတ်ခြင်းတရားအရ "အပြစ်ကင်းသော" သူဖြစ်သော်လည်း၊ ပညတ်တရားသည် သူမျှော်လင့်ထားသည်ထက် ပို၍နက်ရှိုင်းကြောင်း၊ ခရစ်တော်အားဖြင့်သာ မဟုတ်လျှင် ထိုပညတ်တရားရှေ့တွင် သူသည် အပြစ်စီရင်ခြင်းခံရသူဖြစ်ကြောင်း နားလည်သဘောပေါက်လာခဲ့သည်။

**ရောမ၊ ၇း၇–၁၂ နှင့် မ၊ ၅း၂၁၊ ၂၂၊ ၂၇၊ ၂၈ တို့ကိုယှဉ်ဖတ်ပါ။ ဖြောင့်မတ်ခြင်း၏တစ်ခုတည်းသောဇစ်မြစ်ဖြစ်သည့် ပညတ်တော်အစား "ယေရှု၌ယုံကြည်ခြင်း" သည် မည်သို့ဖြစ်သည်ကို ယေရှုကိုယ်တော်တိုင်နှင့် ရှင်ပေါလုသည် မည်သို့ညွှန်ပြထားကြသနည်း (ဖိ၊ ၃း၉)။ ပညတ်တော်စောင့်ရှောက်ရာတွင် ယေရှုမှာကြားတော်မူသည်အတိုင်း စောင့်ရှောက်ပါရဲ့လား။**



**အင်္ဂါနေ့** **ဖေဖော်ဝါရီလ ၃ ရက်**

## အရေးကြီးသောအရာများ

ယမန်နေ့၏သင်ခန်းစာသည် ရှင်ပေါလုမှ အရေးပေးကြွားဝါခဲ့ရသောအရာတို့သည် လက်တွေ့၌ ခရစ်တော်အားလိုအပ်နေခြင်းကို မျက်စိဖုံးပေးကာ ယုံကြည်နိုင်ခြင်းကို တားဆီးထားခြင်းသာဖြစ်သည်ကို ဖော်ပြသွားသည်။ ပေါလုသည် ကုန်သွယ်စကားအမြတ်နှင့်အရှုံးကိုပင် အသုံးပြု၍ သူ၏ယခင်ယုံကြည်ခြင်း၌ ဝိညာဉ်ရေးစာရင်းကို ဖော်ပြသွားသည်။ ကျွန်ုပ်တို့သည် ဤသည်တို့အား စိတ်ဝင်စားခြင်းမရှိသည်တိုင် လူတစ်ဦးစီသည် မိမိ၏ "ဝိညာဉ်ရေးစာရင်း" ရှိကြသည်။ ယခင်က ပေါလု၏စာရင်းသည် ယေရှုမှသွန်သင်ထားသောကျမ်းစာအားဖြင့်မဟုတ်ဘဲ၊ ထိုခေတ်ဂျူးတို့၏ တန်ဖိုးထားမှုအားဖြင့်သာ တိုင်းတာခဲ့လေသည်။

သူပြောင်းလဲပြီးနောက်တွင် သူ၏ "ဝိညာဉ်ရေးစာရင်း" တန်ဖိုးထားသောအရာသည် သိသိသာသာပြောင်းလဲသွား၍ "ဂျူးဘာသာငွေကြေး" မှသည် "ကောင်းကင်ငွေကြေး" သို့ပြောင်းလဲသွား၏။

"ကောင်းကင်မှဆင်းသက်လာသူသည် ကောင်းကင်ရေးရာပြောဆို၍၊ သူ၏ရုပ်ပုံကိုပင် ရိုက်နှိပ်ထားသော ကောင်းကင်၏ငွေကြေးအကြောင်းအား ဟုတ်မှတ်စွာပြောဆို၏။ အောက်တန်းကျဆင်းရဲနွမ်းပါးသောသူတို့အား ချီးမြှောက်ကာ မိမိ၏ရာဇပလ္လင်အနားတွင်ပင် နေရာချပေးရမည့်အလုပ်သည် အန္တရာယ်များသည်ကို သူသိသည်။ ထိုအန္တရာယ်များသောအလဟသလူတို့အား သူတို့အပေါ်အရေးတကြီးကျရောက်လာသောအန္တရာယ်ကိုပင် သဒ္ဒါကြည်လင်စွာဖော်ပြပေး၏။ အနတ္တသက်သက်ဖြစ်သောအရာများအားဖြင့် မိမိတို့၏အချိန်၊ စွမ်းရည်၊ အခွင့်လမ်းများအား မဖြုန်းတီးစေရန် သူတို့၏စိတ်နှလုံးကို လောကအရာများမှ ကောင်းကင်အရာများသို့ ပို့ဆောင်ပေးလိုသည်။" - Ellen G. White, The Advent Review and Sabbath Herald, July 1, 1890.

ပထမရာစုက ဂျူးဘာသာလောကတွင် ပေါလုသည် လျင်မြန်စွာကြယ်တစ်ပွင့်ပင်ဖြစ်လာရာ၊ ထိုမှ ဒမာသက်သို့ လမ်းခရီး၌ ယေရှု၏ဘုန်း

ထင်ရှားခြင်းဖြင့် မျက်ကန်းခြင်းသို့ပင် ရောက်ရှိသွားခဲ့၍ (တ၊ ၉)၊ သူ၏ ဝိညာဉ်ရေးအမြင်ပွင့်လာကာ၊ ပွင့်လင်းစွာပင်မြင်ရတော့သည်။

**ယောဟန်၊ ၉ တွင်လည်း မျက်စိကန်း၍ ယေရှုအား ရှင်းလင်းစွာ မြင်ခဲ့ရသူတစ်ဦးရှိခဲ့သည်။ ယေရှုက "မျက်စိမမြင်သောသူသည် မြင်စေခြင်းငှာလည်းကောင်း၊ မြင်သောသူသည် မျက်စိကန်းခြင်းငှာ လည်းကောင်း" (ယောဟန်၊ ၉း၃၉) ဤလောကသို့ငါလာသည်ဟုဆို၏။ ဤဥပဒေသသည် သင့်ဘဝအပေါ်မည်သို့သက်ရောက်သနည်း။**

----------------------------------------

----------------------------------------

ကောင်းကင်နှင့်မြေကြီးသစ်တို့၏ ထာဝရအသက်ထက် သာ၍မြတ်သည့်အရာမည်သည်နည်း။ လောကမှတန်ဖိုးထားသောအရာတို့သည် မျက်စိကိုပင်ကန်းစေ၏။ ဤလောက၏တန်ဖိုးထားသောအရာများ (မ၊ ၁၃း၂၂။ လု၊ ၄း၅၊ ၆။ ၁ယော၊ ၂း၁၆) နှင့် ကောင်းကင်မှတန်ဖိုးထားသောအရာများဖြစ်သည့် ခရစ်တော်နှင့်တူညီခြင်း၊ ဝိညာဉ်ကယ်တင်ခြင်းတို့သည် အပြိုင်ရှိနေကြသည်။

**ဝိညာဉ်ရေးသမ္မာတရားနှင့် အခြားအရေးကြီးသောအရာများကို မမြင်စေရန် လောကမှမျက်စိကန်းစေတတ်သည်။ အမှန်တကယ် အရေးပါသောအရာများသို့ မိမိတို့၏မျက်စိမှ ဗဟိုပြုစေနိုင်သောသော့ချက်သည် မည်သည်နည်း။**

**ဗုဒ္ဓဟူးနေ့ ဖေဖော်ဝါရီလ ၄ ရက်**

**ခရစ်တော်၏ယုံကြည်ခြင်း**

ရှင်ပေါလု၏လိုရင်းကိုတော့ လွဲ၍မဖြစ်ပါ။ ဒမာသက်လမ်းခရီး၌ သူ၏အံ့ဖွယ်လှဲလှယ်သောအတွေ့အကြုံသည် ပညတ်တော်အခြေခံသောအသက်တာ



၌ ခရစ်တော်ကိန်းစေတော်မူခြင်းဖြစ်၍ "ခရစ်တော်ကို အမြတ်ရပြီး ထိုသခင်၌တည်ပါမည်အကြောင်း" (ဖိ၊ ၃း၈၊ ၉) ဟု ဆို၏။

**"ထိုသခင်၌တည်ခြင်း" သည် အရေးပါလှသည်။ ဧဖက်၊ ၁း၄။ ၂ကော၊ ၅း၂၁။ ဂလာတိ၊ ၂း၂၀ တို့ကိုဖတ်ပါ။ ကျမ်းချက်များအရ ပေါလုသည် မည်သည့်အတွေးအခေါ်ရှိသည်ဟု သင်ထင်သနည်း။**

----------------------------------------

----------------------------------------

ပေါလု၏စကား "ခရစ်တော်၌တည်ခြင်း" ကို ကျယ်ပြန့်စွာဆွေးနွေးကြပါသည်။ ထုချေလွှာသည်လည်း ပေါလုကပင် ပေးထားပြီးဖြစ်သည်။ "ထိုနက်နဲသောအရာဟူမူကား ကာလအချိန်စေ့စုံခြင်း၏သာသနာတွင် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိရှိသမျှတို့ကိုပေါင်း၍ ခရစ်တော်၌ချုပ်ချာစေလိမ့်သတည်း" (ဧဖက်၊ ၁း၁၀)။ အစအဦးတည်းက ထာဝရဘုရားကြံရွယ်ခဲ့ပြီးဖြစ်သည်။ ၎င်းဖြစ်စဉ်ကိုပင် ပေါလုမှရှင်းပြထားပြန်၏။ "ဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌တည်နေကြ၏။ ထိုသခင်သည် ဘုရားသခင်စီရင်တော်မူသည်အတိုင်း ငါတို့၌ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနုတ်ခြင်းဖြစ်တော်မူ၏" (၁ကော၊ ၁း၃၀)။

"ခရစ်တော်၌တည်ခြင်း" ဖြင့် ကယ်တင်ခြင်းနှင့်ဆိုင်သော အရာခပ်သိမ်းကို လွှမ်းခြုံပေးသည်။ ဝိညာဉ်ရေးအသိဉာဏ်စတင်ရရှိခြင်း (ပညာ)၊ ယုံကြည်ခြင်းဖြင့်ဖြောင့်မတ်ခြင်း (ဖြောင့်မတ်ခြင်း)၊ ကောင်းကင်အတွက်ပြင်ဆင်ခြင်း (သန့်ရှင်းခြင်း) နှင့် နောက်ဆုံးတွင် ဒုတိယအကြိမ်ကြွလာချိန်တွင် ဘုန်းတော်ဝင်စားခြင်း (ရွေးနုတ်ခြင်း) တို့ဖြစ်သည်။ ကယ်တင်ခြင်းဟူသည် ကျွန်ုပ်တို့အတွက် အစဦးမှ အဆုံးထိတိုင် ခရစ်တော်၏လုပ်ငန်းစဉ်ဖြစ်သည်။ သို့ဖြစ်၍ "ခရစ်တော်၌တည်ခြင်း" ဖြင့် မိမိတို့လိုအပ်သည်များကို ပိုင်ဆိုင်နိုင်၏။

**ဖိလိပ္ပိ၊ ၃း၉ ကိုဖတ်ပါ။ ပေါလုသည် မည်သည့်အရာနှစ်ခုယှဉ်ပြသဖြင့်၊ အမြဲနှလုံးသွင်းရန် အဘယ်ကြောင့်အရေးကြီးသနည်း။**

---------------------------------------

---------------------------------------

ရှင်ပေါလုသည် မိမိမှုပိုင်ဖြောင့်မတ်ခြင်းသည် စစ်မှန်သောဖြောင့်မတ်ခြင်းမဟုတ်ကြောင်း၊ ပညတ်တရားသည် အသက်မပေးနိုင်ကြောင်း၊ ယုံကြည်ခြင်းဖြင့် ခရစ်တော်ကြောင့်သာဖြစ်ကြောင်း သတိပြုမိကာ (ဂလာတိ၊ ၃း၂၁၊ ၂၂) သည်။ ယုံကြည်ခြင်းအားလုံးကို မဆိုလိုပါ။ နတ်ဆိုးတို့ပင်လျှင် ယုံကြည်၍ ကြောက်ရွံ့တုန်လှုပ်ကြ၏ (ယာကုပ်၊ ၂း၁၉)။ ကယ်တင်သောယုံကြည်ခြင်းသည် "ခရစ်တော်၏ယုံကြည်ခြင်း" (ဗျာ၊ ၁၄း၁၂) ဖြစ်သည်။ သူ၏ယုံကြည်ခြင်းသည်သာ စုံလင်စွာနာခံနိုင်ခဲ့ပြီး၏ (ဂရိဘာသာ၌ ယုံကြည်ခြင်းသည် pistis ဖြစ်၍ သစ္စာစောင့်သိခြင်းအနက်ရှိ၏)။

မိမိတို့သည် "ခရစ်တော်၌တည်" ပါက သူသည် မိမိတို့၌တည်၍ (ဂလာတိ၊ ၂း၂၀) သူ၏ယုံကြည်ခြင်း၌တည်သော မိမိတို့၏ယုံကြည်ခြင်းဖြင့် အသက်ရှင်ရလိမ့်မည်။

**ကြာသပတေးနေ့** **ဖေဖော်ဝါရီလ ၅ ရက်**

**တစ်ခုတည်းသာ–ယေရှုအားသိကျွမ်းခြင်း**

**ဖိလိပ္ပိ၊ ၃း၁၀–၁၆ ကိုဖတ်ပါ။ ဤကျမ်းချက်တွင် ပေါလုသည် မည်သည်တို့ကိုအရေးထားသနည်း။**

---------------------------------------

---------------------------------------

ခရစ်တော်အားသိကျွမ်းခြင်းထက် အရေးပါသောအရာမရှိပါ။ ခရစ်တော်သည် ကျွန်ုပ်တို့ကိုသိကျွမ်း၍ အဆုံးတွင် ခမည်းတော်ရှေ့မှောက်၌ ကျွန်ုပ်တို့အား အာမခံချက်ပေးမည် (မ၊ ၂၁–၂၃။ မ၊ ၁၀း၃၂–၃၃)။ သူ့အား



မည်သို့သိကျွမ်းသနည်း။ သူ၏နှုတ်ကပတ်တရားတော်များဖတ်ရှု၍ ထိုနှုတ်ကပတ်အတိုင်းရှင်သန်ခြင်းဖြင့် သိကျွမ်းသည်။ တပည့်တော်များနည်းတူ မျက်နှာခြင်းဆိုင်မဆုံတွေ့ရပါ။ ထိုသို့သိကျွမ်းနေသည်တိုင် ခရစ်တော်၏နှုတ်ကပတ်တော်တို့ကို အပြည့်အဝနားမလည်ခဲ့ကြပါ။ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြခြင်းအား အရေးထားရန်ပင် မေ့လျော့နေကြသည် (ယော၊ ၁၆း၁၃)။ "ရှင်ပြန်ထမြောက်ခြင်းတန်ခိုး" (ဖိ၊ ၃း၁၀) ကိုကြုံတွေ့ရပြီးနောက် "အသစ်သောအသက်တာ၌" (ရောမ၊ ၆း၄) ကျင်လည်စေသည်။

ယေရှုနှင့်သာ၍နီးစေနိုင်သော ဒုတိယနည်းလမ်းသည် "ကိုယ်တော်၏ဒုက္ခဝေဒနာခံတော်မူခြင်း၌ ဆက်ဆံမျှဝေခံခြင်း' (ဖိ၊ ၃း၁၀) ဖြစ်သည်။ ကျွန်ုပ်တို့ရင်ဆိုင်ရသမျှစုံစမ်းခြင်း၊ ကြုံတွေ့ရသောနာကျင်မှုတို့သည် မိမိတို့အတွက် ယေရှုခံစားခဲ့သမျှကိုသိကျွမ်းခြင်း၊ လက်ခံခြင်းပြုစေ၍ သူနှင့်သူ့အလိုတော်အား သိနားလည်စေပါသည်။

သာ၍နီးစေနိုင်သောတတိယနည်းလမ်းသည် "ပန်းတိုင်သို့" အားသွန်ခွန်စိုက်ပြေးခြင်း (ဖိ၊ ၃း၁၄) ဖြစ်သည်။ ထိုပန်းတိုင်သည် အဘယ်နည်း။ ဓမ္မသစ်ကျမ်းတွင် တစ်ကြိမ်သာပါလာသော (skopos) ဖြစ်သည်။ ၎င်းသည် အပြေးသမားများ၏တာဆုံးမျဉ်းဖြစ်၍ အောင်နိုင်သူသည် ဆုလာဘ်ဆွတ်ခူးရသည်။ ရှင်ပေါလုသည် "အထက်မှ ဘုရားသခင်ခေါ်တော်မူခြင်းနှင့်ဆိုင်သောဆု" (ဖိ၊ ၃း၁၄) ဟု သမုတ်ထားသည်။ ခရစ်တော်သည် သူ၏သေခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကောင်းကင်သို့တက်ကြွသွားသည်နည်းတူ၊ ဘုရားသခင်သည် အလားတူသောကောင်းကင်ဆုလာဘ်–ထာဝရအသက်အားဆွတ်ခူးရန် ကျွန်ုပ်တို့ကိုဖိတ်ခေါ်တော်မူသည်။

ထိုသို့ကျွန်ုပ်တို့မအောင်မြင်သေးပါ။ ကျွန်ုပ်၏ "ယုတ်ညံ့သော" ခန္ဓာကိုယ်သည် "ပုံသဏ္ဌာန်ပြောင်းလဲ၍ ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏နည်းတူ အသစ်ပြင်ဆင်တော်မူခြင်း" (ဖိ၊ ၃း၂၁) မတိုင်မီ၊ မိမိတို့သည်

အဆုံးစွန်ပြည့်စုံလင်မည်မဟုတ်။ သူ့အားသိရှိခြင်း၊ မိမိအသက်တာတွင် နေ့စဉ်သူ့ကိုခေါ်ဖိတ်ခြင်းတို့ဖြင့် ယေရှု၏လမ်းစဉ်အတိုင်း ပန်းတိုင်သို့ပြေးရပါမည်။ ဤသည်မှာ ပေါလုမှဗဟိုပြုသောအရာတစ်ခုပင်ဖြစ်သည်။ အပြေးပြိုင်ပွဲဝင်ပြေးရာတွင် (၁ကော၊ ၉း၂၄–၂၇) မိမိဘယ်နေရာရောက်နေ၍ မည်သူကလိုက်လာသည်ကို ဂရုပြုမနေပါ။ မိမိ၏တစ်ခုတည်းသောအာရုံသည် အရှေ့၌ စောင့်ဆိုင်းနေသောကောင်းကင်ဆုလာဘ်ဖြစ်သည်။ ပြင်းထန်သောသရုပ်ပြခြင်း၊ အပြေးသမားတစ်ဦး၏ပန်းတိုင်သို့ အာရုံပြုခြင်းသည်၊ တာဆုံးမျဉ်းသို့ရောက်နိုင်ရန် မိမိ၌ရှိသမျှသောခွန်အားဖြင့် အားစိုက်စေခြင်းသာဖြစ်သည်။

**သခင်နှင့်တွဲလျက်သွားရာတွင် အထူးသဖြင့် မိမိအပြစ်နှင့် အမှားများအား နောက်လှည့်မကြည့်ဘဲ၊ ခရစ်တော်၌ ကတိပြုထားသော အရာများအားဖြင့် ရှေ့သို့ကြည့်နေခြင်းသည် အဘယ်ကြောင့်အရေးကြီး သနည်း။**

**သောကြာနေ့ ဖေဖော်ဝါရီလ ၆ ရက်**

**ဆက်လက်လေ့လာရန်။**

"သန့်စွမ်း၍ ခရစ်ယာန်အသက်တာနှင့် အချိုးညီမျှသောစာရိတ္တသည် အကုန်စွန့်လွှတ်၍ ခရစ်တော်အတွက် အကုန်ပြုလုပ်လိမ့်မည်။ ရွေးနုတ်ရှင်သည် နှစ်ခွဖြစ်ခြင်းကို လက်ခံမည်မဟုတ်။ မိမိကိုယ်ကို လုံးဝဆက်ကပ်ခြင်းကို နေ့စဉ်သင်ယူရပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အနက်ကိုလေ့လာ၍ ပညတ်ချက်တို့ကို နားထောင်ရပါမည်။ ခရစ်ယာန်တို့၏အကောင်းဆုံးစံချိန်ကိုလည်း လက်လှမ်းမီရပါမည်။ ဘုရားသခင်သည် သူနှင့်လုပ်ဆောင်၍ နောက်ဆုံးစုံစမ်းခြင်းတွင် ရပ်တည်နိုင်ရန် စုံလင်စေတော်မူသည်။ ဧဝံဂေလိတရားသည် ကျဆုံးသောလူသားတို့အတွက် ပြုလုပ်ပေးသောအရာများကို ယုံကြည်သူသည် လူတို့နှင့်ကောင်းကင်တမန်တို့ရှေ့တွင် နေ့စဉ်အံ့ဖွယ်ကောင်း





လောက်အောင် လက်တွေ့ပြုလုပ်နေကြသည်။" – Ellen G. White, The Acts of the Apostles, p. 483.

"သတို့သားကြွလာခြင်းကို စောင့်နေသူတို့သည် လူတို့အား သခင်ဘုရားကိုကြည့်ရှုလော့ဟု ပြောပြရပါလိမ့်မည်။ နောက်ဆုံးကရုဏာအလင်း၊ နောက်ဆုံးကရုဏာသတင်းကို လောကသို့ပေးပို့ရခြင်းသည် မေတ္တာတော်၏ ဝိသေသလက္ခဏာကို ဖော်ပြခြင်းဖြစ်သည်။ ဘုရားသခင်၏သားသမီးတို့သည် သူတို့အတွက် ကရုဏာအားဖြင့် ပြုလုပ်ပေးသောအရာကို ဖော်ပြခြင်းဖြင့် ဘုန်းတော်ကိုထင်ရှားစေရပါမည်။ ဖြောင့်မတ်ခြင်း၏နေသည် ကောင်းသောစာရိတ္တအပေါ်သို့ ထွန်းလင်း၏။" – Ellen G. White, Christ's Object Lessons, p. 415, 416.

**ဆွေးနွေးရန်မေးခွန်းများ။**

**၁။ သခင်ဘုရား၌ ဝမ်းမြောက်လော့ဟူသည်ကို စိတ်သိမှီးထားပါ။ သင်၏စုံစမ်းနှောင့်ယှက်ခြင်းတွင် ဝမ်းမြောက်ရန်မဟုတ်ဘဲ သခင်ဘုရား၌သာဖြစ်သည်ကို သတိပြုပါ။ မိမိတို့အရှေ့တွင် သခင်ဘုရား၏ကောင်းမြတ်ခြင်း၊ တန်ခိုးတော်၊ မေတ္တာတော်နှင့် ကယ်တင်ခြင်းကိုတည်စေရန် အဘယ်ကြောင့်အရေးကြီးသနည်း။ ဘဝတွင် မဖြစ်မနေကြုံရမည့်စုံစမ်းခြင်းများကြား မိမိအတွက် အကျိုးရှိသောအရာကို မည်သို့ပြုလုပ်သနည်း။**

**၂။ အထက်ကအဆိုပြုခြင်းသည် မိမိတို့ခရစ်ယာန်တို့အား "ကောင်းမြတ်သောအလုပ်" ကိုပြုလုပ်စေခြင်းဖြစ်သည်ကို သတိပြုပါ။ မကြာမီကြွလာမည့်ခရစ်တော်အား ရှေးရှုရာတွင် ဤလုပ်ဆောင်ခြင်းသည် အဘယ်ကြောင့်အရေးကြီးသနည်း။ မိမိတို့၏ကောင်းမှုကုသိုလ်**

အားဖြင့် ကယ်တင်ခြင်းသို့မရောက်နိုင်သည့်တိုင် ၎င်းတို့မရှိဘဲလျက် ကယ်တင်ခြင်းသို့ရောက်နိုင်မည်လော။

၃။ ဇာတိပကတိအပေါ်မရပ်တည်နိုင်သည့် ဤအတွေးအခေါ်ကို စိတ်သိမှီးပါ။ မည်သည့်အနက်ရှိသနည်း။ မည်သည်ကြောင့် ၎င်း၌မရပ်တည်ရသနည်း။ မိမိတို့ဇာတိပကတိသည် ထာဝရဘုရား၏ဆုလာဘ်မဟုတ်ပေဘူးလား။

–o–



## သင်ခန်းစာ (၇)

# ကောင်းကင်နိုင်ငံသားတစ်ဦး

### ဖေဖော်ဝါရီလ ၇ – ၁၃

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဖေဖော်ဝါရီလ ၇ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ဖိ၊ ၃း၁၇–၄း၂၃။ ၁ကော၊ ၁၅း၄၂–၄၄။ ယောဟန်၊ ၁၄း၂၇။ ဆာ၊ ၁၁၉း၁၆၅။ ယောဘ၊ ၁း၂၁။ ၁တိ၊ ၆း၇။

**အလွတ်ကျမ်းချက်**

**"အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ၊ အရာရာ၌ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပတ္ထနာပြုသောအားဖြင့်၊ သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့" (ဖိလိပ္ပိ၊ ၄း၆)။**

ဤအပတ်သင်ခန်းစာသည် ဖိလိပ္ပိသြဝါဒစာအား ကျွန်ုပ်တို့လေ့လာခြင်း၏အဆုံးသတ်ဖြစ်ပြီး၊ နေ့စဉ်ဘဝအတွက် အဖိုးတန်သင်ခန်းစာများနှင့် အဆုံးအမများဖြင့် ပြည့်နှက်နေပါသည်။ တမန်တော်ရှင်ပေါလု၏ဘဝကို လမ်းညွှန်ခဲ့သော မြင့်မြတ်သည့်ကိုယ်ကျင့်တရားအများစုသည် ဤသြဝါဒစာ၏ နိဂုံးပိုင်းကျမ်းပိုဒ်များတွင် တွေ့ရှိရသည်။ ယေရှုခရစ်၏သွန်သင်ချက်များသည် လူ၏အတွင်းစိတ်နှလုံးကို အာရုံစိုက်သကဲ့သို့၊ ကျွန်ုပ်တို့အား ရှင်ပေါလုမှရေးသားခဲ့သည်များမှာလည်း ဝမ်းမြောက်ရွှင်လန်းသော ခရစ်ယာန်ဘဝဖြတ်သန်းခြင်းဆိုင်ရာ လျှို့ဝှက်ချက်များပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့မျှော်လင့်ထားသည့်အတိုင်း အရာရာမဖြစ်မြောက်သည့်အခါ (ထိုသို့ဖြစ်ရခြင်းသည် ကျွန်ုပ်တို့မျှော်လင့်ထားသည်ထက်ပို၍ မကြာခဏဖြစ်

တတ်သည်) စိုးရိမ်ထိတ်လန့်ခြင်း သို့မဟုတ် စိတ်ဓာတ်ကျခြင်းမရှိရပါ။ ထိုသို့မဟုတ်ဘဲ၊ ဘဝ၏စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် စိတ်ခွန်အားရှာဖွေရာတွင် ကူညီမည့်အခြေခံမှုများရှိပါသည်။ ထိုသို့အားဖြင့် ဘုရားသခင်သာ ပေးနိုင်သော တည်ငြိမ်တည်မြဲသည့်ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့ခံစားရရှိနိုင်သည်။ ပစ္စုပ္ပန်နှင့် အနာဂတ်သည် သူ၏လက်တော်ထဲတွင်ရှိပြီး၊ ကျွန်ုပ်တို့လိုအပ်သမျှကို သူပြင်ဆင်ပေးတော်မူမည်။

အရေးအကြီးဆုံးမှာ ကျွန်ုပ်တို့သည် မကြာခဏကျွန်ုပ်တို့ကိုစိတ်ပျက်စေသောမြေကြီးပေါ်ရှိ အစိုးရစနစ်များတွင် မျှော်လင့်ချက်ထားရန်မလိုအပ်ပါ။ ခရစ်ယာန်များအနေဖြင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကောင်းကင်နိုင်ငံတော်၏ နိုင်ငံသားများဖြစ်ကြသည်။ ထိုနိုင်ငံသားဖြစ်ခြင်းနှင့်အတူ အံ့ဖွယ်သောအခွင့်ထူးများရောက်လာသည်။ ထို့အတူ တာဝန်ဝတ္တရားများလည်းရှိသည်။

**တနင်္ဂနွေနေ့** **ဖေဖော်ဝါရီလ ၈ ရက်**

## စံပြပုဂ္ဂိုလ်များ

လူတိုင်းတွင် တစ်ချိန်ချိန် မိမိအထင်ကြီး၍ အတုယူလိုသောသူရှိတတ်သည်။ ကလေးများအတွက် ကောင်းသောစံပြပုဂ္ဂိုလ်သည် အထူးအရေးကြီး၏။ အကောင်းဆုံးမှာ ၎င်းတို့၏မိဘပင်ဖြစ်သင့်၏။ ၎င်းတို့ကြီးထွားလာရာတွင် အခြားသောစံပြပုဂ္ဂိုလ်များတွေ့ရှိတတ်သည်။ မိမိတို့၏အသက်မွေးလုပ်ငန်းရွေးချယ်ရာတွင်လည်းကောင်း၊ အတ္ထုပ္ပတ္တိအား ဖတ်မိရာမှလည်းကောင်းဖြစ်နိုင်ပါသည်။ ကျမ်းစာထဲမှ စိန်ခေါ်မှုများရင်ဆိုင်ရသော ဇာတ်ဆောင်တစ်ဦးဦးအကြောင်း သင်ယူရာမှ မိမိတို့၏ဘဝအတွေ့အကြုံနှင့် ယှဉ်လိုက်ခြင်းဖြင့်လည်းဖြစ်နိုင်သည်။

ယခုအခါ၌ မီဒီယာများတွင် မကောင်းသောစံနမူနာယူဖွယ်ရာများပေါများလျက်ရှိရာ၊ ဤအခြေအနေမှာ ဝမ်းနည်းဖွယ်ရာကောင်းလှပါသည်။ ကျော်ကြားသူများ၏အကျင့်စာရိတ္တချို့ယွင်းမှုများနှင့် စိတ်ရှုပ်ထွေးဖွယ်ရာဘဝ



အကြောင်းအရာများကို ချဲ့ကားဖော်ပြကာ စာဖတ်ပရိသတ်၏အာရုံစိုက်မှုကို ဆွဲဆောင်ရန် ရည်ရွယ်သည့်သတင်းများသည် ကျွန်ုပ်တို့အားဝန်းရံလျက်ရှိသည်။ ဖိလိပ္ပိမြို့ရှိ ရှင်ပေါလု၏စာဖတ်ပရိတ်သတ်တို့သည် အင်တာနက်ခေတ်နှင့် မကြုံတွေ့ရသော်လည်း၊ ဆင်တူယိုးမှားစိန်ခေါ်မှုများကို ရင်ဆိုင်ခဲ့ကြရပေသည်။

အမှန်စင်စစ်အားဖြင့် ရှင်ပေါလုနေထိုင်ခဲ့ရသော ကမ္ဘာလောကသည် ယခုခေတ်အခါကဲ့သို့ပင် အလွန်အမင်းဖောက်ပြန်ပျက်စီးလျက်၊ ကိုယ်ကျင့်တရားယုတ်ညံ့ပြီး ဆိုးယုတ်မှုများပြည့်နှက်နေခဲ့ပါသည်။ ဤကမ္ဘာလောက၌ ဆိုးယုတ်မှုများသည် ရှေးအခါကတည်းကအမြဲရှိခဲ့ပြီး၊ အနည်းဆုံး ဤကမ္ဘာကုန်ဆုံးသည့်တိုင် အဆက်မပြတ်တည်ရှိနေဦးမည်သာဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွက် ဤသို့သောဆိုးယုတ်မှုများကို မည်သို့တုံ့ပြန်ရမည်ဟူသော မေးခွန်းသာလျှင် အရေးကြီးဆုံးဖြစ်နေပေသည်။

**ဖိလိပ္ပိ၊ ၃း၁၇–၁၉ ကိုဖတ်ပါ။ ဤနေရာတွင် ကောင်းသောစံပြပုဂ္ဂိုလ်နှင့် ဆိုးသောစံပြပုဂ္ဂိုလ်များအား မည်သို့ဖော်ပြထားသနည်း။ ထိုနှစ်ခုတို့၏စပ်ကြားကို မည်သို့ခွဲခြားနိုင်မည်နည်း။**

----------------------------------------

----------------------------------------

ရှင်ပေါလုမှ သဘောမတူရသောသူ၊ ချစ်မြတ်နိုး၍ မျက်ရည်ကျရသောသူတို့အား မမေ့ကောင်းပါ။ ထိုသူတို့အား ငါ၏ရန်သူများဟုမဆိုဘဲ "ခရစ်တော်၏လက်ဝါးကပ်တိုင်ကို ရန်ဘက်ပြုသူများ" (ဖိ၊ ၃း၁၈) ဟုသာခေါ်ဆို၏။ ပေါလုသည် သာ၍ကျယ်ပြန့်သောအကြောင်းအရာဖော်ပြလာရာ လက်ဝါးကပ်တိုင်သည် ပိုင်းခြားလျက်ရှိသောအုတ်တံတိုင်းနံရံအား ဖြိုဖျက်၍ တူညီသောသူများဖြစ်စေရာ အပြစ်သားတို့သည် ကယ်တင်ရှင်လိုအပ်နေကြောင်း ဖော်ပြသွားသည် (ဧဖက်၊ ၂း၁၁–၁၄)။

ရှင်ပေါလုမှ ဖိလိပ္ပိလူတို့ကို ဆိုးသောသူမဟုတ်၊ ကောင်းသောသူတို့အားအတုယူရန် တိုက်တွန်းခြင်းကို ကျော်မသွားသင့်ပါ။ သူ့အသက်တာနှင့်

အသွင်တူသူများတို့အား ကောင်းမွန်စွာဂရုပြုရမည်ဆိုသည်။ သူသည် ရောမလူတို့အားသတိပေးရာတွင် "သင်တို့ခံရပြီးသောဆုံးမသြဝါဒနှင့် ဆန့်ကျင်ဘက်ဖြစ်သော သင်းခွဲခြင်းမှားယွင်းခြင်းအကြောင်းကို ပြုတတ်သော သူတို့ကိုမှတ်၍ ရှောင်ကြလော့" (ရောမ၊ ၁၆း၁၇) ဟု ဆို၏။ ချော့မော့တတ်သော ထိုရောမလူတို့ကို "ခရစ်တော်၏အမှုကို မဆောင်ရွက်ဘဲ မိမိတို့ဝမ်း၏အမှုကိုသာ ဆောင်ရွက်သည်" (ရောမ၊ ၁၆း၁၈) ဟု ဆိုသည်။

**ယေရှုသာလျှင် စုံလင်သောစံပြပုဂ္ဂိုလ်ဖြစ်သည်ဆိုသည့်တိုင်၊ တချို့နေရာများတွင် ကောင်းသောစံပြပုဂ္ဂိုလ်များရှိတတ်ပါသည်။ သင်သည်လည်း သူတစ်ပါးတို့အတွက် မည်သို့စံပြပုဂ္ဂိုလ်ဖြစ်သနည်း။**

**တနင်္လာနေ့** **ဖေဖော်ဝါရီလ ၉ ရက်**

**သခင်ဘုရား၌တည်နေကြလော့**

**ဖိလိပ္ပိ၊ ၃း၂၀၊ ၂၁ ကိုဖတ်ပါ။ ခရစ်ယာန်ကောင်းကင်နိုင်ငံသားများကို ရှင်ပေါလုမှ မည်သို့ရှင်းလင်းစွာဖော်ပြသနည်း။**

------------------------------------------

------------------------------------------

လက်ဝါးကပ်တိုင်အား ရန်ဘက်ပြုသူတို့သည် "လောကီအရာတို့ကိုသာ စိတ်စွဲလန်း" (ဖိ၊ ၃း၁၉) ၍ မိမိတို့ဝမ်းထက်ကြီးသော ဘုရားမရှိကြဟု ဆိုသည်။ ခရစ်ယာန်ကောင်းကင်နိုင်ငံသားတို့မူကား ယေရှုခရစ်တော်ကိုယ်တော်တိုင်ကို အုပ်ချုပ်စေသည်။ ထိုသို့ဖြစ်စေနိုင်သောအချက်သည် "ယုတ်ညံ့သောငါတို့ကိုယ်ခန္ဓာ" (ဖိ၊ ၃း၂၁) သည် အနာရောဂါ၊ ဆိုးရွားခြင်းတို့ဖြင့် သေမျိုးပင်ဖြစ်နေရာ၊ ပြန်ရှင်ထမြောက်သော ခရစ်တော်ကိုယ်ခန္ဓာတော်၏နည်းတူဖြစ်စေခြင်းငှာ အသစ်ပြင်ဆင်ရန်လိုအပ်ပေ၏။

**အောက်ပါကျမ်းချက်တို့သည် ဘုန်းတော်ထင်ရှားခြင်းကို မည်သို့ဖော်ပြသနည်း။**



**၁။ ယောဘ၊ ၁၉း၂၅–၂၇**------------------------

------------------------------------------

**၂။ လုကာ၊ ၂၄း၃၉**------------------------------

------------------------------------------

**၃။ ၁ကော၊ ၁၅း၄၂–၄၄**-------------------------

------------------------------------------

**၄။ ၁ကော၊ ၁၅း၅၀–၅၄**-------------------------

------------------------------------------

**၅။ ကော၊ ၃း၄**----------------------------------

------------------------------------------

နောက်ဆုံးတွင် ယေရှု၏သေခြင်းသည် "နောက်ဆုံးရန်သူ" အားဖျက်ဆီးလိမ့်မည် (၁ကော၊ ၁၅း၂၆)။ ဤသည်မှာ ကျွန်ုပ်တို့၏အကြီးမားဆုံးမျှော်လင့်ခြင်း၊ ယေရှု၌ပေးသနားထားသော အကြီးမားဆုံးကတိဖြစ်ရာ၊ သေခြင်းအားအဆုံးသတ်ကာ၊ ခန္ဓာကိုယ်အသစ်၊ "ဘုန်းအသရေနှင့်ပြည့်စုံသောခန္ဓာကိုယ်" (ဖိ၊ ၃း၂၁) ကို ရရှိကြလိမ့်မည်။

ဘုရားသခင်မပါဘဲ "ကယ်တင်ခြင်း" ကို မည်သို့ရှာဖွေရမည်နည်းဟူသော စာအုပ်တစ်အုပ်တွင် သေခြင်းတရားကို ကြောက်ရွံ့ခြင်းမှ ကျော်လွှားခြင်းသည် "ကယ်တင်ခြင်း" ဖြစ်သည်ဟု စာရေးဆရာ Luc Ferry က တင်ပြငြင်းဆိုထားဖူးခဲ့သည်။ သို့သော်လည်း၊ သူကပင် ခရစ်ယာန်ဘာသာသည် "သေခြင်းတရားကို ကြောက်ရွံ့ခြင်းမှ ကျော်လွှားနိုင်ရုံသာမက၊ သေခြင်းတရားကိုပါ အောင်နိုင်ကြောင်း" ဝန်ခံထားသည်။ ထို့အပြင် "ခရစ်ယာန်ဘာသာသည် သေမျိုးဖြစ်သောလူသားအခြေအနေမှ မသေနိုင်သောအဖြစ်မျိုးသို့ အမှန်တကယ်ပေးစွမ်းနိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်" ဟုလည်း သူကိုယ်တိုင်မှ ဆိုထားသေးသည်။ – Luc Ferry, A Brief History of Thought (New York: Harper Collins, 2011, Kindle edition), p. 90. ဤသည်မှာ ဘုရားမဲ့ဝါဒီတစ်ဦးထံမှ ပေါ်ထွက်လာသောဝန်ခံချက်တစ်ခုပင်ဖြစ်သည်။

ထို့ကြောင့် ရှင်ပေါလု၏အဆိုအရ ကျွန်ုပ်တို့၏ကောင်းကင်နိုင်ငံသားဖြစ်ခြင်းသည် ယခုကျွန်ုပ်တို့စိတ်ကူးယဉ်၍ပင် မမှီနိုင်သေးသော ရှင်ပြန်ထမြောက်ခြင်းနှင့် ထာဝရအသက်တို့ဖြစ်သည်။ လုံးဝအသစ်ဖြစ်တည်မှုတစ်ခုဖြစ်သည်။

**ထာဝရအသက်ကတိတော်သည် အဘယ်ကြောင့်အရေးကြီးလှသနည်း။ ခရစ်တော်မှ ယခုကမ်းလှမ်းနေသောအရာများအား ငြင်းဆိုနိုင်လောက်သောအရာအား လောကမှကမ်းလှမ်းနိုင်မည်နည်း။**

**အင်္ဂါနေ့ ဖေဖော်ဝါရီလ ၁၀ ရက်**

**သခင်ဘုရား၌အစဉ်ဝမ်းမြောက်လော့**

**ဖိလိပ္ပိ၊ ၄း၄–၇ ကိုဖတ်ပါ။ "ဘုရားသခင်၏ငြိမ်သက်ခြင်း" ကို မည်သို့ကြုံတွေ့ရမည်နည်း။**

---------------------------------------------

---------------------------------------------

နောက်တစ်ဖန်စည်းလုံးခြင်းလိုအပ်ကြောင်း (ဖိ၊ ၄း၁–၃) ပြောရာတွင် ပေါလုသည် အခြားဥပဒေသတစ်ခုဖြစ်သော "သခင်ဘုရား၌ ဝမ်းမြောက်ခြင်း" ပြောဆိုသည် (ဖိ၊ ၄း၄–၇)။ အလွယ်တကူပေါ်ပေါက်လာသကဲ့သို့ပင် အလွယ်တကူပျောက်ကွယ်သွားတတ်သောအရာများအတွက် သင်ဘယ်နှစ်ကြိမ်စိတ်ဖိစီးမှုခံစားခဲ့ရသနည်း။ ယေရှုသည် အကြောင်းပြချက်ကောင်းစွာဖြင့် မည်သို့မျှ မစိုးရိမ်ရန် (မ၊ ၆း၂၅–၃၄။ မ၊ ၁၀း၉) နှင့် ပေတရုသည်လည်း စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို "သတိနှင့်ကြည့်ရှုတော်မူသော" (၁ပေ၊ ၅း၇) ကိုယ်တော်ထံ အပ်နှံရန် အသိပေးထားသည်။ လောကတစ်ခွင်လုံးဖြစ်ပျက်နေသော ရှန်းရင်းခတ်ခြင်းတို့သည် သခင်ဘုရားကြွလာခြင်းနီးကပ်လာကြောင်း စိတ်ထက်သန်လာစေသည် (မ၊ ၂၄း၃၃။ လု၊ ၂၁း၂၈။ ယာ၊ ၅း၈)။

အရာခပ်သိမ်း၊ အခြေအနေခပ်သိမ်း၌ စိုးရိမ်ပူပန်ခြင်း၏ဖြေဆေးသည် ဆုတောင်းခြင်းပင် (ဖိ၊ ၄း၆၊ ၇) ဖြစ်သည်။ ဆုတောင်းသောအခါ "ကျေးဇူးတော်ချီးမွမ်းခြင်း" ဖြင့်တောင်း၍ မိမိတို့၏ဆုတောင်းခြင်းအဖြေအား လက်တွေ့



မမြင်ရမီကတည်းကပင် ထိုဆုတောင်းခြင်းအပေါ်တွင် ယုံကြည်လှုပ်ရှားရမည်။ ဖြည့်စွက်ထားသည့်စာလုံး "အသနားခံလျှောက်ထားခြင်း" (Greek, deesis) သည် ထူးကဲခြင်း၊ အရေးပေါ်ခြင်း (လု၊ ၁း၁၃။ ဖိ၊ ၁း၁၉။ ၁တိ၊ ၅း၅။ ယာ၊ ၅း၁၆) ကိုရည်ညွှန်းသည်။

ကျွန်ုပ်တို့၏ဆုတောင်းခြင်းတို့သည် တောင်းခံခြင်းသာဖြစ်နေရာ၊ မိမိတို့၏အသနားခံလွှာတို့သည် "အလိုတော်နှင့်အညီ" (၁ယော၊ ၅း၁၄) တောင်းလျှောက်သမျှကာလ နားညောင်းတော်မူလိမ့်မည်။ သို့ပြုလျှင် အသနားခံလွှာအားလုံးသည် ထာဝရဘုရား၏လက်တော်တွင် ရှိသည်ကိုသိလျက် ငြိမ်သက်စွာအနားယူရပါမည်။

**ထာဝရဘုရား၏ငြိမ်သက်ခြင်းအား သိကျွမ်းခြင်းကို အောက်ပါကျမ်းချက်တို့မှ မည်သို့ရဲ့ထွင်ပေးသနည်း (ဆာ၊ ၂၉း၁၁။ ဟေရှာယ၊ ၉း၆။ လု၊ ၂း၂၄။ ယောဟန်၊ ၁၄း၂၇။ ၁ကော၊ ၁၄း၃၃)။**

---------------------------------------------

---------------------------------------------

ထာဝရဘုရား၏ငြိမ်သက်ခြင်းသည် လောကလူသားမှ မပေးစွမ်းနိုင်သောအရာ၊ ယေရှုခရစ်တော်အားဖြင့် ပေးတော်မူသောအသက်ထာဝရဆုလာဘ်အား အာမခံရရှိသောငြိမ်သက်ခြင်းဖြစ်သည် (ရောမ၊ ၅း၁။ ၆း၂၃)။ ထိုငြိမ်သက်ခြင်းသည် အသက်တာထောင့်စုံအားခြုံငုံ၍ "အဘယ်သူမျှကြံ၍မမှီနိုင်သော" (ဖိ၊ ၄း၇) ငြိမ်သက်ခြင်းဖြစ်သည်ဟုဆို၏။ စိတ်နှလုံးအားဖြင့် ကြံဆမမှီသော၊ ဂရိဘာသာ (nous) (စိတ်) ကို အသုံးပြုထားသည်။

**"ထာဝရဘုရား၏ငြိမ်သက်ခြင်း" ကို ကြုံတွေ့ရခြင်းကို သူတစ်ပါးအား မည်သို့ရှင်းပြနိုင်မည်နည်း။**

**ဗုဒ္ဓဟူးနေ့ ဖေဖော်ဝါရီလ ၁၁ ရက်**

**ဤသည်တို့ကိုနှလုံးသွင်းကြလော့**

"အဘယ်သူမျှ ကြံ၍မမှီနိုင်သော ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏စိတ်နှလုံးကို စောင့်မလိမ့်မည်" (ဖိ၊ ၄း၇)။ ကျွန်ုပ်၏

အတွင်းစိတ်သည် အကာအကွယ်လိုအပ်သည်။ ဖိ၊ ၄း၇ တွင် ဘုရားသခင်၏ ငြိမ်သက်ခြင်းကို စစ်ရေးအလင်္ကာဖြင့် ဖော်ပြသွားသည်။ ဂရိကြိယာ (phroureo) သည် မြို့တစ်မြို့အား ကျူးကျော်လာသူတို့မှကာကွယ်သော မြို့စောင့်တပ်သားများဟု အနက်ရှိသောစကားလုံးဖြစ်သည် (၂ကော၊ ၁၁း၃၂။ တမန်၊ ၉း၂၄)။

အလွန်အရေးပါသော အတွင်းစိတ်ငြိမ်သက်ခြင်းအသွင်အပြင်သည် ထာဝရဘုရား၏အလိုတော်နှင့်အညီ နေထိုင်ခြင်းဖြစ်သည်။ "တရားတော်ကို နှစ်သက်သောသူတို့၌ ကြီးစွာသောငြိမ်သက်ခြင်းရှိ၏" (ဆာ၊ ၁၁၉း၁၆၅)။

**ဖိလိပ္ပိ၊ ၄း၈၊ ၉ ကိုဖတ်ပါ။ မည်ကဲ့သို့တိကျသော ဆောင်ရွက်မှုများပြုလုပ်ရန် တိုက်တွန်းထားသနည်း။**

----------------------------------------

----------------------------------------

ပေါလုသည် ဖိလိပ္ပိ၊ ၄း၈၊ ၉ ကို "ကြွင်းသေးသောစကား" ဖြင့် အစပြု၍ သူတော်ကောင်းတရားခြောက်ပါးတို့လိုက်လာရာ၊ ၎င်းတို့ကို အကျဉ်းချုပ်လျက် ပေါလု၏စံနမူနာအား အတုယူနိုင်ရန် အားပေးတိုက်တွန်းထားသည်။ အဆုံးသတ်ခြင်းတွင် ယဉ်ကျေးမှုပေါင်းစုံဖြင့် အားပေးတိုက်တွန်းခြင်းသည် ဖိလိပ္ပိလူတို့၏ ဂရိ–ရောမရောနှောသောပတ်ဝန်းကျင်နှင့်ပင် အံဝင်ဂွင်ကျဖြစ်သွားသည်။ ကျမ်းစာဆိုင်ရာသီလတရားများအား ဇာဟိုပြုထားသည်တိုင်၊ ပေါလုသည် ဂရိ–သူတော်ကောင်းတရားတွင် အခြေခံအကျဆုံးသောသီလလေးမျိုးတို့ကို ချန်လှပ်ထားသည်မှာ မှတ်သားဖွယ်ကောင်း၏ (ဆင်ခြင်မြော်တွေးခြင်း၊ တရားမျှတခြင်း၊ ချုပ်တည်းတည်ငြိမ်ခြင်းနှင့် သတ္တိတို့ဖြစ်သည်)။

၁။ **သမ္မာတရားနှင့်ဆိုင်သောအကျင့်။** အမှတ်တမဲ့ဖြင့်ဖော်ပြခြင်းမဟုတ်ပါ။ စာရင်းပြုစုရာတွင် သမ္မာတရား၏အခြေခံတရားသည် ယေရှုဖြစ်သည်။ (ငါ အမှန်ဆိုသည်ကား) ဓမ္မသစ်ကျမ်းတလျှောက်သည် ကြိမ်ဖန်များစွာဖော်ပြသည် (တ၊ ၂၆း၂၅။ ရောမ၊ ၁း၁၈။ ၁ကော၊ ၁၃း၆။ ၂ကော၊ ၄း၂။ ဧဖက်၊ ၄း၁၅။ ယာ၊ ၁း၁၈။ ၁ပေ၊ ၁း၂၂။ ၁ယော၊ ၂း၂၁)။



၂။ **လျောက်ပတ်သောအကျင့်။** ဂရိဘာသာတွင်မူ တစ်ကိုယ်ရေကောင်းမြတ်ခြင်းဖြစ်၍ (၁တိ၊ ၃း၈၊ ၁၁။ တိတု၊ ၂း၂) ရိုသေလေးစားခြင်းဟု အနက်ပြန်ဆိုထားသည်။

၃။ **ဖြောင့်မတ်သောအကျင့်။** ဤသီလသူတော်ကောင်းတရားအား ထာဝရဘုရား၏ဖြောင့်မတ်သောဝိသေသလက္ခဏာတော်ဖြင့် အနက်ဖွင့်ထားသည် (ဖိ၊ ၁း၇)။

၄။ **စင်ကြယ်သောအကျင့်။** အတွေးအခေါ်နှင့် လုပ်ရပ်တို့သည်၊ မိမိတို့၏ ယုံကြည်ခြင်းဖြင့်ရရှိထားသော ဘုရားသခင်၏ဖြောင့်မတ်စေခြင်းကျေးဇူးတော်မှ စီးဆင်းလာရမည် (၁ယော၊ ၃း၃)။

၅။ **သူတစ်ပါးနှစ်သက်ဖွယ်သောအကျင့်။** လုပခြင်းတရားသည် ထာဝရဘုရား၏ဖန်ဆင်းခြင်းတွင် ကျယ်ပြန့်စွာတွေ့ရသည်။

၆။ **ချီးမွမ်းဖွယ်သောအကျင့်။** "ကြင်နာခြင်း၊ ထူးချွန်ခြင်းနှင့် ယဉ်ကျေးခြင်း"

ပေါလုသည် အရည်အသွေးနှစ်ခုထပ်ပေးရာ၊ အထက်ပါသီလသူတော်ကောင်းတရားတို့တွင် နတ်စားဝါဒီအနက်ပင် ယိုးစွပ်နိုင်ချေရှိ၍ "ပါရမီတစ်ပါးပါး၊ ကောင်းသောသတင်းတစ်ပါးပါး" (ဖိ၊ ၄း၈) ဟူသော ကောင်းကင်တရားတို့ကို နှလုံးသွင်းကြရပါမည်ဆို၏။ သံသယအားလုံးနှင့် နားလည်မှုလွဲနိုင်ချေရှိသောအရာတို့ကို ဖယ်ရှားနိုင်ရန်၊ မိမိတို့သင်ယူကြားသိမြင်ရသော ပေါလု၏ ပုံသက်သေများအား လက်တွေ့ကျင့်သုံးရန်ခေါ်နေသည် (ဖိ၊ ၄း၉)။

**ကြာသပတေးနေ့ ဖေဖော်ဝါရီလ ၁၂ ရက်**

**ကျေနပ်မှုအတွက်သော့ချက်များ**

**ဖိလိပ္ပိ၊ ၄း၁၀–၁၃၊ ၁၉ ကိုဖတ်ပါ။ ရှင်ပေါလုသည် ကျေနပ်၍ ပျော်ရွှင်သောအသက်တာ၏ မည်သည့်သော့ချက်များကို ဖော်ပြသနည်း။**

----------------------------------------

----------------------------------------

လွန်ကဲသောအခြေအနေများ (အငတ်ဘေး၊ ဖျားနာခြင်း၊ ဒဏ်ရာရခြင်း၊ ဆုံးရှုံးခြင်း) ကျရောက်ခဲ့သော် လူသည် ခံစားခဲ့ရပြီးသော ကောင်းချီးမင်္ဂလာများအပေါ်တွင် တွေးတောဆင်ခြင်လာကြသည်။ မိမိတို့သည် "နှိမ့်ချခံရခြင်း၊ လိုအပ်နေခြင်း၊ ဘာမျှမရှိခြင်း" (ဖိ၊ ၄း၁၂) တို့ကြုံရခြင်းသည် မိမိယုံကြည်ခြင်းတိုးပွားမည့်အချိန်ဖြစ်သည်။

ဆန့်ကျင်ဘက်အနေဖြင့် "ကြွယ်ဝခြင်းကိုခံစားရသော်" ထိုအရာတို့သည်လည်း ပျောက်တတ် သောအရာဖြစ်သည်ဟု မှတ်ထားသင့်သည် (သု၊ ၂၃း၅)။ ယောဘနှင့် ပေါလုတို့ကသတိပေးနေသည်မှာ၊ မိမိမွေးဖွားလာရာတွင် မည်သည့်မျှယူဆောင်မလာကြောင်းနှင့် သင်္ချိုင်းသို့လည်း မည်သည့်မျှ ယူမသွားနိုင်ကြောင်းသိရသည် (ယောဘ၊ ၁း၂၁။ ၁တိ၊ ၆း၇)။

အောက်ပါကျမ်းချက်တို့ကိုသတိပြုပါ။

၁။ ဆာလံ၊ ၂၃း၁ "ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည် ဆင်းရဲမခံရ။"

၂။ မဿဲ၊ ၆း၃၂ "ထိုအရာများအားအသုံးလိုကြောင်း ကောင်းကင်ဘုံ သင်တို့အဘသိတော်မူ၏။"

၃။ ၁ပေ၊ ၅း၇ "သင်တို့၌စိုးရိမ်ခြင်းအမှုရှိသမျှတို့ကို ကိုယ်တော်၌အပ်နှံကြလော့။"

၄။ ဖိလိပ္ပိ၊ ၄း၁၉ "ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသောစည်းစိမ်ရှိသည်အတိုင်း သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်။

အံ့ဖွယ်အကောင်းဆုံးသည် "ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသောခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏" (ဖိ၊ ၄း၁၃) ဟူသောအချက်ဖြစ်သည်။ ခပ်သိမ်းသောအမှုအား စုံလင်စွာ မိမိတို့ကဖမ်းမဆုပ်နိုင်ပါ။ ဘုရားထံတော်မှ မစခြင်းနှင့်ကူညီခြင်းတောင်းဆိုရာတွင် သူ့အလိုတော်နှင့်ညီထွေစွာ တောင်းဆိုရပါမည်။ သူ့အလိုတော်နှင့်ညီထွေသည်ကိုသိလျက်နှင့်



မတောင်းခဲ့သည်များလည်းရှိ၏။ ယာကုပ်၊ ၄း၂ တွင် "တပ်မက်၍မရ၊ ဆုမတောင်းဘဲနေကြ၏" ဟု ဆို၏။

အောက်ပါတို့သည် ဘုရားသခင်၏အလိုတော်နှင့်ညီထွေသောကြောင့် ယုံကြည်စွာတောင်းဆိုနိုင်သည်။

၁။ ချစ်ရသူနှင့် မိတ်ဆွေတစ်ဦးကယ်တင်ခြင်းရရှိနိုင်ရန် (၁တိ၊ ၃၊ ၄)။

၂။ မိမိ၏ယုံကြည်ခြင်းကိုဝေမျှရန် ရဲဝင့်ခြင်းသတ္တိ (ဗျာ၊ ၂၂း၁၇)။

၃။ အပြစ်ဝန်ချသောအခါ လွတ်ငြိမ်းခြင်းနှင့် အမှားများကိုကျော်လွှားခြင်း (၁ယော၊ ၁း၉)။

၄။ ဘုရား၏ပညတ်တော်ကို နာခံနိုင်သောခွန်အား (ဟေဗြဲ၊ ၁၃း၂၀၊ ၂၁)။

၅။ မိမိတို့အား မထီလေးစားပြုမုန်းတီးသူတို့အားချစ်နိုင်ခြင်း (မ၊ ၅း၄၄)။

၆။ စိန်ခေါ်မှုများအတွက်ဉာဏ်ပညာ (ယာ၊ ၁း၅)။

၇။ ဘုရားသခင့်နှုတ်ကပတ်တော်၏သမ္မာတရားအားသိကျွမ်းရန် (ယောဟန်၊ ၈း၂)။

**သင်ဆုတောင်းလျှောက်ခဲ့သောအရာများ မရသေးသည်များနှင့် ဘယ်တော့မှလည်းရမည်မဟုတ်သည့်အရာများအတွက် မည်သို့ပြုသနည်း။**

**သောကြာနေ့ ဖေဖော်ဝါရီလ ၁၃ ရက်**

**ဆက်လက်လေ့လာရန်။**

"ကရုဏာတော်၏ထောက်မခြင်းကို အစဉ်ရရှိသောသူတို့သာလျှင် မိမိတို့၏နေ့စဉ်လိုအပ်သည်များကို ထိုတန်ခိုးတော်အားဖြင့် ရရှိလိမ့်မည်။ သူတို့သည် ဘုရားသခင်၌သာ တည်မြဲနေပါက၊ နေ့စဉ်ဝိညာဉ်ရေးစွမ်းအား၏အထူးလက်ဆောင်ကိုရရန် အနာဂတ်ကိုမျှော်တွေးနေသည်ထက် သူတို့ကိုယ်တိုင်သည် ဘုရား၏အသုံးတော်ခံကိရိယာများဖြစ်လာကြကာ၊ ဝိညာဉ်ရိတ်သိမ်းခြင်းအတွက် အံ့အားသင့်စွာ အံဝင်ဂွင်ကျဖြစ်သွားလိမ့်မည်။ ၎င်းတို့လက်လှမ်းမီသလောက်အတွင်းတွင် အမှုဆောင်နိုင်ခြင်းအခွင့်အလမ်း ပိုမိုရရှိလိမ့်မည်။

ထိုသူတို့သည် သိမ်ငယ်စွာ မိမိအိမ်၌ပင် လုပ်ဆောင်နေရသည်ဖြစ်စေ၊ ပြည်သူအများထဲ၌ပင်ဖြစ်စေ သခင်အတွက် နေ့စဉ်သက်သေခံနေကြပါသည်။

ခရစ်တော်သည် မိမိ၏လောကသက်တော်ထင်ရှားစဉ်အတွင်း ခမည်းတော်၏ကရုဏာတော်ကို ရှာဖွေသဖြင့် ဘုရားသခင်နှင့်ပေါင်းသင်းခြင်းဖြင့် သူတစ်ပါးတို့အားခွန်အားပေးကာ ကောင်းချီးပါပေးသည်နည်းတူ ဆက်ကပ်သောအမှုဆောင်တစ်ဦးသည်လည်း နှစ်သိမ့်ခြင်းမျှော်လင့်စရာရှိ၏။ ခရစ်တော်၏သရုပ်ပြခြင်းတို့အားလိုက်လျှောက်သောသူတို့သည် လောက၏ရိတ်သိမ်းခြင်းအတွက် အသင်းတော်အား ဘုရားသခင်မှ ကတိထားသောတန်ခိုးတော်ကို ရရှိလိမ့်မည်။" - Ellen G. White, God's Amazing Grace, p. 117.

"ဘုရားသည် မိမိတို့လိုအပ်သည်ကိုသိ၍ ပြင်ဆင်ပေး၏။ ကိုယ်တော်သည် သူ့သားသမီးများအတွက် ရတနာသိုက်ရှိ၍ သူတို့လိုအပ်သည်များအား အချိန်မရွေးပေးနိုင်၏။ သို့ဖြစ်၍ အဘယ်ကြောင့် မယုံနိုင်ကြသနည်း။ တရားတော်အပေါ် သစ္စာစောင့်သိသူတို့အတွက် တန်ဖိုးရှိသောကတိတော်များရှိ၏။ သူမဖယ်ရှားနိုင်သောဝန်ထုပ်မရှိ၊ သူမနှင်ချနိုင်သောမှောင်မိုက်မရှိ၊ သူတန်ခိုးမဖြစ်စေနိုင်သောအားနည်းခြင်းမရှိ၊ သူမငြိမ်သက်စေနိုင်သောအန္တရာယ်မရှိ၊ သူမဦးစီးနိုင်သော လိုအင်ဆန္ဒမရှိပါ။"

"မိမိကိုယ်ကိုမကြည့်ရပါ။ မိမိမစုံလင်သည်ကို စိတ်သိုမှီးထားလေလေ၊ ၎င်းကို အနိုင်ယူနိုင်မည့်အားသည် လျော့နည်းလေလေပင်ဖြစ်၏။" – Ellen G. White, That I May Know Him, p. 224.

**ဆွေးနွေးရန်မေးခွန်းများ။**

**၁။ အတောက်ပဆုံးသော ပြည့်စုံခဲ့သည့် သင့်ဆုတောင်းချက်ကို စိတ်သိုမှီးပါ။ သင့်အသိဉာဏ်ထက်ကျော်လွန်သော ဘုရား၏**



**ငြိမ်သက်ခြင်းကို မည်သို့ကြုံတွေ့စေသနည်း။ နားညောင်းမခံရသော သင့်ဆုတောင်းချက်များအကြောင်းတွေးကြည့်ပါ။ ကတိတော်ငြိမ်သက်ခြင်းကို သင်မည်သို့ခံစားနေရသနည်း။**

**၂။ ဖိလိပ္ပိ၊ ၄း၈ နှင့် ပတ်သက်သည်များအတွက် မည်သို့အချိန်ယူတွေးတောသနည်း။ ကိုယ်တော်နှင့်တွဲသွားလျက် သင့်ယုံကြည်ခြင်းအားဖြည့်ပေးသည်ကို မည်သို့ထင်မြင်သနည်း။**

**၃။ အပေါ်ကနောက်ဆုံးစာကြောင်းကို ပြန်ဆွေးနွေးပါ။ "မိမိမစုံလင်သည်ကို စိတ်သိုမှီးထားလေလေ၊ ၎င်းကို အနိုင်ယူနိုင်မည့်အားသည် လျော့နည်းလေလေပင်ဖြစ်၏။" အောင်မြင်နိုင်သောသော့ချက်သည် မည်သည်နည်း။**

–o–

## သင်ခန်းစာ (၈)

# ခရစ်တော်၏အထွတ်အထိပ်ဩဇာရှိမှု

### ဖေဖော်ဝါရီလ ၁၄ – ၂၀

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဖေဖော်ဝါရီလ ၁၄ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ကမ္ဘာ၊ ၁း၂၆၊ ၂၇။ ကော၊ ၁း၁၅–၂၀။ ယောဟန်၊ ၁း၁–၃။ ဖေက်၊ ၁း၂၂။ ၁ကော၊ ၁၂း၁၂–၂၇။ ၁ကော၊ ၄း၉။ ရောမ၊ ၆း၃၊ ၄။

**အလွတ်ကျမ်းချက်**

**“ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏။ ထိုသားတော်သည် ကောင်းကင်ပေါ်မြေကြီးပေါ်ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွတ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်လည်းကောင်း၊ ထိုသခင်အဖို့အလိုငှာလည်း ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏” (ကောလောသဲ၊ ၁း၁၅–၁၇)။**

ဤရက်သတ္တပတ်သင်ခန်းစာတွင် ကောလောသဲကို အကျဉ်းပြန်ချုပ်ရပါမည် (သင်ခန်းစာ၊ ၁ နှင့် ၂ ကိုကြည့်ပါ)။ သင်ခန်းစာ၊ ၂ ၏ကြာသပတေးနေ့တွင် ပေါလုသည် ကောလောသဲယုံကြည်သူများသည် ဘုရားသခင်၏အလိုတော်အတိုင်းအသက်ရှင်ရန် တောင်းလျှောက်၏ (ကော၊ ၁း၉–၁၂)။ အခန်းငယ်၊ ၁၂၊ ၁၃ တွင် နိုင်ငံတော်နယ်ပယ်နှစ်ခုကိုနှိုင်းယှဉ်ရာ၊ အလင်းနှင့်အမှောင်ဖြစ်သည်။ “အလင်းနိုင်ငံ” (ကော၊ ၁း၁၂) နှင့် “မှောင်မိုက်၏တန်ခိုး” (ကော၊ ၁း၁၃) တို့ဖြစ်သည်။ ကျွန်ုပ်တို့သည် အလင်းဘုံ၌ ထာဝရအမွေ





ဆက်ခံခြင်းတွင် မျှဝေခံစားနိုင်ရန် ဘုရားသခင်သည် အရည်အချင်းပေးတော်မူလျက်၊ မှောင်မိုက်၏တန်ခိုးမှ လွတ်မြောက်စေလျက် ချစ်တော်မူသော “သားတော်၏နိုင်ငံတော်သို့သွင်းကာ၊ မိမိတို့အပြစ်ကိုလွှတ်တော်မူလျက် ရွေးနုတ်တော်မူ၏” (ကော၊ ၁း၁၃၊ ၁၄)။

တစ်နည်းအားဖြင့်ဆိုရလျှင်၊ ကျွန်ုပ်တို့၏ရွေးနုတ်ကယ်တင်ခြင်းကျေးဇူးတော်သည် ယေရှုခရစ်တော်၌သာတည်၏။ သူသည် ကျွန်ုပ်တို့ဖန်ဆင်းရှင်၊ ဘုရားသခင်ကိုယ်တော်တိုင်လည်း ဖြစ်တော်မူ၏။ ထိုသခင်သည် ကျွန်ုပ်တို့အဖို့အလိုငှာ ရွေးနုတ်ကယ်တင်ခြင်းအမှုတော်ကို ဆောင်ရွက်တော်မူပြီ။ ကျွန်ုပ်တို့သည် ထိုသခင်အား ယုံကြည်ခြင်းအားဖြင့်၊ အမှောင်ထု၏အုပ်စိုးရာနယ်ပယ်မှ ချစ်သောသားတော်၏နိုင်ငံတော်သို့ ကူးပြောင်းခြင်းကျေးဇူးကို ရရှိကြပြီ။

**ဤရက်သတ္တပတ်အတွင်း ဓမ္မသစ်ကျမ်းစာ၌ ယေရှုအကြောင်း အပြည့်စုံဆုံးနှင့် အမွန်မြတ်ဆုံးထုတ်ဖော်ချက်ကို လေ့လာကြရပါမည်။ ယေရှုသည် “မျက်မြင်မရသော ဘုရားသခင်၏ပုံသဏ္ဌာန်တော်ဖြစ်လျက်၊ ဝေနေယျသတ္တဝါအပေါင်းတို့တွင် သားဦးဖြစ်တော်မူခြင်း” သည် မည်သည့်အနက်ရှိသနည်း (ကော၊ ၁း၅)။**

**တနင်္ဂနွေနေ့** **ဖေဖော်ဝါရီလ ၁၅ ရက်**

**မျက်မြင်မရသောဘုရားသခင်၏ပုံသဏ္ဌာန်တော်**

ကြည့်မှန်ဖြစ်စေ၊ ဓာတ်ပုံဖြစ်စေ၊ ကြည့်သောအခါ မိမိ၏ပုံကိုပင်မြင်နေရသည်တိုင်၊ ပြားချပ်၍ အနားနှစ်ဖက်သာရှိသော သရုပ်ဖော်ခြင်းသာဖြစ်သည်။ အချို့သောပန်းပု၊ ပန်းတော့၊ ပန်းတမော့တို့သည် သာ၍ရှင်းလင်းသောပုံစံကို ထုလုပ်နိုင်သည့်တိုင်၊ သက်ရှိတို့၏ဇီဝအသက်၊ လှုပ်ရှားခြင်းနှင့်ဖြစ်ခြင်းမှန်တို့နှင့် တုနှိုင်းမမှီနိုင်ပါ။ သမ္မာကျမ်းစာ၌ ရုပ်တုဟူသောအယူအဆသည် မကြာခဏဆိုသလို ဤကဲ့သို့နိမ့်ကျသော ကိုယ်စားပြုမှုများကို ရည်ညွှန်း

သော်လည်း ထိုထက်မက ကျယ်ပြန့်သောအဓိပ္ပာယ်သဘောကိုလည်း ညွှန်းဆို လျက်ရှိသေးသည်။

**ကမ္ဘာ၊ ၁း၂၆၊ ၂၇။ က၊ ၅း၃။ ၁ကော၊ ၁၅း၄၉။ ၂ကော၊ ၃း၁၈ နှင့် ဟေဗြဲ၊ ၁၀း၁ တို့ကိုဖတ်ပါ။ ဤကျမ်းချက်တို့မှ "ရုပ်တု" ၏အနက်မျိုးစုံတို့အား အကျဉ်းချုပ်ပါ။ ယေရှုသည် ဘုရားသခင်၏ ရုပ်သဏ္ဍာန်ဖြစ်ခြင်းနှင့် မည်သို့ခြားနားကြသနည်း။**

---------------------------------------

---------------------------------------

လူသားတို့သည် ရုပ်ရည်ရူပကာအရ၊ ဝိညာဉ်ရေးအရ၊ သွေးသား အရနှင့် တာဝန်ဝတ္တရားအရ ဘုရားသခင်နှင့် အနီးစပ်ဆုံးတူညီရန် ဖန်ဆင်း ထားသည်။ သို့တိုင်အောင် အပြစ်မှဖျက်ဆီးပစ်လိုက်သဖြင့် ဘုရားသခင်၏ ရုပ်ရည်အား တစ်ပိုင်းတစ်စသာလျှင် ဖော်ပြနိုင်တော့သည်။ မျက်မြင်မရသော ဘုရားသခင်ကို ယေရှုသည် မျက်မြင်စေ၏။ "ငါ့ကိုမြင်သောသူသည် ခမည်း တော်ကိုမြင်၏" (ယော၊ ၁၄း၉) ဟု ယေရှုဆို၏။ သူသည် ဘုရားသခင့် သဘာဝ၏ "ထပ်တူပုံသဏ္ဍာန်" (ဟေဗြဲ၊ ၁း၃) ဟု ဆို၏။ သူသည် ဘုရားသခင်၏အကြံတော်အား နားကြားနိုင်စေ၍၊ ဘုရားသခင်၏ဝိသေသ လက္ခဏာတော်အား မျက်မြင်စေသည်။

**မဿဲ၊ ၁၁း၂၇ နှင့် ယောဟန်၊ ၁း၁၊ ၂၊ ၁၄၊ ၁၈ တို့ကို ဖတ်ပါ။ အဘယ်ကြောင့် ယေရှုသည် ခမည်းတော်အား ထူးခြားစွာ ဖော်ပြနိုင်သနည်း။**

---------------------------------------

---------------------------------------

**ယေရှုသည် ခမည်းတော်နှင့်တော်စပ်ပုံကို အခြားမည်သည့် နည်းလမ်းတို့ဖြင့် ဖော်ပြသေးသနည်း။**



၁။ "ငါ့ခမည်းတော်သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍ ငါသည်လည်းလုပ်၏" (ယော၊ ၅း၁၇)။

၂။ "ငါနှင့် ခမည်းတော်သည် တစ်လုံးတစ်ဝတည်းဖြစ်၏" (ယော၊ ၁၀း၃၀)။

၃။ "ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံမရောက်ရ" (ယောဟန်၊ ၁၄း၆)။

ယေရှုသည် မိမိကိုယ်ကို ထာဝရဘုရား၏နာမတော်နှင့် ပကတိ သဘောဖြင့် ဖော်ပြနေသည် "ငါ" (ထွက်၊ ၃း၁၄)။ "ငါသည် အသက်မုန့် ဖြစ်၏" (ယော၊ ၆း၃၅)။ "ငါသည် လောက၏အလင်းဖြစ်၏" (ယော၊ ၈း၁၂)။ "ငါသည် ကောင်းသောသိုးထိန်းဖြစ်၏" (ယော၊ ၁၀း၁၁၊ ၁၄)။ "ငါသည် ထမြောက်ခြင်းနှင့် အသက်ဖြစ်၏" (ယော၊ ၁၁း၂၅)။ "ငါသည် ခမည်းတော်၌ရှိသည်နည်းတူ ခမည်းတော်သည်လည်း ငါ၌ရှိ၏" (ယော၊ ၁၄း၁၁)။ "အာဗြဟံမဖြစ်မီ ငါဖြစ်၏" (ယော၊ ၈း၅၈)။

**ယေရှုကိုယ်တော်တိုင်သည် ထာဝရဘုရားမဟုတ်ခဲ့သော်၊ ကျွန်ုပ်တို့အတွက်အသေခံရန် မည်သူအား ခမည်းတော်မှ စေလွှတ် မည်နည်း။ ထာဝရဘုရားသည် ခရစ်တော်၏လူပုဂ္ဂိုလ်၌ ကျွန်ုပ်တို့ အတွက် အသေခံခြင်းသည် အခြေခံအားဖြင့်နှင့် အရေးပါခြင်းသည် မည်သို့ခြားနားသနည်း။**

**တနင်္လာနေ့ ဖေဖော်ဝါရီလ ၁၆ ရက်**

**ဝေနေယျသတ္တဝါအပေါင်းတို့တွင်သားဦး**

ဓမ္မသစ်ကျမ်းတွင် "သားဦးနှင့် အဦးဖွားသော" ဟူသည့်စကားလုံး သည် ကောလောသဲတွင်ဖြစ်ပျက်သောအရာများအပါ ယေရှုကိုသာဆိုလိုသည် (လု၊ ၂း၇။ ရောမ၊ ၈း၂၉။ ဟေဗြဲ၊ ၁း၆။ ဗျာ၊ ၁း၅)။ အခြားတစ်ပါးပါးအား ဆိုလိုခဲ့သည်ရှိသော်၊ နေ့စွဲအစီအစဉ်အလိုက် အဦးမွေးဖွားခဲ့သူအား မဆိုလို နိုင်ပါ။ ကျမ်းစာအယူဝါဒတွင် "သားဦး" သည် မည်သည့်မွေးဖွားခြင်းအမိန့်မှာ

မဆို၊ ဖခင်နှင့်အထူးဆက်ဆံရသူဖြစ်သည်ကို ဆိုလိုသည်။ ညီငယ်များဖြစ်လင့်ကစား သာ၍ထင်ရှားသောသားငယ်တို့လည်းရှိ၏။ အမည်နာမဖြင့်ခေါ်ရသော် ဣဇာက်၊ ယာကုပ်နှင့် ယောသပ်တို့ဖြစ်သည်။

ဒါဝိဒ်သည်လည်း အဌမသားဖြစ်သော်ငြားလည်း ရှင်ဘုရင်အဖြစ် ဘိသိက်ခံရ၍ (၁ရာ၊ ၁၆း၁၀–၁၃) ဆာလံဆရာအားဖြင့် ဘုရား၏နှုတ်ကပတ်တော်တွင် "သူ့ကို သားဦးအရာ၌ခန့်ထား၍ လောကီရှင်ဘုရင်တို့အပေါ် ချီးမြှောက်မည်" (ဆာ၊ ၈၉း၂၇) ဆို၏။ မောရှေထံသို့ပင် "ဣသရေလသည် ငါ၏သားဦးဖြစ်သည်" (ထွက်၊ ၄း၂၂) ဟု မိန့်တော်မူ၏။ ဤသဘောအရ ဝေါဟာရသည် ကြီးမြတ်ခြင်း၏အဓိပ္ပာယ်ကို ရှေးဦးစွာဆိုလိုသည်။

**ကောလောသဲ၊ ၁း၁၅–၁၇ ကိုဖတ်ပါ။ ယေရှုကို "ဝေနေယျသတ္တဝါအပေါင်းတို့တွင်သားဦး" ဟု ခေါ်ဆိုရခြင်းအကြောင်းအရာများကို ပေါလုမှ မည်သို့ဆိုသနည်း။**

---------------------------------------

---------------------------------------

ယေရှုသည် အဦးဖန်ဆင်းခြင်းခံရသည်ဟု ပေါလုဆိုနေသည်မဟုတ်ပါ။ အမှန်မှာ ထိုဖြစ်နိုင်ချေကို ဖယ်ထုတ်ပါသည်။ ယေရှုသည် အရာခပ်သိမ်းတို့ကိုဖန်ဆင်းသည်ဟု နှစ်ကြိမ်တိုင်ပေါလုဆိုခဲ့သည်။ ၎င်းတို့ကို သူသည် သူ့အတွက်ဖန်ဆင်းသည်ဟုဆိုသည် (ကော၊ ၁း၁၆)။ ထိုအမှုနှစ်ခုလုံးတွင် ထာဝရဘုရားသည် ဖန်ဆင်းခြင်းလုပ်ငန်းတွင် ယေရှုအား ဖန်ဆင်းသူပုဂ္ဂိုလ်အဖြစ်ဖော်ပြသည် (ဖေက်၊ ၃း၉။ ယောဟန်၊ ၁း၁–၃။ ဗျာ၊ ၄း၁၁)။

ရှင်ပေါလု၏ပြောဆိုချက်သည် တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်ပြောဆို၏။ အရာခပ်သိမ်းဟူသည် ကောင်းကင်နှင့်မြေကြီးအကွာအဝေးရှိမှုဗေဒတွင် (ရူပါနှင့်အရူပါ)၊ လုပ်ငန်းစဉ်အရ (ရာဇပလ္လင်၊ အုပ်ချုပ်ခံနိုင်ငံ၊ တန်ခိုးအာဏာ) တို့ဖြစ်သည်။ နောက်ဆုံးဝေါဟာရတို့သည် ကောင်းကင်တမန်တို့အား ညွှန်ပြသည် (ဖေက်၊ ၃း၁၀။ ၆း၁၂)။ ယေရှုအား နားလည်မှု



လွဲမှားခြင်းမရှိနိုင်ရန် ပေါလုက ယေရှုသည် "အရာခပ်သိမ်းမတိုင်မီဖြစ်၏" (ကော၊ ၁း၁၇) ဟု ဆိုသည်။ ဂရိဝေါဟာရ၏ဖော်ပြချက်အရ ရာထူးအဆင့်နှင့်အချိန်အားဖြင့် ဦးစားပေးခြင်းဖြစ်နိုင်ချေရှိသော်လည်း၊ ပေါလု၏အခြားရေးသားချက်တို့တွင် အချိန်ကိုညွှန်းပြထားသည် (၁ကော၊ ၁း၂၊ ၇။ ဂလာတိ၊ ၁း၁၇။ ဖေက်၊ ၁း၄)။

ယေရှု၏အထွတ်အထိပ်ဩဇာရှိခြင်းအကြောင်းရင်းနောက်တစ်ခုကို ပေါလုမှဖော်ပြရာ၊ "ခပ်သိမ်းသောအရာတို့သည် တန်ခိုးတော်အားဖြင့်တည်သည်" (၁ကော၊ ၁း၁၇)။ ဂရိဝေါဟာရ (synistemi) ၏အနက်သည် "အတူယူဆောင်လာခြင်း၊ ပေါင်းစည်းခြင်း" ဖြစ်သည်။ ယေရှုသည် စကြဝဠာအား ဖန်ဆင်းခြင်းဖြင့်သာမက၊ ရွေးနုတ်ခြင်းဖြင့်ပင် ပေါင်းစည်းစေသောသူဖြစ်သည်။

**ဖန်ဆင်းရှင်ဘုရားသည် ကျွန်ုပ်တို့အတွက်အသေခံရမည်။ မိမိတို့လုပ်ဆောင်ချက်သည် မည်သည်တို့ကိုဖြည့်စွက်နိုင်ပါမည်နည်း။ ခရစ်တော်မှ မိမိတို့အတွက်ပြုပေးသောအရာတို့အား မိမိတို့အလုပ်ဖြင့်ဖြည့်စွက်ခြင်းသည် အဘယ်ကြောင့်ရှုတ်ချကဲ့ရဲ့ရောက်နိုင်မည်နည်း။**

**အင်္ဂါနေ့** **ဖေဖော်ဝါရီလ ၁၇ ရက်**

**ခန္ဓာကိုယ်၏ဦးခေါင်း (အသင်းတော်)**

**ဖေက်၊ ၁း၂၂ နှင့် ကော၊ ၂း၁၉ ကိုဖတ်ပါ။ "ဦးခေါင်း" သည် မည်သည့်အဓိပ္ပာယ်သက်ရောက်သနည်း။ ပေါလုသည် ယေရှုအား "အသင်းတော်၏ဦးခေါင်း" (ဖေက်၊ ၅း၂၃) ဟုခေါ်ဆိုရာတွင် မည်သို့ဆိုလိုသနည်း။**

---------------------------------------

---------------------------------------

ခေါင်းဆောင်မှုရာထူးတစ်ခုခုကို ဘာသာစကားပေါင်းစုံတို့မှ "ဦးခေါင်း" ဟု ခေါ်ဆိုသည်မှာ တစ်လောကလုံး၏သဘာဝပင်ဖြစ်သည်။ ဓမ္မဟောင်းနှင့်

ခမ္မသစ်တွင်ပင် အလားတူသုံးစွဲကြသည်ကိုတွေ့ရသည်။ အောက်တွင် "ဦးခေါင်း" ကို အကြိမ်မည်မျှအသုံးပြုသည်ကို သတိထားပါ။

၁။ ထွက်၊ ၁၈း၂၅။ မောရှေသည် "တတ်စွမ်းနိုင်သူတို့ကို ဣသရေလအမျိုးထဲကရွေးကောက်၍ တစ်ထောင်အုပ်၊ တစ်ရာအုပ်၊ ငါးဆယ်အုပ်နှင့် တစ်ဆယ်အုပ် အသီးသီးခေါင်းဆောင်အရာ၌ ခန့်ထား၏။"

၂။ တော၊ ၃၁း၂၆။ "ပရိသတ်အဆွေအမျိုးသူကြီးများ"

၃။ တရားဟော၊ ၂၈း၁၃။ ဣသရေလလူတို့သည် ထာဝရဘုရားအားနာခံကြပါက "အမြီးမဟုတ်ဘဲဦးခေါင်း" ဖြစ်စေမည်ဆို၏။

၄။ ဟေရှာယ၊ ၇း၈။ "ရှုရိ၏ခေါင်းကား ဒမသက်၊ ဒမသက်၏ခေါင်းကား ရေဇိန်မင်းဖြစ်၏။"

၅။ ဟောရှေ၊ ၁း၁၁။ "ယုဒအမျိုးတို့နှင့် ဣသရေလလူတို့သည် မင်းတစ်ဦးတည်းကို ချီးမြှောက်သည်။"

၆။ မိက္ခာ၊ ၃း၉–၁၀။ "ယာကုပ်အမျိုးမင်းနှင့် ဣသရေလအမျိုးသူကြီးများ"

၇။ ၁ကော၊ ၁၁း၃။ ယောကျ်ား၏ခေါင်းကား ခရစ်တော်ပေတည်း။"

ဤသို့ဖြင့် ယေရှုသည် အသင်းတော်၏ဦးခေါင်းဖြစ်သဖြင့် ခေါင်းဆောင်ခြင်း၊ လမ်းပြခြင်း၊ ဦးဆောင်ခြင်းနှင့် အသင်းတော်၏စည်းလုံးခြင်းနှင့် တိုးတက်ခြင်းတွင် အားဖြည့်ထုံးဖွဲ့ပေး၏ (ကော၊ ၂း၁၉)။

၁ကော၊ ၁၂း၁၂–၂၇ ကိုဖတ်ပါ။ ဤနေရာတွင် ပေါလုသည် အသင်းတော်ကို "ခန္ဓာကိုယ်" ဟု ဆိုသည်။ ဤဥပစာအားဖြင့် အသင်းတော်၏မည်သည့်ကဏ္ဍများကို ညွှန်ပြနေသေးသနည်း။ ဦးခေါင်းမပါသော ကိုယ်ခန္ဓာသည် ဆုံးရှုံးဒဏ်ရာရခြင်းဖြစ်ရာ အသက်ရှင်ရန် ခက်ခဲပေလိမ့်မည်။ အရာတစ်ခုခုအား မဆုံးရှုံးမချင်း မည်မျှအရေးကြီးသည်ကိုပင် မသိရပါ။

**ခြေလက်မျက်စိကိုပင် စွန့်လွှတ်မည်ဆိုပါက သင်မည်သည်ကို ရွေးမည်နည်း။ လူတစ်ဦးစီတို့သည် အသင်းတော်အတွက် မည်သို့ အရေးကြီးသည်ကို ဤနေရာတွင် မည်သို့ဖော်ပြသနည်း။**



**ဗုဒ္ဓဟူးနေ့ ဖေဖော်ဝါရီလ ၁၈ ရက်**

**မူလအရင်းအမြစ် (စတင်ဆောင်ရွက်သူ)**

**ကော၊ ၁း၁၈ ကိုဖတ်ပါ။ ခရစ်တော်သည် ဦးခေါင်းနှင့်၊ မူလအရင်းအမြစ်ဖြစ်ခြင်းတို့သည် မည်သို့ဆက်နွှယ်နိုင်မည်နည်း။**

---

---

ဟေဗြဲဝေါဟာရတွင် ဦးခေါင်းကို (ro s') နှင့် မူလအလျင်ဦးဆုံး (resit) တို့သည် ဆက်စပ်မှုရှိသည်။ ကျမ်းစာတွင် ၎င်းစကားလုံး ပထမဆုံးပါဝင်လာသည်က၊ ကမ္ဘာ၊ ၁း၁ "အစအဦး၌ (resit) ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏။" ယေရှုသည် လူ့ဇာတိခံမွေးဖွားခြင်းဖြင့်သာမက၊ ဖန်ဆင်းရှင်ဖြစ်သဖြင့် လူသားနှင့်အသင်းတော်၏ဦးခေါင်းဖြစ်သည်။ ဂရိဝေါဟာရတွင် မူလအရင်းအမြစ်သည် (arche) ဖြစ်၍ အနက်သည် ကျယ်ပြန့်၏။ ဤနေရာတွင် "မူလအရင်းအမြစ်" ဟူသည်မှာ ယေရှုသည် အသင်းတော်၏မူလအရင်းအမြစ်ဖြစ်၍ (ကော၊ ၁း၁၈)၊ သူ၏ဦးခေါင်းမူကား သူသည် "မူလအရင်းအမြစ်ဖြစ်သည်အလျောက် ဖန်ဆင်းရှင်မူလအရင်းအမြစ်" လည်းဖြစ်လေသည်။

ယေရှုသည် အသင်းတော်၏မူလအရင်းအမြစ်၊ သေခြင်းမှရှင်ပြန်ထမြောက်ခြင်း (ရောမ၊ ၆း၃၊ ၄) မက၊ အသစ်ပြန်လည်ဖန်ဆင်းခြင်း၏မူလအရင်းအမြစ်ဖြစ်သည်။ အပြစ်၏အခသည် သေခြင်းဖြစ်သည်နည်းတူ သူသည် သေခြင်းအားအောင်နိုင်ခဲ့သဖြင့်၊ အပြစ်အပေါ်တွင် အောင်နိုင်ခြင်းတန်ခိုးသည် သူ၏ရုပ်ပုံနှင့်အလားတူစေရန် အသစ်ဖန်ဆင်းနိုင်ကြောင်း ဖော်ပြသည်။ သူသည် သေလွန်သူတို့၏ အဦးဖွားသောသားဖြစ်သည်။ သူ၏ထမြောက်ခြင်းသည် ပထမဆုံးမဟုတ်သည့်တိုင် ထင်ရှား၏ (မောရှေသည် အလျင်ဦးရှင်ပြန်ထမြောက်သည် – ယုဒ၊ ၉)။ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းမရှိပါက မည်သူမျှသေခြင်းမှ ရှင်ပြန်ထမြောက်ရမည်မဟုတ်ပါ။

ပေါလုသည် ယေရှု၏အထွတ်အထိပ်သြဇာရှိခြင်းအကြောင်းများကို အတိုချုပ်ပေးထားသည်။

၁။ မမြင်ရသောထာဝရဘုရား၏ ပကတိပုံသဏ္ဍာန်ပြသပေးသူဖြစ်သည်။

၂။ အရာခပ်သိမ်းတို့ကို ဖန်ဆင်းသောသူဖြစ်သည်။

၃။ အရာခပ်သိမ်းမဖြစ်မီ သူသည်တည်ရှိ၍၊ အရာခပ်သိမ်းတို့ကို သူ၌ပေါင်းစည်းစုံလင်သည်။

၄။ သူသည် အသင်းတော်၏ဦးခေါင်းဖြစ်၍ အသင်းတော်သည် သူ၏ခန္ဓာကိုယ်ဖြစ်သည်။

၅။ သူသည် ဖန်ဆင်းခြင်းတွင် စတင်ဆောင်ရွက်သူဖြစ်သည်။

၆။ သူသည် အပြစ်နှင့်သေခြင်းအား အောင်နိုင်၍ သူ့အားမိမိကိုယ်ပိုင်ကယ်တင်ရှင်အဖြစ် လက်ခံသူတို့အား ရှင်ပြန်ထမြောက်ရသောအခွင့်နှင့် တန်ခိုးရှိသည်။

၇။ ယေရှုသည် ထာဝရတည်ရှိ၍ ဤအရာအလုံးစုံတို့ကြောင့် သူသည် ထင်ရှားသောလူသားမျိုးနွယ်၏ဦးခေါင်းနှင့် အသင်းတော်၏ဦးခေါင်းဖြစ်ရသည်။

**သင်၏ဘဝတွင် ခရစ်တော်၏ထင်ပေါ်ကျော်ကြားမှုများကို သာ၍ကြုံဆုံနိုင်ရန် မည်သည်တို့ကိုပြောင်းလဲရမည်နည်း။**

**ကြာသပတေးနေ့ ဖေဖော်ဝါရီလ ၁၉ ရက်**

**အရာခပ်သိမ်းပြန်လည်သင့်မြတ်စေရန်**

**ကော၊ ၁း၁၉၊ ၂၀ ကိုဖတ်ပါ။ ကပ်တိုင်မှလာသော ကြားဝင်စေ့စပ်ခြင်းသည် မည်မျှကျယ်ပြန့်သနည်း။**

-----------------------------------------

-----------------------------------------

ပေါလုသည် ဂရိဘာသာဖြင့် ယေရှုအား အမြင့်မားဆုံးဖော်ပြထားခြင်းဖြစ်၍ နောက်ဘက်သို့ကိုပင်လှည့်၍ ခမည်းတော်ဖြစ်ကြောင်း ကောလောသဲ၊



၁း၁၂ တွင် ညွှန်ပြသည်။ ခမည်းတော်၏ဇာတိအဖြစ်ပြည့်စုံခြင်းသည် ယေရှု၌ ထင်ရှား၍ ကိန်းဝပ်တော်မူ၏ (ကော၊ ၂း၉)။ ဤပြည့်စုံခြင်းသည် အဘယ်နည်း။ ရှင်ယောဟန်သည် ၎င်းကို ဘုရားသခင်၏ဘုန်းတော်၊ "ကျေးဇူးတော်၊ သစ္စာတော်" ဖြစ်သည်ဟုဆိုသည် (ယော၊ ၁း၁၄)။

သို့တိုင်အောင် ၎င်း "ပြည့်စုံခြင်း" သည် မြောက်မြားစွာပင် ခြုံငုံနိုင်သည်။ ၎င်းသည် ဘုရားသခင်၏ထာဝရတည်ရှိခြင်းနှင့် တန်ခိုးတော်၏ ပြန်လည်သစ်ဆန်းဖန်ဆင်းခြင်းလည်း ပါဝင်သည်။ အရေးပေးထားဆုံးအရာသည် စိတ်းကူးဖြင့်ပင်မမှီနိုင်သောကပ်တိုင်ပေါ်၌ ခရစ်တော်သည် အပြစ်နှင့် သေခြင်းအား အောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့် ခရစ်တော်သည် ထိုအမဲစက်ထင်ထားသော သူဖန်ဆင်းထားသော ဝေနေယျသတ္တဝါအပေါင်းတို့ကို မိမိ၏ အနန္တမေတ္တာ၏ သက်သေခံပစ္စည်းဖြစ်စေသည်။ "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏" (ယော၊ ၃း၁၆)။

အပြစ်ကို ထာဝရပပျောက်စေနိုင်ရန်နှင့် ကြားဝင်စေ့စပ်ပေးခြင်းသည် အထက်ပါအမှန်တရား၌ ခြုံငုံထားလျက်ရှိရာ၊ ဘုရားမှချစ်တော်မူသည် – စကြဝဠာကို ချစ်တော်မူသည်၊ မိမိ၌ရှိသမျှတို့အားစွန့်သည်တိုင် ကယ်တင်ရန် ခရစ်တော်ကိုပင် ကပ်တိုင်၌ အသေခံစေ၏။ ဂရိဝေါဟာရတွင် လောက (kosmos) သည် စကြဝဠာတစ်ခွင်လုံးကို လွှမ်းခြုံထားသည်။ ဤသို့ခရစ်တော်နှင့်ပတ်သက်၍ စကြဝဠာသို့ သရုပ်ပြသွားခြင်းကို ပေါလုမှ "ငါတို့သည် လောကီသားများနှင့် ကောင်းကင်သားများမျက်မှောက်၌ (kosmos) ပွဲဝင်သောသူဖြစ်ကြသည်" (၁ကော၊ ၄း၉)။

"ခရစ်တော်အား ကပ်တိုင်၌ဆွဲတင်ထားသည်ကို ကောင်းကင်သည် ပူဆွေးသောကနှင့် အံ့အားသင့်စွာရှုနေကြသည်။ စာတန်နှင့် အပေါင်းအပါအားလုံးတို့သည် ဘုရားသခင်နှင့် သဟဇာတမဖြစ်နိုင်ကြောင်း၊ သူ့ရှေ့၌

ခစားနေရခြင်းသည် လောင်မြိုက်သောမီးဖြစ်ကြောင်း တော်လှန်လိုခြင်းဘဝဖြင့် စည်းလုံးစွာနေကြသည်။ အနန္တမေတ္တာဖြစ်တော်မူထသောသူသည် သူတို့အား ဖျက်ဆီးလိမ့်မည်။ မဟာတိုက်ပွဲအစကတည်းကပင် ကောင်းကင်တမန်တော်တို့သည် ဤအချင်းအရာကို မသိကျွမ်းခဲ့ကြပါ။ ယခုတွင်မူ ထိုမဟာတိုက်လှန်ပွဲကြီး ပြီးဆုံးပါတော့မည်။ ကယ်တင်ခြင်းစီမံကိန်းသည်လည်း ပြီးပြည့်စုံလင်ခဲ့ပြီ။ ဖန်ဆင်းထားသောဝေနေယျသတ္တဝါအပေါင်းတို့အား ထာဝရဘုရား၏ ဝိသေသလက္ခဏာတော်ကိုလည်း ချပြခဲ့ပြီးဖြစ်သည်။

ထိုအချိန်တွင် ကောင်းကင်တမန်တော်တို့သည် ပျော်ရွှင်ခြင်းဖြင့် ကယ်တင်ရှင်၏ကပ်တိုင်တော်အား ရှုမျှော်ကြ၏။ ခရစ်တော်ကိုယ်တိုင်သည် ကရာနိတွင် ပေးဆပ်ခြင်း၏အကျိုးရလဒ်ကို စုံလင်နားလည်သိကျွမ်းလေတော့သည်။ ကပ်တိုင်ပေါ်တွင် "အမှုပြီး၏" ဟု ကြွေးကြော်စဉ်အခါတွင် ဤအချင်းအရာတို့အား မျှော်တွေးခဲ့သည်။" – Ellen G. White, The Desire of Ages, p. 760-764.

**သောကြာနေ့ ဖေဖော်ဝါရီလ ၂၀ ရက်**

**ဆက်လက်လေ့လာရန်။**

"သာမန်လူသားတစ်ဦးသည် ယေရှုမိန့်သောစကားမျိုးကို ပြောဆိုသော်လည်း ကြီးမြတ်သောကိုယ်ကျင့်တရားဆရာကြီးမဖြစ်နိုင်ပါ။ အစွန်းရောက်အရူးပင်ဖြစ်နိုင်၍ သူပြောသောအရာနှင့် အဆင့်အတန်းသည် ကြက်ဥပြုတ်နေသူ သို့မဟုတ် ငရဲမင်းကြီးပင်ဖြစ်လိမ့်မည်။ သင့်ရွေးချယ်မှုကို သင်ပြုရပါမည်။ ထိုလူသည် ဘုရားသားတော်လား၊ အရူးပဲလားဟူသည် သင်ဆုံးဖြတ်ပါ။ ထိုအရူအား သင်ချုပ်ထားခြင်း၊ တံတွေးထွေးခြင်းနှင့် သတ်ပစ်ခြင်းကို နတ်ဆိုးတို့ကဲ့သို့ သင်လုပ်နိုင်သည်။ သူ့ခြေဖဝါးတွင်ပျပ်ဝပ်လျက် သခင်ဘုရားဟုပင် ကိုးကွယ်နိုင်၏။ ထိုသူသည် ကြီးမြတ်သောဆရာကြီးတစ်ပါးဖြစ်သည်ဆိုကာ မဟုတ်တမ်းတရား အားပေးစကားတို့ကို ကျွန်ုပ်တို့မပြောသင့်ပါ။



ထိုအချင်းအရာကို ကျွန်ုပ်တို့အား လွတ်လပ်စွာပြုခွင့်မပေးပါ။ သူသည် ဤသို့မရည်ရွယ်ပါ။" – C. S. Lewis, Mere Christianity (New York, Collier Books, 1952), p. 41.

"ခမည်းတော်သည် သုံးပါးတစ်ဆူဘုရား၏စုံလင်ခြင်းဖြစ်၍ သေတတ်သူသည် မမြင်နိုင်ပါ။ သားတော်သည်လည်း သုံးပါးတစ်ဆူဘုရား၏ စုံလင်ခြင်းကို ပြသသည်။ နှုတ်ကပတ်တော်သည် ခမည်းတော်၏လူရုပ်ပုံသဏ္ဍာန်ဟုဆိုသည်။" – Ellen G. White, Evangelism, p. 614.

"ခရစ်တော်သည် ယခင်တည်ရှိခဲ့သော အလိုလိုတည်ရှိနေသောဘုရား၏သားတော်ဖြစ်သည်။ ယခင် သူတည်ရှိနေခြင်းကို ပြောဆိုရာတွင်၊ ခရစ်တော်သည် နေ့စွဲမဖော်ပြထားသောခေတ်များတစ်လျှောက် စိတ်ကို ပြန်လည်သယ်ဆောင်ပေးသည်။ ထာဝရဘုရားသည် သူနှင့်နီးကပ်စွာမတည်သောအချိန်ကာလမရှိခဲ့သည်ကို အတည်ပြုသည်။ သူသည် ဘုရားသခင်နှင့်ဘက်မျှသူ၊ အတိုင်းအဆမဲ့သူနှင့် အနန္တတန်ခိုးရှင်၊ မိမိအလိုအလျောက် ထာဝရတည်ရှိသောသားတော်ဖြစ်သည်။" – Ellen G. White, Evangelism, p. 615.

**ဆွေးနွေးရန်မေးခွန်းများ။**

၁။ **ယေရှု၏ဘုရားဇာတိကို စိတ်သိမ်းထားပါ။ ကယ်တင်ခြင်းစီမံကိန်း၏ဂယက်နှင့် ယေရှုသည် ဖန်ဆင်းခြင်းခံရသူမဟုတ်ဘဲ ထာဝရကာလမှ တည်ရှိလာခဲ့သောထာဝရဘုရားဖြစ်လျက်နှင့် ကပ်တိုင်၌အသေခံပေးဆပ်ခြင်းကို တွေးကြည့်ပါ။ အဘယ်ကြောင့် အရေးပါသနည်း။ ယေရှုသည် ထာဝရမတည်ခဲ့ဘဲ ဖန်ဆင်းခံရသူသာဖြစ်ခဲ့လျှင်ဆိုသည်ကို ဆွေးနွေးပါ။ ထိုအတွေးအခေါ်တွင် မည်သည်များ ကွယ်ပျောက်နေသနည်း။**

၂။ **ယေရှု၊ ဧဝံဂေလိနှင့် ကယ်တင်ခြင်းစီမံကိန်းအကြောင်း တွေးကြည့်လိုက်သောအခါ၊ ယေရှုပြုသမျှသောအရာတို့ကို စကြဝဠာတစ်ခွင်လုံးကပင် ကျွန်ုပ်တို့ကဲ့သို့စိတ်ဝင်တစားရှိသည်ကို အဘယ်ကြောင့်လက်ခံစဉ်းစားရမည်နည်း။ ၎င်းတို့၏ ထာဝရဖန်ဆင်းရှင်ပင်လျှင် ကပ်တိုင်ပေါ်မှာတွေ့ရသောအခါ ၎င်းတို့၏စိတ်တွင် မည်သို့ ခံစားရမည်နည်း။ ကျွန်ုပ်တို့မှ အံ့အားသင့်ရပါသော်လည်း၊ မကျ ဆုံးသောစကြဝဠာသားတို့သည် သူ၏ထာဝရဘုန်းတော်အား သိရှိပြီးဖြစ်သည်။ သူတို့သည် ကောင်းကင်တွင် ဝတ်ပြုရသောသူသည် ကပ်တိုင်ပေါ်တွင်အသေခံရသောကြောင့် သူတို့စိတ်တွင်မည်သို့ရှိမည်နည်း။**

၃။ **ခမည်းတော်နှင့်သားတော်တို့သည် ထာဝရအတူနေထိုင်သည်ကို မယုံသောသူတို့အား သင်မည်သို့ပြောပြရမည်နည်း။ ဤအချင်းအရာတို့သည် အဘယ်ကြောင့်အရေးပါသနည်း။ "သားတော်သည် ကပ်တိုင်ပေါ်တွင် မြင့်မြတ်သောတန်ခိုးတော်နှင့် သီးခြားဖြစ်ခြင်းဖြင့် ခမည်းတော်နှင့် ခဏတာ ကင်းကွာနေရခြင်းမှအပ မည်သည့်အခါမျှ မကင်းကွာခဲ့ဖူးပါ"** (Ellen G. White, Commenst, The SDA Bible Commentary, vol. 7, p. 924).

–၀–



## သင်ခန်းစာ (၉)

# ပြန်လည်သင့်မြတ်ခြင်းနှင့်မျှော်လင့်ခြင်း

### ဖေဖော်ဝါရီလ ၂၁ – ၂၇

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဖေဖော်ဝါရီလ ၂၁ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ကော၊ ၁း၂၁–၂၉။ ဧဖက်၊ ၅း၂၇။ ၃း၁၇။ ရောမ၊ ၈း၁၈။ ဧဖက်၊ ၁း၇–၁၀။ ဧဖက်၊ ၃း၃–၆။ သု၊ ၁၄း၁၂။

**အလွတ်ကျမ်းချက်**

**"အဘယ့်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏" (၂ကော၊ ၅း၂၁)။**

ပေါလုသည် ကောလောသဲ၊ ၁း၂၀ တွင် အရေးတကြီး မီးမောင်းထိုးထားသော ကြားဝင်ဖြန်ဖြေခြင်းဥပဒေသကို ဆက်လက်ဖော်ပြသည် (သင်၊ ၈။ ကြာသပတေး)။ ထိုတွင် ပေါလုသည် စကြဝဠာကိုချိန်၍ ထိုမှတစ်ဆင့် ကိုယ်စီကိုယ်ငှတို့ လိုက်လာစေသည်။ ကပ်တိုင်ပေါ်တွင် သူ၏သေခြင်းဖြင့် ၎င်းတို့၏အပြစ်ကြောင့် ထာဝရဘုရား၏သက်တော်စဉ်မှ တိမ်းစောင်းသွားသောလူသားတို့အား သူတို့၏ယုံကြည်ခြင်းအားဖြင့် ကြားဝင်သင့်မြတ်စေခြင်းလုပ်ငန်းကြီးပြီးဆုံးသွားပြီဖြစ်သည်။

ကိုယ်စီကိုယ်ငှသင့်မြတ်စေခြင်းလုပ်ငန်းစဉ်ကို ယခုတစ်ပတ်အတွင်းတွင် လေ့လာကြရမည်ဖြစ်သည်။ စကြဝဠာတစ်ခွင်လုံးအတွက် ယေရှု၏သေခြင်းအားဖြင့်ဖြစ်လာသည်။ ကိုယ်စီကိုယ်ငှအဆင့်တွင်မူ ကပ်တိုင်တော်သည် အတိတ်ကိုမဆောင်ဘဲ၊ ပစ္စုပ္ပန်တွင် လက်တွေ့ဖြစ်ပျက်နေခြင်းကဲ့သို့၊ ခရစ်တော်၏ဧဝံဂေလိတရားတော်အားကြားရ၍ ဘုန်းကြီးသောမျှော်လင့်ခြင်းကို လက်ခံသော

လူတို့၌ ထာဝရဘုရား၏မေတ္တာတော်သည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ရောက် လိမ့်မည်။

**ပေါလုသည် "ရှေးခေတ်ကာလပတ်လုံးဝှက်ထားသော" (ကော၊ ၁း၂၆) အရာဟု ဆို၏။ ဤဝှက်ထားသောအရာသည် အဘယ်နည်း။ ကိုယ်စီကိုယ်ငှနှင့် စကြဝဠာအတွက် မည်သည်အား မှန်းဆစေသနည်း။ ဤဝှက်ထားသောအရာသည် ပေါလုမှ သဲကြီးမဲကြီးကြွေးကြော်ရသော ဧဝံဂေလိတရားနှင့် မည်သို့ဆက်စပ်နေသနည်း။**

**တနင်္ဂနွေနေ့ ဖေဖော်ဝါရီလ ၂၂ ရက်**

**ဆိုးညစ်ခြင်းမှပြန်လည်သင့်မြတ်စေခြင်း**

**ကောလောသဲ၊ ၁း၂၁၊ ၂၂ ကိုဖတ်ပါ။ ပေါလုသည် ရန်သူအဖြစ်သို့ပင် တိမ်းစောင်းသွားသည်ဟု သွယ်ဝိုက်၍ ပြောနေသည်မှာအဘယ်နည်း။ ခရစ်တော်သေခြင်း၏ရလဒ်သည် မည်သို့အဆုံးသတ်ဖြစ်မည်ဟု မျှော်လင့်သနည်း (ဖေက်၊ ၅း၂၇)။**

----------------------------------------

----------------------------------------

ပေါလုသည် လူသားတို့၏ဘဝကို အမှောင်အားဖြင့် ပုံဖော်ထားပေးရာ၊ အထူးသဖြင့် လူသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းနှင့် ဝေးကွာနေရချိန်မျိုးကို ဆိုလိုသည်။ နှစ်ထောင်ချီကုန်လွန်ပြီး ယခုမှထိုစိတ်ခံစားမှုအား မည်သူငြင်းနိုင်တော့မည်နည်း။ တစ်စုံတစ်ဦးမှ ခရစ်ယာန်တို့၏ဩဝါဒတရားတွင် ထည့်သွင်းစဉ်းစားစရာပင် မလိုလောက်အောင် လူသားတို့၏အပြစ်ရှိခြင်းသည် သေချာလှသည်။

မည်သို့ပင်ဖြစ်စေ အပြစ်ဝင်လာသည်နှင့်အမျှ၊ ကျွန်ုပ်တို့သည် မည်မျှပင်ဆိုးသည်ဖြစ်စေ၊ ပြန်လည်သင့်မြတ်စေရန် ဘုရားသခင်သည် အလျင်ဦးခြေလှမ်းလှမ်းလာခဲ့သည်။ ဆိုလိုရင်းမှာ အစအဦးကတည်းက ဘုရားသခင်သည် အပြစ်၏



ပြဿနာကိုဖြေရှင်းရန် လုပ်ဆောင်ခဲ့ပြီးဖြစ်ရာ၊ ထိုအဖြေသည်လည်း ကပ်တိုင်ပေါ်တွင် သူ၏သေခြင်း၌သာ တွေ့ရှိရပါသည်။

ဧဒင်တွင် ဘုရားသခင်သည် သူဖန်ဆင်းခြင်း၏အထွတ်အမြတ်ဖြစ်သောအာဒံအားခေါ်ရာတွင် သင်ဘယ်မှာရှိသနည်းဟူ၏ (က၊ ၃း၉)။ ယနေ့တိုင် သူကိုယ်တိုင်သည် ပျောက်ဆုံးနေသော သူ့သိုးငယ်များအား တစ်ကောင်နောက်တစ်ကောင် ရှာဖွေနေ၏။ ကမ္ဘာဦးကျမ်း၊ ၃း၁၅ ရှိ သန္ဓေတည်ခါစဧဝံဂေလိတရား၌ ကျွန်ုပ်တို့နှင့်စာတန်စပ်ကြားတွင် ရန်ငြိုးဖွဲ့စေခြင်းဖြင့် စီမံကိန်းထားပေးလေသည်။ နှစ်ဆယ့်တစ်ရာစုလူသားတို့သည် ဧဝံဂေလိတရားအား သီအိုရီပိုင်းဆိုင်ရာတွင် ရှုပ်ထွေးစေကာ၊ လက်တွေ့နည်းပါးစေကြသည်။ အမှန်မှာ ၎င်းသည် ရိုးစင်းလွယ်ကူသောအရာပင်ဖြစ်လေသည်။

ဧဝံဂေလိတရားသည် အပိုင်းသုံးပိုင်းပါဝင်သည်။

၁။ ကျွန်ုပ်တို့သည် မိမိတို့ဘာသာမကယ်တင်နိုင်သဖြင့်၊ ယေရှုကြွဆင်းလာ၍ အသေခံပေး၏ (ရောမ၊ ၅း၆–၈)။

၂။ ယုံကြည်ခြင်း၊ နောင်တနှင့် ရေနှစ်ခြင်းဖြင့် သူ၏အသေခံခြင်းကို လက်ခံပါက၊ မိမိတို့အား အပြစ်လွှတ်ကာ တရားစီရင်ခြင်းမှ တရားသေလွှတ်ပေး၏ (ရောမ၊ ၅း၉–၁၁။ ရောမ၊ ၆း၆၊ ၇)။

၃။ ယခုကျွန်ုပ်တို့အသက်တာသည် ခရစ်တော်နှင့်ပေါင်းစည်း၍ ရရှိသောအသက်၊ အသစ်ဖန်ဆင်းသောတန်ခိုးတော်အားကြုံတွေ့ခြင်း၊ မိမိတို့၌သူ့အသက်ရှင်ခြင်း (၂ကော၊ ၅း၁၇–၂၁။ ဂလာတိ၊ ၂း၂၀) ဖြစ်သည်။

ဤအဆင့်နှင့်အဖြစ်အပျက်တို့အား ခွဲခြားခြင်းမပြုရပါ။ မိမိတို့အသက်တာ၌ ယေရှုကိုလက်ခံသည်နှင့် တစ်ချိန်တည်းတွင်ပင် ဖြစ်ပျက်နိုင်သည်။ နံနက်တိုင်း သူ့ထံပါးဆက်ကပ်ခြင်းဖြင့်လည်း ဘဝသစ်ဖြစ်စေနိုင်ပါသည်။ မိမိအသက်တာတွင် ခရစ်တော်၏ကယ်တင်ခြင်းကို ကြုံတွေ့ရခြင်းသည် ယေရှု၏သေခြင်းအပေါ်တွင် နားနေရခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သည်။ ထိုနေရာသို့ အမြဲပြန်သွားကြစို့။

**မိမိကိုယ်ကို၊ မိမိစာရိတ္တနှင့် မိမိအတွင်းကျကျပြန်ကြည့်သောအခါ သင်မြင်ရသောအရာသည် ကပ်တိုင်တော်လိုအပ်သည်ကို မည်သို့ဖော်ပြသနည်း။**

**တနင်္လာနေ့ ဖေဖော်ဝါရီလ ၂၃ ရက်**

**ယုံကြည်ခြင်းဖြင့် ရှေ့ဆက်သွားသောအခါ**

**ကောလောသဲ၊ ၁း၂၃ ကိုဖတ်ပါ။ "ခိုင်ခံ့စွာယုံကြည်ခြင်း" ဟု ပေါလုဆိုရာတွင် မည်သည့်အနက်ရှိမည်ဟု သင်ယူဆသနည်း (ကော၊ ၂း၅။ ဖေက်၊ ၃း၁၇)။**

---

---

ဂရိဝေါဟာရတွင် "ခဲ့သော်" ဟူသည်ကို ကွဲပြားသောအနက်လေးမျိုးဖြင့် ဖော်ပြထားသည်။ ကောလောသဲ၊ ၁း၂၃ ၏အစတွင် ပါရှိသော "လျှင်" သည် မှန်ကန်သည့်အခြေအနေကို ဆိုလိုသည်။ ကောလောသဲလူတို့သည် ထိုအရာကိုစိတ်သိမ်းမွေ့လျက် ယုံကြည်ခြင်း၌တည်ကြည်ရန် ပေါလုမှတိုက်တွန်းထားသည်။ ပေါလုသည် သူပြသထားခဲ့သည်အတိုင်း သူတို့၏ယုံကြည်ခြင်းတွင် တည်ကြည်ခြင်းကို တွေ့ခဲ့ရသည် (ကော၊ ၂း၅)။ သို့ပါလျက် သူတို့၏မျှော်လင့်ခြင်းသည် သူတို့လိုက်လျှောက်ခဲ့သော ယုံကြည်ခြင်းလမ်းစဉ်အပေါ် ဆက်လက်တည်ရှိခြင်းအပေါ်တွင် မူတည်သည်။

မဆုတ်မနစ်ကြိုးပမ်းခြင်းသည် ဂရိဝေါဟာရတွင် "မြဲမြံခြင်း၊ ဆက်လက်လုပ်ဆောင်ခြင်း" (ကော၊ ၁း၂၃) ဟု ဆိုသည်။ ၎င်းကို မှားယွင်းခြင်းအမှုတွင် ကျမ်းပြုဆရာတို့နှင့် ဖာရိရှဲတို့က ဖမ်းဆီးမိသောမိန်းမတစ်ယောက်အား မည်သို့ပြုရမည်ကို ယေရှုအား အထပ်ထပ်မေးလျှောက်ခြင်းကို ဖော်ပြရာတွင်လည်း အသုံးပြုထားသည် (ယော၊ ၈း၇)။ ပေတရုသည် တံခါးကိုခေါက်၍နေသော်၊





ရောဒေအမည်ရှိသောမိန်းမပျိုသည် ပေတရု၏စကားသံကိုသိ၍၊ တံခါးကိုမဖွင့်ဘဲ အထဲသို့ပြေးဝင်၍ အခြားသူတို့အားပြောစဉ်တွင်လည်း အသုံးပြုသည် (တ၊ ၁၂း၁၆)။ ပေါလုသည် တိမောသေအား ဆုံးမဩဝါဒကိုသတိပြု၍အမြဲတည်နေလော့ဟု အားပေးတိုက်တွန်းရာတွင်လည်း အသုံးပြုသည် (၁တိ၊ ၄း၁၆)။ ဤနေရာတွင် သူ၏ဆိုလိုရင်းအနက်သည် အလားတူကြသည်ဖြစ်ရာ၊ ယုံကြည်သူများအပေါ်အသုံးပြုခြင်း၌ မူတည်ပါသည်။

နောက်သင်ခန်းစာတစ်ခုတွင် ကောလောသဲလူတို့သည် ခရစ်တော်၏တရားကိုမလိုက်၊ ဧဝံဂေလိတရားတော်၏မျှော်လင့်ခြင်းကိုမစွဲကိုင်ဘဲ၊ လူအဆက်ဆက်ခံသောနည်းဥပဒေသဖြင့် ကယ်တင်ခြင်းကို လိုက်ကြသည် (ကော၊ ၂း၈၊ ၂၀–၂၂)။ "တိုက်မြစ်ကျတည်ခြင်း" ဟူသောဝေါဟာရသည် နှုတ်ကပတ်တော်တွင် ယုံကြည်ခြင်းနှင့်မေတ္တာကို အခြေခံထားသည့် ခိုင်မာသောအုတ်မြစ်ကိုဆိုလိုသည် (မဿဲ၊ ၇း၂၅။ ဖေက်၊ ၂း၂၀။ ဖေက်၊ ၃း၁၇)။

ဤဂရိဝေါဟာရ "တိုက်မြစ်ကျတည်ခြင်း" သည် မရွေ့မပြောင်းနိုင်သောအဆောက်အဦ၊ ခရစ်ယာန်များအနေဖြင့် "ဧဝံဂေလိတရား၏မျှော်လင့်ခြင်းမှ မရွေ့လျော့သူ" (ကော၊ ၁း၂၃) ကိုဆိုလိုသည်။ အလားတူညီသောဝေါဟာရတစ်ခု ၁ကော၊ ၁၅း၅၈ တွင် "တည်ကြည်သောစိတ်နှင့်ပြည့်စုံ၍ မရွေ့မလျော့မတိမ်းယိမ်းဘဲလျက် သခင်ဘုရား၏အမှုတော်ကို ကြိုးစားကြလော့" ဟူ၏။

ဆန့်ကျင်ဘက်အနေဖြင့် "တစ်ကြိမ်ကယ်တင်ခြင်းခံစားရသူသည် ထာဝရခံစားရသည်" ဟူသော အယူအဆရှိသော်လည်း ပေါလုဆိုလိုသည်မှာ ၎င်းနှင့်လုံးဝခြားနား၏။

**ယုံကြည်ခြင်း၌တည်ကြည်ခြင်းသည် မည်သို့အရေးပါသည်ကို သင်ကြုံတွေ့ခဲ့ဖူးသနည်း။ ၎င်းတို့ပြုနိုင်ရန် သတိရှိသောရွေးချယ်မှုကို မည်သို့ပြုရမည်နည်း။ ထိုသို့မဟုတ်ခဲ့သော် သင်မည်သို့ဖြစ်နိုင်မည်နည်း။**

**အင်္ဂါနေ့ ဖေဖော်ဝါရီလ ၂၄ ရက်**

**ဘုရား၏ထာဝရအစီအစဉ်**

**ကောလောသဲ၊ ၁း၂၄၊ ၂၅ ကိုဖတ်ပါ။ ခရစ်တော်အတွက် ဒုက္ခဆင်းရဲခံရခြင်းကို ပေါလုမှမည်သို့ဆိုသနည်း။**

----------------------------------------

----------------------------------------

ပေါလုသည် ကောလောသဲဩဝါဒစာကို ရောမမြို့တွင် အိမ်အကျယ်ချုပ်နေရသည့်ကာလတွင် ရေးသားပေးပို့ထားရာ၊ အလျင်ဦးကပြုခဲ့သည်အတိုင်း တစ်နေရာမှတစ်နေရာ၊ တစ်အိမ်တက်တစ်အိမ်ဆင်းခြင်း မပြုရခြင်းသည် သူ့အတွက် အလွန်ခံရခက်ပါသည် (တ၊ ၂၀း၂၀)။ ဤဒုက္ခဆင်းရဲခြင်းတို့ကို ခရစ်တော်က ကြိုတင်သတိပေးထားခဲ့ပြီးဖြစ်ရာ (မ၊ ၂၄း၉။ ယော၊ ၁၆း၃၃) ၎င်းတို့သည် "ငါတို့အား ပေါ်ထွန်းလတ္တံ့သောဘုန်းကိုထောက်သော်၊ ယခုမျက်မှောက်ကာလ၌ ခံရသောဒုက္ခဆင်းရဲတို့ကို ပမာမပြုထိုက်" (ရော၊ ၈း၁၈) ဟု ဆို၏။ ဤသည်မှာ သာ၍ကြီးသောပုံရိပ်ပင်ဖြစ်သည်။ ပေါလုသည် ဖိလိပ္ပိရှိ ခရစ်ယာန်တို့သို့ ပေးပို့သည်နည်းတူ၊ သူခံရသော ဤဒုက္ခဆင်းရဲခြင်းများသည် ကောလောသဲလူတို့၏ကောင်းကျိုးအတွက်လည်းဖြစ်သဖြင့် သူဝမ်းမြောက်ကြောင်း ရေးသားပေးပို့သည် (ကော၊ ၁း၂၄)။

ပေါလုသည် ချည်နှောင်ခြင်းခံရသည်တိုင် "ဘုရား၏နှုတ်ကပတ်တော်သည် ချည်နှောင်ခြင်းနှင့်ကင်းလွတ်၏" (၂တိ၊ ၂း၉)။ ပေါလုသည် ချုပ်နှောင်ခြင်းခံရသောကာလတွင် ဖိလိပ္ပိ၊ ဧဖက်နှင့် ဖိလေမုန်၊ ဤဩဝါဒစာသုံးစောင်တို့ကို ရေးသားပေးပို့ခဲ့သည်။ လွတ်မြောက်လာသောအခါ၊ ဘုရားသခင်ထံမှ ဝိညာဉ်တော်မှုတ်သွင်းခြင်းဖြင့် အကြံပြုဩဝါဒစာနှစ်စောင်ဖြစ်သည့် တိမောသေဩဝါဒစာပထမစောင်နှင့် တိတုဩဝါဒစာတို့ကိုလည်း ရေးသားပေးပို့သည်။ ရောမတွင် နောက်ဆုံးအကျဉ်းကျကာလ၌ တိမောသေဩဝါဒစာဒုတိယစောင်ကို ရေးသားပေးပို့သည်။ ပေါလုသည် သူ၏နောက်ဆုံးနေ့ရက်



ကာလများတွင် ဟေဗြဲဩဝါဒစာအပါ ဓမ္မသစ်ကျမ်းတွင် အစိတ်အပိုင်းဝင်သောကျမ်းများအား ရေးသားပေးပို့ခွင့်ရရှိခဲ့သည်။

ဘုရား၏ထာဝရအစီအစဉ်သည် ဤသည်တို့တင်မက မျှော်မှန်းထားသည်။ ကောလောသဲ၊ ၁း၂၅ တွင် "ဘဏ္ဍာစိုး" အနက်ရှိသောဂရိဝေါဟာရ (oikonomia) ကို ပေါလုအသုံးပြုထားသည်။ ၎င်းဝေါဟာရအား ကန့်သတ်ချက်တို့ဖြင့်သာအသုံးပြုရာ (၁တိ၊ ၁း၄)၊ "ဘုရားသခင်၏အုပ်ချုပ်မှု" ဖြစ်သည်။
– Luke Timothy Johnson, The First and Second Letters to Timothy (New York: Doubleday, 2001, p. 164.

၎င်းတွင် ပေါလု၏တမန်တော်အရာလည်း ပါဝင်လိမ့်မည်။ သည်ထက်မက ကယ်တင်ခြင်းစီမံကိန်းတွင် ထာဝရဘုရား၏စီမံကိန်းအားလုံးပါဝင်သည်။ ပေါလုနှင့် အခြားတမန်တော်တို့၏ သာသနာလုပ်ငန်းနှင့် မောရှေအပါအဝင် ဓမ္မဟောင်း၏ပုရောဖက်များ (ဧဖက်၊ ၂း၂၀။ ၃း၅) တို့သည် "ထာဝရဘုရား၏နှုတ်ကပတ်တော်အကုန်အစင်ဟောပြောရန်" (ကော၊ ၁း၂၅) ဖြစ်၍ ကောင်းကင်၏စီမံကိန်းနှင့် ဆက်စပ်နေ၏။

ဤခေါင်းစဉ်အား နောက်နေ့တွင် အနီးကပ်လေ့လာရပါမည်။ ဤအချက်တို့မှ ပေါလုသတိပြုမိသောအချက်တို့သည် သူ၏သာသနာ့ခရီးစဉ်တို့သည် "ကမ္ဘာမတည်မရှိမီကတည်းက အကောင်အထည်ဖော်ခဲ့သော" (မ၊ ၁၃း၃၅။ ဧဖက်၊ ၁း၄) ကောင်းကင်၏ရေရှည်စီမံကိန်းဖြစ်သည်။

**သင့်အသက်တာကိုတွေးကြည့်ပါ။ သင်ဆုံးဖြတ်ချက်ချခဲ့သည်များ (ကြီး/ငယ်) တို့သည် ဘုရား၏ကျယ်ပြန့်သောစီမံကိန်းနှင့် လျော်ညီသလော။ ဆုံးဖြတ်ချက်တစ်ခုကို "သေးငယ်သည်" ဟု သိရှိနိုင်မည်နည်း။ နောက်ပိုင်းမှ ထင်ရှားလာမည့် ပိုမိုကြီးမားသော အကျိုးသက်ရောက်မှုများ မည်သို့ရှိနိုင်မည်နည်း။**

**မုဒ္ဓဟူးနေ့ ဖေဖော်ဝါရီလ ၂၅ ရက်**

**ဘုရား၏နက်နဲသောအရာကိုဖော်ထုတ်သည်**

**ကောလောသဲ၊ ၁း၂၆၊ ၂၇ ကိုဖတ်ပါ။ ပေါလုက နှစ်ကြိမ်ဖော်ပြသော နက်နဲသောအရာသည် အဘယ်နည်း။**

------------------------------------------------

------------------------------------------------

အခြားနေရာတစ်ခုတွင် ပေါလုသည် "ကမ္ဘာမတည်မရှိမီ ငါတို့၏ဘုန်းအသရေဖြစ်စေခြင်းငှာ နက်နဲသောအရာ၌ ဝှက်ထားသောဘုရား၏ပညာ" (၁ကော၊ ၂း၇) ကို ဘုရားသခင်၏ထာဝရစီမံကိန်း၌ ဖော်ပြထားသည်။ ပေတရုသည်လည်း ဤအမှန်တရားအား ပုရောဖက်တို့မှ စေ့စေ့စစ်ကြောမေးမြန်းရှာဖွေခဲ့၍ "ကောင်းကင်တမန်တော်တို့ပင် စေ့စေ့ကြည့်ရှုချင်သောစိတ်ရှိကြသည်" (၁ပေ၊ ၁း၁၀-၁၂) ဆို၏။ ၎င်းကို "ကမ္ဘာမတည်မရှိမီကပင် ခန့်ထား" (၁ပေ၊ ၁း၂၀) ၍ "ရှေးကပ်ကာလပတ်လုံး ဝှက်ထား" (ရောမ၊ ၁၆း၂၅) သည် ဆို၏။ သို့တိုင်အောင် ခရစ်တော်၏အသက်တာ၊ သေခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ထိုဖုံးအုပ်ခြင်းအကြောင်းကို ပယ်ရှင်း၏ (၂ကော၊ ၃း၁၄)။

**အောက်ပါကိုးကားချက်တို့သည် ဝှက်ထားသောဘုရား၏ပညာကို မည်သည့်ရှုထောင့်အမျိုးမျိုးဖြင့် အလင်းပေးထားသနည်း။**

**၁။ ဖေက်၊ ၁း၇-၁၀**------------------------------

------------------------------------------------

**၂။ ဖေက်၊ ၃း၃-၆**-------------------------------

------------------------------------------------

ကောင်းကင်အောက်မြေကြီးတွင် ရှိသမျှအရာတို့သည် ခရစ်တော်၌ တစ်လုံးတစ်ဝတည်း စုစည်းရလိမ့်မည်။ ယောဟန်၊ ၁၇ တွင် ခရစ်တော်၏ အဓိကဆုတောင်းချက်ပင်ဖြစ်ခဲ့သည်။ မည်သို့ဖြစ်လာမည်မှာ နက်နဲသောအရာဖြစ်၍ ဧဝံဂေလိတရားမှ ယခုဖော်ပြပေးလေသည်။



ဘုရားသခင်သည် မိမိ၏တန်ဖိုးမဖြတ်နိုင်သော ကောင်းကင်ဘုံ၏အရှင်ဖြစ်သည့်ယေရှုကို ကျွန်ုပ်တို့အားကယ်တင်ခြင်းငှာ ပေးအပ်ရလောက်အောင် ကျွန်ုပ်တို့အား အဘယ်ကြောင့်ဤမျှလောက်ချစ်မြတ်နိုးတော်မူသနည်း။ ထိုအကြောင်းကား ကာလအစဉ် ထာဝရကာလပတ်လုံး ကျွန်ုပ်တို့လေ့လာသင်ယူရမည့် ဘာသာရပ်ပင်ဖြစ်သည်။ ကျွန်ုပ်တို့သိရသည်မှာ ခရစ်တော်သည် "သူတို့အတွက်အသေခံ၍ ရှင်ပြန်တော်မူသောသူ၏အလိုသို့လိုက်၍ ရှင်စေမည်အကြောင်း" (၂ကော၊ ၅း၁၅) ဖြစ်သည်။ ရလဒ်မှာ ဂျူးလူ၊ သာသနာပလူတို့မှ ခရစ်တော်အားယုံကြည်သူတို့သည် ဧဝံဂေလိတရားတော်အားဖြင့် အသင်းတော်၌ တစ်လုံးတစ်ဝဖြစ်သဖြင့် ထာဝရဘုရား၏ကတိတော်များကို အတူတကွပင် ခံစားကြရပါမည်။

"သင်တို့အထဲ၌တည်သောခရစ်တော်" (ကော၊ ၁း၂၇) ဟူသည်မှာ "ယုံကြည်သောအားဖြင့် နှလုံးသားထဲ၌ တည်တော်မူသောခရစ်တော်" (ဧဖက်၊ ၃း၁၇။ ဂလာတိ၊ ၂း၂၀) ကိုဆိုသည်။ ခရစ်တော်နှင့်ဝိညာဉ်ရေးစည်းလုံးခြင်းသည် ယုံကြည်သူတို့အား ယခုပင် "ကောင်းကင်အရပ်၌ နေရာပေးတော်မူ" (ဧဖက်၊ ၂း၆) ၍ "နောင်ကပ်ကာလ၏တန်ခိုးများကို မြည်းစမ်းခြင်း" (ဟေဗြဲ၊ ၆း၅) ရှိမည်ဆိုသည်။ မိမိတို့အသက်တာ၌ ကိန်းတော်မူခြင်းဖြင့် သူသည် ကျွန်ုပ်တို့အား ကောင်းကင်နှင့် ရင်ကြားစေ့ရန် စတင်လုပ်ဆောင်နေတော့၏။

"အလင်း၌နေသော သန့်ရှင်းသူတို့၏အမွေကို ငါတို့သည်ဆက်ဆံဝင်စားထိုက်မည်အကြောင်း" ဧဝံဂေလိတရားတော်သည် ယုံကြည်သူတို့၏နှလုံးထဲတွင် လှုပ်ရှားတော်မူ၏ (ကော၊ ၁း၁၂)။

**ကြာသပတေးနေ့ ဖေဖော်ဝါရီလ ၂၆ ရက်**

**ဧဝံဂေလိတရား၏တန်ခိုးတော်**

**ကောလောသဲ၊ ၁း၂၈၊ ၂၉ ကိုဖတ်ပါ။ ဆိုလိုချက်သည် အဘယ်နည်း။ "လူတိုင်း" ဆိုသည့် အသုံးအနှုန်းကို သုံးကြိမ်တိုင်အောင် အဘယ်ကြောင့်အသုံးပြုရသနည်း။**

----------------------------------------

----------------------------------------

ပေါလု၏ဟောပြောခြင်း၏ဆိုလိုရင်းသည် ခရစ်တော်နှင့်ကပ်တိုင်တင်ခြင်းဖြစ်သည် (၁ကော၊ ၁း၂၃)။ ဖေက်၊ ၅း၂၇ တွင် ခရစ်တော်၏အသေခံခြင်း၏ရည်ရွယ်ချက်သည် "အသင်းတော်သည် သန့်ရှင်းလျက် အပြစ်ကင်းလျက်ရှိ၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းတို့နှင့် လွတ်ကင်းသဖြင့် အသရေရှိသောအသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သရန်" ဖြစ်သည်။ သို့ဖြစ်၍ ပေါလုသည် ဇဝ်ဂေလိတရားဟောပြောရာတွင် "ခရစ်တော်၌ လူတိုင်းစုံလင်ခြင်းသို့ရောက်ရန်" (ကော၊ ၁း၂၈) ဖြစ်သည်။ သူသည် ဟောပြောရင်းသတိပေးကာ၊ ခရစ်ယာန်အယူဝါဒနှင့် ကျင့်စဉ်တို့ကို ထောင့်စုံမှ ဟောပြောလေ၏။ (၂သက်၊ ၂း၁၅။ ၁တိ၊ ၄း၁၁။ ၅း၇။ တိတု၊ ၁း၉)။ ဧဝံဂေလိတရားအား ငြင်းပယ်ခြင်းနှင့် မိစ္ဆာတရားတို့၏အန္တရာယ်နှင့် အကျိုးဆက်တို့ကိုပါ သတိပေးသွားသည် (တ၊ ၂၀း၂၉–၃၁။ ရောမ၊ ၁၆း၁၇)။

ဤနည်းလမ်းသည် သမ္မာကျမ်းစာ၏သွန်သင်ခြင်းကိုနာခံ၍ သတိပေးခြင်းကို ဂရုပြုခြင်းဖြင့် စုံလင်သောခရစ်ယာန်များဖြစ်လာရပါသည်။ စုံလင်ခြင်းဟူသည် အရေးကြီးသောသဘောထားဖြစ်သည်။ မွေးကင်းစကလေးငယ်၏မိဘတို့သည် မှတ်တိုင်တိုင်းကို ဆင်နွှဲကြပါသည်။ အလျင်ဦးဆုံးပြောသောစကား၊ လမ်းလျှောက်ခြင်းနှင့် စာဖတ်ခြင်းတို့ဖြစ်သည်။ ကလေးလေးသည် နှစ်အတော်အတန်တိုင် စကားမပြော၊ လမ်းမလျှောက်ပါက မစိုးရိမ်သောမိဘရှိမည်လော။ ကြီးပွားတိုးတက်ခြင်းကို သာမန်မျှော်လင့်နေကြသည်နည်းတူ ခရစ်ယာန်အသက်တာတွင်လည်း မျှော်လင့်ရပါသည်။ စုံလင်ခြင်းအနက်ရှိသော ဂရိဝေါဟာရသည် (teleios) ဖြစ်၍ ယုတ်လျော့ခြင်းမရှိသော စုံလင်ခြင်းဖြစ်သည်။ ခပ်သိမ်းသောစုံလင်ခြင်း၏အဆုံးကိုမြင်၍ ပညတ်တရားတော်ကား "အလွန်ကျယ်ဝန်းပါ၏" (ဆာ၊ ၁၁၉း၉၆)။ ၎င်း၏ကျယ်ပြန့်ခြင်းသည် "အသက်နှင့်စိတ်ဝိညာဉ်" (ဟေဗြဲ၊ ၄း၁၂) တိုင်အောင်ဖြစ်သည်။



ပေါလုသည် "သတိပေး၍" (ကော၊ ၁း၂၈) ဟု ဆိုသောကြောင့် သတိရှိရပေမည်။ လူထင်သည်အတိုင်း "မှန်သောလက္ခဏာရှိသော်လည်း.... သေခြင်းလမ်းဖြစ်သည်" (သု၊ ၁၄း၁၂)။ ဝိညာဉ်ရေးပိုင်းခြားသိမြင်ခြင်းသည် ဝိညာဉ်တော်လမ်းပြခြင်းဖြင့် ဘုရား၏နှုတ်ကပတ်တော်အား သိကျွမ်းနားလည်ခြင်းဖြစ်သည်။ မှားယွင်းသောသွန်သင်ခြင်းသည် သမ္မာကျမ်းစာ၏သွန်သင်ခြင်းကို ဖြည့်စွက်ခြင်း၊ ဖယ်ရှားခြင်းတို့မှဖြစ်လာလေ့ရှိသည် (ဟေရှာယ၊ ၈း၂၀)။ ထာဝရဘုရား၏သွန်သင်ခြင်းအား တိုက်ရိုက်သံသယဖြစ်ခြင်းမဟုတ်ဘဲ၊ ယနေ့မိမိတို့ခေတ်တွင် ဖြစ်နိုင်ခြင်း၊ မဖြစ်နိုင်ခြင်းကို မေးခွန်းထုတ်ခြင်းသာဖြစ်ပါက ဒုတိယမြောက်တစ်ခုသည် သာ၍အောင်မြင်လေ့ရှိသည်။ မှန်ကန်သောယုံကြည်ချက်တို့အား အမှားအမှန်ခွဲခြားပိုင်းဖြတ်ရမည့်အချိန်တွင်၊ ကျွန်ုပ်တို့သည် မြွေကဲ့သို့လိမ်မာ၍ ချိုးငှက်ကဲ့သို့အဆိပ်ကင်းစင်ရမည်။

**"ခရစ်တော်၌စုံလင်ခြင်း" ကို သင်မည်သို့နားလည်သနည်း (ကော၊ ၁း၂၈)။ ကယ်တိုင်၌ ခရစ်တော်ပြုပေးခဲ့သောအရာတို့အား သိကျွမ်းခြင်းသည် "ခရစ်တော်၌စုံလင်ခြင်း" ရှိရန် မည်သို့ထောက်မသနည်း။**

**သောကြာနေ့ ဖေဖော်ဝါရီလ ၂၇ ရက်**

**ဆက်လက်လေ့လာရန်။**

"ပညတ်တော်၏တောင်းဆိုမှုများကို ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့သည် ကိုယ်ပိုင်ဖြောင့်မတ်ခြင်းမရှိပါ။ ခရစ်တော်သည် ကျွန်ုပ်တို၏လွတ်လမ်းကြောင်း ပြုလုပ်ပေးသည်။ မိမိကိုယ်ကို သူ့ထံဆက်ကပ်၍ မိမိ၏ကယ်တင်ရှင်အဖြစ်လက်ခံပါက သင်မည်မျှပင်အပြစ်များသော်လည်း သူ့ကြောင့် သင်သည် ဖြောင့်မတ်ရာသို့ရောက်သွားသည်။ ခရစ်တော်၏ဝိသေသလက္ခဏာတော်သည် သင့်ဝိသေသလက္ခဏာဖြစ်လာ၍၊ သင်သည် အပြစ်မပြုခဲ့ဖူးသကဲ့သို့ ထာဝရဘုရားကလက်ခံလိမ့်မည်။

ဤထက်မက ခရစ်တော်သည် နှလုံးသားကို ပြောင်းလဲပေး၏။ ယုံကြည်ခြင်းအားဖြင့် သင့်စိတ်ထဲတွင် ကိန်းတော်မူ၏။ ခရစ်တော်နှင့်ဆက်သွယ်ခြင်းကို သူ့ထံတွင် ယုံကြည်ဆက်ကပ်ခြင်းဖြင့် တည်တံ့စေရပါမည်။ ထိုသို့ပြုနေစဉ်တွင် သူသည် ဝမ်းမြောက်ဝမ်းသာစွာ သင့်အထဲ၌ အလုပ်လုပ်ဆောင်သွားပါမည်။

သို့ဖြစ်၍ ကြွားဝါစရာမိမိတို့ကိုယ်ပိုင်ဘာမျှမရှိပါ။ မိမိကိုယ်ကိုချီးမြှောက်ရန် မည်သည့်အခြေအမြစ်မျှမရှိပါ။ မိမိတို့၏မျှော်လင့်ခြင်းအမြစ်သည် ခရစ်တော်မှ မိမိတို့အားပေးတော်မူသော ဖြောင့်မတ်ခြင်းဖြစ်၏။ ၎င်းကို ကျွန်ုပ်တို့အထဲ၌ ဝိညာဉ်တော်လှုပ်ရှားခြင်းဖြင့်ဖြစ်သည်။ – Ellen G. White, Steps to Christ, pp. 62, 63.

“ငါ့အား တင်းကျပ်စွာပေးသောအလင်းသည် နတ်ဆိုးအယူဝါဒများ၏ ဖျားယောင်းသွေးဆောင်မှုများကြောင့် မြောက်မြားစွာတို့သည် ကျွန်ုပ်တို့အတွင်းမှ ထွက်သွားကြလိမ့်မည်။ အမှန်တရားကို ယုံကြည်သက်ဝင်နေသူအပေါင်းတို့သည် မည်သည်ကအမှန်တရားဖြစ်သည်ကို လိမ်မာပါးနပ်စွာ သိကျွမ်းရပါမည်။ – Ellen G. White, Evangelism, p. 363.

**ဆွေးနွေးရန်မေးခွန်းများ။**

**၁။ အလွတ်ကျမ်းချက်ကိုပြန်ဖတ်ပါ။ “အဘယ်ကြောင့်နည်းဟူမူကား ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏” (၂ကော၊ ၅း၂၁)။ မည်သည့်အနက်ရှိသနည်း။ ငါတို့အတွက် ခရစ်တော်အပြစ်ရှိခြင်းသည် မည်သို့နည်း။ ကပ်တိုင်၏အစားထိုးသဘောသဘာဝကို နားလည်နိုင်ရန် မည်သို့ထောက်မသနည်း။ ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်စေသည်” ဆိုသည်မှာ မည်သည့်အနက်ရှိသနည်း။**



**၂။ ခရစ်ယာန်များစွာလက်ခံထားသော “တစ်ခါကယ်တင်ခြင်းရခြင်းသည် ထာဝရကယ်တင်သည်” ဆိုသည်ကို စိတ်သို မှီးထားပါ။ အဘယ်ကြောင့် မှားယွင်းသောဝါဒဟုဆိုရသနည်း။ ထိုသို့သက်ဝင်နေသူသည် မည်သည့်ထင်ရှားသောအန္တရာယ်ရင်ဆိုင်ရမည်နည်း။ ထိုဝါဒအားငြင်းဆိုနေသည့်တိုင် ကယ်တင်ခြင်းစိတ်ချမှု မည်သို့ရှိဦးမည်နည်း။**

**၃။ သင်၏ယုံကြည်ခြင်းသည် မည်မျှ “တိုက်မြစ်ကျတည်ကြည်” (ကော၊ ၁း၂၃) သနည်း။ သင်သက်ဝင်ယုံကြည်သောအရာအား မည်မျှနှင့် အဘယ်ကြောင့်ယုံကြည်ရသနည်း။ သင်ယုံကြည်သောအရာအား မည်သို့သာ၍သိကျွမ်းနိုင်မည်နည်း။ သင်သည် ယုံကြည်ခြင်းတွင် “တိုက်မြစ်ကျတည်ကြည်” ရန် အဘယ်ကြောင့်အရေးကြီးသနည်း။**

–o–

## သင်ခန်းစာ (၁၀)

# ခရစ်တော်၌ပြည့်စုံ၏

### ဖေဖော်ဝါရီလ ၂၈ – မတ်လ ၆

**ဥပုသ်နေ့မွန်းလွဲပိုင်း** **ဖေဖော်ဝါရီလ ၂၈ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ကော၊ ၂။ ဟေဗြဲ၊ ၇း၁၁။ ဟေရှာယ၊ ၆၁း၃။ ၁ကော၊ ၃း၆။ တရား၊ ၃၁း၂၄–၂၆။ ရောမ၊ ၂း၂၈၊ ၂၉။ ရောမ၊ ၇း၇း။

**အလွတ်ကျမ်းချက်**

**"ထိုကြောင့် စားသောက်ခြင်းအမှု၊ ပွဲနေ့၊ လဆန်းနေ့၊ ဥပုသ်နေ့တို့ကို စောင့်ခြင်းအမှုတွင် သင်တို့ကို အဘယ်သူမျှမစစ်ကြောမစီရင်စေနှင့်။ ထိုအရာတို့သည် နောက်ဖြစ်လတ္တံ့သောအရာတို့၏ အရိပ်ဖြစ်ကြ၏။ ကိုယ်မူကား ခရစ်တော်၏ကိုယ်ဖြစ်၏" (ကောလောသဲ၊ ၂း၁၆၊ ၁၇)။**

သင်ဥပုသ်စောင့်ရခြင်းအကြောင်းရင်းအား မေးခံရဖူးပါသလား။ ယခုအပတ်အလွတ်ကျမ်းချက်သည် ၎င်းအား ဆန့်ကျင်ခြင်းသာဓကအဖြစ် အသုံးပြုလေ့ရှိသည်။ သို့သော်လည်း ၎င်းကျမ်းချက်ကို စတုတ္ထပညတ်တော်နှင့်ဆက်စပ်၍ ရေးသားခြင်းမဟုတ်ဘဲ၊ အသင်းတော်ထဲတွင် မိစ္ဆာတရားကို ဟောပြောနေသောသူတို့အား တုံ့ပြန်ခြင်းသာဖြစ်သည်။ အဘယ်မိစ္ဆာတရားများဖြစ်မည်နည်း။

ပထမ။ ထိုမိစ္ဆာတရားသည် "ဒဿနိကဗေဒ၊ လူအဆက်ဆက်ခံသောနည်းဥပဒေသ၊ လောကီတရားနုနှင့် လောကီပညာ" ဖြစ်၍ "ခရစ်တော်၏တရားကိုမလိုက်ပါ" (ကော၊ ၂း၈)။ အရေးဖြားလှီးခြင်းနှင့် ဂျူးပွဲတော်များပါဝင်သည် (ကော၊ ၂း၁၁၊ ၁၆)။



ဒုတိယ။ အစားအသောက်နှင့်ပတ်သက်သော ဝိနည်းအထုံးအဖွဲ့နှင့်ဆိုင်သော ဂျူးတို့၏စင်ကြယ်စေခြင်းဓလေ့များ (ကော၊ ၂း၁၆၊ ၂၁)။ ၎င်းတွင်ကောင်းကင်တမန်များအားဝတ်ပြုခြင်းကို ပြန့်ပွားစေခြင်း (ကော၊ ၂း၁၈) တို့ပါဝင်သည်။

တတိယ။ နောက်ဆုံးတွင် "လူတို့၏ပညတ်ဩဝါဒ" နှင့် ခြိုးခြံခြင်းအကျင့်ကျင့်ခြင်းတို့ပါဝင်သည် (ကော၊ ၂း၂၂၊ ၂၃)။ ဤမိစ္ဆာဆရာတို့သည်ရိုးသားဖြူစင်သော ဘာသာဝင်များဖြစ်သော်လည်း ဧဝံဂေလိတရားတော်ကိုအယူလွဲမှားကြသည်။

ယခုတစ်ပတ်တွင် မည်သို့ဖြစ်ပျက်သည်ကို တွေ့ရလိမ့်မည်။ အထက်ကအလွတ်ကျမ်းချက်သည် သတ္တမနေ့ဥပုသ်စောင့်ရောက်ခြင်းနှင့် မသက်ဆိုင်ကြောင်းမြင်တွေ့ရလိမ့်မည်။

**တနင်္ဂနွေနေ့** **မတ်လ ၁ ရက်**

**ဘုရား၏မြော်မြင်ခြင်းနှင့်အသိပညာ**

ယောဘသည် "ပညာကို အဘယ်မှာတွေ့ရလိမ့်မည်နည်း။ ဉာဏ်သည်လည်း အဘယ်မှာနေသနည်း" (ယောဘ၊ ၂၈း၁၂)။ ပေါလုမှဖြေဆိုသည်မှာ "နက်နဲသောအရာ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည်ဝှက်ထားလျက်ရှိ၏" (ကော၊ ၁း၂။ ၁ကော၊ ၁း၃)။ မိမိတို့သည် ခရစ်တော်ကိုပိုင်ဆိုင်ပါက အရာခပ်သိမ်းကိုပိုင်ဆိုင်နေပြီးဖြစ်၍ "ဝိစိကိစ္ဆာနှင့်ကင်းသောဉာဏ်၏စည်းစိမ်းနှင့်ပြည့်စုံခြင်း" ကိုပင် ပိုင်ဆိုင်နိုင်ပြီဖြစ်သည် (ကော၊ ၂း၂)။ ကယ်တင်ခြင်းစီမံကိန်းတစ်ခုလုံးကို ထွေးပွေ့ဖက်ထားသော ဘုရားသခင်၏နက်နဲသောအရာကို သူ့အားဖြင့် ဖော်ပြခဲ့ပြီးဖြစ်သည်။

**ကောလောသဲ၊ ၂း၁–၇ ကိုဖတ်ပါ။ ဤဩဝါဒစာကိုရေးသားရာတွင် ပေါလုသည် မည်သည့်ရည်ရွယ်ချက်ရှိသနည်း။**

---------------------------------------

---------------------------------------

ဂရိဝေါဟာရတွင် (paraklethosin) သည် "ခွန်အားပေးသည်၊ အားဖြည့်သည်" (ကော၊ ၂း၂) ဟု အနက်ရှိသည်။ ပေါလုသည် ကောလောသဲလူ ယုံကြည်သူတို့အား ထိုမိစ္ဆာတရားကို သတိထားမိရန်မကဘဲ၊ ခရစ်ယာန်မေတ္တာတွင် စည်းလုံးစေလိုသည်။ ပေါလုအသုံးပြုသောကြိယာသည် ထိုသြဝါဒစာတွင် မိမိ၏ရည်ရွယ်ချက်သို့ရောက်မည်ဟု သူယုံကြည်ကြောင်းပြသသည်။ မှန်ကန်သည်သာမက "သင်တို့သည် လျောက်ပတ်စွာစီရင်၍ ခရစ်တော်၌ ခိုင်ခံ့စွာယုံကြည်သည်" (ကော၊ ၂း၅) ဟု ချီးမွမ်းခဲ့သည်။

"Taxis" ဟူသော ဂရိစကားလုံးကို "ဝတ္တရားဆောင်ရွက်ခြင်း" ဟု ပြန်ဆိုထားပြီး ဓမ္မသစ်ကျမ်းတွင် အာရုန်၏ယဇ်ပုရောဟိတ်ဝတ္တရားကိုဆောင်ရွက်ခြင်း (လုကာ၊ ၁း၈၊ ဟေဗြဲ၊ ၇း၁၁) နှင့် မလခိဇေဒက်၏ဝတ္တရားဆောင်ရွက်ခြင်း (ဟေဗြဲ၊ ၅း၆၊ ၁၀။ ဟေဗြဲ၊ ၆း၂၀။ ဟေဗြဲ၊ ၇း၁၁၊ ၁၇) ကို ရည်ညွှန်းရာတွင် အသုံးပြုထားသော်လည်း ရှင်ပေါလုမှာမူ ယင်းကို အသင်းတော်အတွင်း ဝတ္တရားဆောင်ရွက်ခြင်း (၁ကော၊ ၁၄း၄၀) ကိုရည်ညွှန်းရာတွင် အသုံးပြုထားပါသည်။ ဤကျမ်းပိုဒ်တွင်လည်း ထိုနည်းတူစွာအသုံးပြုထားပါသည်။ အခါအားလျော်စွာ အသင်းတော်၏ဝတ္တရားကိုဆောင်ရွက်ခြင်းနှင့် အဖွဲ့အစည်းသည် ဘာသာရေးအရ အရေးပါမှုမရှိဘဲ ဓလေ့ထုံးတမ်းသက်သက်သာဖြစ်သည်ဟု သဘောထားလေ့ရှိတတ်ပါသည်။

ဘုရားဝတ်ပြုခြင်းတွင် သင့်တော်သောလုပ်ထုံးများကို သတ်မှတ်ပေးခြင်း (ဥပမာ၊ ၁ကော၊ ၁၁) နှင့် သင်းအုပ်များ၊ အသင်းလူကြီးများရွေးချယ်သည့် နည်းလမ်းကို ချမှတ်ပေးခြင်း (၁တိ၊ ၃၊ တိတု၊ ၁) စသည့် နည်းလမ်းများဖြင့် ရှင်ပေါလုသည် အသင်းတော်အတွင်း စနစ်တကျရှိမှုကိုထိန်းသိမ်းရန် အထူးဂရုစိုက်ခဲ့ပါသည်။ ဤနည်းဖြင့် ဘုရားသခင်၏ဉာဏ်တော်နှင့် သမ္မာကျမ်းစာပါသွန်သင်ချက်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ပြန့်ပွားစေပါသည်။

ကောလောသဲလူတို့သည် ရှင်ပေါလုနှင့် အပေါင်းအပါတို့ထံမှ သမ္မာတရားဟောပြောခြင်းရလဒ်အဖြစ် ယုံကြည်ခြင်း၌ "တည်ကြည်ခြင်း" ရှိ၏။ ၎င်းသည် ခိုင်မာသောကျမ်းစာအခြေခံအုတ်မြစ်ရှိသောကြောင့် တုန်လှုပ်ခြင်း



မရှိနိုင်ရုံမက၊ လိုက်နာကျင့်သုံးခြင်းဖြင့် မိစ္ဆာဆရာများ၏တရားများမှလည်း ကွယ်ကာရာဖြစ်လိမ့်မည်။

**သင့်တစ်ကိုယ်ရေဝိညာဉ်ရေးအသက်တာတွင် "စနစ်တကျစီမံခြင်း" ၏လိုအပ်ချက်ကို မည်ကဲ့သို့ကြုံတွေ့ခဲ့ဖူးသနည်း။**

**တနင်္လာနေ့ — မတ်လ ၂ ရက်**

## ခရစ်တော်၌စိုက်ပျိုး၍တိုးပွားခြင်း

ကောလောသဲ၏အဓိကဆိုလိုရင်းသည် ခရစ်ယာန်အသက်တာအတွက် အရှင်းဆုံးနှင့် အမြင့်ဆုံးဖြစ်ရာ၊ "သင်တို့သည် သခင်ယေရှုခရစ်ကိုခံယူပြီးသည်ဖြစ်၍ ထိုသခင်၌ကျင်လည်ကြ" (ကော၊ ၂း၆) ရမည်။ မိမိတို့သည် ကယ်တင်ခြင်းရယူရာတွင် သွန်သင်ချက်တစ်ခုကို လက်ခံရုံလေးမဟုတ်ဘဲ ပုဂ္ဂိုလ်တစ်ဦးကိုပင် လက်ခံရရှိထား၏။ ယေရှုကိုရယူလက်ခံရာတွင် သူ၏သွန်သင်ချက်တို့ကိုပါ တမန်တော်များနှင့် ပုရောဖက်တို့မှ ပေးပို့သည်အတိုင်း လက်ခံကျင့်သုံးခြင်းဖြစ်သည် (ဧဖက်၊ ၂း၂၀)။

အခြားအရာတို့ထက် ခရစ်တော်အားလက်ခံခြင်းသည် အတ္တ၌သေခြင်း၊ အသက်ရှင်တော်မူသော ခရစ်တော်ထံတွင် လုံးလုံးလျားလျားအပ်နှံခြင်းဖြစ်သည်။

အသက်ရှင်သောနှုတ်ကပတ်တော်သည် ရေးသားထားသောနှုတ်ကပတ်တော်နှင့် ခွဲခြမ်းမရနိုင်ပါ။ ငွေဒင်္ဂါးပြား၏မျက်နှာနှစ်ဖက်နှင့် အလားတူ၏။ အမှန်ကား သမ္မာကျမ်းစာအားဖြင့်သာ ယေရှုကိုသိရှိနိုင်၏။ သူ့၌ ကျွန်ုပ်တို့ကျင်လည်၍ အသက်ရှင်၏။ မိမိတို့၏ကျင့်ကြံရာနှင့် ဆုံးဖြတ်ချက်ချရာတွင် နှုတ်ကပတ်တော်နှင့် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် သူ့၌အသက်ရှင်ကာ၊ မိမိတို့ဆုံးဖြတ်ချက်နှင့် ကျင့်စဉ်များတွင် လမ်းပြစေပါ။

ကောလောသဲ၊ ၂း၇ တွင် ပေါလုသည် ကျမ်းစာဆိုင်ရာဥပစာဖြင့် ခရစ်ယာန်များကို အပင်နှင့်ခိုင်းနှိုင်းထားသည်။ ခရစ်တော်ကို ကယ်တင်ရှင်အဖြစ်လက်ခံ၍ မိမိတို့အသက်ကို နှုတ်ကပတ်တော်အရ အစဉ်အတိုင်းဖြစ်

စေခြင်းဖြင့် ခရစ်တော်၌စိုက်ပျိုးရပါသည်။ ထိုသို့ဖြင့် “ယုံကြည်ခြင်း၌တည်ကြည်” ၏ ။

**အောက်ပါကျမ်းချက်တို့သည် မည်ကဲ့သို့အပင်စိုက်ပျိုးခြင်းဥပစာဖြင့် ယုံကြည်သူတို့အား မီးမောင်းထိုးပေးကာ သရုပ်ပြပေးသနည်း (ဟေရှာ၊ ၆၁း၃။ မ၊ ၃း၁၀။ လု၊ ၈း၁၁–၁၅။ ၁ကော၊ ၃း၆)။**

---

---

ဤရွေးချယ်စရာနှစ်ခုလုံးကို ပေါလုသည် ပွင့်လင်းစွာအသေးစိတ်ချပြသည်။ တစ်ခုသည် ခရစ်တော်နှင့် သူ၏သွန်သင်ချက်တို့အား စွဲကိုင်ခြင်းဖြင့် “ထာဝရဘုရားစိုက်ပျိုးတော်မူသောအပင်” အဖြစ် တည်ရှိနေလိမ့်မည်။ နောက်တစ်ခုသည် အပင်အတုနှင့်တူသောကြောင့် အပင်ကဲ့သို့ဖြစ်သည်တိုင် အသက်မဲ့၏။ လူတို့၏အစဉ်အလာနည်းဥပဒေသနှင့် လောကီတရားတို့ဖြင့် ရပ်တည်ခြင်းသည် “လုယက်ဖျက်ဆီး” ခံရခြင်းဖြစ်သည် (ကော၊ ၂း၈)။ ခရစ်တော်သည် မိမိတို့အားလွတ်မြောက်စေသည့်တိုင်၊ ထမ်းပိုးထမ်း၍ ချည်နှောင်ခြင်းကိုပင် ခံရနိုင်သေးသည် (ဂလာတိ၊ ၅း၁။ တ၊ ၁၅း၁၀)။

လိုရင်းပြောရပါက သမ္မာကျမ်းစာနှင့် မပတ်သက်သောသွန်သင်ချက်များကိုလက်ခံကာ၊ ခရစ်တော်အားငြင်းဆိုလျက် မိစ္ဆာတရားကို ခံယူသူတို့သည် အခြားသောဧဝံဂေလိနှင့် သမ္မာကျမ်းစာကိုကျော်လွန်သော လူ၏ဩဇာအာဏာသာဖြစ်သည် (ဂလာတိ၊ ၁း၆–၉)။ ရှေးဦးခရစ်ယာန်အသင်းတော်မှအစ ယနေ့ထိပင် အန္တရာယ်ပေးနေသောအရာဖြစ်သည်။

**ခရစ်တော်အားလက်ခံနိုင်ရန် အတ္တအားသေစေခြင်းကို သင်မည်သို့ကြုံတွေ့ခဲ့ဖူးသနည်း။ ထိုအစဉ်အလာသည် အဘယ်ကြောင့်ဆက်လက်တည်ရှိသင့်သနည်း။**



**အင်္ဂါနေ့** **မတ်လ ၃ ရက်**

**လက်ဝါးကပ်တိုင်တွင်ရိုက်ထား၏**

**ကောလောသဲ၊ ၂း၁၁–၁၅ ကိုဖတ်ပါ။ ဤနေရာတွင် ပေါလုသည် မည်သည့်ပြဿနာကို နှိမ်နင်းနေပုံပေါ်သနည်း။ ကော၊ ၂း၁၄ ကို သတ္တမနေ့ဥပုသ်အားတိုက်ခိုက်ရန် လွဲမှားစွာမည်မျှလောက် အသုံးပြုကြသနည်း။**

---

---

ဤကျမ်းပိုဒ်များကို နားလည်နိုင်ရန်အတွက် ကျွန်ုပ်တို့အသင်းတော်က အဓိကအနက်ဖွင့်ဆိုချက်နှစ်ရပ်ကို တင်ပြထားပါသည်။ ပထမအချက်အနေဖြင့် လက်ဝါးကပ်တိုင်တွင်ရိုက်ထားသော “လက်ရေးစာစောင်” ဆိုသည်မှာ ကျွန်ုပ်တို့ကိုဆန့်ကျင်သော စွပ်စွဲချက်များစာရင်းဖြစ်သည်။ ယင်းသည် ပိလတ်မင်းကယေရှု၏လက်ဝါးကပ်တိုင်တွင် ချိတ်ဆွဲထားသောစာတမ်း (မဿဲ၊ ၂၇း၃၇။ ယောဟန်၊ ၁၉း၁၉၊ ၂၀) နှင့် ဆင်တူပါသည်။ ဒုတိယအချက်အနေဖြင့်၊ မောရှေမှရေးထားသော ပူဇော်သကာဆိုင်ရာပညတ်တော် (တရားဟော၊ ၃၁း၂၄–၂၆ ကိုကြည့်ပါ) သည် လက်ဝါးကပ်တိုင်သို့ ရိုက်ထားခြင်းခံရသည်ဟုဆိုပါသည်။ အဆိုပါကျမ်းပိုဒ်ကို ၎င်း၏ပိုမိုကျယ်ပြန့်စွာ လေ့လာကြည့်သောအခါ၊ ၎င်းသည် ပူဇော်သကာဆိုင်ရာပညတ်တရားကို ရည်ညွှန်းနေကြောင်း ရှင်းရှင်းလင်းလင်းမြင်တွေ့နိုင်ပါသည်။

ရှင်ပေါလုက “ဤအရေဖျားလှီးမင်္ဂလာကား ကာယနှင့်ဆိုင်သော အရေဖျားလှီးခြင်းမဟုတ်” (ကောလောသဲ၊ ၂း၁၁) ဟုဆိုရာတွင် “စိတ်နှလုံးတွင် အရေဖျားလှီးခြင်း” (ရောမ၊ ၂း၂၈၊ ၂၉။ တရားဟော၊ ၃၀း၁၆ နှင့် နှိုင်းယှဉ်ပါ) ကိုဆိုလိုသည်။ တကယ့်အရေဖျားလှီးခြင်းနှင့် ထင်ရှားစွာကွဲပြားပါသည်။ ဤအရေဖျားလှီးခြင်းသည် ဝိနည်းထုံးဖွဲ့များတွင် အရေးအကြီးဆုံးပြဋ္ဌာန်းချက်များအနက် တစ်ခုဖြစ်သည် (ဝတ်၊ ၁၂း၃။ ထွက်၊ ၁၂း၄၈ နှင့် နှိုင်းယှဉ်ပါ)။

ထိုသို့ပေါလုသည် အတွင်းအားဖြင့်ပြောင်းလဲခြင်းကို "ဇာတိပကတိ၏ ကိုယ်ကိုပယ်ရှင်း၍" ရေထဲ၌ နှစ်ခြင်းခံယူသည်ဟု ဆိုသည်။ ထိုရေနှစ်ခြင်းဖြင့်၊ ခရစ်တော်၏သေခြင်းနှင့် ရှင်ပြန်ခြင်းကို မိမိ၌လည်း ကြုံတွေ့ခွင့်ရရှိသည် (ကော၊ ၂း၁၁၊ ၁၂)။

ဤပြောင်းလဲခြင်းသည် "ဒုစရိုက်အပြစ်၌သေခြင်း" နှင့် ခရစ်တော်နှင့်အတူရှင်၍ အပြစ်ရှိသမျှကို လွှတ်တော်မူ၏" (ကော၊ ၂း၁၃)။ "ဝိနည်းအထုံးအဖွဲ့" (ကော၊ ၂း၁၄) တို့သည် လောကရေးရာ (လု၊ ၂း၁) နှင့် သာသနာပြုခြင်း (တ၊ ၁၆း၄) ဥပဒေအမိန့်များဖြစ်ကြသည်။ ပေါလုအသုံးပြုသောဂရိဝေါဟာရသည် ဝိနည်းပညတ်ဖြစ်သောဂျူးလူမျိုးနှင့် သာသနာပလူတို့အား ပိုင်းခြားခြင်းဖြစ်သည် (ဧဖက်၊ ၂း၁၄၊ ၁၅)။

ပေါလုသည် အပြစ်လွှတ်ခြင်းနှင့် အတွင်းအားဖြင့်ပြောင်းလဲခြင်းတို့ကို ရေထဲ၌နှစ်ခြင်းခံခြင်းဖြင့် သင်္ကေတဆောင်စေရာ၊ ကျမ်းစာ၏အခြားနေရာများတွင် လုံးဝအသုံးမပြုသော ထိုဥပစာအပြင် အခြားသောခေါင်းစဉ်တပ်လိမ့်မည်မဟုတ်ပါ။ အလားတူသောအချက်တစ်ခု ဖေက်စာအုပ်တွင် ယုံကြည်လာသောကောလောသဲမှ သာသနာပလူတို့သည် အရေဖြားလှီးဖြတ်ခြင်းအပါအဝင် ၎င်းတို့မှ ကတိကဝတ်ပြုထားသော သန့်ရှင်းခြင်းဝိနည်းအပေါင်းတို့ကို ပေါလုက အထူးပြုရှင်းပြထားသည် (တ၊ ၁၀း၂၈၊ ၃၄၊ ၃၅)။

ပေါလုသည် ပညတ်တော်ဆယ်ပါးတို့အား ကပ်တိုင်တွင် တင်ရိုက်ခြင်းမပြုသည်မှာ ရှင်းရှင်းလေးပါ။ ပညတ်တရားအားဖြင့်သာ အပြစ်သဘောကို သိရသည်ဟု ဆိုသည် (ရောမ၊ ၇း၇)။

**ဗုဒ္ဓဟူးနေ့** **မတ်လ ၄ ရက်**

**အရိပ်လောကိုယ်လော**

**ကောလောသဲ၊ ၂း၁၆–၁၉ ကိုဖတ်ပါ။ မည်သည့်ဂျူး–ခရစ်ယာန်တို့၏ကျင့်စဉ်ကို ပေါလုကမီးမောင်းထိုးပေးနေသနည်း။**





---

---

ဤနေရာ၌ ပေါလုတင်ပြသောပြဿနာများကို ပညာရှင်တို့သည် ယနေ့တိုင် သဘောမတူငြင်းဆိုနေကြသည်။ ပေါလု၏ထိုဩဝါဒစာသည် ဂျူး–ခရစ်ယာန်တို့၏သဘောထားကွဲလွဲခြင်းသည် အများအားဖြင့် သာသနာပလူအသင်းတော်တို့၏ဩဇာကြောင့်ဖြစ်သည်ကို သိရှိနိုင်သည် (ကော၊ ၂း၁၃)။ ဖြစ်ပျက်ပုံသည် ဂျူးလူယုံကြည်သူတို့သည် အသင်းဝင်များအား မလိုအပ်သောအရာများကို အတင်းလိုက်နာစေသောကြောင့်ဖြစ်သည်။

ကောလောသဲ၊ ၂း၁၆ တွင် ဂျူးဘာသာမှ ခရစ်ယာန်ဘာသာသို့ ပြောင်းလဲလာသူတို့မှ ကျင့်သုံးနေသောဂျူးဘာသာကျင့်စဉ်များကို စီရီထားပါသည်။ သို့သော် ကောလောသဲ၊ ၂း၁၈ တွင် ပါဝင်သောအချက်တို့သည်လည်း အလားတူဖြစ်ကြသည်။ ယေရှုသည် ဘာသာရေးခေါင်းဆောင်တို့၏ ယောင်ဆောင်နှိမ့်ချခြင်းကို ပြစ်တင်ဆုံးမထားသည် (မ၊ ၆း၁၊ ၇၊ ၁၆)။ ကွမ်ရန် (Qumran) စာလိပ်မှ၊ ဂျူးတို့သည် ကောင်းကင်တမန်များကိုပင်ဝတ်ပြုသော အယူအဆရှိသည်ဟု သိရသည်။ သို့ဖြစ်၍ ကောလောသဲမြို့တွင် ပေါလုက ရင်ဆိုင်နေသောအရာများသည် နေရာတကာတွင် သူရင်ဆိုင်ရသောအရာတို့နှင့် များစွာတူညီကြသည်။

ကောလောသဲ၊ ၂း၁၆ အား နားလည်မှုလွဲမှားခြင်းများစွာရှိသည်ဖြစ်၍ သာ၍အသေးစိတ်ပြုစုရန်လိုအပ်သည်။ ပေါလုသည် "ထို့ကြောင့်" ဟု ဆိုရာတွင် သူပြောဆိုခဲ့ပြီးသောအရာများကို နိဂုံးချုပ်လိုက်ခြင်းဖြစ်ပုံပေါ်ပါသည်။ ရှေးဦးစွာ၊ အတွင်းပိုင်းစိတ်နှလုံးပြောင်းလဲခြင်းသည်သာ အရေးပါသည်ဖြစ်၍၊ လက်တွေ့တွင် အရေဖြားလှီးခြင်းကို ပယ်ဖျက်လိုက်သည် (ကော၊ ၂း၁၁–၁၅)။ "စားသောက်ခြင်းအမှု" ဟူသည် ဣသရေလတို့သည် ဗိမာန်တော်သို့ ယူဆောင်လာသောယဇ်ပူဇော်ရာ အစားနှင့်အသောက်တို့ကိုဆိုလိုသည်။

“ပွဲနေ့၊ လဆန်းနေ့နှင့်ဥပုသ်နေ့တို့” (ကော၊ ၂း၁၆) အား ဖော်ပြရာတွင်၊ ဥပုသ်ပွဲနေ့များပါဝင်သော ဝိနည်းအထုံးအဖွဲ့တို့နှင့်ဆိုင်သော ဥပုသ်နေ့များ (ဟောရှေ၊ ၂း၁၁) ကိုပင် ရိုးတိုးရိပ်တိတ်ရည်ညွှန်းထားသည် (ဝတ်၊ ၂၃း၁၁၊ ၂၄၊ ၃၂)။ ဤကျမ်းချက်ကို ရေလည်စွာသိကျွမ်းစေသည်မှာ ပေါလု၏အနက်ပြန်ခြင်းပင်ဖြစ်သည်။ ထိုအရာတို့သည် နောက်ဖြစ်လတ္တံ့သောအရာတို့၏ အရိပ်ဖြစ်ကြသည် (ကော၊ ၂း၁၇) ဆို၏။ ဤပွဲနေ့များ ယဇ်ပူဇော်ခြင်းတို့သည် ခရစ်တော်ပြုသောအမှုများကို ရည်ညွှန်းထားသည် (၁ကော၊ ၅း၇။ ၁ကော၊ ၁၅း၂၃)။ သတ္တမနေ့ဥပုသ်သည် အပြစ်မဝင်ရောက်မီ၊ ဗိမာန်တော်နှင့် ယဇ်ပူဇော်ခြင်းများမပေါ်ပေါက်မီကတည်းက ဧဒင်မှာ တည်ထောင်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ ထိုသတ္တမနေ့ဥပုသ်သည် ကပ်တိုင်ပြီးနောက်တွင် ပယ်ရှားရမည့်အရိပ်ပြအရာမဟုတ်ပါ။

**ဤနေရာတွင် သတ္တမနေ့ဥပုသ်သည် ပြဿနာမဖြစ်သည်တိုင် သူတစ်ပါးတို့အား တရားစီရင်ခြင်းမပြုရန် ပေါလုသည် မည်သို့အကြံပြုထားသနည်း။**

**ကြာသပတေးနေ့** **မတ်လ ၅ ရက်**

**လူတို့၏ပညတ်ဩဝါဒ**

**ကောလောသဲ၊ ၂း၂၀–၂၃ ကိုဖတ်ပါ။ ဤနေရာတွင် ဆွေးနွေးထားသောအခြားအရာများအား ပေါလု၏သတိပေးခြင်းဖြင့် သင်မည်သို့နားလည်သနည်း။**

---------------------------------------

---------------------------------------

ဂလာတိဩဝါဒစာတွင်ပါသည့်အတိုင်း၊ ဂျူးပွဲတော်များကို ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ အလေးထားဖော်ပြရာတွင် “လူ့အဆက်ဆက်ခံသော



နည်းဥပဒေနှင့် လောကီတရားနှ” (ကော၊ ၂း၈၊ ၂၀။ ဂလာတိ၊ ၄း၃၊ ၉) ဟု ဆိုသည်။ တစ်မျိုးအားဖြင့် လောကဗိမာန်တော်ကဲ့သို့ ဤအရာတို့သည် လောကနှင့်စပ်ဆိုင်၍၊ ကျွန်ုပ်တို့သည် ကောင်းကင်နှင့်စပ်ဆိုင်ကြ၏။ ထို့ကြောင့် ယခုကျွန်ုပ်တို့ခံစားပျော်ရွှင်ရသော ခန္ဓာကိုယ်ခရစ်တော်အား ကြိုတင်အရိပ်ပြရုံ လောက်သာဖြစ်သည့် ထိုဝိနည်းဥပဒေသများအားဖြင့် မိမိကိုယ်ကိုစိတ်ရှုပ်ထွေး မခံသင့်ပါ။ ဘုရားသခင်မှပေးထားတော်မူသော အမိန့်ပြန်တမ်းများဖြစ်သည့်တိုင် မိမိတို့၏တာဝန်များကို ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ဆက်လက်လိုအပ်ခြင်း မရှိတော့ပါ။

ဗိမာန်တော်၏ကန့်လန့်ကာသည် ကောင်းကင်၏လက်ဖြင့်ဆုတ်ဖြဲခဲ့ပြီးသည်နောက်တွင် ဤစည်းမျဉ်းစည်းကမ်းတို့သည် ကပ်တိုင်၌ တင်ရိုက်ထားခဲ့ပြီးဖြစ်၍ (မ၊ ၂၇း၅၁။ ဒံ၊ ၉း၂၇)၊ ခရစ်ယာန်ဘာသာဝင်နှင့် ဂျူးခရစ်ယာန်များအပါအဝင်၊ မိမိတို့သည် ဤစည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာခြင်းပြုရန် မလိုအပ်တော့ပါ။ ဤစည်းမျဉ်းစည်းကမ်းတို့အား တင်ပြနေသ၍ မိမိတို့သည် လောကသားများဟု ကြွေးကြော်နေခြင်း၊ ခရစ်တော်မှကတိပြုထားသော ကမ္ဘာသစ်နှင့်မစပ်ဆိုင်ကြောင်း ပြသခြင်းဖြစ်သည်။ နောက်ဆုံးမှာတော့ ကျွန်ုပ်တို့သည် “ဖြောင့်မတ်သောတရားတည်နေသော မိုးကောင်းကင်သစ်နှင့်မြေကြီးသစ်” (၂ပေ၊ ၃း၁၃) အဟောင်းအား ပြန်လည်မွမ်းမံရုံသာမဟုတ်သောကမ္ဘာသစ်ကို မျှော်လင့်နေ၏။

မောရှေပြုစုထားသောစည်းမျဉ်းများအပြင် ဖာရိရှဲနှင့်ကျမ်းတတ်တို့သည် မိမိတို့အလိုရှိသောအရာများ၊ ခရစ်တော်၌ပြီးပြည့်စုံခဲ့ပြီးသော ဓမ္မဟောင်းကျမ်း၏ပွဲများ၊ ကောင်းကင်မှအလိုမရှိတော့သော လူသားတို့၏တာဝန်သာဖြစ်သည့် စည်းမျဉ်းများကို ဖြည့်စွက်ထားကြသည် (မာကု၊ ၇း၁–၁၃)။ ၎င်းတို့သည် ယုံကြည်ခြင်းအတွက် ဝန်ထုပ်ဝန်ပိုးကြီးများဖြစ်လာကာ၊ ရှေ့သို့ချီတက်ခြင်းကိုပင် ဟန့်တားနိုင်သည်။ ဤအရာများအားပြုလုပ်သောသူသည် မပြုလုပ်သောသူတို့ထက် မိမိကိုယ်ကိုသာလွန်သည်ဟု ယူဆမိတတ်ကြ၍ အလွန်းဆိုးဝါးသည်။

ထို့ပြင် မိမိတို့မှ လုံးဝခြေမလှမ်းချင်သော မိမိ၏ကုသိုလ်ဖြင့် ကယ်တင်ခြင်းရသည်လိုလိုပင် ထင်မိစေတတ်သည်။

ခရစ်ယာန်ရာဇဝင်တွင်၊ ကျမ်းစာကျွမ်းကျင်သူတို့သည် ဘာသာရေးမှ တရားဝင်ထုတ်ပြန်ချက်တို့ကို အသားပေးကာ၊ ကျမ်းချက်တို့၏အနက်မှန်သို့ သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြပို့ဆောင်ခြင်းကို လုပ်ယူထားကြသည်။ ရှင်ပေါလုမှအစ အခြားသောကလောင်ရှင်တို့သွန်သင်ထားသော သမ္မာတရားအားလုံးတို့၏ ရေအရင်းအမြစ်သည် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည်။

**ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ယေရှုက မိမိတို့အတွက်၊ မိမိတို့မပါ၊ မိမိတို့၏နေရာတွင် ပြုသင့်ပြုထိုက်သည်အားလုံးကို သူပြုခြင်းသည် မိမိတို့ကယ်တင်ခြင်း၏ အခြေခံအုတ်မြစ်ဖြစ်သည်ကို မည်ကဲ့သို့ယုံကြည်စိတ်ချနိုင်မည်နည်း။**

**သောကြာနေ့** **မတ်လ ၆ ရက်**

**ဆက်လက်လေ့လာရန်။**

"တမန်တော်တို့၏လက်ထက်ကကဲ့သို့ လူသားတို့သည် ရိုးရာနှင့် ဒဿနအမြင်တို့ဖြင့် ကျမ်းစာ၌ ယုံကြည်ခြင်းကိုဖျက်ဆီးကြသည်။ ယနေ့တွင်ပင် မိမိတို့၏ထင်မြင်ချက်များဖြင့် သာ၍မြင့်မားသောပြစ်တင်ခြင်းဆင့်ကဲဖြစ်ပေါ်ခြင်း၊ တစ္ဆေဆည်းကပ်ခြင်း၊ ကမ္ဘဋ္ဌာန်းထိုင်ခြင်း၊ ဘုရားများစွာကိုးကွယ်ခြင်းဖြင့် ဖြောင့်မတ်ခြင်း၏ရန်သူသည် တားမြစ်ထားသောနေရာများသို့ပင် ဝိညာဉ်များကို ဖြားယောင်းနေသည်။ သမ္မာကျမ်းစာသည် မြောက်မြားစွာတို့အတွက် ဆီမပါသော ဆီမီးကဲ့သို့ဖြစ်သည်။ ကျမ်းစာအား နားလည်မှုလွဲများစွာဖြင့် စိတ်ရှုပ်ထွေးစေကြကာ မှန်းဆယုံကြည်ခြင်းသို့ ရောက်ကြသည်။ သာ၍မြင့်မားသောပြစ်တင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ထင်ကြေးပေးခြင်း၊ ပြန်လည်တည်ဆောက်ခြင်းတို့ဖြင့် ကျမ်းစာသည် ကောင်းကင်မှဖော်ပြခြင်းဟု မယုံတော့ဘဲ ယုံကြည်ခြင်းပျက်ပြား



ကြသည်။ လူ့အသက်တာအား နှုတ်ကပတ်တော်၏ထိမ်းချုပ်ခြင်း၊ မြှင့်တင်ခြင်းကို လုပ်ယူထားခြင်းဖြစ်သည်။ တစ္ဆေဆည်းကပ်သောသူတို့သည် လူ့ဆန္ဒသည် အကြီးဆုံးဥပဒေဖြစ်၍ လူသည် မိမိဘာသာရပ်တည်နိုင်သည်ဆို၏။

ခရစ်တော်၏နောက်လိုက်တို့သည် ပေါလုကပင် ကောလောသဲ ယုံကြည်သူများအား သတိပေးထားသောစွဲမက်စရာများ ရင်ဆိုင်ရပါမည်။ ကျမ်းစာအား တစ္ဆေဝိညာဉ်ရေးရာအနက်ဖွင့်ဆိုချက်များကို ရင်ဆိုင်ရသော်လည်း သူသည် လက်ခံမည်မဟုတ်ပါ။ သူ၏အသံသည် ထာဝရအမှန်တရားများအား ရှင်းလင်းစွာဖော်ပြသည်ကို ကြားရလိမ့်မည်။ ခရစ်တော်အားရှေးရှုလျက် သူ၏ သွန်သင်ချက်တို့နှင့် လမ်းကြောင်းလွဲနေသောအတွေးများကိုဖယ်ရှားကာ ရှေ့သို့ မှန်ကန်စွာချီတက်ကြလိမ့်မည်။ သူသည် ထာဝရဘုရား၏သမ္မာတရားအား လေးလေးနက်နက်ဆင်ခြင်၍ ကမ္ဘဋ္ဌာန်းအားထုတ်နေလိမ့်မည်။ သမ္မာကျမ်းစာသည် သူ့အား ဘုရားသခင်မှ တိုက်ရိုက်စကားပြောဆိုနေသကဲ့သို့ဖြစ်လိမ့်မည်"
– Ellen G. White, The Acts of the Apostles, pp. 474, 475.

**ဆွေးနွေးရန်မေးခွန်းများ။**

**၁။ "ဘုရားသခင်၏ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ ကိုယ်ထင်ရှားသည်" နှင့် "အထွတ်အမြတ်အာဏာစက်ရှိသမျှတို့ကို အုပ်စိုးတော်မူသော" သည် မည်သည့်အနက်ရှိသနည်း (ကော၊ ၂း၉၊ ၁၀။ ယော၊ ၁း၁။ ဟေဗြဲ၊ ၁း၃ နှင့် ၁ပေ၊ ၃း၂၂)။**

**၂။ ကော၊ ၂း၁၄–၁၆ ကို သတ္တမနေ့ဥပုသ်အားငြင်းပယ်ရန် အသုံးပြုကြသည်ကို ကြားဖူးကြပါလိမ့်မည်။ ယခုတစ်ပတ်သင်ခန်းစာမှ**

**မဟုတ်ဘဲ၊ အခြားမည်သည့်ပြဿနာများသည် စတုတ္ထပညတ်တော်အား စောင့်ထိန်းရန်မလိုတော့ကြောင်း ဤကျမ်းချက်အားဖြင့် ဖော်ပြခြင်းမည်သည်များရှိသနည်း။**

**၃။ ဝိနည်းပွဲတော်ဥပဒေသများကိုကျင့်သုံးရန် အတင်းအကျပ်ပြုသောသူတို့ကို သင်မည်သို့ပြုသနည်း။ ဝိညာဉ်ရေးနှင့် ဘာသာရေးတွင် ကောင်းချီးမင်္ဂလာများရှိနိုင်သည်တိုင် ၎င်းတို့ကို အတင်းအကျပ်ပြုခြင်းဖြင့် မည်သည့်ပြဿနာဖြစ်လာနိုင်မည်နည်း။**

–ဝ–



## သင်ခန်းစာ (၁၁)

# ခရစ်တော်နှင့်အတူနေထိုင်ခြင်း

## မတ်လ ၇ – ၁၃

**ဥပုသ်နေ့မွန်းလွဲပိုင်း** **မတ်လ ၇ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ကော၊ ၃း၁–၁၇။ ရောမ၊ ၁း၁၈။ ၆း၁–၇။ ဧဖက်၊ ၄း၂၂–၂၄။ တရား၊ ၇း၆–၈။ ၁ရာ၊ ၁၆း၂၃။

**အလွတ်ကျမ်းချက်**

**“စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကို ထပ်၍ယူတင်ဝတ်ဆောင်ကြလော့” (လောလောသဲ၊ ၃း၁၄)။**

ကောင်းကင်၏စိတ်သဘောထားများလွှမ်းခြင်းမရှိရန် တိုက်တွန်းလေ့ရှိသည်။ အကြောင်းမှာ လောက၌အသုံးဝင်သောသူမဖြစ်တော့မည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့်မှန်ကန်သော်လည်း ကောလောသဲ၊ ၃ တွင် ပေါလုက မီးမောင်းထိုးသော အလားတူအရေးကြီးအယူအဆမှာ မိမိတို့သည် လောကဆန်လွှမ်းသောအခါ ကောင်းကင်၏သခင်ဘုရားအတွက် အသုံးဝင်ခြင်းမရှိနိုင်ပါ။ ပေါလုသည် ကောင်းကင်အားဖြင့်မွေးဖွား၍ “ခရစ်တော်နှင့်အတူရှင်ပြန်သူတို့” မှသာ သိကျွမ်းနိုင်သည့် လက်တွေ့ကျသောဘဝ၏ နိယာမ (ကော၊ ၃း၁) ဖြင့် ကျွန်ုပ်တို့အားဆွဲဆောင်၏။

ပေါလု၏အကြံပြုချက်တို့သည် အသင်းတော်အတွင်းသာမက မိတ်သဟာယကိုပင် တိုးတက်စေနိုင်သော လက်တွေ့ကျသောအကြံများဖြစ်သည်။ ယေရှုသည် “ရန်သူများကိုချစ်လော့၊ ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကိုမုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ကောင်းသောသူ၊ မကောင်းသောသူအပေါ် ကိုယ်တော်၏

နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူအပေါ်၌ မိုးကိုရွာစေတော်မူ၏” (မ၊ ၅း၄၄၊ ၄၅)။

လူသားဆန်ဆန်ပြောရပါက မဖြစ်နိုင်သလောက်ပါ။ ထာဝရဘုရားအတွက် အသက်ရှင်နိုင်ရန် အလျင်ဦးသေရန်လိုအပ်သည်။ ကောင်းကင်ခမည်းတော်အတွက် အသုံးဝင်သူဖြစ်လိုပါက မိမိတို့သည် ကောင်းကင်စိတ်သဘောကိုပင် ထားရှိရပါမည်။

ယခုတစ်ပတ်တွင် ခရစ်တော်နှင့်အတူနေထိုင်ပါက ပစ္စုပ္ပန်၊ အနာဂတ်တွင် ထူးခြားမှုများဖြစ်လာနိုင်သည်။

**တနင်္ဂနွေနေ့** **မတ်လ ၈ ရက်**

**အထက်အရာများကိုစွဲလန်းခြင်း**

**ကော၊ ၃း၁–၄ ကိုဖတ်ပါ။ ပေါလုမှတိုက်တွန်းနေသောအထက်အရာများကို စွဲလန်းခြင်းသည် မည်သည့်အခြေအနေကို ဆိုလိုသနည်း။**

----------------------------------------

----------------------------------------

တောင်ထိပ်ဖြားတစ်ခုမှ သင့်ပတ်ဝန်းကျင် ကျယ်ပြန့်သောလွင်ပြင်ကို ခြုံငုံကြည့်ရှုနိုင်ပါသည်။ မမှတ်မိနိုင်သောအချိန်ကတည်းက ထာဝရဘုရားကို နီးကပ်စွာရှာဖွေလိုသောသူတို့သည် တောင်ကိုအသုံးပြုလေ့ရှိပါသည် (ဆာ၊ ၁၂၁း၁၊ ၂)။

ရှေးမက်ဆိုပိုတေးမီးယားနတ်စားတို့မှတည်ဆောက်သော လေးထောင့်ပုထိုး ဇီဂူရတ်စ် (ziggurats) တို့မှာ ဘုရားများနှင့်ဆုံတွေ့ရန် တည်ဆောက်ထားခြင်းဖြစ်သည်။ စိတ်လှုပ်ရှားဖွယ်တစ်ခုသည် အာဗြံအားခေါ်ထုတ်ခဲ့သော ဥရမြို့ (Ur) တွင်၊ ဝေးရပ်ကပင်မြင်တွေ့နိုင်သည့် အလွန်ကြီးမားသော ဇီဂူရတ်ဇ်ပုထိုးတစ်ခုတည်ရှိသည်။ သို့သော်ငြားလည်း ရပ်တည်ခြင်းနေရာကို



မိမိတို့ဘာသာ လူသား၏ကြိုးစားခြင်းဖြင့် မြှင့်တင်ခြင်းသည် ဝိညာဉ်ရေးတွင် ကောင်းကင်နှင့်မနီးစေနိုင်ပါ။ အံ့ဖွယ်ကျေးဇူးတော်ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူသေ၍၊ သူနှင့်အတူပင်ထမြောက်ခြင်းဖြင့် (ရေနှစ်ခြင်းဖြင့် ပုံဖော်ထားသည် ကော၊ ၂း၁၂၊ ၁၃) ကောင်းကင်နှင့် နီးကပ်နိုင်ပါသည်။

ကောလောသဲ၊ ၃ အစတည်းကပင် အထက်ဆိုခဲ့ပြီးသည်အတိုင်း ကောင်းကင်ရှိကြောင်း ထပ်ထပ်ခါခါဆိုထားရာ “ခရစ်တော်ထိုင်နေတော်မူသောအထက်အရပ်၊ အထက်အရာများ၊ ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားသောအရာ၊ ထိုသခင်နှင့်အတူဘုန်းကြီးခြင်း” (ကော၊ ၃း၁–၄) တို့ကိုရှာကြလော့။

မငြင်းသောအရာမှာ၊ ခရစ်ယာန်အသက်တာတွင် ရှင်းပြခြင်းကို ဆန့်ကျင်ခြင်းများစွာရှိသည်။ လူသည် ကျား/မ အသွင်အပြင်တူသည်ဖြစ်၍၊ ရှင်ခြင်းသေခြင်းဆိုင်ရာ အတွေ့အကြုံမရှိဘဲလျက် အမှန်တကယ် “သေပြီး၊ ပြန်ရှင်” လာနိုင်မည်နည်း။ သန့်ရှင်းဝိညာဉ်၏လွှမ်းမိုးမှုမရှိဘဲ ဇာတိစိတ်သည် အဓိပ္ပာယ်မရှိနိုင်ပါ။ ဝိညာဉ်လွှမ်းသောစိတ်သည် ဘုရားသခင်မှကတိထားသော နှလုံးအသစ်ရရှိပြီးဖြစ်သဖြင့် အပြစ်၌သေခြင်းနှင့် ခရစ်တော်အားဖြင့်ပြန်ရှင်ခြင်းတို့သည် စစ်မှန်သောဖြစ်ရပ်မှန်များဖြစ်သည်။ ချီးမွမ်းသီချင်းကပင်အတည်ပြုထားရာ “အသက်ရှင်ကြောင်း အဘယ်သို့သိသနည်း။ ကိန်းဝပ်မှုခြင်းဖြင့်သိ” ဟု ဆို၏။

သို့တိုင်အောင် ပေါလုသည် အတွင်းပိုင်းဝိညာဉ်လူကို အမြဲပြုပြင်ရန် အမိန့်ပေးထားသည် (၂ကော၊ ၄း၁၆)။ မိမိတို့သည် ထိမိသဖြင့် လဲကျကာ ပျောက်ဆုံးနိုင်၏။ ဤဘဝ၌ သွေးဆောင်ခြင်းနှင့် မကင်းလွတ်နိုင်သေးပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် နေ့စဉ် “အထက်အရာများကိုရှာကြရပါမည်” (ကော၊ ၃း၁)။ ကျွန်ုပ်တို့၏ ထာဝရအသက်သည် “ခရစ်တော်အားဖြင့် ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏” (ကော၊ ၃း၃)။ ထိုအသက်တာ၏အပြင်ပိုင်းအသွင်အပြင်သည် ဝှက်ထားသောအရာဖြစ်သည်။

**သင်၏အတွေးအခေါ်သည် အထက်မှာလော၊ အောက်မှာလော။ အောက်မှာရှိနေပါက သင်မည်သို့ဘက်ပြောင်းရမည်နည်း။**

**တနင်္လာနေ့** **မတ်လ ၉ ရက်**

**လောကဆန်ခြင်းကိုအဆုံးသတ်ပါ**

နိုင်ငံရေးကြွေးကြော်ခြင်းကို ကျွန်ုပ်တို့ကြားနေရသည်မှာ "စစ်ပွဲအဆုံးသတ်၊ သစ်တောပြုန်းတီးခြင်းအဆုံးသတ်၊ လူမျိုးရေးခွဲခြားမှုအဆုံးသတ်" စသည်ဖြင့်ဖြစ်သည်။ "လောကဆန်ခြင်းအဆုံးသတ်" ကိုမူကြားဖူးကြမည်မဟုတ်ပါ။ ၎င်းသည် ဤလောက၏အာရုံလာခြင်းနှင့် မကိုက်ညီပါ။ အခြားသောကြွေးကြော်ခြင်းများနှင့် အားပေးကူညီသူများ မှားယွင်းသည်မဟုတ်ပါ။ ထာဝရကာလရောက်လုသည်ကို ဆင်ခြင်ပါက သူတို့သည် အဝေးမှုန်နေသူတို့သာဖြစ်သည်။ ကျွန်ုပ်တို့၏ဆုံချက်သည် မြင့်သောအရပ်၊ ထာဝရမြင့်သောအရပ်ဖြစ်ရပါမည်။

**ကောလောသဲ၊ ၃း၅၊ ၆။ ရော၊ ၆း၁–၇ ကိုဖတ်ပါ။ အတ္တနှင့်လောကဆန်ခြင်း၌ သေ၍ "အထက်အရာများ၌" မည်သို့ရှင်သန်ကြသနည်း (ကော၊ ၃း၁)။**

----------------------------------------

----------------------------------------

ကျွန်ုပ်တို့သည် ခရစ်တော်၌သေခဲ့ပြီးဖြစ်သည့်တိုင် မိမိတို့၏အဖွဲ့ဝင်များဖြစ်သော မိမိတို့ကိုယ်နှင့်စိတ်တို့တွင် ခိုအောင်းနေသောစုံစမ်းခြင်းကိုပင် "သေစေ" ရပါမည်။

သို့တိုင်အောင် ဤအမိန့်နှင့်ဆက်စပ်နေသောအရာနှစ်ခုကိုတော့ သတိပြုရပါမည်။

ပထမ။ ကောလောသဲ၊ ၃း၁ တွင် ပေါလုအသုံးပြုခဲ့သည့် ဂရိပုံစံဟုယူဆရသော ခရစ်တော်အားဖြင့် ထမြောက်ခြင်းကိုဖော်ပြခြင်း။

ဒုတိယ။ ကော၊ ၃း၅ ၏အမိန့်တော်သည် ထိုအချက်၏နောက်ဆက်တွဲ (ထို့ကြောင့်) ဖြစ်သည်။ မိမိတို့သည် လောကအရာများဖြစ်သော ကာမေသုမိစ္ဆာမှု၊ မစင်ကြယ်ခြင်း၊ ချစ်ဇော‌ဟုန်ကြီးခြင်း၊ ဒုစရိုက်ဆန္ဒနှင့် ပြင်းပြသော



တပ်မက်ခြင်းတို့ကို သေစေရမည်။ မိမိတို့သည် ခရစ်တော်အားဖြင့် ထမြောက်ခဲ့ပြီးဖြစ်၍ ဝိညာဉ်အသက်နှင့်တန်ခိုးတော်သည် ထိုအရာအားလုံးတို့ကို မိမိတို့၏စိတ်နှင့် အသက်တာထဲမှဖယ်ရှားပေးသောကြောင့်ဖြစ်သည်။

ဂရိဝေါဟာရဖြင့် အတိအကျတူညီစွာပါလာသောအခြားတစ်ခုသည် "ဘုရားသခင်၏အမျက်တော်" (ကော၊ ၃း၆) သည် ရောမ၊ ၁း၁၈ တွင်လည်းရှိသည်။ ဘုရားသခင်သည် လူသားတို့ကို မိမိတို့၏ဆိုးညစ်သောလမ်းစဉ်ကိုခွင့်ပြုလိုက်ရောက်စေသည့်တိုင် (ဗျာ၊ ၆း၁၆၊ ၁၇)၊ ငြင်းဆန်သောသူတို့အပေါ်၌သူ၏အမျက်တော်သည် လိုက်ပါလာသည် (ကော၊ ၃း၆)။ ရောမ၊ ၁း၁၈ တွင် ပေါလုသည် "အဓမ္မဖြင့်တားဆီးနှိပ်စက်သောသူတို့" (ကော၊ ၃း၅ ၏ဂရိဝေါဟာရနှင့်လုံးဝတူညီ) ဟူသည်မှာ "မိမိတို့ကိုယ်ကာယ၏အသရေကိုအချင်းချင်းရှုတ်ချမည်အကြောင်း" (ရောမ၊ ၁း၂၄) ဟု ဆိုသည်။

မိမိတို့၏ကိုယ်ကာယကို မည်သို့ရှုတ်ချသနည်း။ ပထမ။ ယုတ်မာသောကိလေသာဖြင့် ဖန်ဆင်းရှင်ကို ငြင်းပယ်ခြင်းဖြင့် ရှုတ်ချသည်။ "မိန်းမသည်ပကတိထုံးစံကိုစွန့်၍ ပကတိနှင့်ဆန့်ကျင်သောထုံးစံကိုလိုက်၏။ ထို့အတူယောကျ်ားတို့သည်လည်း မိန်းမနှင့်ဆက်ဆံခြင်းပကတိထုံးစံကိုစွန့်၍ အချင်းချင်းကိလေသာစိတ်ပူလောင်သဖြင့် ရှက်ကြောက်ဖွယ်အမှုကို ယောကျ်ားချင်းပြု၏" (ရောမ၊ ၁း၂၆၊ ၂၇)။

**"မြေကြီးပေါ်မှာရှိသော သင်တို့၏ကိုယ်အင်္ဂါတို့ကို သေစေလော့" ဟူသည်ကို မိမိတို့မည်ကဲ့သို့လိုက်လျှောက်ကြသနည်း (ကော၊ ၃း၅)။**

**အင်္ဂါနေ့** **မတ်လ ၁၀ ရက်**

**ပညာအားဖြင့်အသစ်ပြုပြင်ခြင်း**

**ကောလောသဲ၊ ၃း၆–၁၁ ကိုဖတ်ပါ။ ပေါလုသည် ဤအတွေးအခေါ်ကို မည်သို့ဆက်လုပ်သနည်း။**

------------------------------------------

------------------------------------------

ကောလောသဲ၊ ၃း၈ ၏အစအကွဲရာသည် သေခြင်းမှရှင်ခြင်းသို့ ပြဇာတ်ဆန်ဆန်ပြောင်းလဲခြင်းဖြစ်သည်။ "ယခုမူကား" ဂရိဝေါဟာရ "ယခု" ကို အလေးအနက်ထားသည်။ ယခု၊ သင်သည် ခရစ်တော်အားဖြင့် ထမြောက်ပြီးဖြစ်သဖြင့် အထက်အရာများကိုသာရှာ၍ ပစ္စုပ္ပန်အသက်တာသည် အတိတ်က အသက်တာနှင့် ကွာခြားနေပေလိမ့်မည်။ သင့်အထဲတွင် "မြေကြီးပေါ်မှာရှိသော သင်၏ကိုယ်ကို" သေစေကာ (ကော၊ ၃း၅) ထိုအမှုအရာအလုံးစုံ အမျက်ထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ မနာလိုခြင်း၊ သူ့အသရေပျက်အောင်ပြောခြင်း၊ ညစ်ညူးသော စကားကိုသုံးခြင်းတို့ကို သင်တို့၏နှုတ်မှပယ်ရှင်းလော့" (ကော၊ ၃း၈)။

အမျက်ထွက်ခြင်းနှင့် စိတ်ဆိုးခြင်းတို့သည် ဘုရားသခင်မှ အပြစ်အားဖြောင့်မတ်စွာတုံ့ပြန်ခြင်း (ယမန်နေ့သင်ပြီး)၊ ယေရှုကဲ့သို့ (မာ၊ ၃း၅။ ဗျာ၊ ၆း၁၆) ဖြစ်နိုင်သည်။ တစ်မျိုးအားဖြင့် "စကားပြောခြင်း၌လည်းကောင်း၊ အမျက်ထွက်ခြင်း၌လည်းကောင်း နှေးကြစေ။ လူ၏ဒေါသအမျက်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို မပြုတတ်" (ယာကုပ်၊ ၁း၁၉၊ ၂၀)။ ပြစ်မှုခြင်းသည် သူတစ်ပါးကို ကံဆိုးစေတတ်သည်။ ဆဲဆိုခြင်းသည် အသရေဖျက်ရန် ထင်ရှားသည်။ ပေါလုသည်လည်း ရင့်သီး၍ ညစ်ညမ်းသောစကားများကို ရှုံ့ချသည်။ နောက်ဆုံးတွင် အချင်းချင်းလှည့်ဖြားခြင်းကို တားမြစ်ထားသည် (ဝတ်၊ ၁၁၊ ၁၈)၊ "သင်တို့သည် လူဟောင်း၏အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကို ချွတ်ပယ်၍" (ကော၊ ၃း၉) ဟု ဆို၏။

**ပေါလုမှ "လူဟောင်း" နှင့် "လူသစ်" ကို နှိုင်းယှဉ်ရာတွင် မည်သည့်အနက်ရှိသနည်း (ရောမ၊ ၆း၆။ ဧဖက်၊ ၄း၂၂–၂၄)။**

------------------------------------------

------------------------------------------



ရှင်ပေါလုသည် တစ်စုံတစ်ယောက်သည် အဟောင်းမှအသစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်းကို အဝတ်ဟောင်းအစုတ်ကိုချွတ်ပယ်ကာ၊ အဝတ်သစ်ဝတ်ဆင်ခြင်းဖြင့် ရိုးတိုးရိပ်တိတ်ညွှန်းဆိုထားသည် (ဇာခရိ၊ ၃း၄)။ အလားတူသော အဟောင်း/အသစ်ခွဲခြားခြင်းနှင့်ပတ်သက်၍၊ အပြင်ပန်းတွင် စာလုံးဖြင့်ခြစ်ရေးသားထားသော ပညတ်တရားစကားများနှင့် ဝိညာဉ်တော်အားဖြင့် နှလုံးသားတွင် ရေးသားထားသောပညတ်တရား အဟောင်း/အသစ်တို့လည်းရှိကြ၏ (၂ကော၊ ၃း၄–၁၈)။

ဤဥပစာတို့သည် သဏ္ဌာန်ပြောင်းလဲခြင်းနှင့် ၎င်း၏ရလဒ်များကို "အသစ်သောသတ္တဝါ" (၂ကော၊ ၅း၁၇) ဟု ခေါ်ဆို၏။ "ဖန်ဆင်းတော်မူသော (ခရစ်တော်) သူ၏ပုံသဏ္ဌာန်နှင့်အညီ မှန်သောပညာအားဖြင့် အသစ်ပြုပြင်သော လူသစ်ကို ယူတင်ဝတ်ဆင်သောသူ" (ကော၊ ၃း၁၀)၊ မျက်မြင်မရသောထာဝရဘုရား၏ရုပ်သဏ္ဌာန်ဖြစ်သည် (ကော၊ ၁း၁၅) ဆို၏။ နှုတ်ကပတ်တော်အားဖြင့် ခရစ်တော်အားသိရှိခြင်းသည် မိမိတို့အား "ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိကြ၏" (၂ကော၊ ၃း၁၈)။ ဤပြောင်းလဲခြင်းသည် မိမိတို့အား ဇာတိပကတိ၊ ပထဝီမြေအနေအထားနှင့် လူ့အလွှာများကို ကျော်လွှားစေ၍ အထက်နိုင်ငံတော်သားများဖြစ်စေသည်။

**မွန္ဒဟူးနေ့** **မတ်လ ၁၁ ရက်**

**အသက်တာအသစ်၏ဝိသေသလက္ခဏာ**

မိမိတို့သည် ခရစ်တော်ထံသို့လာသောအခါ မကောင်းသောအကျင့်များနှင့် အပျက်ဆောင်သောအဆင့်အတန်းများကို ပယ်ရှားသည့်အခါ အမှောင်မှအလင်းသို့ပြောင်းလဲလာသည်စသည်ဖြင့် ပေါလုသည် အပြုဆောင်ခြင်းသို့ အကျိုးအမြတ်ရသည်ဆို၏။

**ကော၊ ၃း၁၂–၁၄ ကိုဖတ်ပါ။ ယုံကြည်သူများကို မည်သို့ဖော်ပြထား၍ မည်သို့သောအရည်အချင်းများကို ယူတင်ဝတ်ဆင်ရမည်ဆိုသနည်း။**

---

---

ကြာသရေလတို့အား ဘုရားက မိမိ၏ရွေးချယ်သူများဖြစ်ရန် ထုတ်ဆောင်ခဲ့၍ မိမိ၏ဝိသေသကို ဖော်ပြစေလိုသည်နည်းတူ၊ ယုံကြည်သူများတို့သည်လည်း "ဘုရား၏ရွေးချယ်သူများ" (ကော၊ ၃း၁၂) ဖြစ်စေသည်။ သို့တိုင်အောင် ဤခေါ်ဆိုမှုအတိုင်း လူအားလုံးအသက်ရှင်နေမည်မဟုတ်ပါ။ ယေရှုကလည်း "ခေါ်တော်မူသောသူအများရှိသော်လည်း ရွေးကောက်တော်မူသောသူနည်းသည်" (မ၊ ၂၂း၁၄။ ၂၄း၂၂၊ ၂၄၊ ၃၁)။ ပေါလု၏ရွေးကောက်တော်မူသောသူသည်လည်း အလားတူသောအနက်ရှိ၏ (ရော၊ ၈း၃၃။ ၂တိ၊ ၂း၁၀)။ ဣသရေလတို့ကဲ့သို့ပင် ယုံကြည်သူတို့အား ဘုရားမှ "ချစ်" ၍ "သန့်ရှင်းစေ" ကြ၏ (တရား၊ ၇း၆–၈)။ ဤအခွင့်အလမ်းသည် အလွန်အရေးပါသော တာဝန်တစ်ရပ်ကိုပင် ဆောင်ရွက်စေသည်။ ထိုတာဝန်မှာ "မှောင်မိုက်ထဲမှ အံ့ဖွယ်သောအလင်းသို့ ခေါ်သွင်းတော်မူသောသူ၏ ဂုဏ်ကျေးဇူးများကိုဖော်ပြရန်" (၁ပေ၊ ၂း၉) ဖြစ်သည်။ ၎င်းကိုလည်း မိမိတို့၏အသက်တာဖြင့် ဖော်ပြကြ၏။

ထိုအရည်အသွေးများကိုပင် ပေါလုသည် ရှစ်မျိုးစီရီထားသည်။ "သန့်ရှင်းသောသူ၊ ချစ်အပ်သောသူ၊ သနားစုံမက်တတ်သူ၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း၊ အချင်းချင်းသည်းခံခွင့်လွှတ်ခြင်းရှိလျက် စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာရှိကြလော့" (ကော၊ ၃း၁၂–၁၄)။ ဤအချင်းအရာတို့သည် ခရစ်တော်မှ မိမိတို့အားပြုသောအရာများနှင့် သူ၏ဝိသေသလက္ခဏာတော်တို့ကို ဖော်ပြနေသည်ဖြစ်၍ ခရစ်တော်နှင့်ပေါင်းစည်းသောနှလုံးသားမှသာ စီးဆင်းလာနိုင်ပါသည်။ "ခရစ်တော်သည် မိမိတို့အား အပြစ်လွှတ်သည်နည်းတူ မိမိတို့သည်လည်း သူတစ်ပါးအား အပြစ်လွှတ်ရပေမည်" (ကော၊ ၃း၁၃)။ ချစ်ခြင်းမေတ္တာသည် "စုံလင်ခြင်းအဖွဲ့အစည်းဖြစ်၏" (ကော၊ ၃း၁၄)။ မိမိတို့အား ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့် သူ့အားတွယ်ကပ်စေ၍ သူတစ်ပါးတို့အား အမှန်အကန်ချစ်ကြင်နာစေသည် (၁ယော၊ ၄း၁၁၊ ၁၂)။



ဤအရည်အသွေးတို့သည် မိမိတို့၏လူမှုရေးကို နှစ်မျိုးနှစ်ဖုံလွှမ်းမိုးနိုင်သည်။ ပထမ။ မေတ္တာပြခြင်း၊ ကရုဏာတရား၊ ကောင်းမြတ်ခြင်းနှင့် သူတစ်ပါးတို့အား အပြစ်လွှတ်ခြင်းသည် မိမိရောသူတစ်ပါးပါ ကောင်းချီးဖြစ်စေသည်။ မေတ္တာစုံလင်စေခြင်းနှင့် သူတစ်ပါးကို ကောင်းချီးပေးခြင်းဖြစ်သည်။ လူတို့သည် မိမိတို့အား သာမန်ပင်တုံ့ပြန်ကြသည့်တိုင် မိမိတို့သည် ဘုရားသခင်၏ကရုဏာတရားနှင့် အပြစ်လွှတ်ခြင်းကို ဆက်တိုက်ခံစားရပါမည် (မ၊ ၅း၇။ မ၊ ၆း၁၄)။ ဒုတိယနှင့် သာ၍အရေးကြီးသည်မှာ၊ ဘုရား၏ဂုဏ်တော်ချီးမွမ်းလျက်၊ ကျေးဇူးကရုဏာတရား၏တန်ခိုးဖော်ပြသဖြင့် သူတစ်ပါးတို့သည် ယေရှုအားယုံကြည်လိုက်လျှောက်စေသည်။

"အတ္တကင်းသောအသက်တာ၏လွှမ်းမိုးမှုထက် လူသား၏ဝိညာဉ်ကိုလွှမ်းမိုးနိုင်စွမ်းရှိသော မည်သည့်တန်ခိုးမျှမရှိပါ။ ချစ်တတ်၍ ချစ်စရာကောင်းသောခရစ်ယာန်သည် တန်ခိုးအကြီးဆုံးသော ဧဝံဂေလိတရားပုံဖော်ခြင်းဖြစ်သည်
– Ellen G. White, The Ministry of Healing, p. 470.

## ကြာသပတေးနေ့ မတ်လ ၁၂ ရက်

## အသက်တာအသစ်ရှင်သန်ခြင်း

ကော၊ ၃ ၏အဆုံးပိုင်းစာကြောင်းတို့တွင် အသင်းတော်အတွက် ငြိမ်သက်ခြင်းနှင့် စည်းလုံးခြင်းလိုအပ်ကြောင်း ပေါလုဆိုသည်။ သင်ခန်းစာ ၇ တွင် ဘုရားသခင်၏ငြိမ်သက်ခြင်းကို လေ့လာခဲ့ပြီးဖြစ်၏။ ရောမ၏ငြိမ်သက်ခြင်း (pax Romana) ကဲ့သို့မဟုတ်ဘဲ၊ ခရစ်တော်၏ငြိမ်သက်ခြင်း (pax Christi) သည် အပြင်ဘက်မှဝင်လာသောငြိမ်သက်ခြင်းမဟုတ်ဘဲ၊ အတွင်းမှ မိမိတို့အား "ချုပ်ကိုင်" သောအရာဖြစ်သည်။ ခရစ်တော်သည်သာ ချုပ်ကိုင်ခါမှ ရရှိနိုင်သည်။

**ကော၊ ၃း၁၆၊ ၁၇ ကိုဖတ်ပါ။ မည်သည်က ခရစ်တော်မှ ချုပ်ကိုင်စေနိုင်၍ တေးဂီတသည် မည်သည့်ကဏ္ဍမှပါဝင်လာသနည်း။**

---

---

ဘာသာစကားသည် အလွန်သရုပ်ဖော်နိုင်၏။ ခရစ်တော်၏နှုတ်ကပတ်တော်အားပုံဖော်ကာ မိမိတို့အထဲ၌တည်နေတတ်၏။ ဘုရားသခင်ထံတော်မှ ပညာသင်ယူရန် နားထောင်ခြင်းနှင့် ကျမ်းစာဖတ်ရှုခြင်းဖြင့် ဖြစ်ပေါ်လာသည်။ ဂရိဝေါဟာရတွင် ရေရေရာရာမပါရှိသော်လည်း တေးဂီတသည် "အချင်းချင်း သွန်သင်ရာနှင့် အားပေးအားယူရာတွင်" (ကော၊ ၃း၁၆) အရေးပါလှသည်။ သို့တိုင်အောင် တေးဂီတတိုင်းကို မဆိုလိုပါ။ ပေါလုသည် ဤနေရာနှင့် ဧဖက်၊ ၅း၁၉ တွင် "ဆာလံသီချင်း၊ ဓမ္မသီချင်းအမျိုးမျိုး" ဟု တိကျသော ဝေါဟာရကို အသုံးပြုထားသည်။

သေချာတပ်အပ်တော့မဟုတ်သည့်တိုင် ဓမ္မဟောင်းဆာလံသီချင်းနှင့် ဓမ္မသစ်ထောမနာသီချင်းဟူ၍ ကွာခြားမှုရှိဟန်တူသည်။ "ဝိညာဉ်ရေးသီချင်း" တို့သည် လူနှင့်အသင်းတော်၏ဝိညာဉ်အသက်တာတွင် ချီးမွမ်းသီချင်းများ ဖြစ်ကြသည်။ သီချင်းတို့၏စာသားတို့သည် အသစ်သောခရစ်ယာန်အသက်တာ ရှင်သန်နိုင်ရန် သမ္မာတရားကို သွန်သင်ပေးသောစာသားများဖြစ်သည်။

လွန်ခဲ့သောရာစုနှစ်များစွာက ထောမနာသီချင်းတို့သည် လောကတွင် မိမိတို့အလွန်ကျဆုံးလွယ်သောအချိန်တွင် စိတ်ဓာတ်မြှင့်တင်ပေးသော မျှော်လင့်ခြင်းသတင်းစကားများဖြစ်ကြသည်။ တေးဂီတသည် လွှမ်းမိုးရာတွင် တန်ခိုးကြီး၏။ ဒါဝိဒ်သည် စောင်းတီးခတ်သဖြင့် ရှင်ဘုရင်ရှောလုအပေါ် ရန်ငြိမ်းအေးခြင်းအကျိုးသက်ရောက်မှုဖြစ်စေသည် (၁ရာ၊ ၁၆း၂၃)။ သို့တိုင်အောင် ဒါဝိဒ်သည် သူ၏ပြိုင်ဘက်ဖြစ်လာသောအခါ မကျေနပ်မှုဖြင့် အမျက်ထွက်လာသည် (၁ရာ၊ ၁၈း၁၀၊ ၁၁)။ အေးဆေးသောဂန္တဝင်တေးသီချင်းတို့သည် လက်တွေ့ဆေးဝါးကုသမှုတွင် စိုးရိမ်ပူပန်မှုကို လျှော့ချနိုင်သည်၊ ဦးနှောက်၏





လုပ်ဆောင်ချက်ကို အကောင်းဆုံးဖြစ်စေသည်၊ စိတ်အပန်းဖြေမှုတိုးပွားစေသည်၊ နာကျင်မှုကိုထောက်မကာ လူမှုဆက်ဆံရေးကိုပါ မြှင့်တင်ပေးသည်။

ကျွန်ုပ်တို့အထဲတွင် တေးဂီတသည် မိမိတို့၏ခံစားခြင်းနှင့် စိတ်သဘောထားအပေါ်တွင် အကောင်းနှင့်အဆိုးလွှမ်းမိုးခြင်းတန်ခိုးရှိခြင်းကို မသိသောသူ ရှိပါမည်နည်း။ မှန်ကန်သောတေးဂီတသည် ဝိညာဉ်ရေးကိုပင် မြှင့်တင်ပေးနိုင်သည်။

**ပြုလေရာရာ၌ "သခင်ယေရှု၏နာမတော်ကိုထောက်၍ ပြုရမည်" ဟု မှာထားခဲ့၏ (ကော၊ ၃း၁၇)။ သင်ဧကန်အမှန်ပြုနိုင်မည်လော။ မပြုနိုင်သည်ရှိသော် သင်မည်သို့ပြောင်းလဲရမည်နည်း။ သခင့်နာမတော်၌ မပြုနိုင်သည်ရှိသော် သင်မည်သည်ကိုရပ်တန့်သင့်သနည်း။**

**သောကြာနေ့** **မတ်လ ၁၃ ရက်**

**ဆက်လက်လေ့လာရန်။**

"ထာဝရဘုရား၏ဝိညာဉ်တော်သည် စိတ်နှလုံးအားလွှမ်းမိုးသောအခါ၊ သူ့၌ ဘုရားသခင်၏ကတိတော်ပြည့်စုံလင်ခြင်း၊ မိမိ၏ကျူးလွန်ခြင်းများကို လွတ်ငြိမ်းချမ်းသာစေလျက် အပြစ်ကိုဖုံးလွှမ်းပေးကြောင်း ခံစားကြုံတွေ့ရ၍ ပြောင်းလဲသွားသောဝိညာဉ်သည် သီချင်းအသစ်တစ်ပုဒ်ကို ထုတ်ပြ၏။ ထာဝရဘုရား၏ပညတ်တော်၊ မိမိတို့ဖြောင့်မတ်ရန်အသေခံတော်မူသော ခရစ်တော်၌ ယုံကြည်ခြင်းကို ချီးဖောက်ခြင်းတို့မှ နောင်တရခြင်းကို ပြုနိုင်ခဲ့သည်။ "ငါတို့သည် ယုံကြည်ခြင်းဖြင့် ဖြောင့်မတ်ရာသို့ရောက်လျှင် ငါတို့သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏" (ရောမ၊ ၅း၁)။

ဤအတွေ့အကြုံရှိသောခရစ်ယာန်တစ်ဦးသည် သူ့အတွက် ပြည့်ဝစုံလင်စွာ ပြုပေးသမျှတို့အား ပီတိဖြာကာ လက်ပိုက်ကြည့်နေရန်မဟုတ်ပါ။ ဝိညာဉ်နိုင်ငံတော်သို့ဝင်စားရန် ဆုံးဖြတ်ထားသူသည် မှောင်မိုက်လောက၏ တန်ခိုးအာဏာတို့သည် မိမိ၏စိတ်အားထက်သန်မှုနှင့် မပြုပြင်ထားသော

သဘာဝတရားတို့ကိုတိုက်ခိုက်ရန် စစ်ခင်းကျင်းနေသည်ကို တွေ့ရလိမ့်မည်။ မိမိ၏ဆက်ကပ်ခြင်းကို နေ့စဉ်ဆန်းသစ်စေ၍ ဆိုးညစ်ခြင်းကို နေ့စဉ်တိုက်ခိုက်ရပါမည်။ အကျင့်ဟောင်းများ၊ ပြစ်မှားလိုသောမျိုးရိုးတို့သည် အနိုင်ယူရန်ရန်တွေ့ပါလိမ့်မည်။ ခရစ်တော်၏အောင်နိုင်ခြင်းဖြင့် ၎င်းတို့ကို အမြဲစောင့်ကြပ်ရင်ဆိုင်ရပါမည်။

မိမိတို့သည် ဤထက်မြင့်မားသန့်ရှင်းမြင့်မြတ်သော အသက်တာကို လိုအပ်သည်။ မိမိတို့သည် လောကကို အလွန်ဦးစားပေး၍ ကောင်းကင်နိုင်ငံတော်ကိုမူ အနည်းငယ်သာစိတ်ကူးကြ၏။

ခရစ်ယာန်တို့သည် သူတို့အတွက် ထာဝရဘုရားပေးသော စံနမူနာကို မီနိုင်ရန် စိတ်အားငယ်စရာမလိုပါ။ ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ရေးသည် ခရစ်တော်၏ကျေးဇူးတော်တန်ခိုးအားဖြင့် စုံလင်မည်ဟူသောကတိတော်ရှိ၏။ ယေရှုသည် တန်ခိုးအာဏာနှင့် အသက်၏ဇစ်မြစ်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကောင်းကင်ဘုံ၏တန်ခိုးအာနုဘော်အလုံးစုံကို သူအသက်သွင်းလျက် လုပ်ဆောင်စေတော်မူ၏။ မိမိတို့၏ခြေလှမ်းတိုင်းတွင် သူ၏အသက်ရှင်တော်မူသော တန်ခိုးတော်ကို ထိတွေ့ရသည်။ – Ellen G. White, The Acts of the Apostles, pp. 476, 478.

**ဆွေးနွေးရန်မေးခွန်းများ။**

**၁။ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းဟူသော ကတိတော်နှင့်ပတ်သက်၍ သင်ကိုယ်တိုင်မည်သို့ကြုံတွေ့ရသနည်း။ ဤအံ့ဖွယ်သောကတိတော်သည် သင့်ဘဝကို မည်သို့ပြောင်းလဲစေသနည်း။ ထိုကတိတော်သည် ခရစ်တော်နှင့်အတူ ထမြောက်ခြင်းသို့ရောက်ခြင်းဟူသော အယူအဆနှင့် မည်သို့ဆက်စပ်နေသနည်း။**



**၂။ ကောင်းကင်စိတ်ထားဟူသည် သင့်အတွက် မည်သည်ကိုဆိုလိုသနည်း။ ထိုအရာသည် လောကီကောင်းမှုများပြုခြင်းထက် ပို၍အရေးကြီးသလော။ ဤအရာနှစ်ခုကြား မည်သို့ချိန်ညှိသင့်သနည်း။**

**၃။ သင့်ဘဝသည် အခြားသူများအပေါ် မည်သို့လွှမ်းမိုးသည်ကို စဉ်းစားကြည့်ပါ။ ပုဂ္ဂလိကသက်ရောက်မှုအနေဖြင့် စဉ်းစားလေ့ရှိသော်လည်း အသင်းတော်အနေဖြင့် မည်သို့လွှမ်းမိုးမှုရှိသည်ကို စဉ်းစားဖူးပါသလား။ သင့်ဒေသအတွင်းရှိ အသင်းတော်သည် သင့်ရပ်ရွာလူထုအပေါ် မည်သို့လွှမ်းမိုးမှုရှိသနည်း။**

–০–

## သင်ခန်းစာ (၁၂)
## အချင်းချင်းအတူနေထိုင်ခြင်း
## မတ်လ ၁၄ – ၂၀

**ဥပုသ်နေ့မွန်းလွဲပိုင်း** **မတ်လ ၁၄ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ကော၊ ၃း၁၈–၄း၆။ ဧဖက်၊ ၅း၂၂–၂၅၊ ၃၃။ သု၊ ၂၂း၆၊ ၁၅။ ၁ပေ၊ ၂း၁၆။ ၁သက်၊ ၅း၁၇။

**အလွတ်ကျမ်းချက်**

**"လူအသီးအသီးတို့အား အဘယ်သို့ပြန်ပြောရမည်ကို သိနိုင်မည်အကြောင်း သင်တို့၏စကားသည် ဆားအားဖြင့်ငန်ရသောအရသာနှင့်ပြည့်စုံလျက်၊ အစဉ်မပြတ်တင့်တယ်လျောက်ပတ်ပါစေ" (ကောလောသဲ၊ ၄း၆)။**

လူတို့သည် နီးကပ်စွာအတူနေထိုင်ပြီး အလုပ်လုပ်ကြသောအခါ၊ သူတို့သည် စိန်ခေါ်မှုမျိုးစုံကို ကြုံတွေ့ရသည်။ အမြင်ကွဲလွဲမှုများကြောင့် တင်းမာမှုများဖြစ်ပေါ်လာနိုင်ပြီး အငြင်းပွားမှုများ ဆက်တိုက်ဖြစ်ပေါ်နိုင်သည်။ ဆက်ဆံရေးတွင်ရင်းနှီးလေလေ ထိုဆက်ဆံရေးတွင် ပါဝင်သူအားလုံးတို့အတွက် သဟဇာတဖြစ်စွာနေထိုင်ရန် ပို၍အရေးကြီးလာသည်။

အရင်းနှီးဆုံးသောဆက်ဆံရေးသည် မိသားစုအတွင်းမှ ဖြစ်ပေါ်လေ့ရှိသည်။ အိမ်ကိုတစ်ခါတစ်ရံတွင် မိသားစုလုပ်ငန်းဟုပင် တင်စားခေါ်ဆိုကြသည်။ လုပ်ငန်းတစ်ခုစီမံခန့်ခွဲခြင်းနှင့် အိမ်ထောင်တစ်ခု၏စီမံခန့်ခွဲခြင်းသည် တိကျသောဆင်တူမှုများရှိသည်။ တန်ဖိုးများ၊ ရည်မှန်းချက်များနှင့် ပန်းတိုင်များအပေါ် ယေဘုယျသဘောတူညီမှုရှိသင့်သည်။ အရာရာချောမွေ့စွာလည်ပတ်



နိုင်ရန် လူတိုင်းသည် တစ်ဦးနှင့်တစ်ဦးသဟဇာတဖြစ်ပြီး မိမိတာဝန်ကိုယ်စီကောင်းစွာထမ်းဆောင်သင့်သည်။ ထိုနည်းတူ နည်းဥပဒေသတို့သည် အသင်းတော်နှင့်လည်းသက်ဆိုင်၍ အသင်းတော်သည်လည်း အနှစ်သာရအားဖြင့် မိသားစုကြီးတစ်ခုပင်ဖြစ်၏။

ယခုအပတ်ကျမ်းပိုဒ်တွင် ခရစ်ယာန်မိသားစုတစ်စုမှ အကောင်းဆုံးလုပ်ဆောင်နိုင်ပုံ၏ အခြေခံတရားအချို့ကို ပေါလုမှချပြထားသည်။ ခရစ်ယာန်မိသားစုသည် သမ္မာကျမ်းစာညွှန်ပြချက်များကို အခြေခံသင့်သောကြောင့် ရောမမိသားစုများတွင် အနည်းငယ်ကွဲပြားစွာ လုပ်ဆောင်ရပေသည်။ ပေါလုသည် အိမ်တွင်းနှင့်အိမ်ပြင်ရှိ လူမှုဆက်ဆံရေးများအတွက် အထောက်အကူဖြစ်စေမည့် အခြားတန်ဖိုးရှိသောအခြေခံများကိုလည်းပေးထားသည်။

**တနင်္ဂနွေနေ့** **မတ်လ ၁၅ ရက်**

**အကြင်လင်မယား**

ခရစ်ယာန်အိမ်ထောင်အတွက် ညွှန်ကြားချက်များစွာကိုလည်း ဓမ္မသစ်တွင် စီရီလျက်ပါရှိသည် (ဧဖက်၊ ၅း၂၁–၆း၉။ ကော၊ ၃း၁၈–၄း၁။ တိတု၊ ၂း၁–၁၀။ ၁ပေ၊ ၂း၁၈–၃း၇)။ ထူးခြားသည်မှာ မိသားစုဆိုင်ရာစည်းမျဉ်းစည်းကမ်းဟု ခေါ်ဆိုကြသောအရာသည် လူနေမှုအဆင့်အတန်းလိုက်မဟုတ်ဘဲ၊ ဆက်ဆံရေးကို တန်ပြန်လွှမ်းမိုးလျက် အပြန်အလှန်ထောက်မနိုင်သော အစိတ်အပိုင်းများပင်ပါဝင်သည်။

**ကောလောသဲ၊ ၃း၁၈၊ ၁၉ ကိုဖတ်ပါ။ မည်သည့်ချိန်ခွင်လျှာညီခြင်းတွေ့မိသနည်း။ ဧဖက်၊ ၅း၂၂–၂၅၊ ၃၃ တို့တွင် ပေါလုမှမည်သို့ထပ်မံအကြံပေးခြင်းပြုသနည်း။**

---------------------------------------

---------------------------------------

တချို့တို့သည် "အချင်းမိန်းမတို့၊ သခင်ဘုရား၌ လျောက်ပတ်သည်အတိုင်း ကိုယ်ခင်ပွန်း၏အုပ်စိုးခြင်းကို ဝန်ခံကြလော့" (ကော၊ ၃း၁၈) ဟူသည်ကို ကောက်နုတ်ကာ ရပ်နားလိုက်ကြသော်လည်း၊ ပေါလုသည် "သခင်ဘုရား၌လျောက်ပတ်သည်အတိုင်း" ဟု သာဆို၏။ ဓမ္မသစ်ကျမ်းမည်သည့်နေရာတွင်မျှ မိန်းမအားလုံးသည် ယောကျ်ားအားလုံး၌ ဝန်ခံရမည်ဟု မပါရှိပါ။ ဇနီးသည်သည် အရှင့်အမိန့်ကိုနာခံရမည်ဟု ဆိုလိုခြင်းမဟုတ်သည်နည်းတူ၊ ခင်ပွန်းသည်၏အလိုဆန္ဒတိုင်းကို မျက်စိမှိတ်နာခံရမည်ဟုလည်း မဆိုလိုပါ။ ပေါလု၏ရည်ရွယ်ချက်မှာ ဇနီးသည်တစ်ဦး၏သစ္စာရှိမှုသည် ပထမဦးစွာ ထာဝရဘုရားထံတော်သို့ဖြစ်ပြီး၊ ဒုတိယတွင် ခင်ပွန်းသည်ထံသို့ဖြစ်သည်။ ဇနီးသည်၏ကိုယ်ပိုင်လက္ခဏာသည် ခင်ပွန်း၏လွှမ်းမိုးမှုအောက်တွင် ကွယ်ပျောက်ရမည်မဟုတ်သည်နည်းတူ ခင်ပွန်းသည် ဇနီး၏အတွင်းစိတ်အသိဉာဏ်ကို အပိုင်စီး၍ လုပ်ပိုင်ခွင့်မရှိပါ။

ခရစ်တော်သည် အသင်းတော်အားချစ်၍ မိမိကိုယ်ကိုပေးဆပ်ခြင်းသည်၊ ခင်ပွန်းသည်လည်း မိမိတို့ဇနီးသည်အား ချစ်ရမည့်ပုံစံသရုပ်ပြဖြစ်သည်ဟု ဆို၏ (ဧဖက်၊ ၅း၂၅)။ အဖိုးအခမည်မျှပင်ထိုက်ပါစေ သစ္စာရှိရပါမည်။ သူတို့သည် ဇနီးသည်၏အကျိုးစီးပွားအတွက် အကောင်းဆုံး ဆုံးဖြတ်ချက်များကို ချမှတ်ကြမည်ဖြစ်ပြီး၊ ပုံမှန်အားဖြင့် ဤအကျိုးစီးပွားတို့သည် တစ်သားတည်းဖြစ်သင့်သည်။ ဤကဲ့သို့သောမေတ္တာသည် ဘုရားသခင်၏အမိန့်တော်ဖြစ်သော ဇနီးသည်မှ ခင်ပွန်းအားရိုသေလေးစားရန် သာ၍လွယ်ကူစေသည် (ဧဖက်၊ ၅း၃၃)။ ကျန်းမာသောခရစ်ယာန်အိမ်ထောင်ရေးသည် အပြန်အလှန်သဘောတရားကို အခြေခံသော တစ်ဦးနှင့်တစ်ဦးတိုင်ပင်ဆွေးနွေးခြင်း၊ စဉ်းစားတွေးတောခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ဖြစ်သည်။

တစ်ခါတစ်ရံတွင် မိသားစုတစ်ခုလုံးအပေါ် ကြီးမားသောအကျိုးဆက်များရှိသည့် ဆုံးဖြတ်ချက်များချရာတွင်၊ ထိုဆွေးနွေးမှုတွင် ကလေးများကို ပါဝင်စေခြင်းသည် သင့်တော်နိုင်သော်လည်း၊ မိဘတို့သည် ကလေးရှေ့တွင်



ငြင်းခုံခြင်းမပြုသင့်ပေ။ ထိုသို့သောလုပ်ငန်းစဉ်ပြီးနောက် လင်နှင့်မယားသည် သဘောတူညီမှုရရန် မစွမ်းဆောင်နိုင်ပါက၊ ဘုရားသခင်၏နှုတ်ကပတ်တော် မချိုးဖောက်သရွေ့ မယားသည် လင်၏ဆုံးဖြတ်ချက်ကို လိုက်နာခြင်းသည် သမ္မာကျမ်းစာ၏ငြိမ်းချမ်းရေးလမ်းကြောင်းဖြစ်၏။ အလားတူပင် လင်ယောကျ်ားအများစုသည် ၎င်းတို့ဇနီးများ၏စကားကိုနားထောင်ပြီး၊ ၎င်းတို့၏အကြံဉာဏ်ကို လိုက်နာခဲ့သည့်အချိန်များကို ပျော်ရွှင်စွာသတိရနိုင်ကြသည်။ လင်နှင့်မယားသည် အတူတကွစုဖွဲ့လုပ်ဆောင်လေလေ အိမ်ထောင်ရေးသည် ပိုမိုပျော်ရွှင်လေလေဖြစ်သည်။

**သမိုင်းတစ်လျှောက်လုံး ဖြစ်ပျက်ခဲ့သည့်အရာကို ကျွန်ုပ်တို့မည်သို့ရှောင်ရှားနိုင်မည်နည်း။ ဤစာသားများတွင် ဖော်ပြထားသော လုပသည့်အခြေခံသဘောတရားများကိုယူပြီး မကောင်းသောအရာများအဖြစ်ပြောင်းလဲခြင်းကို မည်သို့ရှောင်ရှားနိုင်မည်နည်း။**

**တနင်္လာနေ့** **မတ်လ ၁၆ ရက်**

**မိဘများနှင့်သားသမီးများ**

ကလေးများသည် မိသားစု၏လုပ်ငန်းတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်ကြသည်။ သူတို့သည် မိသားစုအဖွဲ့ဝင်များ၊ ကောင်းကင်နိုင်ငံ၏နိုင်ငံသားများအဖြစ် ချစ်မြတ်နိုးခြင်းနှင့် တန်ဖိုးထားခံရကြောင်းသိရပါမည်။ မိသားစုဝတ်ပြုခြင်းသည် အရေးကြီး၊ ရိုးရှင်းစွာနံနက်ပိုင်း၊ ညဥ့်ပိုင်းမှန်မှန်ပြုလုပ်ရပါမည်။ ကလေးများငယ်ရွယ်စဥ်ကပင် သန့်ရှင်းရေးလုပ်ခြင်းနှင့် အခြားတာဝန်များကို ကူညီလုပ်ဆောင်တတ်ရပါမည်။ အရေးအကြီးဆုံးအရာကို ပေါလုသည် "သားသမီးတို့ အရာရာ၌ မိဘစကားကိုနားထောင်ကြလော့၊ မိဘစကားကိုနားထောင်သောအမှုသည် ဘုရားသခင်နှစ်သက်တော်မူသောအမှုဖြစ်၏" (ကော၊ ၃း၂၀) ဟု ဆို၏။

အောက်ပါကျမ်းချက်တို့ကိုဖတ်ပါ။ သားသမီးများကိုပျိုးထောင်ရန် မည်သည့်ဥပဒေသများပေးထားသနည်း။

၁။ သုတ္တံ၊ ၂၂း၆၊ ၁၅-----------------------------------

------------------------------------------------

၂။ မဿဲ၊ ၁၉း၁၄--------------------------------------

------------------------------------------------

၃။ တရားဟော၊ ၆း၆၊ ၇---------------------------------

------------------------------------------------

၄။ သုတ္တံ၊ ၁း၈၊ ၉------------------------------------

------------------------------------------------

သခင်ဘုရားအတွက် မှန်ကန်စွာလေ့ကျင့်ပေးခြင်း၊ နည်းလမ်းပြခြင်းနှင့် စံနမူနာပြဖြင့် ကလေးတို့သည် မိသားစု၊ အသင်းတော် ထိုထက်မက ကောင်းချီးဖြစ်လိမ့်မည်။ မိဘများအတွက် ပေါလု၏ညွှန်ကြားချက်သည် ခင်ပွန်းနှင့် ဇနီးတို့အတွက် ညွှန်ကြားချက်ကဲ့သို့ပင်မျှတပြီး အပြန်အလှန်သက်ရောက်မှုရှိသည်။ အဘတို့ ကိုယ်သားသမီးကို စိတ်ဆိုးစေခြင်းငှာမပြုကြနှင့် (ကော၊ ၃း၂၁)။ မိဘများ၊ အထူးသဖြင့် ဖခင်တစ်ဦးသည် ကလေးများနှင့်ဆက်ဆံပုံ၊ စည်းကမ်းထိန်းသိမ်းပုံသည် ကလေးများ၏ဝိညာဉ်ရေးရာပျိုးထောင်မှုကို နက်ရှိုင်းစွာသက်ရောက်မှုရှိသည်။

လေ့လာမှုများအရ မိဘနှစ်ပါးလုံးဝတ်ပြုကျောင်းတက်ခြင်းသည် တစ်ဦးတည်းတက်ခြင်းထက် သားသမီးများမှတက်ရောက်ရန် ရွေးချယ်စေမှုတွင် ပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။ သာ၍အံ့အားသင့်ရသည်မှာ ဖခင်တစ်ဦးသည် မိခင်ထက် ဝတ်ပြုကျောင်းမှန်မှန်တက်သောအခါ သားသမီးတို့သည် သက်ကြီးအရွယ်တွင် ဝတ်ပြုကျောင်းတက်ရန် ပိုမိုရွေးချယ်ကြသည်။ ဖခင်တစ်ဦး၏ သားသမီးတို့ကို ဝိညာဉ်ရေးရာပျိုးထောင်ခြင်းကဏ္ဍ၏အရေးပါခြင်းကို မှန်းဆ၍



ပင်မရနိုင်ပါ။ ဖခင်များသည် မိမိတို့၏တာဝန်ကို လေးနက်စွာထမ်းရွက်ခြင်းသည် အလွန်အရေးကြီးလှပါတကား။

**သို့တိုင်အောင် (အမှန်တိုင်းပြောရလျှင်) မိမိတို့၏သားသမီးများအပေါ်စံနမူနာထားရန် ပုံစံကောင်းမဖြစ်ခဲ့ကြပါ။ လောကဖခင်များသည် ကြီးမားသောပျက်စီးမှုများပြုလုပ်နေပါသော်၊ ထာဝရဘုရားသည် မိမိတို့ခမည်းတော်အဖြစ်သိကျွမ်းရန် လိုအပ်သောနေရာတွင် မည်သို့ထောက်မနိုင်ပါ့မည်နည်း။**

**အင်္ဂါနေ့** **မတ်လ ၁၇ ရက်**

**လုပ်ငန်းဆိုင်ရာဆက်ဆံရေးများ**

**ကောလောသဲ၊ ၃း၂၂-၂၅ နှင့် ကောလောသဲ၊ ၄း၁ တို့ကိုဖတ်ပါ။ ကျွန်သပေါက်များအတွက် မည်သို့ညွှန်ကြားထားသနည်း။ လုပ်ငန်းဆိုင်ရာဆက်ဆံရေးအတွက် မည်သည့်ဥပဒေသများပါရှိသနည်း။**

------------------------------------------------

------------------------------------------------

ယနေ့ခေတ်လူအချို့တို့သည် သမ္မာကျမ်းစာပါအကြံဉာဏ်များကို ရှေးအတိတ်ကာလ၏ရာဇဝင်အဖြစ်လည်းကောင်း၊ သမ္မာကျမ်းစာကို လုံးဝမယုံကြည်စေရန်လည်းကောင်း ကျေးကျွန်စနစ်ကို ထုတ်ပြောလေ့ရှိကြသည်။ သို့သော် ထိုသို့ပြောဆိုခြင်းသည် ဓမ္မဟောင်း၏ကာလသရေလနှင့် ဓမ္မသစ်အသင်းတော်၏နောက်ခံအခြေအနေများကို လုံးဝထည့်သွင်းမစဉ်းစားဘဲ ပြောဆိုခြင်းသာဖြစ်သည်။ လူသားများကို ထာဝရဘုရား၏ပုံသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားရာ၊ ဘုရားရှင်၏ဉာဏ်ကိုပင် ပိုင်ဆိုင်ထားသော ဖန်ဆင်းခံအားလုံးတို့ကဲ့သို့ပင် လွတ်လပ်ခွင့်အတွက် ဒီဇိုင်းထုတ်ထားပါသည်။

မောရှေ၏ပညတ်တရားတွင် ရာသက်ပန်ကျွန်ဖြစ်ခြင်းအား တားမြစ်ထားသည် (တရား၊ ၁၅း၁၂)။ ငွေကြေးအကြွေးပေးဆပ်ရန် အကြာရှည်ဆုံး

ခြောက်နှစ်ထားရမည် (ထွက်၊ ၂၁း၂–၆။ ဝတ်၊ ၂၅း၃၉–၄၃)။ သမ္မာကျမ်းစာတွင် ဖော်ပြထားသော ကျေးကျွန်စနစ်သည် မိမိတို့ခေတ်သစ်အမြင်တွင် မနှစ်မြို့ဖွယ်ဖြစ်နေစေကာမူ၊ အနောက်တိုင်းလောကတွင်မြင်တွေ့ရသော ကျေးကျွန်စနစ်၏ရွံမုန်းစရာအလေ့အထများနှင့် လုံးဝမတူပါ။ အနောက်တိုင်းကျေးကျွန်စနစ်သည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ညှဉ်ပန်းနှိပ်စက်မှုတစ်ရပ်သာဖြစ်သည်။

ဓမ္မသစ်အသင်းတော်တို့သည် ရောမအခြေခံဥပဒေဘောင်အတွင်း၌သာ လုပ်ဆောင်ခြင်းဖြင့် ကျွန်မွေးမြူရပါသည်။ သို့သော် "ခေတ်သစ်ကျေးကျွန်စနစ်နှင့်မတူဘဲ၊ ရောမဥပဒေသည် ကျေးကျွန်များအား သိသာထင်ရှားသောအခွင့်အရေးနှင့် အခွင်းလမ်းများကို ပေးအပ်ထားရာ ထိုစနစ်ကိုဖယ်ရှားရန် ကြိုးပမ်းခြင်းသည် ဧဝံဂေလိတရား၏တိုးတက်မှုကို အန္တရာယ်ဖြစ်စေနိုင်ခဲ့သည်" – Clinton Wahlen.

ရောမဧကရာဇ်နိုင်ငံနှင့်မတူဘဲ အသင်းတော်တွင်မူ ကျွန်၏အလျင်ဦးသိနားလည်ရမည့် ရှေးဦးတာဝန်သည် သခင်ဘုရား၌ဖြစ်သည်။ သခင်တို့သည်လည်း "သင်တို့၏သခင်သည် ကောင်းကင်ဘုံ၌ရှိတော်မူသည်" ကို သိရှိလျက် သူတို့အား မျှတစွာဆက်ဆံရပါမည် (ကော၊ ၄း၁)။ ထပ်မံ၍ ဖိလေမုန်မှ ဩနေသိမ်အား ကျွန်သပေါက်အနေဖြင့်မဟုတ်တော့ဘဲ ညီအစ်ကိုကဲ့သို့ဆက်ဆံရန် ပေါလုက တိုက်တွန်းထားသည် (ဖိလေ၊ ၁၆)။ လက်တွေ့တွင်ပင် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်း၏ယုံကြည်သူများကို ထာဝရဘုရား၏ကျွန်များဟုပင် သမုတ်ထားကြပါသည် (ဆာ၊ ၃၄း၂၂။ လု၊ ၁၇း၁၀။ ၁ပေ၊ ၂း၁၆)။

အချို့ကျမ်းချက်တို့အား ရေးသားနေသည့်ရိုးရာဓလေ့တို့ကို မိမိတို့လက်မခံနိုင်သည့်တိုင်၊ သူတို့ရေးသားပေးပို့သောကျမ်းချက်တို့ကို မိမိတို့လက်ခံနေဆဲပါ။ သို့တိုင်အောင် နှုတ်ကပတ်တော်တို့၏အထက်တွင် မိမိကိုယ်ကိုနှင့် ရိုးရာဓလေ့တို့ကို အထွတ်တင်ထားနေကြဆဲပါ။ သမ္မာကျမ်းစာမှ အဆိုပြု



ထားသောခေါင်းစဉ်တစ်ခုခု၏ နိဂုံးချုပ်မရောက်မီ ထိုခေါင်းစဉ်သည် မည်သို့ဆိုလိုသည်ကို အလျင်ဦးကြည့်ရှုရန် သင့်တော်လှပါသည်။

**ဤအချက်သည် သင့်အသက်တာအား မည်သို့လုပ်ဆောင်စေနိုင်မည်နည်း။ လုပ်ငန်းရှင်သူဌေးတစ်ဦး သို့မဟုတ် အလုပ်သမားတစ်ဦးအနေဖြင့် ဤဥပဒေသသည် မည်သို့ထောက်မနိုင်မည်နည်း။**

**ဗုဒ္ဓဟူးနေ့** **မတ်လ ၁၈ ရက်**

**အချင်းချင်းဆုတောင်းပေးခြင်း**

**ကောလောသဲ၊ ၄း၂–၄ ကိုဖတ်ပါ။ ဤကျမ်းချက်တွင် ဆုတောင်းခြင်းအတွက် မည်သည့်ဥပဒေသတွေ့ရသနည်း။ မည်သည့်ဆုတောင်းခြင်းကို ပေါလုတောင်းဆိုထားသနည်း။**

----------------------------------------

----------------------------------------

ပြဿနာအမျိုးမျိုးဖြစ်သော မိသားစုအရေး၊ ကျန်းမာရေး၊ ငွေကြေးနှင့်အခြားတို့ဖြင့် ရုန်းကန်နေရသောသူတစ်ဦးအား "ဆုတောင်းပေးတယ်နော်" ဟု သာမန်ပြောဆိုပေးနိုင်ခြင်းသည် အရေးကြီးသောအားပေးစကားများပင်ဖြစ်သည်။ ဤသည်မှာ ကောင်းကင်၏ရွေးချယ်ထားသော ဆက်သွယ်ခြင်းနှင့် အပြန်အလှန်အကျိုးသက်ရောက်ခြင်းတို့ဖြစ်သည်။ "ဘုရား၏အကြံအစည်တော်ထဲ၌ ယုံကြည်ခြင်းဖြင့်ဆုတောင်းသည့်အခါမှသာ ပေးအပ်ရန်ရှိသည့်အရာများကို ကျွန်ုပ်တို့ဆုတောင်းမှသာ ပေးသနားတော်မူကြောင်း ပါဝင်ပါသည်" - Ellen G. White, The Great Controversy, p. 525.

ဆုတောင်းခြင်းကိုဖော်ဆောင်ရာတွင် အကျိုးသက်ရောက်မှုများသော ပေါလု၏စကား "အမြဲပြု၍၊ လေးနက်စွာ၊ ကျေးဇူးတော်ချီးမွမ်းလျက်၊ စောင့်ရှောက်လျက်" ဆုတောင်းခြင်းသည် ယုံကြည်ခြင်း၏ဆုတောင်းခြင်းဖြစ်သည် (ကော၊ ၄း၂)။ ပေါလုသည် "ကာလအစဉ်ဆုတောင်းလော့"

(ဖေက်၊ ၆း၁၈)၊ "မခြားမလပ်ဆုတောင်းလော့" (၁သက်၊ ၅း၁၇) ဟု ဆိုသည်။ "ငါတို့သည် ဆုတောင်းသင့်သည်အတိုင်း မည်သို့တောင်းရမည်ကို မသိကြ။ ငါတို့တောင်းသောအမှုကို နှုတ်မမြွက်နိုင်သောညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် စောင့်မ၏" (ရောမ၊ ၈း၂၆)။

**ကောလောသဲ၊ ၄း၃၊ ၄ ကိုဖတ်ပါ။ သင့်ယုံကြည်ခြင်းကို မျှဝေနိုင်စေရန် မည်သည့် "တံခါးကို" ဘုရားသခင်ဖွင့်ပေးသနည်း။**

----------------------------------------

----------------------------------------

ပေါလုသည် မှန်ကန်သောစကားလုံးများပြောနိုင်ရန် တောင်းလျှောက်သေး၏။ ပေါလုပေးပို့သောစာများနှင့် တမန်တော်ကျမ်းကိုဖတ်ရှုခြင်းဖြင့် ပေါလုသည် အပြောကောင်းသူ၊ ပြောဆိုရမည့်စကားလုံးများအပေါ် သံသယလုံးဝမရှိသူဟု သိရှိရသည်။ သို့တိုင်အောင် သူသည် "ရှင်းလင်းစွာ" (ကော၊ ၄း၄) ဟောရမည်အကြောင်း ဆုတောင်းသေး၏။ အလွန်အရေးပါသော ဂရိဝေါဟာရ (dei) ကို အဆုံးပိုင်း၌အသုံးပြုရာ၊ အနက်ဖွင့်ရာတွင် ဧဝံဂေလိတရားတော်ကို ဟောပြောထားသည်နှင့်အညီ "ငါဖော်ပြမည်အကြောင်း" ဟု ဆို၏။ ထိုသတင်းစကားကို အမြင့်ဆုံးသောရောမအစိုးရ ကဲသာ၏မိသားစုအတွင်းထိတိုင် ထိုးဖောက်ပေးပို့ရမည်ကို သူသိနားလည်ထားသည်။

"ဆုတောင်းရာတွင် ကာလအစဉ်ဒူးထောက်ရမည်ဟုမဆိုပါ။ သင်တစ်ဦးတည်းဖြစ်နေစဉ်၊ သင်လမ်းလျှောက်နေစဉ်၊ နေ့စဉ်လုပ်ငန်းဆောင်ရွက်နေစဉ်တွင် မိမိ၏ကယ်တင်ရှင်နှင့်ဆက်သွယ်ပြောဆိုခြင်းကို လေ့ကျင့်ထားပါ။ သင်၏စိတ်နှလုံးကို အလင်း၊ ခွန်အားနှင့် ပညာတို့အတွက် တိတ်ဆိတ်စွာ အကူအညီတောင်းခံခြင်းဖြင့် မြှင့်တင်ပေးပါ။ အသက်ရှူခြင်းတိုင်းသည် ဆုတောင်းခြင်းဖြစ်စေပါ" – Ellen G. White, The Ministry of Healing, pp. 510, 511.



**ကြာသပတေးနေ့ မတ်လ ၁၉ ရက်**

**ပညာနှင့်ကျင့်ဆောင်ခြင်း**

ခရစ်ယာန်တို့သိရှိနိုင်သော အရေးအကြီးဆုံးသမ္မာတရားသည် အဘယ်နည်း။ ၎င်းသည် ယေရှုခရစ်တော်သည် မိမိတို့အပြစ်အတွက် အသေခံခြင်းကို မိမိတို့မှလည်း ယုံကြည်ခြင်းဖြင့် လက်ခံရာမှာ ကယ်တင်ခြင်းပင်ဖြစ်သည်။ ၎င်းသည်လည်း မိမိတို့ဘာသာမဆောင်ရွက်နိုင်သော သမ္မာတရားလည်းဖြစ်သည်။ သို့တိုင်အောင် မိမိတို့အားပြောရမည့်၊ ဖော်ပြရမည့်သမ္မာတရားလည်းဖြစ်သည်။ ၎င်းကိုလည်း ထာဝရဘုရား၏နှုတ်ကပတ်တော်၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

ထာဝရဘုရားကမူ သူ၏နှုတ်ကပတ်တော်၌ ဖော်ပြမပေးခဲ့သော် ကျွန်ုပ်တို့မှမကြားဖူး၊ မသိဖူးရမည့် သမ္မာတရား၊ ဉာဏ်ပညာမြောက်မြားစွာပင် ရှိ၏။ ထိုဉာဏ်ပညာတို့ကို မိမိတို့အား သိသင့်သိထိုက်သောဉာဏ်ပညာအဖြစ် ပေးလိုက်သည်မဟုတ်ပါ။ ဤသမ္မာတရား၊ ပညာတို့ကို မိမိတို့အသက်တာ၌ ရှင်သန်ရပါမည်။

**ကော၊ ၄း၅၊ ၆ ကိုဖတ်ပါ။ မည်သည့်အချိန်အခါမျိုးတွင် "ပညာနှင့်ကျင့်ဆောင်" ရမည်ဟု ပေါလုညွှန်ကြားသနည်း။ အဘယ်ကြောင့်ဖြစ်ရမည်နည်း။**

----------------------------------------

----------------------------------------

ခရစ်ယာန်များတို့သည် ခရစ်ယာန်သာဖြစ်ကြသော်လည်း ခရစ်ယာန်မဆန်နိုင်သည်မှာ ဝမ်းနည်းစရာပင်ဖြစ်သည်။ ပေါလုသည် ဟေရှာ၊ ၅၂း၅ မှ ကောက်နုတ်ကာ၊ ဣသရေလတို့သည် မယုံကြည်သောသူတို့အား ထိမိလဲစရာဖြစ်သည်ဟုဆိုသည် "တစ်ပါးအမျိုးသားတို့သည် သင်တို့အကျင့်ကို ထောက်၍ ဘုရားသခင်၏နာမတော်ကို ကဲ့ရဲ့တတ်ကြ၏" (ရောမ၊ ၂း၂၄)။ မိမိတို့နှင့် ယုံကြည်ခြင်းမတူသူတို့အား ပြုမူခြင်းသည် အလွန်အရေးပါ၏ (တိတု၊ ၂း၅။ ၂ပေ၊ ၂း၂)။

ခရစ်ယာန်အိမ်ထောင်အား၊ မကောင်းမှုပြုရန်ထက် ဆုတောင်းရန် လူငယ်များစုဝေးရာနေရာ၊ ရိုးရှင်းသောကြင်နာမှုများနှင့် အေးချမ်း၍ သည်းခံသောစိတ်ဓာတ်ဖော်ပြရာနေရာဟုတ်မဟုတ် စေ့စေ့ကြည့်ရှုနေသူမြောက်မြားစွာ ရှိနေသည်။ ကောလောသဲ၊ ၄း၆ တွင် ပေါလုသည် မိမိတို့ပြောသောစကားများကို အထူးအာရုံစိုက်ပေးသည်။ "အမြဲတင့်တယ်လျောက်ပတ်ပါစေ" ဟုဆို၏။ သာမန်ကြင်နာယဉ်ကျေးခြင်းထက်ပိုသော မိမိတို့၏ပြောဆိုသောစကားတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏လွှမ်းမိုးခြင်းဖြင့် ဘုရား၏ကျေးဇူးတော်ကြောင့် လှုံ့ဆော်ခြင်းနှင့် ပြည့်ဝနေရပါမည်။ "ဆားအားဖြင့် ငံသောအရသာရှိရမည်။"

လောကအမြင်ဖြင့် "ငန်သော" စကားနှင့်ဆန့်ကျင်၍ ကျွန်ုပ်တို့၏စကားလုံးများသည် သင့်တော်ပြီး နားထောင်သူတို့အား ဆွဲဆောင်မှုရှိရမည်။ "လူအသီးအသီးတို့အား အဘယ်သို့ပြန်ဖြေရမည်ကို သိနိုင်မည်အကြောင်း" ဟူ၏။ မိမိတို့မှသတင်းပေးပို့ရသည့် သူတို့၏စိတ်နှလုံးအတွက် မှန်သောစကား၊ မှန်သောအချိန်၊ မှန်သောရည်ရွယ်ချက်အတွက် စကားအသုံးအနှုန်းကို ဝိညာဉ်တော်ကသာ ပေးစွမ်းနိုင်သည်။

**သင်၏ပြောစကား၊ သင့်အမူအရာနှင့် လူရေ့သူရေ့သင်လမ်းလျှောက်ပုံတို့ကို တွေးတောကြည့်ပါ။ သင့်ယုံကြည်ခြင်းနှင့်ပတ်သက်သော မည်သည့်သတင်းကို သင်ပေးပို့၍ ခရစ်ယာန်ဖြစ်ရခြင်းသည် မည်သည့်အနှစ်သာရရှိသနည်း။**

**သောကြာနေ့** **မတ်လ ၂၀ ရက်**

**ဆက်လက်လေ့လာရန်။**

မိသားစုတစ်စု၏ ကိုယ်စိတ်ချမ်းသာခြင်း၊ အစီစဉ်တကျနေထိုင်ခြင်းနှင့် ပုံမှန်ဖြစ်ခြင်းတို့သည် မိသားစုဝင်တိုင်းတို့၏ ပုံမှန်ထားရှိရမည့် တာဝန်ဝတ္တရားဖြစ်ကြောင်း သိရှိရပါမည်။ အချင်းချင်းမဆန့်ကျင်ရပါ။ အချင်းချင်း



အားပေးတိုက်တွန်းခြင်းဖြင့် စည်းလုံးညီညွတ်ကာ ကြင်နာနူးညံ့ခြင်း၊ သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ အေးဆေးတည်ငြိမ်သောအသံဖြင့် ပြောဆိုကာ ရှုပ်ထွေးခြင်းကို ရှောင်ရှားသင့်သည်။ ထို့အပြင် မိခင်အတွက် ဝန်ထုပ်ဝန်ပိုးများကို လျှော့ချရန် လူတိုင်းမှတတ်စွမ်းသမျှ အားထုတ်သင့်သနည်း။

မိသားစုဝင်တစ်ဦးချင်းသည် သူတစ်ပါးနှင့် ပူးပေါင်းဆောင်ရွက်ရန် မျှော်လင့်ထားသော သူ၏တာဝန်ကို နားလည်သင့်သည်။ ခြောက်နှစ်အရွယ်မှစအထက်လူကြီးအားလုံးတို့သည် ဘဝ၏ဝန်ထုပ်ဝန်ပိုးများကို တာဝန်ယူကာ ထမ်းဆောင်ရန်လိုအပ်ကြောင်း နားလည်သင့်သည်။ – Ellen G. White, The Adventist Home, pp. 179, 180.

အလင်း၌လျှောက်လိုပါက မိမိတို့အိမ်ထောင်၌ ခရစ်တော်ဝင်စေပါ။ အိမ်ထောင်သည် အလင်းတရားအတိုင်းလျှောက်လှမ်းရာ နေရာဖြစ်ရမည်။ အိမ်ထောင်သည် လောက၏ကောင်းကင်ဘုံလေးတစ်ခု ဖြစ်သင့်၏။ ချစ်ခြင်းမေတ္တာရရန် တမင်တကာဖိနှိပ်ခြင်းဖြင့်မဟုတ်ဘဲ ပြုစုပျိုးထောင်သောနေရာဖြစ်သင့်သည်။ မိမိတို့၏ပျော်ရွှင်မှုသည် ဤကဲ့သို့သောမေတ္တာ၊ စာနာမှုနှင့် ယဉ်ကျေးစွာဆက်ဆံခြင်းတို့ကို ပျိုးထောင်ခြင်းအပေါ်မူတည်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမေ့ထားသင့်ပြီး သူတစ်ပါးတို့ထံမှရရှိခဲ့သော ကျေးဇူးများအတွက် ကျေးဇူးတင်ကြောင်းပြသရန် အခွင့်အလမ်းများကို ရှာဖွေသင့်သည်။

ထို့အပြင် နူးညံ့သိမ်မွေ့သောကရုဏာနှင့် မေတ္တာ၏လုပ်ရပ်ငန်များဖြင့် သူတစ်ပါး၏အားပေးခြင်း၊ ဝန်ထုပ်ဝန်ပိုးများလျှော့ချပေးခြင်းနှင့် ဝမ်းနည်းပူဆွေးခြင်းကို သက်သာစေရန် အခွင့်အလမ်းများကို စောင့်ကြည့်သင့်သည်။ ဤစဉ်းစားတွေးခေါ်မှုများသည် မိသားစုမှစတင်သည်ဖြစ်၍ မိသားစုဝိုင်းအပြင်သို့ ပျံ့နှံ့သွားကာ ဘဝ၏ပျော်ရွှင်မှုများကို ဖြည့်ဆည်းပေးသည်။ ဤသေးငယ်သောအရာများကို လျစ်လျူရှုခြင်းသည် ဘဝ၏ခါးသက်မှုနှင့် ဝမ်းနည်းမှုများဖြစ်ပေါ်စေသည်။" – Ellen G. White, Testimonies for the Church, vol. 3, pp. 539, 540.

**ဆွေးနွေးရန်မေးခွန်းများ။**

**၁။ ဇနီးမောင်နှံများ၏ဆက်ဆံရေးတွင် မည်သည့်ဥပဒေသသည် ထောက်မပေးနိုင်သနည်း။ အပျိုလူပျိုတို့အတွက်ရော မည်သို့ အကြံပြု၍ အိမ်ထောင်ရှင်တို့အမြဲရင်ဆိုင်ရသော စိန်ခေါ်မှုများ အတွက် မည်သို့အကြံပေးနိုင်မည်နည်း။**

**၂။ မိဘများစွာသည် သူတို့၏သားသမီးများကို ကောင်းသောခရစ်ယာန် အိမ်ထောင်များတွင် ပြုစုပျိုးထောင်ခဲ့ကြသော်လည်း အရွယ်ရောက် လာသောအခါ ၎င်းတို့၏ယုံကြည်ခြင်းကို ငြင်းပယ်သည်ကို ကြုံတွေ့ရလေ့ရှိသည်။ မည်သည့်အကြံပြုခြင်းနှင့် နှစ်သိမ့်ခြင်းကို ပေးနိုင်မည်နည်း။ မည်သည်တို့ကိုပြောခြင်းသည် သာ၍ကောင်း သနည်း။**

**၃။ "ပညာနှင့်ကျင့်ဆောင်" ခြင်းကို ဆွေးနွေးပါ။ ပညာအားဆန့်ကျင် သော "မိုက်မဲစွာကျင့်ဆောင်ခြင်း" နှင့် နှိုင်းယှဉ်ပါ။ တစ်ခုခု၌ သင်ကျင့်ဆောင်နေခြင်းနှင့် အခြားတစ်ခုခု၌ သင်ကျင့်ဆောင်နေ ခြင်းမှ ခြားနားခြင်းကို မည်သို့သင်ယူရသနည်း။**

–၀–





**သင်ခန်းစာ (၁၃)**

# ဘုရားသခင်အလိုတော်တိုင်း၌တည်နေခြင်း

**မတ်လ ၂၁ – ၂၇**

**ဥပုသ်နေ့မွန်းလွဲပိုင်း** **မတ်လ ၂၁ ရက်**

**ဖတ်ရန်ကျမ်းချက်များ။** ကော၊ ၄း၇–၁၈။ ဖေက်၊ ၆း၂၁။ တ၊ ၁၅း၃၆–၄၀။ ၂တိ၊ ၄း၁၀၊ ၁၁။ ၂ပေ၊ ၃း၁၀–၁၄။ ဟေရှာ၊ ၆၀း၁–၃။

**အလွတ်ကျမ်းချက်**

**"အရာရာ၌ ကျေးဇူးတင်ကြလော့။ အကြောင်းမူကား သင်တို့ သည် ဤသို့ကျင့်စေခြင်းငှာ၊ ယေရှုခရစ်တော်၌ ဘုရားသခင်အလို ရှိတော်မူ၏" (၁သက်၊ ၅း၁၈)။**

ကောလောသဲ၏နောက်ဆုံးပိုင်းတွင် ပေါလု၏လုပ်ဖော်ဆောင်ဖက် များပါဝင်သော ကွန်ရက်ကို ဖော်ပြထားပါသည်။ တမန်တော်ဝတ္ထုတွင် သူသည် ဗာနဗနှင့်အလျင်လက်တွဲခဲ့ပြီး၊ နောက်ပိုင်းတွင် သိလနှင့်ပူးပေါင်းသော သာသနာ ပြုခရီးစဉ်သုံးကြိမ်တို့၏ အကျဉ်းချုပ်ကို ဖော်ပြထားသည်။

ဤတစ်ပတ်တွင် ကျွန်ုပ်တို့သည် ပေါလု၏သာသနာပြုခြင်းဗျူဟာကို လေ့လာကြပါမည်။ ရောမနိုင်ငံ၏အထင်ကရမြို့ကြီးများသို့ ရောက်ရှိနိုင်ရန် အချိန်နှင့်အရင်းအမြစ်များကို ထိရောက်စွာအသုံးပြုခဲ့သည်နည်းတူ၊ ကောလောသဲ၊ လောဒိကိနှင့် ဟိရာပိုလိစသည့်မြို့များသို့သွားရောက်ရန် အခွင့်မသာခဲ့သော ကြောင့်၊ သူလေ့ကျင့်ထားပေးခဲ့သော သာမန်အသင်းသားများကို ပျိုးထောင် ပေးခဲ့သည်။

ပေါလုသည် မိမိခရီးစဉ်အတွင်း ကိုယ်တိုင်သွားရောက်တွေ့ဆုံခြင်းနှင့် အထူးသဖြင့် အကျဉ်းသားဘဝတွင် မိမိဩဝါဒများမှတစ်ဆင့် လူများနှင့် အသင်းတော်များကို စဉ်ဆက်မပြတ် ဆက်သွယ်ပေးနေပါသည်။ ဧဝံဂေလိ၏ လုပ်ငန်းသည် ဂျူးလူ၊ သာသနာပခရစ်ယာန်လူ၊ ယောကျ်ားမိန်းမ၊ တုခိတ်၊ အာရိတ္တာခု၊ ယုတ္တု၊ လုကာနှင့် နိမ်ဖာအစရှိသောသူတို့ကြောင့် အောင်မြင်သည်ဟု ဆိုသည်။

စိတ်ဝင်စားစရာမှာ လောဒိကိသို့ သူရေးသားပေးပို့သောစာတစ်စောင် ရှိခဲ့သည်ကို ကြားရသည်။ သို့သော် ကျွန်ုပ်တို့ထံထိုစာမရောက်လာပါ။ ဤ နောက်ဆုံးကျမ်းပိုဒ်များတွင် ပေါလုသည် အကြောင်းအရာများစွာကို ထည့်သွင်း ရေးသားထားခဲ့သည်။ ၎င်းစာတွင် အာခိပ္ပုအမည်ရှိသူတစ်ဦးအား ပုဂ္ဂိုလ်ရေးအရ တိုက်တွန်းနှိုးဆော်ခြင်းလည်း ပါဝင်သည်။ ပေါလုသည် သူတတ်နိုင်သမျှ ကာလပတ်လုံး အသင်းတော်များကို ခိုင်မာစေရန် တတ်စွမ်းသမျှကြိုးစား အားထုတ်ခဲ့သည်။

**တနင်္ဂနွေနေ့ မတ်လ ၂၂ ရက်**

**သာသနာအတွက်လှည့်လည်သွားလာခြင်းမှသင်ခန်းစာများ**

ပေါလုထံမှ ဧဝံဂေလိတရားဖြန့်ဝေခြင်းအကြောင်း မြောက်မြားစွာ ကြားရသည်။ သူ၏ခရီးစဉ်သည် မိုင်ပေါင်း ၁၃,၄၀၀ လောက်ပင်ရှိ၏။ ခြေကျင်လျှောက်ခြင်းနှင့် အကျဉ်းကျခြင်းတို့ဖြင့်ဖြစ်သဖြင့် လွန်စွာအံ့အားသင့်ရပေ၏။

ပေါလုသည် စီးပွားရေးအချက်အချာကျသောနေရာ ကောရိန်သုနှင့် ဖေက်ဆာစ်မြို့တို့တွင် အတန်ကြာပင်နေခဲ့ရရာ၊ ၎င်းမြို့များမှ ကုန်းတွင်းမြို့များ သို့ သတင်းစကားပြန့်သွားရလေ၏။ သူပျိုးထောင်ထားခဲ့သော အသင်းတော် များသို့လည်း ပြန်ရောက်လာကာ ယုံကြည်သူအသစ်များကို ခွန်အားပေးလေ့ ရှိ၏။ လူကိုယ်တိုင်မသွားရောက်နိုင်သောနေရာများသို့ ဩဝါဒစာပေးပို့၏။



ဤနည်းအားဖြင့် သူသည် သတိရ၍ ဂရုစိုက်ကြောင်း ယုံကြည်သူတို့က သိရှိရ၏။

**ကောလောသဲ၊ ၄း၇–၉ နှင့် ဖေက်၊ ၆း၂၁ တို့ကိုဖတ်ပါ။ တုခိတ်အားမည်သို့ဖော်ပြ၍၊ သူရှိနေရာကောလောသဲသို့ ဩနေသိမ်ကို ပို့ဆောင်ရခြင်းအကြောင်းတို့သည် အဘယ်သို့နည်း။**

---

---

အချို့ကိစ္စတွင် စာဖြင့်ရေးသားသည်ထက် နှုတ်ဖြင့်ပြောဆိုခြင်းသည် ပိုမိုထိရောက်တတ်၏။ ထိုလူနှစ်ယောက်တို့သည် ကောလောသဲသို့ မည်သည့် သတင်းများအား သယ်ဆောင်လာသည်မှာ စိတ်ဝင်စားစရာပင်ဖြစ်သည်။ ပေါလု၏ရည်ရွယ်ချက်အရ ထိုအရာတို့သည် နှစ်သိမ့်ခွန်အားပေးနိုင်မည်ဟု ဆိုသည် (ကော၊ ၄း၇–၉)။ ပေါလု၏အကျဉ်းကျကာလ၏အခြေအနေတွင် လည်း စုံလင်စွာပါရှိနိုင်ပါသည်။ ထိုသို့သောဆက်သွယ်မှုသည် ယုံကြည်သူ များအား ချည်နှောင်ထားသော ကိုယ်ရေးကိုယ်တာဆက်ဆံရေးထိန်းသိမ်းရန်လည်း အရေးပါသော နည်းလမ်းတစ်ခုပင်ဖြစ်သည်။

တုခိတ်၏အမည်နာမသည် “မောင်ကံကောင်း” အနက်ရှိ၍ လျို့ဝှက် အထောက်တော်တစ်ဦးဖြစ်၏။ သူသည် “သစ္စာရှိသောအစေခံ၊ ကျွန်ချင်း” ဖြစ်၍ ပေါလုရွေးကောက်ထားသော အာရှပြည်သားနှစ်ဦး၊ (တမန်၊ ၂၀း၄)။ ယေရုရှလင်မြို့မှ ချို့တဲ့သူတို့အတွက် အလှူကောက်ရန် ခေါ်ဆောင်လာသူတို့ ဖြစ်ကြသည်။ ရောမမြို့တွင် ပေါလုဒုတိယအကြိမ်အချုပ်ကျချိန်တွင် သူနှင့် ပါလာသူဖြစ်၍ လုပ်ငန်းရှင်သန်စေရန် ဖေက်ဆာစ်သို့ ပြန်ပို့ဆောင်ခဲ့ရသူ ဖြစ်သည် (၂တိ၊ ၄း၁၂)။ ကရေတေ၌ တိတုရှိရာသို့ ပို့ဆောင်ခဲ့ရသည်ကို လည်း ပေါလုမှတွေးတောနေမိသည် (တိတု၊ ၃း၁၂)။ သူနှင့်အတူပါလာ သည်မှာ ရောမတွင်ပေါလုပြောင်းလဲစေသော “သစ္စာရှိသူ” ဩနေသိမ်ဖြစ်သည်။

ကောလောသဲရှိ ယုံကြည်သူတို့၏အခြေအနေကို ပေါလုသိချင်သည့်ပုံပေါ်သည်။ တုခိတ်ကိုယ်တိုင်မဟုတ်သည့်တိုင် တစ်ဦးဦးကိုစေလွှတ်၍ သတင်းပို့ခြင်းသည် ခဲယဉ်းလှသည်မဟုတ်ပါ။ ဤသည်လည်း ထိုအသင်းတော်ကိုကိုယ်တိုင်မရောက်ခဲ့ဖူးသော်လည်း ထိုယုံကြည်သူတို့အား မေတ္တာနှင့်စိုးရိမ်ကြောင်းဖော်ပြခြင်းနည်းလမ်းတစ်ခုဖြစ်သည်။ သူတို့ကိုလည်း ယုံကြည်ခြင်းတွင် ခိုင်မာစေကာ သူတစ်ပါးကိုပါ လက်လှမ်းမီနိုင်ရန် ခွန်အားပေးခြင်းလည်းဖြစ်သည်။

**ပေါလု၏ရေးပေးစာတို့တွင် လူသား၏တစ်ကိုယ်ရေကိစ္စများသာမက၊ အနည်းဆုံးသူ၏သာသနာ့ခရီးစဉ်ကို ခိုင်မာစေခြင်းဟု မည်သို့ဆိုနိုင်မည်နည်း။**

**တနင်္လာနေ့** **မတ်လ ၂၃ ရက်**

**အသင်းတော်ချိတ်ဆက်ခြင်း**

အင်တာနက်နှင့် လူမှုကွန်ရက်မှအစ မြောက်မြားစွာသောအထောက်အကူပစ္စည်းများဖြင့် ပြည့်ဝနေသော ဤခေတ်ခါကြီးတွင် ပေါလုရင်ဆိုင်ခဲ့ရသောစိန်ခေါ်မှုတို့ကို မြင်ယောင်ကြည့်ရန် ခက်ခဲပါသည်။ ထိုစိန်ခေါ်မှုမှာ၊ အသင်းတော်တို့သည် မိမိတို့၏ဒေသန္တရအဖွဲ့အစည်းများထက် ကြီးမားသောအဖွဲ့အစည်းဖြစ်သည်ဟု ခံစားရစေရန် ကူညီပေးခြင်းဖြစ်သည်။

**ကော၊ ၄း၁၀၊ ၁၁ ကိုဖတ်ပါ။ လျို့ဝှက်အထောက်တော်အပြင် အခြားနည်းဖြင့်သတင်းပို့ခြင်း (ကော၊ ၄း၇–၉) ဖြင့် ပေါလုသည် ချိတ်ဆက်ခွန်အားပေးနေသနည်း။ ဤသြဝါဒစာတွင် ပေါလုဖော်ပြထားသောပြဿနာတို့အား ကြည့်ရှုခြင်းဖြင့် ထိုနှုတ်ခွန်းဆက်စကားတို့မှ မည်သည့်သတင်းစကားရရှိနိုင်မည်နည်း။**

---------------------------------------

---------------------------------------



ထိုနှုတ်ခွန်းဆက်စကားတို့ဖြင့် ပေါလုသည် ယုံကြည်သူအချင်းချင်းတို့အထဲ၌ ချိတ်ဆက်ခြင်းကို ဖန်တီးမွေးမြူပေးသည်။ ဤနေရာတွင် မာကုသည် ဗာနဗ၏တူဖြစ်သည်ဟု သိရသည်။ ထိုကြောင့် ပေါလုသည် ကောလောသဲသို့ မာကုသွားရမည့်ခရီးစဉ်ကို စီစဉ်ပေးတော့သည်။ အာရိတ္တခုသည် ပေါလုနှင့်အတူ အကျဉ်းကျသဖြင့် “အကျဉ်းခံရသောမိတ်ဆွေစစ်သည်” ဟု ဆိုထားပါသည်။ သူတို့သည် “ဘုရားသခင်၏စစ်လက်နက်” (ဖေက်၊ ၆း၁၁၊ ၁၂) တို့အားကိုင်ဆောင်သော စစ်သူရဲများဖြစ်၍ စာတန်၏စစ်သုံ့ပန်းတို့ကို ဘုရားသခင်၏နိုင်ငံတော်အတွက် လွတ်မြောက်စေရန်ဖြစ်သည် (၂တိ၊ ၂း၁–၄)။ ယေရှု၊ ယုတ္တု (ရှောလု၊ ပေါလုတို့ကဲ့သို့ ကာရံညီလှသောဂရိနာမများ) တို့သည် ဧဝံဂေလိလုပ်ငန်းတွင် ယုံကြည်အားထားရသော လုပ်ဖော်ဆောင်ဖက်အဖြစ် ချီးမွမ်းခံရသူတို့ဖြစ်သည်။

အာရိတ္တခု၊ မာကုနှင့် ယုတ္တုတို့သည် အရေဖြားလှီးသောဂျူးယုံကြည်သူများဖြစ်ကြောင်း ပေါလုမှမှတ်ချက်ချထားသည်။ ဆက်လက်၍ သာသနာပလူသုံးဦးဧပဖြ၊ လုကာနှင့်ဒိမာစ် (ကော၊ ၄း၁၁–၁၄) တို့ကို ဖော်ပြသွားသည်။ အသင်းတော်အတွင်း ဂျူးလူနှင့် သာသနာပလူတို့အကြား တင်းမာမှုအချို့ရှိသည်တိုင်၊ ထိုလုပ်ဖော်ဆောင်ဖက်တို့သည် စည်းလုံးညီညွတ်စွာ ပူပေါင်းလုပ်ဆောင်နိုင်ခဲ့သည်မှ မှတ်သားလောက်၏။ ပေါလုသည် “သာလျှင်” ဟု ဆိုခြင်းဖြင့် သူ၏ဆင်းရဲဒုက္ခတွင် ဂျူးခရစ်ယာန်များ ပိုမိုပါဝင်ရပ်တည်မှုမရှိခြင်းအတွက် စိတ်မကောင်းဖြစ်နေသည်ကို ညွှန်းဆိုနေပုံရသည်။

လွန်ခဲ့သောနှစ်အနည်းငယ်က ပေါလုနှင့်ဗာနဗတို့၏ ပထမဆုံးသောသာသနာခရီးစဉ်ကတည်းက သူတို့ကိုစွန့်ခွာခဲ့သော ယွှန်မာကု (တ၊ ၁၃း၁၃) သည် ယခုအချိန်အခါတွင် သစ္စာရှိရုံသာမက ပေါလုအတွက် “နှစ်သိမ့်မှု” တစ်ခုဖြစ်ကြောင်း သက်သေပြနေသည် (တ၊ ၁၅း၃၆–၄၀)။ ညီညွတ်မှုကိုခြိမ်းခြောက်နေသောအရာများသည် အသစ်အဆန်းများမဟုတ်ပါ။ မကြာမီနှစ်များတွင် မြော်လင့်ခြင်းအသင်းတော်သည် ကမ္ဘာတစ်ဝှမ်းသို့ပျံ့နှံ့လာသည်

နှင့်အမျှ ကြီးမားသောပြောင်းလဲမှုများကို ကြုံတွေ့ခဲ့ရပြီး၊ ညီညွတ်မှုများကို ထိပါးနေသော အင်အားများလည်းရှိခဲ့သည်။ ထိုညီညွတ်မှုအပေါ် ဖိစီးမှုကို အသင်းတော်၏အဆင့်တိုင်းတွင် ခံစားရနိုင်ပါသည်။

**အသင်းတော်ထဲတွင် ညီညွတ်မှုအား ထိပါးနေသောအရာများကို မည်ကဲ့သို့လျှော့ချနိုင်မည်နည်း။ နယ်ဒေသအဆင့်တွင် တင်းမာမှုများကို မည်သို့ပြုကြရမည်နည်း။**

**အင်္ဂါနေ့ — မတ်လ ၂၄ ရက်**

## ပြည့်စုံ၍စုံလင်စွာရပ်တည်ခြင်း

ရည်ရွယ်ချက်ဖြင့်ဦးတည်သောဘဝ (The Purpose Driven Life) နှင့် ရည်ရွယ်ချက်ဖြင့်ဦးတည်သောအသင်းတော် (The Purpose Driven Church) အကြောင်း စာအုပ်များရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ ရည်ရွယ်ချက်ဦးတည်ခြင်းသည် လုံးဝမှန်ကန်ခြင်းမရှိသည်တိုင် အရေးပါသောလုပ်ငန်းတာဝန်တစ်ခုခုကို ပြီးမြောက်ရန် ရှင်းလင်းသောရည်ရွယ်ချက်ကို အာရုံစိုက်ရပါမည်။ ပေါလုနှင့် သူ၏လုပ်ဖော်ဆောင်ဖက်တို့၏အသက်တာနှင့် သာသနာ့လုပ်ငန်းတို့သည် ဤအာရုံကို နမူနာယူသည် (ဖိ၊ ၃း၁၃၊ ၁၄)။ ရလဒ်တို့သည် မိမိကိုယ်ကို ဖော်ပြနေသည်။ ရောမနိုင်ငံအနှံ့မက၊ ထိုထက်ကျော်လွန်၍ ဧဝံဂေလိတရားသည် လျင်မြန်စွာပျံ့နှံ့ခဲ့သည် (ကော၊ ၁း၂၃)။ ယနေ့တွင်လည်း ထိုအာရုံစိုက်မှုမျိုး လိုအပ်နေသည်။

**ကော၊ ၄း၁၂၊ ၁၃ ကိုဖတ်ပါ။ မည်သည့်ရည်ရွယ်ချက်ဖော်ပြထား၍ မည်သို့ပြည့်စုံစေရမည်နည်း။**

---------------------------------------

---------------------------------------

ပြီးခဲ့သောသင်ခန်းစာတစ်ခုတွင် ဧပဖြသည် ကောလောသဲမြို့၊ လာဒိကိမြို့နှင့် ဟေရပေါလိမြို့တို့၌ ဧဝံဂေလိတရားပျံ့နှံ့ခြင်းတွင် အဓိကအခန်းကဏ္ဍမှ



ပါဝင်ခဲ့ဖွယ်ရှိ၏ (သင်၊ ၁)။ သူ၏နှုတ်ခွန်းဆက်စကားနှင့် ဆုတောင်းခြင်းတို့သည် အသင်းတော်နှင့်ယုံကြည်သူများတို့အား ကြီးစွာသောခွန်အားပေးလေသည်။ ဧပဖြ၏ဆုတောင်းခြင်းဖြင့် ကောလောသဲလူတို့သည် "စုံလင်လျက်ဘုရားသခင်၏အလိုတော်ကို လေ့ကျက်လျက် တည်ကြည်မည်အကြောင်း" (ကော၊ ၄း၁၂) ဟူသော ရှင်းလင်းသောအရုံရှိသည်။ သူ၏ကြွယ်ဝသော ဆုတောင်းခြင်းအစိတ်အပိုင်းများကို တွေးတောကြည့်ကြစို့။

ရပ်တည်သည်။ ဝေါဟာရအရ မြဲမြံစွာမရွေ့မလျော့ရပ်တည်ခြင်း၊ ယုံကြည်ခြင်းနှင့် ဧဝံဂေလိသမ္မာတရား၌ "တိုက်မြစ်ကျ၍တည်ကြည်ခြင်း" (ကော၊ ၁း၂၃)။ ထိုဝေါဟာရနှင့်အလားတူစွာ ပေါလုသည် မကြာခဏအသုံးပြုရာ "မာရ်နတ်၏ပရိယာယ်" (ဧဖက်၊ ၆း၁၁) တို့ကို ဆီးတားနိုင်မည့်အကြောင်း "သခင်ဘုရား၏လက်နက်စုံ" ဖြင့် မှောင်မိုက်ကိုအစိုးရသောမင်းတို့ကို တိုက်ခိုက်နေကြရပါသည် (ဧဖက်၊ ၆း၁၀–၁၈။ ၂တိ၊ ၂း၁၉)။

စုံလင်သည်။ စုံလင်ခြင်းသို့ "ရောက်ရပြီ" (ဖိ၊ ၃း၁၂–၁၅) ဟု မပြောသည့်တိုင် မေတ္တာဖြင့် အမြင့်ဆုံးသောဆက်ကပ်ခြင်းကို ဖော်ပြသွားသည် (မ၊ ၅း၄၄၊ ၄၈)။

ပြည့်စုံသည်။ ဤဝေါဟာရသည် အရာတစ်ခုခုကို လက်စသတ်ပြီးဆုံးစေခြင်းဖြစ်သည်။ အာဗြဟံအား ဘုရားသခင်မှကတိထားတော်မူသည်အတိုင်း "စွဲလန်းစေသည်" (ရောမ၊ ၄း၂၁) ဟုလည်း အသုံးပြုသည်။ ပေါလုသည် "ဒေသနာတော်ကို အကုန်အစင်ဟောပြော" (၂တိ၊ ၄း၁၇) ရမည်အကြောင်း သခင်ဘုရားသည် ခွန်အားပေးတော်မူသည်။

ဘုရား၏အလိုတော်အကုန်အစင်။ "အကုန်အစင်" ဟူသည်မှာ ခြုံငုံခြင်းဖြစ်သည်။ ကောလောသဲလူတို့သည် ထာဝရဘုရားကိုသိကျွမ်းခြင်းဖြင့် "သခင်ဘုရားနှင့် ထိုက်လျောက်စွာကျင့်၍ အရာရာ၌ နှစ်သက်တော်မူစေခြင်းငှာ" (ကော၊ ၁း၉၊ ၁၀) သခင်၏ "ဘုန်းကြီးသောတန်ခိုးတော်" (ကော၊ ၁း၁၁) နှင့်ပြည့်စုံရန် ပေါလုဆုတောင်း၏။

**ဗုဒ္ဓဟူးနေ့ မတ်လ ၂၅ ရက်**

**လောက၌နေထိုင်သော်လည်းငင်းနှင့်မဆိုင်**

**ကော၊ ၄း၁၄၊ ၁၅ နှင့် ၂တိ၊ ၄း၁၀၊ ၁၁ တို့ကိုဖတ်ပါ။ လုကာနှင့်ဒိမာစ်တို့သည် မည်သို့ကွာဟသနည်း။**

------------------------------------------

------------------------------------------

တမန်တော်ယောဟန်သည် "လောကကိုလည်းကောင်း၊ လောက၌ရှိသောအရာကိုလည်းကောင်း မချစ်ကြနှင့်။ လောကကိုချစ်သောသူမည်သည်ကား ခမည်းတော်ကို ချစ်ခြင်းမေတ္တာမရှိ" (၁ယော၊ ၂း၁၅) ဟု ဆို၏။ လုကာသည် ယေရှုနှင့် သူ၏နိုင်ငံတော်အပေါ် မေတ္တာတော်အပြည့်ရှိသောကြောင့် ရှင်ပေါလုနှင့်အတူ အဆုံးတိုင်အောင် အတူရပ်တည်ပေးခဲ့သည်။ သို့ရာတွင် ဒိမာစ်သည် လာမည့်ကမ္ဘာအသစ်ထက် ဤလောက၏အရာများကို ပိုမိုနှစ်သက်ခဲ့သည်။

အောက်ပါကျမ်းချက်တို့ကိုဖတ်ပါ။ ဒုတိယအကြိမ်ကြွလာခြင်းကို စောင့်မျှော်နေသူတို့အား မည်သို့အကြံပြုထားသနည်း။

၁။ မာကု၊ ၁၃း၃၂–၃၇------------------------------

------------------------------------------

၂။ တိတု၊ ၂း၁၁–၁၄------------------------------

------------------------------------------

၃။ ၂ပေ၊ ၃း၁၀–၁၄------------------------------

------------------------------------------

၄။ ဗျာ၊ ၃း၁၇–၂၁------------------------------

------------------------------------------

သခင်ဘုရားကြွလာသောအခါ ကျွန်ုပ်တို့သည် အံ့အားသင့်ခြင်းမရှိစေရန် သတိဝီရိယနှင့် "စောင့်" နေရန် ယေရှုမှာကြားထားသည်။ ယေရှုမှာကြားထားသည့်အတိုင်း "ဆုတောင်းစောင့်နေခြင်း" (မာကု၊ ၁၄း၃၈) မပြုနိုင်သူတို့သည် လိုအပ်သည်များကို ပြင်ဆင်ခြင်းမရှိပါ။ မိမိတို့သည် သခင်နှစ်ဦးအစေကိုမခံနိုင်သဖြင့် မိမိတို့၏စိတ်ထဲရှိသည့်အတိုင်း ဖြစ်လာရတော့မည်ဖြစ်သည်။



လောဒိကိလူတို့ထံသို့ပေးသော သတင်းစကားတွင် ယေရှုသည် ရှင်းလင်းစွာဖော်ပြထားပါသည်။ ရှေးဦးစွာ မိမိတို့အပြစ်ကို နောင်တရကြရပါမည်။ ဒုတိယ၊ မိမိတို့စိတ်နှလုံးတံခါးကိုဖွင့်ကာ ယေရှုကိုဝင်စေ၍ အုပ်စိုးစေရမည်။ တတိယ၊ စုံစမ်းနှောင့်ယှက်ခြင်းများတို့ကို အောင်မြင်သဖြင့် မီးဖြင့်စစ်ဆေးထားသော ရွှေစင်ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာကို ရရှိရလိမ့်မည်။

**မည်သည့်တိကျသောအရာကို သင့်အသက်တာ၌ ယေရှုသည် နောင်တရစေလိုသနည်း။ သူ၏မည်သည့်ပြဋ္ဌာန်းညွှန်ကြားချက်သည် သင့်အတွက် အရေးအပါဆုံးဖြစ်မည်နည်း။**

**ကြာသပတေးနေ့ မတ်လ ၂၆ ရက်**

**လောဒိကိအတွက်သတင်းတစ်ခု**

**ကော၊ ၄း၁၆–၁၈ နှင့် ကော၊ ၂း၁–၃ ကိုဖတ်ပါ။ လောဒိကိအတွက် သတင်းစကားကို တွေးကြည့်ပါ။ ပေါလုခေတ်၏လောဒိကိအသင်းတော်သည် လောလောသဲအသင်းတော်နှင့် မည်သို့ဆက်နွှယ်နေခြင်းများရှိသနည်း။**

------------------------------------------

------------------------------------------

ခေတ်အဆက်ဆက်ထာဝရဘုရားလူတို့၏ခေတ်ကာလတွင် ထိုပြဿနာသည် ဆက်ခါဆက်ခါဖြစ်ပျက်ခဲ့၏။ ဣသရေလတို့သည် လောကလူတို့ကဲ့သို့ ဝတ်ပြုကိုးကွယ်လိုကြသည်ဆိုကာ ပရောဖက်တို့မှလည်း နောက်မကျမီနောင်တရရန် ဆုံးမထားသည်။ ဟေရှာယသည် လွှမ်းဆွတ်ပူဆွေးရာတွင်

"သစ္စာရှိသောမြို့သည် အဘယ်သို့မျောက်မထားပြန်သနည်း" (ဟော၊ ၁း၂၁) ဟုဆိုကာ ဘုရားသခင်၏အပြစ်လွှတ်ခြင်းနှင့် သန့်စင်ခြင်းအတွက် ပြန်လှည့်လာရန် လူတို့ကိုတိုက်တွန်းသည် (ဟော၊ ၁း၁၆–၂၀)။

နှစ်ခြင်းဆရာယောဟန် (မ၊ ၃း၂၊ ၈–၁၀) နှင့် ယေရှု (မ၊ ၄း၁၇။ မ၊ ၁၂း၃၃–၃၇) တို့သည် နောင်တရ၍ အသီးသီးကာ နောက်ဆုံးသော နေ့ရက်၏တရားစီရင်ရာတွင် မြဲမြံရမည်အကြောင်း ဣသရေလအား တိုက်တွန်းထားပါသည်။ တမန်တော်ကြီးပေါလုသည်လည်း ထိုသတင်းကို ဟောကြား၏ (တ၊ ၂း၃၈။ တ၊ ၃း၁၉။ တ၊ ၁၇း၃၀။ ၂ကော၊ ၇း၉၊ ၁၀)။

**အောက်ပါကျမ်းချက်တို့ကို နှိုင်းယှဉ်ကြည့်ပါ (ဟော၊ ၆၀း၁–၃။ ဗျာ၊ ၁၈း၁–၄။ ဟော၊ ၆၂း၁–၅ နှင့် ဗျာ၊ ၁၉း၇၊ ၈)။ ထိုကျမ်းချက်သတင်းစကားတို့တွင် မည်သည့်အလားတူသောသတင်းစကားရှိသနည်း။**

---

---

ထာဝရဘုရားသည် ကောင်းကင်နှင့်မြေကြီးကို ပေါင်းစပ်ပေးလိမ့်မည်။ သို့သော် စကြဝဠာ၏ကြီးစွာသော မဟာတိုက်ပွဲကြီးကြောင့် အဆင့်ဆင့်သာ ဖြစ်ရပါမည်။

၁။ ကရာနို၌ စာတန်သည် ကောင်းကင်သားတို့၏ချစ်ခင်တွယ်တာမှုကို ဆုံးရှုံးခဲ့ပြီ (ယော၊ ၁၂း၃၁)။

၂။ ကောင်းကင်ဗိမာန်တော်တွင် ခရစ်တော်၏တရားစီရင်ခြင်းဖြင့် ဘုရား၏လူတို့သည် "မိမိနှစ်သက်တော်မူသောအမှုအရာကို ယေရှုခရစ်တော်အားဖြင့် သင်တို့၌ပြုတော်မူ၍" (ဟေဗြဲ၊ ၁၃း၂၁) ကောင်းကင်နှင့် ထိုက်တန်စေတော်မူသည်။

၃။ နှစ်တစ်ထောင်တရားစီရင်ရာနှင့် နှစ်တစ်ထောင်ပြီး နောက်ဆုံးတရားစီရင်ခြင်းတွင် မေးခွန်းအားလုံးရှင်းလင်းသွားခဲ့ပြီဖြစ်၍ နောင်တမရသောအပြစ်သားတို့သည် ထာဝရမီးအိုင်တွင် ဖျက်ဆီးခြင်းခံကြရရာ ထိုမီးသည် ကမ္ဘာကြီးကိုပါ ဆေးကြောသန့်စင်သည် (ဗျာ၊ ၂၀း၈)။



၄။ အပြစ်၏အဆုံးသတ်ခြင်းရှိမှသာလျှင် ကောင်းကင်နှင့်မြေကြီးပေါင်းစပ်နိုင်သည် (ဗျာ၊ ၂၁း၃)။

**သူတစ်ပါးအားမကြည့်ဘဲလျက် မိမိကိုယ်တိုင်သည် ဘုရားပေးထားသောသမ္မာတရား၌တည်မြဲရန် မည်သည်တို့ကိုပြုနိုင်မည်နည်း။ သင်၏စိတ်နှလုံးကို အမှန်တကယ်ပိုင်ဆိုင်သောသူမှ ဖော်ပြသောအရာများတွင် မည်သည့်ရွေးချယ်မှုကို သင်ပြုသနည်း။**

**သောကြာနေ့** **မတ်လ ၂၇ ရက်**

**ဆက်လက်လေ့လာရန်။**

"ခရစ်တော်ထံ စိတ်နှလုံးအပ်နှံသောဝိညာဉ်သည် သူ၏ကိုယ်ပိုင်ခံတပ်ဖြစ်လာ၍၊ ဤလောက၏ထိုခံတပ်အား ပုန်ကန်မှုကြောင့် ခရစ်တော်သည် ထိုခံတပ်တွင်တပ်စွဲကာ၊ သူ၏အချုပ်အခြာအာဏာမှတစ်ပါး အခြားမည်သည့်အာဏာမျှမရှိစေရန် ရည်ရွယ်ထားသည်။ ကောင်းကင်တမန်များ၏ ထိန်းသိမ်းခြင်းခံရသောဝိညာဉ်တို့သည် စာတန်၏တိုက်ခိုက်ခြင်းဖြင့် မည်သို့မျှ မထိခိုက်ပါ။ သို့တိုင်အောင် ခရစ်တော်၏ထိန်းချုပ်မှုကို မခံယူပါက၊ ဆိုးညစ်သောသူ၏ဩဇာလွှမ်းမိုးခြင်းကိုပင် ခံရမည်ဖြစ်သည်။ လောက၏အထွတ်အထိပ်သို့ရောက်ရန် ယှဉ်ပြိုင်နေသော အာဏာကြီးနှစ်ရပ်အနက် တစ်ခုခု၏ထိန်းချုပ်မှုကို မိမိတို့သည် မလွဲမသွေခံယူရပါမည်။ အမှောင်ထုနိုင်ငံ၏ ဩဇာလွှမ်းမိုးခြင်းအောက်သို့ရောက်ရန် သူ၏အမှုအား တမင်တကာရွေးချယ်ရန်ပင် မလိုအပ်ပါ။ အလင်းနိုင်ငံတော်နှင့် ပေါင်းဖက်ခြင်းကို မေ့လျော့ခြင်းသည်ပင် လုံလောက်သည်။ ကောင်းကင်သားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါက၊ မိမိတို့၏စိတ်နှလုံးကို စာတန်သည် သိမ်းပိုက်ပြီး သူ၏နေရပ်အဖြစ် ပြုလုပ်လိမ့်မည်။ မကောင်းမှုကို ခုခံကာကွယ်ရန် တစ်ခုတည်းသောနည်းလမ်းသည် ခရစ်တော်၏ဖြောင့်မတ်ခြင်းကို ယုံကြည်ခြင်းဖြင့် မိမိစိတ်နှလုံးထဲတွင် ကိန်းနေစေခြင်းသာဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မြဲမြံသောဆက်သွယ်မှုမရှိပါက၊ ကိုယ်ကျိုးငဲ့ခြင်း၊ ကိုယ်အလိုသို့လိုက်၍ အပြစ်၏ဖြားယောင်းသွေးဆောင်ခြင်းတို့၏ဆိုးကျိုးတို့ကို ကြံ့ကြံ့ခံနိုင်မည်မဟုတ်ပါ။ စာတန်နှင့်လမ်းခွဲနိုင်ရန် အကျင့်ဆိုးများစွာတို့ကို စွန့်လွှတ်ရပါမည်။ ဘုရားသခင်နှင့် မြဲမြံစွာဆက်သွယ်ခြင်းမပြုဘဲ၊ တဒင်္ဂတိုင်း ဘုရားထံဆက်ကပ်ခြင်းမရှိပါက မိမိတို့သည် ရှုံးနိမ့်ရပါမည်။ ခရစ်တော်အားဖြင့် တကိုယ်ရေမသိကျွမ်းခြင်း၊ ပုံမှန်ဆက်သွယ်ခြင်းမရှိပါက၊ မိမိတို့သည် ရန်သူ၏ကျေးဇူးတရားအောက်၌တည်၍ နောက်ဆုံးတွင် သူ၏အလိုကိုသာလိုက်လျှောက်ရပါလိမ့်မည်” – Ellen G. White, The Desire of Ages, p. 324.

**ဆွေးနွေးရန်မေးခွန်းများ။**

**၁။ အီးဂျိပ်၏စာများကိုကြည့်ပါ။ မဟာတိုက်ပွဲတွင် နှစ်ဦးနှစ်ဖက်ရှိ၍ မိမိတို့အသိစိတ်ဖြင့် ခရစ်တော်ကိုမရွေးချယ်ထားပါက စာတန်ဘက်၌ ပါသွားလိမ့်မည် (လု၊ ၁၁း၂၃)။ ထိုအယူအဆသည် မိမိတို့၏ခံစားချက်ကို မည်မျှပင်ကသိကအောက်ဖြစ်စေကာမူ၊ သမ္မာတရားသည် မိမိတို့၏ခံစားချက်ကို ကသိကအောက်မဖြစ်စေခြင်းငှာဂရုစိုက်ရန် တာဝန်ရှိသည်မဟုတ်ပါ။ သင့်လိုအင်ဆန္ဒကို ခရစ်တော်အားအပ်နှံရန် အရေးကြီးကြောင်း ဤအမှန်တရားသည် မည်သို့ဖော်ပြပေးနေသနည်း။**

**၂။ ဗျာ၊ ၁၄း၁၄–၁၆ ကိုဖတ်ပါ။ ဧဝံဂေလိ၏မျိုးစေ့ကို ပင်တေကုတ္တေတွင် အလျင်မိုးသည် အညှောက်ထွက်လာစေကာ ကြီးထွားစေ၍၊ နောက်မိုးသည်လည်း လောကကြီးကို နောက်ဆုံးရိတ်သိမ်းနိုင်ရန်**



**ပြင်ဆင်ပေးသည်။ ဗျာ၊ ၁၄း၁၂ သည် ဤမျှော်မှန်းခြင်းနှင့် မည်သို့ဆက်စပ်သနည်း။**

**၃။ ယုံကြည်သူအသင်းတော်အလိုက်ဖြစ်စေ၊ လူတစ်ကိုယ်ရေဖြစ်စေ မိမိတို့ပတ်ဝန်းကျင်လောက၏ ရိုးရာတို့၏ဩဇာလွှမ်းမိုးမှုမည်သို့ရှိသနည်း။ ဘုရားသခင်၏လူတို့အား အစဉ်မပြတ်ဒုက္ခပေးနေသော ဤလောက၏ဆိုးသွမ်းသောဩဇာအရှိန်အဝါမှ မိမိကိုယ်ကို မည်သို့ကာကွယ်နိုင်မည်နည်း။**

–○–

## နံနက်ယံဝတ်
## ဇန်နဝါရီလ၊ ၂၀၂၆ ခုနှစ်

| | | |
|---|---|---|
| ၁ | တေး | ဗျာ၊ ၂၂း၁၃ |
| ၂ | ကြာ | မဿဲ၊ ၁၁း၂၈ |
| ၃ | နေ | ယောဟန်၊ ၁၅း၅ |
| ၄ | နွေ | ဟေရှာ၊ ၂၈း၁၆ |
| ၅ | လာ | မဿဲ၊ ၂၂း၁၄ |
| ၆ | ဂါ | မဿဲ၊ ၆း၂၉ |
| ၇ | ဟူး | တမန်၊ ၁၇း၂၈ |
| ၈ | တေး | ဇဖက်၊ ၆း၁၀ |
| ၉ | ကြာ | ယောဟန်၊ ၁၁း၂၅ |
| ၁၀ | နေ | ဂလာတိ၊ ၆း၁၄ |
| ၁၁ | နွေ | ဟေရှာ၊ ၄၀း၂၉ |
| ၁၂ | လာ | မဿဲ၊ ၆း၁၅ |
| ၁၃ | ဂါ | ၁ကော၊ ၃း၁၁ |
| ၁၄ | ဟူး | ယောဟန်၊ ၁၅း၁၅ |
| ၁၅ | တေး | ဟေဗြဲ၊ ၇း၂၆ |
| ၁၆ | ကြာ | ယောဟန်၊ ၈း၅၈ |
| ၁၇ | နေ | ၁ပေ၊ ၁း၁၈၊ ၁၉ |
| ၁၈ | နွေ | ဇေဖနိ၊ ၃း၁၇ |
| ၁၉ | လာ | ဟေရှာ၊ ၆၀း၁ |
| ၂၀ | ဂါ | ယောဟန်၊ ၁း၁၁ |
| ၂၁ | ဟူး | ဟေဗြဲ၊ ၂း၁၇ |
| ၂၂ | တေး | ထွက်၊ ၁၄း၁၄ |
| ၂၃ | ကြာ | ယော၊ ၃း၁၇ |
| ၂၄ | နေ | ဗျာ၊ ၁၄း၁၂ |
| ၂၅ | နွေ | ယေရမိ၊ ၃၀း၁၇ |
| ၂၆ | လာ | ဆာလံ၊ ၁၁၉း၆၈ |
| ၂၇ | ဂါ | မဿဲ၊ ၂၁း၃၇ |
| ၂၈ | ဟူး | မဿဲ၊ ၇း၂၀ |
| ၂၉ | တေး | ၁ပေ၊ ၂း၂၁ |
| ၃၀ | ကြာ | မဿဲ၊ ၉း၂၀ |
| ၃၁ | နေ | ဟေရှာ၊ ၉း၆ |

## နံနက်ယံဝတ်
## ဖေဖော်ဝါရီလ၊ ၂၀၂၆ ခုနှစ်

| | | |
|---|---|---|
| ၁ | နွေ | တမန်၊ ၁၆း၉ |
| ၂ | လာ | မိက္ခာ၊ ၅း၂ |
| ၃ | ဂါ | ယောဟန်၊ ၁၅း၂ |
| ၄ | ဟူး | မဿဲ၊ ၂၅း၃၆ |
| ၅ | တေး | ဆာလံ၊ ၃၄း၁၅ |
| ၆ | ကြာ | ၁ယော၊ ၂း၆ |
| ၇ | နေ | လုကာ၊ ၂၁း၂၇ |
| ၈ | နွေ | လုကာ၊ ၁၉း၉ |
| ၉ | လာ | ယောဟန်၊ ၆း၅၀ |
| ၁၀ | ဂါ | ရောမ၊ ၇း၁၈ |
| ၁၁ | ဟူး | ယောဟန်၊ ၁း၃ |
| ၁၂ | တေး | ၁ကော၊ ၂း၉ |
| ၁၃ | ကြာ | လုကာ၊ ၂၂း၄၃ |
| ၁၄ | နေ | ယောဟန်၊ ၁၁း၂၁ |
| ၁၅ | နွေ | ၂ကော၊ ၄း၆ |
| ၁၆ | လာ | ၁ယော၊ ၂း၁ |
| ၁၇ | ဂါ | ယေဇကျေ၊ ၃း၁၇ |
| ၁၈ | ဟူး | သုတ္တံ၊ ၁၈း၂၄ |
| ၁၉ | တေး | ယောဟန်၊ ၂း၁၉ |
| ၂၀ | ကြာ | လုကာ၊ ၂း၂၉ |
| ၂၁ | နေ | မဿဲ၊ ၁၃း၃၅ |
| ၂၂ | နွေ | ထွက်၊ ၃၄း၃၃ |
| ၂၃ | လာ | ယောဟန်၊ ၁၃း၈ |
| ၂၄ | ဂါ | ဟေဗြဲ၊ ၁၀း၁၀ |
| ၂၅ | ဟူး | ယောဟန်၊ ၃း၁၆ |
| ၂၆ | တေး | ဗျာ၊ ၁၅း၄ |
| ၂၇ | ကြာ | ၂တိ၊ ၃း၁၂ |
| ၂၈ | နေ | ဟေရှာ၊ ၅၃း၂ |

## နံနက်ယံဝတ်
## မတ်လ၊ ၂၀၂၆ ခုနှစ်

| | | |
|---|---|---|
| ၁ | နွေ | ရောမ၊ ၈း၃၄ |
| ၂ | လာ | လုကာ၊ ၁၇း၂၅ |
| ၃ | ဂါ | ၁ပေ၊ ၁း၃ |
| ၄ | ဟူး | ယောဟန်၊ ၃း၁၉ |
| ၅ | တေး | ဗျာ၊ ၆း၂ |
| ၆ | ကြာ | ယောဟန်၊ ၆း၃၈ |
| ၇ | နေ | လုကာ၊ ၁၂း၁၂ |
| ၈ | နွေ | ၂ကော၊ ၅း၁၉ |
| ၉ | လာ | ယောဟန်၊ ၅း၁၇ |
| ၁၀ | ဂါ | ယောဟန်၊ ၃း၁၄ |
| ၁၁ | ဟူး | ယောဟန်၊ ၁၅း၄ |
| ၁၂ | တေး | ဆာလံ၊ ၃၂း၈ |
| ၁၃ | ကြာ | ဟေဗြဲ၊ ၁း၃ |
| ၁၄ | နေ | ရောမ၊ ၁း၂၀ |
| ၁၅ | နွေ | မြည်တမ်း၊ ၃း၂၂၊ ၂၃ |
| ၁၆ | လာ | ရောမ၊ ၁၂း၂ |
| ၁၇ | ဂါ | မိက္ခာ၊ ၅း၂ |
| ၁၈ | ဟူး | ဖိလိပ္ပိ၊ ၂း၇ |
| ၁၉ | တေး | ယောဟန်၊ ၁၀း၂၇ |
| ၂၀ | ကြာ | မာကု၊ ၄း၁၄ |
| ၂၁ | နေ | မဿဲ၊ ၉း၂ |
| ၂၂ | နွေ | မာကု၊ ၁၆း၁၈ |
| ၂၃ | လာ | ယောဟန်၊ ၉း၄ |
| ၂၄ | ဂါ | ယောဟန်၊ ၁၃း၁၃ |
| ၂၅ | ဟူး | မဿဲ၊ ၁၁း၂၉ |
| ၂၆ | တေး | လုကာ၊ ၁၉း၁၀ |
| ၂၇ | ကြာ | ဟေဗြဲ၊ ၇း၂၅ |
| ၂၈ | နေ | မာကု၊ ၉း၃၅ |
| ၂၉ | နွေ | ကောလော၊ ၄း၆ |
| ၃၀ | လာ | မဿဲ၊ ၁၃း၅၂ |
| ၃၁ | ဂါ | ယောဟန်၊ ၁၄း၂ |